# မဟာဝါပါဠိတော်နိဿယ

(ပထမတွဲ)

ဝေယန်ဘုံသာဆရာတော်

၀

# ဝိနယပိဋက

---

ဝေယန်ဘုံသာ ဆရာတော်

မြန်မာပြန်ဆိုတော်မူအပ်ရသော

# မဟာဝါပါဠိတော်နိဿယ

ပဉ္စမ

ဆဋ္ဌသံဂါယနာမူနှင့် ညှိထားသည်။

ဓမ္မာစရိယ ဦးထွန်းသိန်း ဦးစိန်အုပ် ဦးထွန်းဆွေ ဦးဝင်းဖေ ဦးဝင်း တို့
ကြပ်မကြည့်ရှု ပြင်ဆင်ကြသည်။

ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၀၁။ ကောဇာ-၁၃၁၉။

# ဣဋ္ဌာသယ နိဒါန်း

ဤ ဝိနည်းမဟာဝါ ပါဠိတော် နိဿယသစ်ကို ရတနာပုံ နေပြည်တော် ပဉ္စမသံဂါယနာတင်မင်းတုန်းမင်းတရားကြီးလက်ထက်အရှင်သာဂရဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော တံဆိပ်နာမံတော်ကို အလှူခံရသော **ဝေယန်ဘုံသာ** ဆရာတော်ဘုရားသည် မိုင်းနိုင်းမြို့စား နန်းမတော်ဝန် မဟာသိရိဇေယျသူ အမည်ရှိသော အမတ်ကြီးသည် တောင်းပန်အပ်သည် ဖြစ်၍ ရေးသားတော်မူလေသည်။

ဤ နိဿယသစ် ရေးပုံမှာလည်း နိဿယတသပ် အဓိပ္ပါယ် တသပ်စီဖြစ်ရာ ပေမူထားအတိုင်း မရိုက်နှိပ်ဘဲ ခေတ်စာပေ ထားနည်းအတိုင်း ရိုက်နှိပ်ပါသဖြင့် စာချစာသင်အရှင်တို့ လွယ်လင့်တကူ လိုရာကို အချိန်လျင်စွာဖြင့် တွေ့ပါလိမ့်မည်။

ဤ နိဿယသစ်ကို ကြည့်ရှုရာတွင် အနက်ဉာဏ် သွက်လက်လျှင်မြန်လာရုံသာမက အဓိပ္ပါယ်ဆိုထားချက်ကို စေ့စေ့စပ်စပ် ကြည့်ရှုသုံးသပ်သူတဦးဖြစ်ပါက (ဝိနိစ္ဆယဆေက) ဝိနည်းမိုရ် ပုဂ္ဂိုလ်တပါးဖြစ်နိုင်ပါသည်။နိဿယစာအုပ်ကို ကြည့်ရှုလေ့လာသူကိုယ်တိုင် ဝန်ခံပါလိမ့်မည်။

ဤနိဿယသစ်ကို ရိုက်နှိပ်ရာတွင် စာချစာသင် အရှင်တို့ ပါဠိတော်နှင့် ညှိနှိုင်းကြည့်ရှုရန်လွယ်ကူပါစေခြင်းငှါ ဆဋ္ဌသံဂါယနာတင် ပါဠိတော်ပုဒ်စဉ် ဂဏန်းများနှင့် တိုက်ဆိုင် ရိုက်နှိပ်ထားပါသည်။

ဆဋ္ဌသံဂါယနာတင် မဟာဝါ ပါဠိတော်နှင့် စာချအရှင်တို့ တိုက်ဆိုင်ချပို့ရာတွင်၎င်း, ကြည့်ရှုရာတွင်၎င်း, လွယ်ကူစေရန်- ခေါင်းစဉ်မာတိကာပြုရာတွင်လည်းဆဋ္ဌသံဂါယနာတင်ပါဠိတော်

ပြမာတိကာစဉ်အတိုင်း ပြသထားပါသည်။ ပေမူမှ ပဌမဦးစွာ ကူးယူရိုက်နှိပ်ကြရာ၌ ခေါင်းစဉ်မာတိကာ ကောက်ပြချက်များ မှာမြန်မာစကားရှေမျော ကျယ်ပြန့်နေသလောက် ပါဠိတော်နှင့် တိုက်ဆိုင်ကြည့်ရှုရာတွင် အရေးမပါလှသည် ဖြစ်ကြောင်းသတိ ပြုစေလိုပါသည်။

ရန်ကုန်မြို့ ၂၄-လမ်း ၁၁၃၊ ဇာတ္တသဿယပိဋကတ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်အပ်သော နိဿယသည် ၁၈-ပွိုင့်စာလုံးဖြင့် ရိုက်နှိပ်ထား ရကား ကြည့်ရှုရာတွင် မျက်စိ၏ချမ်းသာမှုကို ဖြစ်စေပါသည်။

ဝိနည်းမိုရ် ဖြစ်လိုသော ရဟန်းတော်များ, ဝိနယကုဏ္ဍလစ္စ ဝိနယဂရုကဆရာတော်များ, တက္ကသိုလ်ကထိက ဆရာတော်များ လေ့လာသုံးသပ်၍ မွန်မြတ်သောအထက်တန်းသို့ တက်လှမ်းတော် မူနိုင်ကြပါစေသတည်း။

မဟာစရိယ-ဦးထွန်းသိန်း

၂၂-၁၀-၅၇

# မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|

## မဟာခန္ဓက


| | | |
|---|---|---|
| ၁။ | ဗောဓိကထာ | ၁ |
| ၂။ | အဇပါလကထာ | ၁၃ |
| ၃။ | မုစလိန္ဒကထာ | ၁၅ |
| ၄။ | ရာဇာယတနကထာ | ၁၇ |
| ၅။ | ဗြဟ္မယာစနကထာ | ၂၁ |
| ၆။ | ပဉ္စဝဂ္ဂိယကထာ | ၂၉ |
| ၇။ | ပဗ္ဗဇ္ဇာကထာ | ၅၉ |
| ၈။ | မာရကထာ | ၇၂ |
| ၉။ | ပဗ္ဗဇ္ဇူပသမ္ပဒါကထာ | ၇၅ |
| ၁၀။ | ဒုတိယမာရကထာ | ၇၈ |
| ၁၁။ | ဘဒ္ဒဝဂ္ဂိယသဟာယကာနံ ဝတ္ထု | ၇၉ |
| ၁၂။ | ပါဋိဟာရိယကထာ | ၈၃ |
| ၁၃။ | ဗိမ္ဗိသာရသမာဂမကထာ | ၁၀၆ |
| ၁၄။ | သာရိပုတ္တမောဂ္ဂလ္လာနပဗ္ဗဇ္ဇာကထာ | ၁၂၁ |
| ၁၅။ | ဥပဇ္ဈာယဝတ္တကထာ | ၁၃၁ |
| ၁၆။ | သဒ္ဓိဝိဟာရိကဝတ္တကထာ | ၁၄၃ |
| | ပဏာမိတကထာ | |
| ၁၇။ | အာစရိယဝတ္တကထာ | ၁၅၂ |
| | အန္တေဝါသိက ကထာ | |
| | ပဏာမနာခမာပနာ | |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| | ဗာလအဗျတ္တဝတ္ထု | |
| | နိဿယပဋိပ္ပဿဒ္ဓိကထာ | |
| | ဥပဇ္ဈာယ်မွါဒေတဗ္ဗပဉ္စက | |
| | ဥပသမ္ပါဒေတဗ္ဗဆက္က | |
| ၁၈။ | **အညတိတ္ထိယပုဗ္ဗကထာ** | **၁၆၀** |
| ၁၉။ | **ပဉ္စအာဗာဓဝတ္ထု** | **၁၆၃** |
| | ရာဇဘဋဝတ္ထု | |
| | အင်္ဂုလိမာလစောရဝတ္ထု | |
| | ကာရဘေဒကစောရဝတ္ထု | |
| | လိခိတကစောရဝတ္ထု | |
| | ကသာဟတဝတ္ထု | |
| | လက္ခဏာဟတဝတ္ထု | |
| | ဣဏာယိကဝတ္ထု | |
| | ဒါသဝတ္ထု | |
| | ကမ္မာရဘဏ္ဍုပဝတ္ထု | |
| | ဥပါလိဒါရကဝတ္ထု | |
| | အဟိဝါတကရောဂဝတ္ထု | |
| | ကဏ္ဍကဝတ္ထု | |
| | အာဟုန္ဒရိကဝတ္ထု | |
| ၂၀။ | **နိဿယမုစ္စနက ကထာ** | **၁၇၆** |
| | ရာဟုလဝတ္ထု | |
| | သိက္ခာပဒကထာ | |
| | ဒဏ္ဍကမ္မဝတ္ထု | |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၁။ | အနာပုစ္ဆာဝရဏဝတ္ထု | ၁၈၁ |
| | အပလာဠနဝတ္ထု | |
| | ကဏ္ဍကသာမဏေရဝတ္ထု | |
| | ပဏ္ဍကဝတ္ထု | |
| | ထေယျသံဝါသကဝတ္ထု | |
| | တိရစ္ဆာနဂတဝတ္ထု | |
| | မာတုဃာတကဝတ္ထု | |
| | ပိတုဃာတကဝတ္ထု | |
| | အရဟန္တဃာတကဝတ္ထု | |
| | ဘိက္ခုနီဒူသကဝတ္ထု | |
| | ဥဘတောဗျဉ္ဇနကဝတ္ထု | |
| | အနုပဇ္ဈာယကာဒိဝတ္ထုနိ | |
| | အပတ္တကာဒိဝတ္ထု | |
| | နဥပသမ္ပါဒေတဗ္ဗေကဝီသတိဝါရ | |
| ၂၂။ | နပဗ္ဗာဇေတဗ္ဗဒွတ္တိံသဝါရ | ၁၈၉ |
| ၂၃။ | အလဇ္ဇီနိဿယဝတ္ထုနိ | ၁၉၀ |
| | ဂမိကာဒိနိဿယဝတ္ထုနိ | |
| | ဂေါတ္တေန အနုဿာဝနာနုဇာနနာ | |
| | ဒွေဥပသမ္ပဒါပေက္ခာဒိဝတ္ထု | |
| | ဂဗ္ဘဝီသူပသမ္ပဒါနုဇာနနာ | |
| ၂၄။ | ဥပသမ္ပဒါဝိဓိ | ၁၉၃ |
| ၂၅။ | စတ္တာရောနိဿယာ | ၁၉၈ |

## မာတိကာ


ဦးရေ — အကြောင်းအရာ — မျက်နှာနံပါတ်

၂၆။ စတ္တာရိအကရဏီယာနိ ၁၉၉
အာပတ္တိယာအဒဿနေဥက္ခိတ္တကဝတ္ထုနိ
ဥဒ္ဒါနဂါထာ

ဥပေါသထက္ခန္ဓက

၁။ သန္နိပါတာနုဇာနနာ ၂၁၇
၂။ ပါတိမောက္ခုဒ္ဒေသာနုဇာနနာ ၂၁၉
မဟာကပ္ပိနဝတ္ထု
၃။ သီမာနုဇာနနာ ၂၂၇
၄။ ဥပေါသထာဂါရကထာ ၂၂၉
ဥပေါသထပ္ပမုခါနုဇာနနာ
အဝိပ္ပဝါသ သီမာနုဇာနနာ
သီမာ သမူဟနန
၅။ ဂါမသီမာဒိ ၂၃၅
၆။ ဥပေါသထဘေဒါဒိ ၂၃၆
၇။ သံခိတ္တေန ပါတိမောက္ခုဒ္ဒေသာဒိ ၂၃၈
၈။ ဝိနယပုစ္ဆနကထာ ၂၃၉
ဝိနယဝိဿဇ္ဇန ကထာ
စောဒနာ ကထာ
အဓမ္မ ကမ္မပဋိက္ကောသနာဒိ
၉။ ပါတိမောက္ခုဒ္ဒေသက အဇ္ဈေသနာဒိ ၂၄၁
၁၀။ ပက္ခဂဏနာဒိ ဥဂ္ဂဟဏာနုဇာနနာ ၂၄၂
၁၁။ ပုဗ္ဗကရဏာနုဇာနနာ ၂၄၃
ဒိသံဂမိကာဒိ ဝတ္ထု

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၂။ | ပါရိသုဒ္ဓိဒါနကထာ | ၂၄၆ |
| ၁၃။ | ဆန္ဒဒါနကထာ | ၂၄၇ |
| | ဉာတကာဒိဂ္ဂဟဏကထာ | |
| ၁၄။ | ဥမ္မတ္တကသမ္မုတိ | ၂၅၀ |
| ၁၅။ | သံဃုပေါသထာဒိပ္ပဘေဒ | ၂၅၁ |
| | အာပတ္တိပဋိကမ္မဝိဓိ | |
| | အာပတ္တိ အာဝိကရဏဝိဓိ | |
| | သဘာဂါပတ္တိ ပဋိကမ္မဝိဓိ | |
| ၁၆။ | အနာပတ္တိပန္နရသက | ၂၅၃ |
| | ဝဂ္ဂါဝဂ္ဂသညီ ပန္နရသက | |
| | ဝေမတိက ပန္နရသက | |
| | ကုက္ကုစ္စပကတ ပန္နရသက | |
| | ဘေဒပုရေက္ခာရ ပန္နရသက | |
| ၁၇။ | သီမောက္ကန္တိက ပေယျာလ | ၂၅၆ |
| ၁၈။ | လိင်္ဂါဒိ ဒဿန | ၂၅၈ |
| ၁၉။ | နာနာသံဝါသကာ ဒိဟိ ဥပေါသထကရဏ | ၂၆၁ |
| ၂၀။ | နဂန္တဗ္ဗဝါရ | ၂၆၂ |
| ၂၁။ | ဂန္တဗ္ဗဝါရ | ၂၆၄ |
| ၂၂။ | ဝဇ္ဇနီယ ပုဂ္ဂလသန္ဒဿနာ | ၂၆၅ |
| | ဥဒ္ဒါနဂါထာ | |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|

## ဝဿူပနာယိကက္ခန္ဓက

| | | |
|---|---|---|
| ၁။ | ဝဿူပနာယိကာနုဇာနနာ | ၂၇၂ |
| | ဝဿာနေ စာရိကာပဋိက္ခေပါဒိ | |
| ၂။ | သတ္တာဟ ကရဏီယာနုဇာနနာ | ၂၇၄ |
| ၃။ | ပဉ္စန္နံ အပ္ပဟိတေပိ အနုဇာနနာ | ၂၇၇ |
| ၄။ | သတ္တန္နံ အပ္ပဟိတေပိ အနုဇာနနာ | ၂၇၉ |
| ၅။ | ပဟိတေယေဝ အနုဇာနနာ | ၂၇၉ |
| ၆။ | အန္တရာယေ အနာပတ္တိဝဿစ္ဆေဒဝါရ | ၂၈၀ |
| ၇။ | သံဃဘေဒေ အနာပတ္တိဝဿစ္ဆေဒဝါရ | ၂၈၃ |
| | ဝဇာဒီသု ဝဿူပဂမနံ | |
| | ဝဿံအနုပဂန္တဗ္ဗဋ္ဌာနာနိ | |
| | အဓမ္မိက ကတိကာ | |
| ၈။ | ပဋိဿဝဒုက္ကဋာပတ္တိ | ၂၈၇ |
| | ဥဒ္ဒါနဂါထာ | |

# ပဏာမ

---

ဇယေ သုဘော ပဇာနန္ဒော၊ လောကနာထော မဟာမုနိ။
ပညပေသိ ရက္ခဏတ္ထံ၊ ပတ္ထိတံ ဒေတု သော မမံ။
ဣမာယ ပတ္ထနံ ကတွာ၊ ရတနာပုဉ္ဇအဝှယံ။
အယုဇ္ဈဝ မာပိတဿ၊ သိရိမန္တဿ ရာဇိနော။
သဒ္ဓါသီလာဒိဂုဏေန၊ သမ္ဗန္ဓာယ မဟေသိယာ။
အသမ္ဘိန္နာယ ဝံသေန၊ ပဋ္ဋိသောဏိယ ဘာသနံ။
မိုင်းခိုင်းနဂရ ဘောဇေန၊ သုဆေကေနာ ဘိယာစိတော။
ဒသခန္ဓမဏ္ဍိတဿ၊ မဟာဝဂ္ဂဿ နိဿယံ။
နာတိသင်္ခေပဝိတ္ထာရံ၊ ကရိဿာမိ သုဗုဇ္ဈနံ။
ယုဝတိကျွနမတ္ထာယ၊ သဒါ ပဿန္တု သာဝေါ။

သုဘော၊ ထူးမြတ်ဆန်းကြယ် လွန်တင့်တယ်သော။ ဇယေ၊ ငါးမာရ်အောင်ရာ ရတနာ့ရွှေပလ္လင်၌။ သဗ္ဗဓမ္မေ၊ ခပင်းဥဿုံ အလုံးစုံသော တရားတို့ကို။ သဗ္ဗညုတဉာဏေန၊ သဗ္ဗညုတဉာဏ်တော်ဖြင့်။ ပဇာနန္ဒော၊ အပြားအားဖြင့်သိတော်မူထသော။ လောကနာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ ယောမဟာမုနိ၊ အကြင်မြတ်စွာ ဘုရားသည်။ ဘိက္ခုနံ၊ ရဟန်းတို့အား။ ဇီဝိတံဝ၊ အသက်ကဲ့သို့။ ရက္ခဏတ္ထံ၊ ကောင်းစွာ စောင့်စေခြင်းငှါ။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညပေသိ၊ ပညတ်တော်မူပြီ။ သောမဟာမုနိ၊ ထိုမြတ်စွာဘုရားသည်။ မမံ၊ အကျွန်ုပ်အား။ ပတ္ထိတံ၊ တောင့်တအပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာကို။ ဒေတု၊ ပေးတော်မူစေသတည်း။

အဟံ၊ ငါသည်။ ဣမာယဂါထာယ၊ ဤဇယေသုဘော-အစ ရှိသော ပဏာမဂါထာဖြင့်။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ကတွာ၊ ပြုပြီး၍။ ရတနာပုဉ္ဇ အဝှယံ၊ လောကီ လောကုတ္တရာ ရတနာတို့၏ စုပုံရာဖြစ်ခြင်းကြောင့် ရတနာပုံ အမည်ရှိသော။ မဟာနဂရံ၊

မြို့ကြီးကို။ အယုဇ္ဈံ၀၊ နတ်မြို့ကဲ့သို့။ မာပိတာဿ၊ ဖန်ဆင်း တည်ထောင်တော်မူထသော။ သိရိမန္တဿ၊ တန်းခိုးကြက်သရေ မြတ်တော ရှိန်ဝါ ပညာ်လက်ရုံး ဘုန်းတော်လည်း ရှိထသော။ ရာဇိနော၊ ကပ်ဦးအစ မဟာသမ္မတနွယ်ရိုး မင်းမျိုးစင်စစ်လည်း ဖြစ်တော်မူသော သာသနဒါယကာ မဟာဓမ္မရာဇာ မင်းခေါင် မင်းဖျား မင်းတရားကြီး၏လည်းကောင်း။

သဒ္ဓါသီလာဒိဂုဏေန၊ သဒ္ဓါသီလအစရှိသော ဂုဏ်နှင့်။ ဝါ၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဂုဏ်နှင့်။ သမ္ပန္နာယ၊ ပြည့်စုံထသော။ ဝံသေန၊ အနွယ်တော်အားဖြင့်။ အသမ္ဘိန္နာယ၊ အသမ္ဘိန္န ခတ္တိယမျိုး နွယ်ရိုးအစစ်လည်း ဖြစ်ထသော။ မဟေသိယာ-အဂ္ဂမဟေသိယာ၊ အလွန်မြတ်သော ဘုန်းကြက်သရေ ရှိသော မိဖုယားကြီး၏လည်းကောင်း။ ဘာသနံ၊ အမိန့်တော်ကို။ပဋိသော ကာယ၊ နာခံ၍။

မိုင်းခိုင်းနဂရဘောဇေန၊ မိုင်းခိုင်းမြို့စားလည်း ဖြစ်ထသော။ သုဆေကေန၊ ပါဠိအဋ္ဌကထာ ဋီကာအနု မရလက်သန်း ဂန္ထန္တရ ကျမ်းထိုမျှတို့၌အလွန်လိမ်မာထသော။မဟာအမစ္စေန၊နန်းမတော်ဝန် မဟာသိရိဇေယျသူ အမည်ရှိသော အမတ်ကြီးသည်။•(မဟာ အမစ္စေနကား ထည့်)။

အဘိယာစိတော၊တောင်းပန်အပ်သည်။ ဟုတွာ၊ဖြစ်၍။ဒသခန္ဓ မလ္လိတဿ၊ မဟာခန္ဓကအစရှိသော ဆယ်ပါးသောခန္ဓကတို့ဖြင့် တန်းဆာဆင်အပ်သော။ မဟာဝဂ္ဂဿ၊ မဟာဝဂ်၏။ ဝါ၊ ကြီးစွာ သော ဆိက္ခာပုဒ် အစု၏။ နာတိသင်္ခေပဝိတ္ထာရံ၊ မကျဉ်းလွန် မကျယ်လွန်းထသော။ သုဇာကွန်း၊ ကောင်းစွာ ရှုဘွယ်ရှိထသော။ နိဿယံ-နဝနိဿယံ၊ နိဿယသစ်ကို။ ယုဝဘိက္ခုနံ၊ ရဟန်းပျို တို့၏။ အတ္ထာယ၊ အကျိုးငှါ။ ကရိဿာမိ၊ ပြုပေအံ့။ တံနိဿယံ၊ နိဿယသစ်ကို။သဒါ၊အခါခပ်သိမ်း။ သာဓဝေါ၊သူတော်ကောင်း တို့သည်။ ပဿန္တု၊ရှုစေကုန်သတည်း။

---

# မဟာဝါပါဠိတော်နိဿယ

**ပဌမအခုပ်**

နမော တဿဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

**မဟာခန္ဓက**

**အမှာ** ရေးလတ္တံ့သော မဟာဝါပါဠိတော်နိသျှ ပါဠိ အနက်တူ အထပ်ထပ် လာရာ၌ ရှေးဦး ပါဠိကို အနက်ရေး၍ နောက်နောက်ကို မြှုပ်မည်။ လွယ်သောပါဠိများမှာ အနက်ကိုချန်၍ ရေးမည်။အထခေါ်စသော နိပါတ်ပုဒ်တို့၌ အနက် မရေးသည့်အရာမှာ အနက်မရှိဟု မှတ်။

၁။ [တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ]။ ယေန သမယေန၊ အကြင်အခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သိက္ခာပဒ ပညတ္တိကာလော၊ သိက္ခာပုဒ်ကို ပညတ်အပ်သော အခါသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။ (အနိယတ်ထည့်)။

တေနသမယေန၊ ထိုထင်ရှားဖြစ်သောအခါ၌။ ဘဂဝါ၊ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဥရုဝေလာယံ၊ ကြီးစွာသော သဲစုရှိသောတော၌။ ဝါ၊ဆီလတ်ည်းဟူသော ကမ်းအပိုင်းအခြားကို လွန်ခြင်းကြောင့်ဆောင်အပ်သော သဲစုရှိသောတော၌။

**အမှာ** ရှေးနည်းမှာ ဥရုသဒ္ဒါ-မဟန္တအနက်၊ဝေလသဒ္ဒါ-အစုအနက်ဟော။ နောက်နည်းမှာ ဥရုသဒ္ဒါ-ဝါလိကအနက်၊ ဧဝလသဒ္ဒါ-မရိယာဒအနက်ဟော။ ငါတို့ ဘုရားမပွင့်မီ တခေတင်သောအမျိုးသား တို့သည် လူ့ဘောင်မှ ခွါ၍ ရသေ့ရဟန်းပြုပြီးလျှင် ကတိကဝတ်ကိုဤသို့ပြုကြကုန်၏။ကာယကံဝစီကံတို့ကို လွန်ကျူးပြုကျင့်လျှင် ထင်ရှားသည်ဖြစ်၍ အချင်းချင်းစောဒနာခွင့်ရ၏။ မနောကံသက်သက်ကို ကြံအောက်မေ့သည်အရာမှာ မထင်ရှားသောကြောင့် အချင်းချင်းစောဒနာခွင့် မရ။ ထိုသို့ဖြစ်၍ ကာမဝိတက်စသည်ကို ကြံမိငြားအံ့၊မိမိကိုယ်ကိုမိမိပင်ဆုံးမခြင်းဖြစ်အောင် ဖက်ရွက်ခန့်ဖြင့် သဲကိုဆောင်၍ ဤအရပ်၌စုပုံကြရမည်ဟု ကတိကဝတ် ပြုကြကုန်၏။ ထိုသို့ ပြုသည့်အတိုင်း ကာမဝိတက်စသည်ကို ကြံအောက်မေ့မိသော သူတို့သည် သဲကိုဆောင်၍ အကြိမ်များစွာ စုပုံသောကြောင့် ကြီးစွာသော သဲစုဖြစ်၍ ဥရုဝေလတောဟု ထင်ရှားစွာဖြစ်သည်။ ဝတ္ထုအကျယ်ကို အလိုရှိမူ အဋ္ဌကထာမှာ ရှု။

* နေရဉ္ဇရာယ၊ နေရဉ္ဇရာ အမည်ရှိသော။ ဝါ၊ ညွန် မှော်အစရှိသော အပြစ်မှကင်းသော ရေရှိသော။ နဇ္ဇာ-နဒိယာ၊မြစ်၏။ တီရေ၊ ကမ်းနား၌။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင်၏အနီး၌။ အဘိသမ္ဗုဒ္ဓေါဟုတွာ၊ ဘုရားဖြစ်၍။ ပဌမံ-သဗ္ဗပဌမံ၊ ခပ်သိမ်းသောသတ္တာဂါတို့၏ ရှေးဦးစွာ။ ဝိဟရတိ၊ နေတော်မူ၏။ အထတသ္မိံ သမယေ၊ ထိုသို့ နေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ဗောဓိရုက္ခမူလေ၌။သတ္တာဟံ၊ခုနစ်ရက်ပတ်လုံး။ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်ချမ်းသာကို။ ပဋိသံဝေဒီ၊ ခံစားတော်မူလျက်။ ဧကပလ္လင်္ကေန၊ တထက်ဝယ်တည်းဖြင့်။ နိသိဒိ၊ နေတော်မူ၏။

**အမှာ** သစ္စာလေးပါးကို သိသော မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သည် ဗောဓိ မည်ရင်းတည်း။ သစ်ပင်မှာ ထိုဉာဏ်သို့ရောက်ရာဖြစ်သောကြောင့်သာ ဗောဓိမည်သည်။သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့်သိသောအရာမှာ ပရိညေယျ,ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗ ကိစ္စ၏အစွမ်းဖြင့် သိသည်။ သဗ္ဗညုတဉာဏ်ဖြင့် သိသောအရာမှာ ဝိသေသလက္ခဏာ, သာမညလက္ခဏာ, ကိစ္စ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏အစွမ်းဖြင့် သိသည်။ ထိုသို့ ဝိသေသလက္ခဏာ အစရှိသည်တို့၏ အစွမ်းဖြင့် သိသောအရာကို ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ ဉာတ, ဒိဋ္ဌ, ဝိဒိတ, သစ္ဆိကတ,ပဿိတ ဟု အစဉ်အတိုင်း အထူးပြု၍ ပြသည်။

* အထ တသ္မိံ အဓိကာရေ၊ထိုဝိမုတ္တိသုခကိုခံစားသည်မှတပါး ပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်းတော်မူသောအရာ၌။ [သာရတ္ထဒီပနီနှင့် အညီသမ္ဗန်သည်။ရှေးဦးမင်နိသျှ၌ကား ဋီကာသို့မလိုက်မူ၍သာမည သမ္ဗန်သည်]။ဘဂဝါ၊ သည်။ ရတ္တိယာ၊ည၌၏။ ပဌမံယာမံ၊ပဌမယံပတ်လုံး။ ပဋိစ္စသမုပ္ပါဒံ၊ပဋိစ္စသမုပ္ပါဒ်တရားကို။အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ နိရောဓောဟောတီတိ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ။ပ။ နိရောဓောဟောတိ-ဟူ၍။ အနုလောမပဋိလောမံ၊ အနုလုံ ပဋိလုံ။ မနသာကာသိ၊ နှလုံး သွင်းတော်မူ၏။ (နှလုံး၌ဆင်ခြင်တော်မူ၏ဟုလည်းပေး)။ အဝိဇ္ဇာ ပစ္စယာ၊အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ၊ လောကီကုသိုလ် အကုသိုလ် စေတနာ သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်သည်။ ဝါ၊ လောကီဝိပါက် ပဝတ္တိဝိညာဉ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဉ်ဟူသော အကြောင်းကြောင့်။ နာမရူပံ၊နာမ်သည် လည်းကောင်း ရုပ်သည် လည်းကောင်း နာမ် ရုပ် သည်လည်းကောင်း။ သမ္ဘဝတိ၊ ဖြစ်၏။ နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ အဇ္ဈတ္တိကာယတနသည်။သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတနပစ္စယာ၊ သဠာယတန ဟူသော

အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။
ဖဿပစ္စယာ၊ ဖဿဟူသောအကြောင်းကြောင့်။ဝေဒနာ၊ဝေဒနာ
သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာ ဟူသော
အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။
တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊
ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်
ဟူသောအကြောင်းကြောင့်။ဘဝေါ၊ဘဝသည်။ သမ္ဘဝတိ၊ဖြစ်၏။
ဘဝပစ္စယာ၊ဘဝဟူသောအကြောင်းကြောင့်။ဇာတိ၊ဇာတိသည်။
သမ္ဘဝတိ၊ဖြစ်၏။ဇာတိပစ္စယာ၊ဇာတိဟူသောအကြောင်းကြောင့်။
ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊အိုခြင်း
သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း
ပြင်းစွာ ပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။
ကေဝလဿ၊ ချမ်းသာ အစရှိသည်တို့နှင့် မရောသော။ဝါ၊ အလုံး
စုံသော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊
ဖြစ်ခြင်းသည်။ ဟောတိ၊ထင်ရှား၏။ (အနုလုံအနက်) ။အဝိဇ္ဇာယ
တွေဝ၊ အဝိဇ္ဇာဟူသော မောဟ၏သာလျှင်။ အသေသဝိရာဂ
နိရောဓာ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ သင်္ခါရ
နိရောဓော၊ လောကီကုသိုလ် အကုသိုလ် စေတနာသင်္ခါရ တို့၏
ချုပ်ခြင်းသည်။ ဟောတိ၊၏။ သင်္ခါရနိရောဓာ၊သင်္ခါရတို့၏ချုပ်ခြင်း
ကြောင့်။ ဝိညာဏနိရောဓော၊ အနာဂတ်ဘဝ ပဋိသန္ဓေဝိညာဉ်,
ပဝတ္တိဝိညာဉ်တို့၏ချုပ်ခြင်းသည်။ဟောတိ၊၏။ ဝိညာဏနိရောဓာ၊
ဝိညာဉ်၏ချုပ်ခြင်းကြောင့်။ နာမရူပနိရောဓော၊ နာမ်ရုပ်တို့၏ချုပ်
ခြင်းသည်။ ဟောတိ၊၏။ နာမရူပနိရောဓာ၊နာမ်ရုပ်တို့၏ချုပ်ခြင်း
ကြောင့်။သဠာယတနနိရောဓော၊သဠာယတနတို့၏ချုပ်ခြင်းသည်။
ဟောတိ၊ ၏။ သဠာယတနနိရောဓာ၊ သဠာယတနတို့၏ချုပ်ခြင်း
ကြောင့်။ဖဿနိရောဓော၊ဖဿ၏ချုပ်ခြင်းသည်။ဟောတိ၊၏။ဖဿ
နိရောဓာ၊ဖဿ၏ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ဝေဒနာ၏
ချုပ်ခြင်းသည်။ ဟောတိ၊၏။ဝေဒနာနိရောဓာ၊ဝေဒနာ၏ချုပ်ခြင်း

ကြောင့်။ တဏှာနိရောဓော၊ တဏှာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ တဏှာနိရောဓာ၊ တဏှာ၏ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ဥပါဒါန်တို့၏ချုပ်ခြင်းသည်။ ဟောတိ၊၏။ဥပါဒါနနိရောဓာ၊ ဥပါဒါန်တို့၏ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဘဝနိရောဓာ၊ ဘဝ၏ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဇာတိနိရောဓာ၊ ဇာတိ၏ချုပ်ခြင်းကြောင့်။ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်း တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧဝံ၊ သို့။ ကေဝလဿ၊ချမ်းသာ အစရှိသည် တို့နှင့် မရောသော။ ဝါ၊ အလုံးစုံသော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**အမှာ** ပဋိလုံ အနက်။ ကေဝလသဒ္ဒါ အသံမိဿအနက်၊ သကလအနက်ဟော။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် အလွန် သိမ်မွေ့နက်နဲ ခက်ခဲသော အရာဖြစ်သောကြောင့် အဓိပ္ပါယ်ချုပ်၍ ရေးဦးအံ့၊ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်ရာ၌ အာရမ္မဏ,ပကတူပနိဿယ၊ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ရာ၌ . အာရမ္မဏ, ပကတူပနိဿယ, အနန္တရ,သဟဇာတ၊ အဝိဇ္ဇာကြောင့် အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ရာ၌ ပကတူပနိဿယ၊ သင်္ခါရကြောင့် ဝိညာဉ် ဖြစ်ရာ၌ နာနက္ခဏိကကမ္မ, ပကတူပနိဿယ၊ ဤသို့ အစရှိသည်ဖြင့် အကြောင်း အကျိုး အစဉ်မပြတ် ဆက်၍ ဟောရာ၌ သံသရာစက် ဖြစ်ခြင်း အား လျော်သောကြောင့် အနုလုံ မည်၏။ ဤ အနုလုံ၌ အဝိဇ္ဇာ နှင့် ဘဝ တဏှာသည် သံသရာ စက်၏ မူလ အကြောင်းရင်း ဖြစ်သောကြောင့် ရထားလှည်းဘီး ပုံတောင်းနှင့်တူ၏။သင်္ခါရအစ ဇာတိအဆုံးရှိသော ဆယ်ပါးသော တရားသည် ဘဝသုံးပါး၌ မနားမရပ်လှည့်ပတ်သွားလာတတ်သောကြောင့်ရထားလှည်းဘီး ကန့်,ထောက်အပေါင်းနှင့် တူ၏။ ဇရာမရဏသည် ဘဝအဆုံး၌

ဖြစ်သောကြောင့်ရထားလှည်းဘီးအကွပ်,အညှပ်နှင့်တူ၏။ဤအရာ၌ ဇရာအရမှာရုပ်နာမ်တို့၏ဋီကိုမယူလင့်။သွားကျိုးခြင်း,ဆံဖြူခြင်း, အရေတွန့်ခြင်း စသည့် တို့ဖြင့် ဖေါက်ပြန်သည်ကိုယူ။ အနုလုံ အမိပ္ပါယ်။ ပဋိလုံအမိပ္ပါယ်ကား ဤသို့တည်း၊ အရဟတ္တမဂ်ဖြင့် ဝဋ်မြစ်မူလ ပြတ်ခြင်းကြောင့် ရှေးအတိတ် ကံဟောင်းလည်း မီး လောင်သောမျိုးစေ့ကဲ့သို့ဖြစ်၍ အကျိုးကိုမဖြစ်စေနိုင်။ ဘုရားကို ပူဇော်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သော ပစ္စုပ္ပန်ဘဝ စေတနာသည်လည်းအမြစ်ပြတ်သောသစ်ပင်ကဲ့သို့ဖြစ်၍အကျိုးကို မဖြစ်စေနိုင်။ ဤ အမိပ္ပါယ်ကိုရည်၍ အဝိဇ္ဇာဟူသော မောဟ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်။ သင်္ခါရချုပ်ခြင်းကြောင့် အနာဂတ် ပဋိသန္ဓေဝိညာဉ် ချုပ်သည်။ ပဋိသန္ဓေဝိညာဉ် ချုပ်ခြင်းကြောင့် နာမ်ရုပ်အစရှိသော တရား အပေါင်းချုပ်သည်ဟု ဟောတော်မူသည်။ ဤသို့ ဟောတော် မူသည့်အရာမှာ အကြောင်းတရားတို့သည်ပြီးစေအပ်သောကိစ္စကို မပြီးစေသည်ဖြစ်၍ သံသရာဝဋ်ဖြစ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် ပဋိလုံမည်၏။ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ဖြစ်ရာချုပ်ရာ၌ အကြောင်းရင်းအကျိုးရင်းကိုရည်၍ လောကီကုသိုလ်,အကုသိုလ်, လောကီဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်ကိုသာ "ဟောသည်။ လောမသ အနုရူပံ အနုလောမံ။ဤအဗျယီဘောသမာသ် ဝိဂြိုဟ် ကား-ဥဒါန်း အဋ္ဌကထာ ပဌမသုတ် အဘွင့်နှင့် အညီတည်း။ လောမသ၊ အဝိဇ္ဇာအစရှိသော ပစ္စည်းတရားအား။ အနုရူပံ၊ လျော်သည်တည်း။ အနုလောမံ၊ အဝိဇ္ဇာအစရှိသောပစ္စည်းတရား အား ငလျော်သည်။လောမအရကို အဝိဇ္ဇာအစရှိသောအကြောင်း ကြောင့် သင်္ခါရအစရှိသော အကျိုး၏ဖြစ်သော အခြင်းအရာကိုယူ။ လောမသ ပဋိပက္ခံ ပဋိလောမံ။ ဤဝိဂြိုဟ်ကား ၎င်းအဋ္ဌကထာ ဒုတိယသုတ်အဘွင့်နှင့် အညီတည်း။လောမသ၊ အဝိဇ္ဇာချုပ်ခြင်း ကြောင့် သင်္ခါရစသည်တို့၏ ချုပ်ခြင်း၏။ ပဋိပက္ခံ၊ ဆန့်ကျင်ဘက် တည်း။ ပဋိလောမံ၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏

ချုပ်ခြင်း၏ ဆန့်ကျင်ဘက်။လောမအရကို အဝိဇ္ဇာအစရှိသည်တို့၏ ချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏ ချုပ်ခြင်းကိုယူ။ အနုလောမ ပဋိလောမန္တိ ဘာဝနပုံသကနိဒ္ဒေသော၊ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တီတိ အာဒီသုဝိယ။ ဥဒါန်းအဋ္ဌကထာ,တေရသကဏ်ဋီကာ။ ဘာဝနပုံသကနိဒ္ဒေသော၌ ဘာဝဟူသည် ကြိယာ၊ နပုံသက ဟူသည် နပုံလိင်၊ကြိယာကိုအထူးပြုတတ်သော နပုံလိင်ဖြစ်သော ပုဒ် ဆိုလိုသည်။ ထိုပုဒ်ကို ကာရကဝိဘတ်သံမပေါ်စေဘဲ အနက် ပေးရမြဲ။ထိုကြောင့် အနုလောမ ပဋိလောမံ၊အနုလုံပဋိလုံ။ ဝိသမံ၊ မညီမညွတ်-ဟု ကာရကဝိဘတ်သံ မပေါ်စေဘဲ အနက်သမ္ဗန် ရသည်။ အနုလောမန္တိ အဝိဇ္ဇာပစ္စယာသင်္ခါရာတိအာဒိနာ နယေန ဝုတ္တော အဝိဇ္ဇာဒိကော ပစ္စယာကာရော အတ္တနာကတ္တဗ္ဗကိစ္စကရဏတော အနုလောမောတိ ဝုစ္စတိ။ အထဝါ အာဒိတော ပဋ္ဌာယ အန္တံ ပါပေတွာ ဝုတ္တတ္တာ ပဝတ္တိယာ ဝါ အနုလောမနတော အနုလောမံ၊ဥဒါန်းပါဠိတော် ဗောဓိဝဂ်ပဌမသုတ်အဘွင့်အဋ္ဌကထာ။ ပဋိလောမန္တိ အဝိဇ္ဇာ နိရောဓာ သင်္ခါရနိရောဓောတိ အာဒိနာ နယေန ဝုတ္တော အဝိဇ္ဇာဒိကောယေဝ ပစ္စယာကာရော အနုပ္ပါဒ နိရောဓေန နိရုဇ္ဈမာနော အတ္တနော ကတ္တဗ္ဗကိစ္စဿ အကရဏ တော ပဋိလောမောတိ ဝုစ္စတိ၊ ပဝတ္တိယာ ဝါ ဝိလောမနတော ပဋိလောမော။ အန္တတော ပန မဇ္ဈတော ဝါ ပဋ္ဌာယ အာဒိံ ပါပေတွာ အဝုတ္တတ္တာ ဣတော အညေနတ္ထေနေတ္ထ ပဋိလောမတာ နယုဇ္ဇတိ။ပဋိလောမန္တိစဝိသမံစန္ဒိမသူရိယာပရိဝတ္တန္တီတိ အာဒီသု ဝိယ ဘာဝနပုံသကနိဒ္ဒေသော၊ ၎င်းပါဠိတော် ၎င်းဝဂ်ဒုတိယ သုတ်အဘွင့် အဋ္ဌကထာ။ လောမဿ ကမဿ အနုရူပံ အနုလော မံ၊ ယထာက္ကမေ။ သဒ္ဒတ္ထဓောမမဟာနိဓိအဘိဓာန်။ လောမဿ ကမဿ၊ အစဉ်အား။ အနုရူပံ၊ လျော်သည်တည်း။ အနုလောမံ၊ သည်။ အယံ၊ ဤအနုလောမသဒ္ဒါသည်။ ယထာက္ကမေ၊အစဉ်အား လျော်သည်၌။ ဝါ၊ လျော်သောအစဉ်၌။ ဘဝေ၊ ဖြစ်၏။ ပဋိဂတံ လောမံ အနုကူလံ အသ္မာတိ ပဋိလောမံ၊ဝါမေ ဝိပရိတေ။ သဒ္ဒတ္ထ

ထေ၁မ မဟာနိမိ အဘိခေ၁န်။ အသ္မာ၊ ထို ပဋိလုံမှ။ ပဋိဂတံ၊ ဆန့်ကျင်ဘက်ဖြစ်သော။ လောမံ-အနုကုလုံ၊ လျော်သည့်၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဇာတိ၊ ကြောင့်။ ပဋိလောမံ၊ မည်၏။ အယံ၊ ဤပဋိလောမသဒ္ဒါသည်။ ဝါမေ၊လက်ဝဲ၌။ဝိပရိတေ၊ ဘောက်ပြန်သော အစဉ်၌ လည်းကောင်း။ ဝါ၊ ပဋိလုံ၌ လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ ပဋိလောမေ၁ ဝါမံ ဝိပရိတက္ကမေ၁စ၊ သဒ္ဒတ္တမုတ္တ၁ဝလီအဘိခေ၁န်။ ဝါမံစ၊ လက်ဝဲသည်လည်းကောင်း။ ဝိပရိတက္ကမေ၁ စ၊ ဖေါက်ပြန်သော အစဉ်သည် လည်းကောင်း။ ပဋိ-လောမေ၁၊ မည်၏။

* အထခေါ၊ထိုပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံအားဖြင့် နှလုံးသွင်းတော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဧတမတ္ထံ၊ ထိုဖြစ်ခြင်းချုပ်ခြင်း၏အကြောင်းကို။ဝိဒိတွာ၊သိတော်မူ၍။ တာယံဝေလာယံ၊ ထိုသိတော်မူသော အခါ၌။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ ။ပ။ သဟေတုဓမ္မန္တိ၊ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ။ပ။သဟေတုဓမ္မံ-ဟူ၍။ဇုမံဉဒါန်း၊ဤနှစ်သက်ဝမ်းမြောက်သောစကားကို။ဉဒါနေသိ၊ မြွက်တော်မူ၏။

အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော-လုံ့လရှိထသော။ ဈာယတော၊ မကောင်းမှုကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ မကောင်းမှုကိုအပပြုပြီးထသော။ ခီဏာသဝဿ၊ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ ထင်စွာ။ ဝါ၊စင်စစ်သဖြင့်။ ဓမ္မာ၊ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့သည်။ ဝါ၊ သစ္စာလေးပါး တရားတို့သည်။ ပါတုဘဝန္တိ၊ထင်ရှားဖြစ်ကုန်၏။ အထ၊ ထိုသို့ ထင်ရှားဖြစ်သောအခါ၌။ ယတော-ယသ္မာကာရဏာ၊ ကြောင့်။ သဟေတုဓမ္မံ၊ အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားကို။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ တတော-တသ္မာကာရဏာ၊ ကြောင့်။ အဿ-ခီဏာသဝဿ၊ ထို ရဟန္တာပုဂ္ဂိုလ်အား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ တဆဲ့

ခြောက်ပါးသော ယုံမှားခြင်းတို့သည်။ ဝပယန္တံ၊ ကင်းကုန်၏။ (ချုပ်ကုန်၏ ဟုလည်းပေး)။

**အမှာ** တဆဲ့ခြောက်ပါးသော ယုံမှားခြင်း ဟူသည်ကား- အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ၊ ငါကား ရှေး၌ ဖြစ်ဘူးပြီလောဟု ယုံမှားသည်လည်း တပါး။ နနုခေါ အဟောသိံ၊ငါကား ရှေး၌ မဖြစ်ဘူးလောဟု ယုံမှားသည်လည်း တပါး။ ကိံ နုခေါအဟောသိံ၊ငါကား ရှေး၌ မင်းဖြစ်ဘူးသလော ပုဏ္ဏားဖြစ်ဘူးသလော အစရှိသည်ဖြင့် ယုံမှားသည်လည်းတပါး။ ကထံနုခေါအဟောသိံ၊ ငါကား ရှေး၌ မြင့်သောသူ နိမ့်သောသူ ဖြစ်ဘူးသလောဟု ယုံမှားသည်လည်း တပါး။ ကိံ ဟုတွာ ကိံ အဟောသိံ၊ ရှေး၌ မင်းဖြစ်၍ ပုဏ္ဏားဖြစ်သလော အစရှိသည်ဖြင့် ယုံမှားသည်လည်းတပါး။ အတိတ်ကာလ၌ ငါးပါး။ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ၊ငါကား နောက်ကာလ၌ ဖြစ်လတ္တံ့လောဟု ယုံမှားသည်လည်းတပါး။ နနုခေါ ဘဝိဿာမိ၊ငါကား နောက်ကာလ၌ မဖြစ်လတ္တံ့လောဟု ယုံမှားသည်လည်း တပါး။ ကိံ နုခေါ ဘဝိဿာမိ၊ ငါကား နောက်ကာလ၌ မင်းဖြစ်လတ္တံ့လော ပုဏ္ဏားဖြစ်လတ္တံ့လော အစရှိသည်ဖြင့် ယုံမှားသည်လည်း တပါး။ ကထံ နုခေါ ဘဝိဿာမိ၊ ငါးကား နောက်ကာလ၌ မြင့်သောသူ ဖြစ်လတ္တံ့လော အစရှိသည့်ဖြင့် ယုံမှားသည်လည်း တပါး။ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အနာဂတမဒ္ဓါနံ၊ငါကား နောက်ကာလ၌ ပုဏ္ဏားဖြစ်၍ မင်းဖြစ်လတ္တံ့လော အစရှိသည်ဖြင့် ယုံမှားရှိသည်လည်းတပါး။ အနာဂတ်ကာလ၌ ငါးပါး။ အဟံ နုခေါ အသ္မိ၊ ငါဖြစ်၏လောဟု ယုံမှားသည်လည်း တပါး။ နော နုခေါ အသ္မိ၊ ငါမဖြစ်လောဟု ယုံမှားသည်လည်းတပါး။ကိံ နုခေါ အသ္မိ၊ မင်းဖြစ်လျက် မင်းဟုတ်ပါ၏လော အစရှိသည်ဖြင့် ယုံမှားရှိသည်လည်းတပါး။ ကထံ နုခေါ အသ္မိ၊ ငါသည် မြင့်သလော နိမ့်သလော အစရှိသည်ဖြင့် ယုံမှားသည်လည်းတပါး။ ကုတော အာဂတော၊ငါကား အဘယ်မှလာသနည်းဟု ယုံမှားသည်လည်း

တပါး။ ကုဟိံ ဂါမိ ဘဝိဿာမိ၊ ငါကား အဘယ်သို့ သွားလတ္တံ့နည်းဟု ယုံမှားသည်လည်းတပါး။ ပစ္စုပ္ပန်ကာလ၌ ခြောက်ပါး။ ဤသို့အားဖြင့် ယုံမှားခြင်း တဆဲ့ခြောက်ပါးဖြစ်သတည်း။

၂။ အထခေါ၊ထိုသို့ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းသောအခါ၌။ ဘဂဝါ၊ သည်။ ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမံယာမံ၊ သန်းခေါင်ယာမ်ပတ်လုံး။ ပဋိစ္စသမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ်ကို။ အဝိဇ္ဇာပစ္စယာသင်္ခါရာ။ ။ပ။နိရောဓောဟောတီတိ၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ ။ပ။ နိရောဓော ဟောတိ-ဟူ၍။ အနုလောမပဋိလောမံ၊ အနုလုံ ပဋိလုံ။ မနသာကာသိ၊ ၏။ အထခေါ၊ ထိုသို့ နှလုံးသွင်းတော်မူသော အခါ၌။ တေမတ္တံ၊ ထိုသံသရာစက်၏ ဖြစ်ခြင်း ချုပ်ခြင်း အကြောင်းကို။ ဝိဒိတွာ၊သိတော်မူ၍။တာယံဝေလာယံ၊ထိုအခါ၌။ ယဒါဟဝေ။ပ။ အဝေဒီတိ၊ ဟူ၍။ ဣမံဥဒါနံ၊ ကို။ ဥဒါနေသိ၊ ၏။

အာတာပိနော၊ ရှိထသော။ပ။ဒိဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ ထင်စွာ။ ဓမ္မာ၊ တို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ၊ ထိုသို့ ထင်ရှားဖြစ်သော အခါ၌။ ယတော-ယသ္မာကာရဏာ၊ ကြောင့်။ ပစ္စယာနံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဝေဒိ၊ သိတော်မူ၏။ တတော-တသ္မာကာရဏာ၊ကြောင့်။အဿဒိဏာသဝဿ၊အား။သဗ္ဗာ၊ကုန်သော။ ကင်္ခါ၊ တို့သည်။ ဝပယန္တိ-အပယန္တိ၊ ကင်းကုန်၏။

[ဝပယန္တိ၌ ဝိ အပ ယန္တိပုဒ်ဖြစ်၊ ဣကို ချေ။ သာရတ္ထဒီပနီ။ ဝိမတိဝိနောဒနီ အလိုအားဖြင့် အပယန္တိပုဒ်ဖြစ်။ဝကား အာဂုံ]။

အထခေါ၊ထိုပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်းသောအခါ၌။ဘဂဝါ၊ သည်။ ရတ္တိယာ၊၏။ ပစ္ဆိမံယာမံ၊ ပစ္ဆိမယာမ်ပတ်လုံး။ ပဋိစ္စသမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ်ကို။အဝိဇ္ဇာပစ္စယာသင်္ခါရာ။ပ။ နိရောဓော ဟောတီတိ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ နိရောဓော ဟောတိ-ဟူ၍။ အနုလောမပဋိလောမံ၊ အနုလုံပဋိလုံ။ မနသာကာသိ၊၏။

၃။ အထခေါ၊ ထိုသို့ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံနှလုံးသွင်း တော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဧတမတ္ထံ၊ ထိုဖြစ်ခြင်း ချုပ်ခြင်း၏ အကြောင်းကို။ ဝိဒိတွာ၊ ၍။ တာယံဝေလာယံ၊ ၌။ ယဒါဟဝေပါတုဘဝန္တိဓမ္မာ။ပ။ဩဘာသယမန္တလိက္ခန္တိ၊ ကွံဟူ၍။ ဣမံဥဒါနံ၊၊ဤဥဒါန်းကို။ ဥဒါနေသိ၊ မြွက်တော်မူ၏။

အာတာပိနော၊ ထသော။ပ။ ဝိဓာာသဝသ၊ အား။ ယဒါ၊၌။ ဟဝေ၊ စွာ။ ဓမ္မာ၊ တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ အထ၊ ၌။ အန္တလိက္ခံ၊ ကောင်းကင်ကို။ ဩဘာသယံ-ဩဘာသယန္တော၊ အရောင်ဖြင့်ထွန်းတောက်ပသော။သူရိယော၊နေသည်။အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမေန္တော၊ ပယ်ဖျောက်လျက်။ တိဋ္ဌတိဇ္ဇဝ၊ တည်သကဲ့သို့။ သောဓိဏာသဝေါ၊သည်။ မာရသေနံ၊ ဆယ်ပါး သော မာရ်စစ်သည်ကို။ ဝိဓူပယံ-ဝိဓူပယန္တော၊ ဖျက်ဆီးလျက်။ တိဋ္ဌတိ၊ တည်၏။

**အမှာ** မာရ်ဆယ်ပါး ဟူသည်ကား - ကာမဂုဏ်ငါးပါး တို့၌ တပ်တတ်သောကာမရာဂ မာရ်လည်းတပါး၊ ဆိတ်ငြိမ်သောအရပ်၌ မမွေ့လျော်ခြင်း ကုသိုလ်ကောင်းမှု တို့၌ မမွေ့လျော်ခြင်း ဟု ဆိုအပ်သော အရတိမာရ်လည်းတပါး၊ မွတ် သိပ်ဆာလောင်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းဟု ဆိုအပ်သော ခုပ္ပိပါသ မာရ်လည်း တပါး၊ မွတ်သိပ်ဆာလောင်ခြင်း နှိပ်စက်သောအခါ ပစ္စည်းကို ရှာမှီးလိုသော တဏှာမာရ်ဖြစ်သည်လည်း တပါး၊ အိပ်မွေ့ငိုက်မျည်းခြင်းဟု ဆိုအပ်သော ထိနမိဒ္ဓမာရ်လည်း တပါး၊ ကြောက်ခြင်းဟု ဆိုအပ်သော ဘီရုမာရ်လည်းတပါး၊ ယုံမှားခြင်း ဟု ဆိုအပ်သော ဝိစိကိစ္ဆာမာရ်လည်းတပါး၊ ကျေးဇူးချေခြင်း နိုင်မာခြင်းဟု ဆိုအပ်သော မက္ခထမ္ဘမာရ်လည်းတပါး၊ လာဘ် များခြင်း, ကျော်စောခြင်း,ပူဇော်သက္ကာကိုခံခြင်း, ယုတ်မာသော အားဖြင့် ရအပ်သော ကျော်စောခြင်းဟု ဆိုအပ်သော လာဘ သိလောက,သက္ကာရ, မိစ္ဆာလဒ္ဓ,မာရ်လည်းတပါး၊မိမိကိုယ်ကိုချီး

မြောက်ခြင်း,သူတပါးကိုမထေမဲ့မြင်ပြုခြင်းဟုဆိုအပ်သောအတ္တုက္ကံ
သန ပရဝမ္ဘနမာရ်လည်း တပါး၊ဤသို့ အားဖြင့် ဆယ်ပါးတည်း။
ထိုဆယ်ပါးသည် မာရ်နတ်မင်း၏ စစ်သည်နှင့် တူသောကြောင့်
မာရသေနမည်သည်။ ဥဒါန်းသုံးပါးတွင် ပဌမဥဒါန်းသည် ပဋိစ္စ
သမုပ္ပါဒ်ကို ဆင်ခြင်သောအခါ၌ ဖြစ်၏။ ဒုတိယ ဥဒါန်းသည်
နိဗ္ဗာန်ကို ဆင်ခြင်သောအခါ၌ဖြစ်၏။ တတိယဥဒါန်းသည် မဂ်ကို
ဆင်ခြင်သောအခါ၌ဖြစ်၏။ဥဒါန်းဟူသည်ကား ပီတိသောမနဿ
အဟုန်ကြောင့် အတွင်း၌မတည်မူ၍ ပြင်သို့ထွက်သော စကား
အထူးတည်း။ ပီတိဝေဂသမုဋ္ဌာပိတော ဥဒါဟာရော၊ သာရတ္ထ
ဒီပနီ။ သတ္တရာဇ် တရာ့သုံးခု ကဆုန်လပြည့်ပစ္ဆိမယာမ် အရုဏ်
တက်လုဆဲဆဲ၌ ဘုရားအဖြစ်သို့ရောက်၍ အပရာဇိတပလ္လင်ထက်၌
နေတော်မူသည်ခုနစ်ရက်,သဗ္ဗညုတဉာဏ်ကိုရသည်နှင့် နေအရုဏ်
တက်သည်ကို တပြိုင်နက်မယူလင့်။ ယူငြားအံ့ အရုဏ်ကို နောက်
ရက်သို့ သွင်း၍ လပြည့်ကျော်တရက်နေ့မှ ဘုရားဖြစ်သည်ဟု ယူရာ
သည်။ထိုနောက် ပလ္လင်မှ အရှေ့စဉ်းငယ်ယွန်းသော မြောက်အရပ်
အဘို့၌ ရပ်တော်မူလျက် ပါရမီတော်၏ အစွမ်းကြောင့် ရတော်
မူအပ်သော ပလ္လင်တော်နှင့် ဗောဓိပင်ကို မမှိတ်သောမျက်စိဖြင့်
ကြည့်ရှု၍ နေတော်မူသည် ခုနစ်ရက်, ထိုနောက် ပလ္လင်တော်နှင့်
ရပ်တော်မူရာအကြား၌ အရှေ့အနောက်အလျားရှည်သောရတနာ
စင်္ကြံ၌ စင်္ကြံသွား၍ နေတော်မူသည်ခုနစ်ရက်, စင်္ကြံမှ အနောက်
အရပ် ရတနာဃရရွှေအိမ်၌ အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်
ဆင်ခြင်၍ နေတော်မူသည်ခုနစ်ရက်, ဗောဓိပင်မှ ထောက်လျှင်
ရတနာဃရရွှေအိမ် အနောက်မြောက် ပြအပ်ပြီးသော သတ္တာဟ
တို့ကား ဗောဓိကထာချည်းတည်း။

ဗောဓိကထာ၊ ဗောဓိကထာသည်။ နိဋ္ဌိတာ၊
ပြီးခြင်းသို့ရောက်ပြီ။

---

၄။ အထ၊ ထိုရတနာဃရသတ္တာဟ၏ အခြားမဲ့၌။ ဘဂဝါ၊
မြတ်စွာဘုရားသည်။ သတ္တာဟဿ၊ ခုနစ်ရက်၏။ အစ္စယေန၊
လွန်သဖြင့်။ တမှာသမာဓိမှာ၊ ထိုအရဟတ္တဖိုလ်သမာဓိမှ။ ဝုဋ္ဌ
ဟိတွာ၊ထတော်မူ၍။ ဗောဓိရုက္ခမူလာ၊ဗောဓိပင်၏အနီးမှ။ ယေန၊
အကြင် အရပ်၌။ အဇပါလနိဂြောဓော၊ အဇပါလပညောင်ပင်
သည်။ အတ္ထိ၊၏။ တေန၊ ထိုအဇပါလပညောင်ပင်သို့။ ဥပသင်္ကမိ၊
ကပ်တော်မူ၏။ ဥပသင်္ကမိတွာ၊၍။ အဇပါလနိဂြောဓရုက္ခမူလေ။
အဇပါလပညောင်ပင်၏အနီး၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။
ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်ချမ်းသာကို။ ပဋိသံဝေဒီ၊ ခံစားတော်
မူလျက်။ ဧကပလ္လင်္ကေန၊ တထက်ဝယ်တည်းဖြင့်။ နိသီဒိ၊နေတော်
မူ၏။ (အဇပါလ ပညောင်ပင်သည် ဗောဓိပင် အရှေ့)။ အထ-
တသ္မိံကာလေ၊ ထိုသို့ နေတော်မူသော အခါ၌။ ဟုံဟုင်္ကဇာတိ
ကော၊ တဟုန်းဟုန်း မာန်မူတတ်သော သဘောရှိသော။ အည
တရော၊ တယောက်သော။ ဝါ၊ အမျိုးအမည်အားဖြင့် မထင်ရှား
သော။ ဗြာဟ္မဏော၊ပုဏ္ဏားသည်။ ယေန၊အကြင်အရပ်၌။ဘဂဝါ၊
သည်။ နိသီဒိ၊ နေတော်မူ၏။ တေန၊ ထို ဘုရားနေတော်မူရာသို့။
ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝတာ၊ နှင့်။ သဒ္ဓိံ၊
ကွ။ သမ္မောဒိ၊ နှစ်လိုဝမ်းသာပြောဟော၏။ သမ္မောဒနီယံ၊ နှစ်လို
ဝမ်းသာ ပြောဟော အပ်သော။ သာရဏီယံ၊ အသက်ထက်ဆုံး
အောက်မေ့အပ်သော။ ကထံ၊စကားကို။ဝီတိသာရေတွာ၊ပြီးစေ၍။
ဧကမန္တံ၊ တင့်အပ်လျောက်ပတ်စွာ။ အဋ္ဌာသိ၊ တည်၏။ ဧကမန္တံ၊
တင့်အပ်လျောက်ပတ်စွာ။ ဌိတော၊ တည်ပြီးသော။ သော ဗြာဟ္မ
ဏော၊ ထိုပုဏ္ဏားသည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ဤစကားကို။
အဝေါစ၊ လျှောက်၏။ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း
ဟူမူကား။ ဘောဂေါတမ၊ အိုအရှင်ဂေါတမ။ ကိတ္တာဝတာ၊
အဘယ်မျှသော အတိုင်းအရှည်ဖြင့်။ ဗြာဟ္မဏော၊ ဗြာဟ္မဏမည်
သည်။ ဟောတိနုခေါ၊ဖြစ်သနည်း။ ဗြာဟ္မဏကာရကာ၊ဗြာဟ္မဏ
အဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မာ၊တရားတို့သည်။ ကတမေစပန၊

အဘာယ်သည့်တို့နည်း။ ဇာတိ၊ ဤသို့။ အဝေါစ၊ ၏။ အထခေါ၊ ထို လျှောက်သောအခါ၌။ ဘဂဝါ၊သည်။ ဧတမတ္ထံ၊ထိုအကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ တာယံဝေလာယံ၊ ထိုအခါ၌။ ယောဗြာဟ္မဏော။ပ။ကုဟိဉ္စိလောကေတိ၊ကေ-ဟူ၍။ ဣမံဥဒါနံ၊ဤဥဒါန်းကို။ ဥဒါနေသိ၊ မြွက်တော်မူ၏။

ယောဗြာဟ္မဏော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည်။ ဗာဟိတပါပ ဓမ္မော၊ အပဖြူအပ်ပြီးသော မကောင်းမှုရှိ၏။ နိဟုံဟုကော၊ တဟုန်းဟုန်း မာန်မူခြင်းအလေ့သဘောမရှိ။နိက္ကသာဝေါ၊ကိလေ သာဟူသော မာန်လည်းမရှိ။ယတတ္တော၊ဘာဝနာစီးဖြန်းခြင်းနှင့် လည်းယှဉ်၏။ (ကိုယ်နှုတ် နှလုံးကိုလည်း စောင့်၏ ဤသို့လည်း ပေး)။ ဝေဒန္တဂူ၊ မဂ်ဉာဏ်လေးပါးတို့ဖြင့် နိဗ္ဗာန်ဟူသော အဆုံး သို့လည်း ရောက်၏။ ဝါ၊မဂ်ဉာဏ်တို့၏ အဆုံးဖြစ်သော အရဟတ္တ ဖိုလ်သို့လည်းရောက်၏။ ဝုသိတဗြဟ္မစရိယော၊ သုံးအပ်ပြီးသော မဂ်ဟူသောသီတင်းလည်းရှိ၏။ သောဗြာဟ္မဏော၊ ထိုမကောင်း မှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဓမ္မေန၊ဟုတ်မှန်သော သဘောဖြင့်။ ဗြဟ္မဝါဒံ၊ ငါပုဏ္ဏားဟူသောစကားကို။ ဝဒေယျ၊ ဆိုရာ၏။ ယဿဗြာဟ္မဏဿ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်အား။ လောကေ၊ လူအပေါင်း၌။ ကုဟိဉ္စိအာရမ္မဏေ၊ တစုံဟာခုသော အာရုံ၌။ ဥဿဒါ၊ ရာဂအစရှိသော ကိလေသာတို့၏ ဖြစ်ခြင်း ပြောခြင်းတို့သည်။ နတ္ထိ-နသန္တိ၊မရှိကုန်။

**အမှာ** ပုဏ္ဏားသည် အနွယ်တော်ကိုသိပြီးဖြစ်၍ ဘောဂေါ တမဟု ရှေးဦးမဆွ ခေါ်နိုင်သည်။ သစ္စာတရားကို မဂ်ဉာဏ်ဖြင့် သိရာသောအကြောင်းမရှိသောကြောင့် ပုဏ္ဏားအား တရားမဟောသည်။ အဇပါလမည်ခြင်း အကြောင်းကား ဗေဒင် မန္တန်ကိုရွတ်အံ့ခြင်းငှါ မစွမ်းနိုင်သော ပုဏ္ဏားအိုတို့ အိမ်ပြု၍နေရာ ဖြစ်သောကြောင့်လည်းကောင်း, ထိုမှတပါး ညောင်ပင်အောက် သို့ဝင်သောဆိတ်တို့ကို အရိပ်ဖြင့်စောင့်ရှောက်တတ်သောကြောင့်

လည်းကောင်း, အဇပါလမည်၏။ အဇပါလသတ္တာဟ အလုံးစုံ ပြီးပြီ။

* အဇပါလကထာ၊ အဇပါလသတ္တာဟကို ဆိုသော စကားသည်။ နိဋ္ဌိတာ၊ ပြီးခြင်းသို့ ရောက်ပြီ။

---

၅။ အထပဉ္စ၊ ထိုနောင်မှ။ ဘဂဝါ၊ သည်။ သတ္တာဟဿ၊ ခုနစ်ရက်၏။ အစ္စယေန၊ လွန်သဖြင့်။ တမှာသမာဓိမှာ၊ ထိုအရဟတ္တဖိုလ် သမာဓိမှ။ ဝုဋ္ဌဟိတွာ၊ ထတော်မူ၍။ အဇပါလနိဂြောဓရုက္ခမူလာ၊ အဇပါလပညောင်ပင်ရင်းမှ။ ယေန၊ အကြင်အရပ်၌။ မုစလိန္ဒော၊ ကျည်းပင်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုကျည်းပင်သို့။ ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍။ မုစလိန္ဒမူလေ၊ ကျည်းပင်၏အနီး၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်ချမ်းသာကို။ ပဋိသံဝေဒီ၊ ခံစားတော်မူလျက်။ ဧက ပလ္လင်္ကေန၊ တထက်ဝယ်တည်းဖြင့်။ နိသီဒိ၊ နေတော်မူ၏။ [မုစလိန္ဒော ဝုစ္စတိ နိမ္ဗရုက္ခော၊ ဝိမတိဝိနောဒနီ။ ဤဋီကာ အလိုအားဖြင့် မုစလိန္ဒကို တမာသမ္ဗန်။ ထိုသစ်ပင်သည် ဗောဓိပင်၏ အရှေ့တောင်]။ တေနခေါပနသမယေန၊ ထိုသို့ နေတော်မူသော အခါ၌။ မဟာအကာလမေဃော၊ အခါမဲ့ ထန်စွာသော မိုဃ်းကြီးသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ သတ္တာဟဝဒ္ဒလိကာ၊ ခုနစ်ရက် စွေသော မိုဃ်းရှိ၏။ သီတဝါတဒုဒ္ဒိနီ၊ ချမ်းသောလေဖြင့် နှိပ်စက်သောနေ့ရှိ၏။ အထခေါ၊ ထိုအခါ၌။ မုစလိန္ဒော၊ မုစလိန္ဒ အမည်ရှိသော။ နာဂရာဇာ၊ နဂါးမင်းသည်။ သကဘဝနာ၊ မိမိဗိမာန်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ကာယံ၊ ကိုယ်တော်ကို။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဘောဂေဟိ၊ အခွေတို့ဖြင့်။ ပရိက္ခိပိတွာ၊ ပတ်ရံ၍။ ဥပရိမုဒ္ဓနိ၊ ထိပ်တော်၏ အထက်၌။ မဟန္တံ၊ ကြီးစွာသော။ ဖဏံ၊ ပါးပျဉ်းကို။ ကရိတွာ၊ ဖြန့်မိုး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သီတံ၊ အချမ်းသည်။ မာဗာဓယိတ္ထ၊ မညှဉ်းဆဲစေလင့်။ ဘဂဝန္တံ၊ ကို။ ဥဏှံ၊ အပူသည်။ မာဗာဓယိတ္ထ၊ မညှဉ်းဆဲ

စေလင့်။ ဒွိသ မကာသဝါတာတပသရိသပသမ္ဗဿော၊ ခြင်,မှက်, လေ, နေပူ, မြွေ,ကင်း သန်းတို့၏ ကိုက်ခဲထိပါးခြင်းဟု ဆိုအပ်သော အတွေ့သည်။ မာဗာဓယိတ္ထ၊ မညှဉ်းဆဲစေလင့်။ ဇူတိမနသိကတွာ၊ ဤသို့ နှလုံးပြု၍။ အဋ္ဌာသိ၊ တည်၏။ အထခေါ၊ ဌ။ မုစလိန္ဒော၊ မုစလိန္ဒအမည်ရှိသော။ နာဂရာဇာ၊ နဂါးမင်းသည်။ သတ္တာဟဿ၊၏။ အစ္စယေန၊ ဖြင့်။ ဝိဒ္ဓံ–ဥဗ္ဗိဓံ၊ မြင့်သော။ ဝိဂတဝလာဟကံ၊ ကင်းသောတိမ်တိုက် ရှိသော။ ဒေဝံ–အာကာသံ၊ ကောင်းကင်ကို။ ဝိဒိတွာ၊ သိ၍။ ဘဂဝတော၊ ၏။ ကာယာ၊ ကိုယ်တော်မှ။ ဘောဂေ၊ အခွေတို့ကို။ ဝိနိဝေဌေတွာ၊ ဖြေ၍။ သကဝဏ္ဏံ။ မိမိအသွင်ကို။ ပဋိသံဟရိတွာ၊ ပယ်ဖျောက်၍။ မာဏဝကဝဏ္ဏံ၊ လုလင်၏အသွင်ကို။ အဘိနိမ္မိနိတွာ၊ ဘန်ဆင်း၍။ ဘဂဝတော၊၏။ ပုရတော၊ ရှေ့တော်မှ။ ပဉ္စလိကော၊ လက်အုပ်ချီလျက်။ ဘဂဝန္တံ၊ ကို။ နမဿမာနော၊ ရှိခိုးလျက်။ အဋ္ဌာသိ၊ တည်၏။ [ဤ နဂါးသည် ကျည်းပင်၏အနီး ကန်၌နေသောကြောင့် မုစလိန္ဒမည်သည်]။ အထခေါ၊ ဌ။ ဘဂဝါ၊သည်။ ဧတမတ္ထံ၊ထိုအကြောင်းကို။ ဝိဒိတွာန၊သိတော်မူ၍။ တာယံဝေလာယံ၊ ထိုအခါ၌။ သုခေါ ဝိဝေကော တုဋ္ဌဿ။ပ။ ပရမံသုခန္တိ၊ ခံဟူ၍။ ဣမံ ဥဒါနံ၊ကို။ ဥဒါနေသိ၊ ကျူးရင့်တော်မူ၏။

တုဋ္ဌဿ၊ လေးပါးသော မဂ်ဉာဏ်တည်း ဟူသောရောင့်ရဲခြင်းဖြင့် ရောင့်ရဲထသော။ သုတဓမ္မဿ၊ ထင်ပြီးသော သစ္စာလေးပါးတရားရှိထသော။ ပဿတော၊ ပညာမျက်စိဖြင့် ခပ်သိမ်းသော တရားတို့ကို မြင်ပြီးထသော။ ဒိဋ္ဌာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဝိဝေကော၊ နိဗ္ဗာန်ဟုဆိုအပ်သော ဝိဝေကသည်။ သုခေါ၊ ချမ်းသာ၏။ လောကေ၊ လူအပေါင်း၌။ အဗျာပဇ္ဇံ၊ အမျက်မရှိသည်၏အဖြစ်သည်။ သုခံ၊၏။ ပါဏဘူတေသု၊ သတ္တဝါအပေါင်းတို့၌။ သံယမော၊ မညှဉ်းဆဲသည်၏ အဖြစ်သည်။ သုခေါ၊၏။

လောကေ၌။ ကာမာနံ၊ ကာမဂုဏ်တို့ကို။ သမတိက္ကမော၊ လွန်ခြင်းဟု ဆိုအပ်သော။ ဝိရာဂတာ၊ ရာဂကင်းသည်၏ အဖြစ်

သည်။သုခါ၊ ၏။အသို့မာနသဿ၊ငါဟူသောမာန်ကို။ယောဝိနယော၊ အကြင်ဆုံးမခြင်းသည်။ အဿ၊ ၏၊ဧတံဝိနယနံ၊ထိုဆုံးမခြင်းသည်။ ဝေ၊ စင်စစ်။ပရမံ၊မြတ်သော။ သုခံ၊ချမ်းသာတည်း။ [ သုခ ငါးပါးတွင် ပဥ္စမသုခဖြင့် ဥပမိဝိဝေကကို ပြသည်။ နောက်လေးချက်မှာ အစဉ်အတိုင်း မဂ်လေးပါးသုခကို ပြသည်။ ဝဇိရဗုဒ္ဓိ ]။

မုစလိန္ဒကထာ၊ မုစလိန္ဒသတ္တာဟကို ဆိုသောစကားသည်။
နိဋ္ဌိတာ၊ ပြီးခြင်းသို့ ရောက်ပြီ။

---

၆။ အထ–ပစ္ဆာ၊ထိုနောင်မှ။ဘဂဝါ၊သည်။သတ္တာဟဿ၊၏။ အစ္စယေန၊ ဖြင့်၊ တမှာသမာဓိမှာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ မုစလိန္ဒမူလာ၊ မှ။ ယေန၊ အကြင်အရပ်၌။ ရာဇာယတနံ၊ လင်းလွန်းပင်သည်။ အတ္ထိ၊ရှိ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊၍။ ရာဇာယတနမူလေ၊ လင်းလွန်းပင်၏ အနီး၌။ သတ္တာဟံ၊ လုံး။ ဝိမုတ္တိသုခံ၊ကို။ ပဋိသံဝေဒီ၊ လျက်။ကေပလ္လင်္ကေန၊ဖြင့်။ နိသီဒိ၊ ၏။

**အမှာ** ရာဇာယတနံ ပါဠိလိ၊ ဝဇိရဗုဒ္ဓိ။ ပါဠိလိ၊ သခွတ်။ ဝါ၊ သံသတ်။ နှစ်နည်းသမွန်။ ထိုသစ်ပင်သည် ဗောဓိပင်မှ တောင်။ ရာဇာယတန၌ ခုနစ်ရက်မြောက်သောအခါ ဿနာန္တိဆွမ်းကို ဘုဉ်းပေးသည်မှ လေးဆယ့်ကိုးရက်မြောက်ပြီ။ ထိုနေ့၌ ဘောဇဉ်ကိုမှီဝဲချိန်ကာလရောက်သည်ကိုသိကြားနတ်မင်း သိ၍ ဆေးဖြစ်သော ကြဇုသီး, ဒန်ပူ, မျက်နှာသစ်ရေကို ကပ်လှူလာသည်ဟူလို။

* တေန ခေါ်ပန သမယေန၊ ထို ရာဇာယတနသတ္တာဟတွင် နေတော်မူသော အခါ၌။ တပုဿဘလ္လိကာ၊ တပုဿအမည် ဘလ္လိကအမည် ရှိကုန်သော။ ဝါဏိဇာ၊ ကုန်သည်ညီနောင်တို့ သည်။ ဥက္ကလာ၊ ဥက္ကလာအမည်ရှိသော ဇနပုဒ်မှ။ တံဒေသံ၊ ထိုမြတ်စွာဘုရားနေတော်မူရာမဇ္ဈိမဒေသသို့။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ၊ အဝွန်ရှည်သော ခရီးကို သွားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထခေါ၊ ၌။ တပုဿဘလ္လိကာနံ၊ တပုဿဘလ္လိက အမည်ရှိကုန်

သော။ ဝါဏိဇာနံ၊ ကုန်သည် ညီနောင်တို့၏။ ဉာတိသာလောဟိတာ၊ မိမျိုးဘမျိုးဖြစ်ခဲ့ဘူးသော။ ဒေဝတာ၊ ဘုမ္မစိုဝ်းနတ်သည်။ [ငါးခုမြောက်ဘဝ၌ အမိဖြစ်ခဲ့ဘူးသောနတ်ဟု ဇာကုံတွင်ရှိအဋ္ဌကထာ၌ ပြသည်]။ တပုဿဘလ္လိကေ၊ တပုဿဘလ္လိကအမည်ရှိကုန်သော။ ဝါဏိဇေ၊ ကုန်သည်ညီနောင်တို့ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ ဆို၏။ မာရိသာ၊ အချင်းကုန်သည်တို့။ အယံ ဘဂဝါ၊ ဤ မြတ်စွာဘုရားသည်။ ရာဇာယတန မူလေ၊ လင်းလွန်းပင်၏အနီး၌။ အဘိသမ္ဗုဒ္ဓေါ၊ ဘုရားဖြစ်၍။ ပဌမံ၊ ရှေးဦးစွာ။ ဝိဟရတိ၊ ၏။ တုမှေ၊ သင်တို့သည်။ ဂန္တွာ၊သွားကြကုန်လော့။ တံဘဂဝန္တံ၊ထိုမြတ်စွာဘုရားကို။ မန္ထေနစ၊မဖွဲ့မဆုပ်အပ်သော မုံ့ကြွက်ကျစ်ဖြင့်လည်းကောင်း။ မဓုပိဏ္ဍိကာယစ၊ဖွဲ့ဆုပ်အပ်သော ပျားဆုပ်ဖြင့်လည်းကောင်း။ ပတိမာနေထ၊ လုပ်ကျွေးကြကုန်လော့။ တံပတိမာနနံ၊ ထိုလုပ်ကျွေးခြင်းသည်။ဝေါ-တုမှာကံ၊ သင်တို့အား။ ဒီဃရတ္တံ၊ ရှည်စွာသော နေ့ညဥ့်ပတ်လုံး။ ဟိတာယ၊ အကျိုးစီးပွါးဖြစ်ခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်အံ့သတည်း။ ဇူတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ အထခေါ၊ ထိုသို့ ဘုမ္မစိုဝ်းနတ်ဆိုသောအခါ၌။တပုဿဘလ္လိကာ၊ အမည်ရှိကုန်သော။ ဝါဏိဇာ၊တို့သည်။ မန္ထဉ္စ၊ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ၊ ကိုလည်းကောင်း။ အာဒါယ၊ ယူ၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊ ထိုဘုရားရှိတော်မူရာသို့။ ဥပသင်္ကမိံသု၊ကုန်၏။ ဥပသင်္ကမိတွာ၊၍။ ဘဂဝန္တံ၊ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ အဋ္ဌံသု၊ ကုန်၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်စွာ။ ဌိတာခေါ၊ရပ်ကုန်ပြီးသော။ တပုဿဘလ္လိကာ၊ အမည်ရှိကုန်သော။ ဝါဏိဇာ၊တို့သည်။ ဘဂဝန္တံ၊ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊လျှောက်ကုန်၏။ ကိံ အဝေါစုံ၊ဟူမူကား။ (ထည့်)။ ဘန္တေ၊အရှင်ဘုရား။ ဘဂဝါ၊သည်။နောအမှာကံ၊အကျွန်ုပ်တို့၏။ မန္ထဉ္စ၊ကိုလည်းကောင်း။မဓုပိဏ္ဍိကဉ္စ၊ကိုလည်းကောင်း။ပဋိဂ္ဂဏှာ

တု၊ခံတော်မူပါလော့။ ယံပဋိဂ္ဂဟဏံ၊ အကြင်ခံတော်မူခြင်းသည်။ ဘဝိဿတိ၊ဖြစ်အံ့။တံပဋိဂ္ဂဟဏံ၊သည်။အမှာကံ၊အကျွန်ုပ်တို့အား။ ဟိတာယ၊ အကျိုးစီးပွါး ဖြစ်ခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ အဿ၊ဖြစ်၏။ ဣတိ၊ဤသို့။ အဝေါစုံ၊လျှောက်ကုန်၏။ အထခေါ၊ ထိုသို့လျှောက်သောအခါ၌။ဘဂဝတော၊အား။ဧတံ-ပရိဝိတက္ကနံ၊ ဤသို့သောအကြံသည်။ အဟောသိ၊၏။ တထာဂတာ၊ဝိပဿီအစရှိသော ရှေးဘုရားတို့သည်။ ဟတ္ထေသု၊ လက်တို့ဖြင့်။ ပဋိဂ္ဂဏှန္တိ နုခေါ၊ခံလေကုန်သလော။ ကိမှိ၊အဘယ်သို့လျှင်။ အဟံ၊ငါဘုရားသည်။ မန္ထဉ္စ၊ ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ၊ကိုလည်းကောင်း။ ပဋိဂ္ဂဏှေယျံနုခေါ၊ ခံရအံ့နည်း။ ဣတိ-ဧတံပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ထိုသို့ ကြံတော်မူသောအခါ၌။ စတ္တာရော၊ လေးယောက်ကုန်သော။ မဟာရာဇာနော၊ နတ်မင်းကြီးတို့သည်။ ဘဂဝတော၊ ၏။ စေတောပရိဝိတက္ကံ၊ စိတ်တော်အကြံကို။ စေတသာ၊ မိမိတို့၏စိတ်ဖြင့်။ အညာယ၊ သိ၍။ စတုဒ္ဒိသာ-စတုဒ္ဒိသာဟိ၊ လေးပါးသော အရပ်မျက်နှာတို့မှ။ သေလမယေ၊ ပဲနောက်အဆင်းရှိသော ကျောက်ညိုဖြင့် ပြီးကုန်သော။စတ္တာရော ပဇ္ဇေ၊ လေးလုံးသော သပိတ်တို့ကို။ ဘဂဝတော၊ အား။ ဥပနာမေသုံ၊ ကပ်လှူကုန်၏။ ဘန္တေ၊ အရှင်ဘုရား၊ ဣဓပတ္တေ-ဣမိနာ ပတ္တေန၊ ဤသပိတ်ဖြင့်။ မန္ထဉ္စ၊ ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ၊ ကိုလည်းကောင်း။ ပဋိဂ္ဂဏှာတု၊ ခံတော်မူပါလော့။ ဣတိ၊ ဤသို့။ ဥပနာမေသုံ၊ ကုန်၏။ ဘဂဝါ၊ သည်။ ပစ္စဂ္ဃေ၊ အသီးအသီး အဘိုးများထိုက်သော။ ဝါ၊အသစ်သော။ သေလမယေ၊ပြီးသော။ ပတ္တေ၊ ၌။ တံမန္ထဉ္စ၊ ကိုလည်းကောင်း။တံမဓုပိဏ္ဍိကဉ္စ၊ ကိုလည်းကောင်း။ ပဋိဂ္ဂဟေသိ၊ခံတော်မူ၏။ ပဋိဂ္ဂဟေတွာ၊ခံတော်မူပြီး၍။ ပရိဘုဉ္ဇိ၊ ဘုဉ်းပေးတော်မူ၏။

**အံမှာ** နတ်မင်းကြီး လေးယောက် လှူသော သပိတ်ကို မြတ်စွာဘုရား အမြဲသုံးဆောင်တော်မူ၏။ ကလျှာ အမည်ရှိသော ဥယျာဉ်စောင့်လှူသော သရက်သီးကို ခံသောအခါ

နတ်မင်းကြီးတို့ လျှောသောသပိတ်ဖြင့် ခံတော်မူကြောင်းကို ဓမ္မပဒ အဋ္ဌကထာ၌လာ၏။ ဝါတော် နှစ်ဆယ်ကျော်တွင် ထိုသပိတ်ဖြင့် သာဝတ္ထိပြည်သို့ ဆွမ်းခံ ဝင်ကြောင်းကို သမစိတ္တသုတ် အဋ္ဌကထာ၌လာ၏။

* အထခေါ၊ ၌။ တပုဿဘလ္လိကာ၊ တပုဿဘလ္လိက အမည်ရှိကုန်သော။ ဝါဏိဇာ၊ ကုန်သည်ညီနောင်တို့သည်။ ဩနီတပတ္တ ပါဏိံ၊ သပိတ်တော်မှ ချသောလက်ရှိသော။ ဘဂဝန္တံ၊ ကို။ ဝိဒိတွာ၊ သိ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒေသု၊ ခြေတော်တို့၌။ နိပတိတွာ၊ ဝပ်၍။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ဤသို့သော စကားကို။ အဝေါစုံ၊ လျှောက်ကုန်၏။ ကိံအဝေါစုံ၊ ဟူမူကား။ (ထည့်)။ ဘန္တေ၊ အရှင်ဘုရား။ ဧတေမယံ၊ ထိုအကျွန်ုပ်တို့သည်။ ဘဂဝန္တံ၊ ဘုရားသခင်ကို။ သရဏံဂစ္ဆာမ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမ၊ ဆည်းကပ်ပါကုန်၏။ ဓမ္မဥ္စ။ တရားတော်ကိုလည်း။ သရဏံဂစ္ဆတိ၊ ဟူ၍။ ဂစ္ဆာမ၊ ကုန်၏။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ရှိကုန်သရွေ့။ နော-အမှေ၊ အကျွန်ုပ်တို့ကို။ သရဏံဂတေ၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်သော။ ဥပါသကေ၊ ဒါယကာတို့ ဟူ၍။ ဘဂဝါ၊ သည်။ ဓာရေတု၊ မှတ်တော်မူပါလော့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ တေစ၊ ထို ကုန်သည် ညီနောင် နှစ်ယောက်တို့သည်သာလျှင်။ လောကေ၊ လူ၌။ ပဌမံ၊ ရှေးဦးစွာ။ ဒွေဝါစိကာ၊ နှစ်ခွန်း ဆောက်တည်ခြင်း ရှိကုန်သော။ ဥပါသကာ၊ ဒါယကာ တို့သည်။ (တနည်းကား)-ဒွေဝါစိကာ-ဒွိဟိ ဝါစာဟိ၊ နှစ်ခွန်း ဆောက်တည်ခြင်း တို့ဖြင့်။ ဥပါသကာ၊ ဒါယကာ အဖြစ်သို့ ရောက်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

**အမှာ** ကုန်သည်ညီနောင်တို့အား ကိုးကွယ်ရန် လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကိုသုံးသပ်တော်မူ၍ ဆံတော်ဓာတ်ရှစ်ဆူ ပေးလိုက်သည်ဟု ဧကင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာ၏။ထိုနောက် မြတ်စွာဘုရားဗာရာဏသီပြည်မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောတော်မူပြီး၍ အစဉ်အားဖြင့် ရာဇဂြိုဟ်

ပြည်သို့ ရောက်သောအခါ တဘန် တပုဿဘလ္လိက ကုန်သည် ညီနောင်တို့အား တရားဟောတော်မူ၍ အစ်ကိုတပုဿ သော တာပန်တည်၊ ဥပါသကာအဖြစ်သို့ရောက်၏။ ညီဘလ္လိက ရဟန်းပြု၍ ဆဠာဘိည ရဟန္တာအဖြစ်သို့ရောက်၏။ ထေရာအဋ္ဌကထာ လာ။ ရာဇယတနသတ္တာဟ အလုံးစုံပြီးပြီ။

* ရာဇာယတနကထာ၊ရာဇာယတနသတ္တာဟကို ဆိုသော စကားသည်။ နိဋ္ဌိတာ၊ အပြီးသို့ရောက်ပြီ။

---

၇။ အထ-ပစ္ဆာ၊ထိုရာဇာယတနသတ္တာဟမှနောက်၌။သတ္တာဟဿ၊ ခုနစ်ရက်၏။ အစ္စယေန၊ ဖြင့်။ တမှာသမာဓိမှာ၊ ထိုအရဟတ္တဖိုလ်သမာဓိမှ။ ဝုဋ္ဌဟိတွာ၊၍။ ရာဇယတနမူလာ၊မှ။ ယေန၊ အကြင်အရပ်၌။ အဇပါလနိဂြောဓော၊ အဇပါလပညောင်ပင်သည်။အတ္ထိ၊၏။တေန၊သို့။ဥပသင်္ကမိ၊၏။ဥပသင်္ကမိတွာ၊၍။တတြ-တသ္မိံ အဇပါလနိဂြောဓ ရုက္ခမူလေ၊ ၌။ ဘဂဝါ၊ သည်။ နိသီဒိ၊ ၏။အထခေါ၊၌။ရဟောဂတဿ၊ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လေ၍။ ပဋိသလ္လီနဿ၊ တယောက်အထည်းထည်း ကိန်းသော။ ဘဂဝ တော၊အား။ ဧဝံ၊ဤသို့။ စေတသော၊စိတ်တော်၏။ ပရိဝိတက္ကော၊ အကြံတော်သည်။ ဥဒပါဒိ၊ ဖြစ်၏။မေ-မယာ၊သည်။ အဓိဂတော၊ ရအပ်သော။ ဝါ၊ သိအပ်သော။ အယံဓမ္မော၊ ဤသစ္စာလေးပါး တရားသည်။ ဂမ္ဘီရော၊ နက်နဲ၏။ ဒုဒ္ဒသော၊ မြင်နိုင်ခဲ၏။ ဒုရနုဗောဓော၊ သိနိုင်ခဲ၏။ သန္တော၊ ငြိမ်သက်၏။ ပဏီတော၊မြတ်၏။ အတက္ကာဝစရော၊ ကြံဆ၍သက်ဝင်နိုင်ခဲ၏။ (ကြံဆ၍မသိအပ်ဟု လည်းပေ)။ နိပုဏော၊ သိမ်မွေ့၏။ ပဏ္ဍိတဝေဒနီယော၊ ပညာရှိတို့သာသိအပ်၏။ အယံပဇာ၊ ဤ သတ္တဝါအပေါင်းသည်။ ခေါပန၊ စင်စစ်လျှင်။ အာလယရာမာ၊ ကာမဂုဏ်ငါးပါး တို့ဖြင့် မွေ့လျော်၏။ အာလယရတာ၊ကာမဂုဏ်ငါးပါးတို့၌ မွေ့လျော်၏။ အာလယသမုဒိတာ၊ ကာမဂုဏ်ငါးပါး တို့၌ အလွန်နှစ်လို၏။

ခေါပန၊ စင်စစ်လျှင်။ အာလယရာမာယ၊ ထသော။ အာလယရတာယ၊ ထသော။ အာလယသမုဒိတာယ၊ ထသော။ ပဇာယ၊ သတ္တဝါ၌။ ယဒိဒံ-ယော်အယံ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေါ၊ အကြင်သင်္ခါရအစရှိသည့်တို့၏ အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားသည်။ အတ္ထိ၊ ၏။ ဣဒံဌာနံ၊ ဤပဋိစ္စသမုပ္ပါဒ်အရာသည်။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲ၏။ သဗ္ဗသင်္ခါရသမထော၊ ခပ်သိမ်းသောသင်္ခါရတို့၏ ငြိမ်းရာဖြစ်ထသော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ ခပ်သိမ်းသောဥပဓိတို့ကို စွန့်ရာဖြစ်ထသော။ တဏှာက္ခယော၊ တဏှာ၏ကုန်ရာဖြစ်ထသော။ ဝိရာဂေါ၊တပ်ခြင်းကင်းရာဖြစ်ထသော။ နိရောဓော၊ ခပ်သိမ်းသောသင်္ခါရတို့၏ချုပ်ရာဖြစ်ထသော။ယဒိဒံ-ယံဣဒံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။အတ္ထိ၊၏။ ဣဒံပိဌာနံ၊ ဤနိဗ္ဗာန်ဟူသောအရာသည်လည်း။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲ၏။ အဟဉ္စေဝ၊ ငါသည်သာလျှင်။ ခေါပန၊ စင်စစ်သဖြင့်။ ဓမ္မံ၊ကို။ ဒေသေယျံ၊ ဟောအံ့။ ပရေစ၊ တပါးသော သတ္တဝါတို့သည်လည်း။ မေ၊၏။ ဓမ္မံ၊ ငါဟောသောတရားကို။ နအာဇာနေယျုံ၊ မသိနိုင်ကုန်ရာ။ သာဒေသနာ၊ သည်။ မမ၊အား။ ဝါ၊ ငါ၏။ ကိလမထော။ ကိုယ် ပင်ပန်းခြင်းသည် သာလျှင်။ အဿ၊ ဖြစ်ရာ၏။ သာဒေသနာ၊သည်။ မမ၊ အား။ ဝိဟေသာ၊ ကိုယ်ဆင်းရဲခြင်းသည် သာလျှင်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ဖြစ်၏။ [မြတ်စွာဘုရားမှာ စေတသိကဒုက္ခမရှိ။ ကာယိက ဒုက္ခသာ ရှိသည်]။ ဘဂဝန္တံ-ဘဂဝတော၊မြတ်စွာဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။အဿုတပုဗ္ဗာ၊ မကြားဘူးကုန်သော။ ဣမာ အနစ္ဆရိယ ဂါထာယောအပိ၊ အဘန်တလဲလဲအံ့ဘွယ်ရှိသောဤဂါထာတို့သည်လည်း။ပဋိဘံသု၊ ဉာဏ်တော်အား ထင်ကုန်၏။

မေ-မယာ၊သည်။ ကိစ္ဆေန၊ ဆင်းရဲငြိုငြင်သဖြင့်။ အဓိဂတံ၊ ရအပ်သိအပ်သောတရားကို။ဒါနိ-ဣဒါနိ၊ယခုအခါ၌။ပကာသိတုံ၊ ဟောခြင်းငှါ။ အလံ၊အကျိုးမရှိ။ (ဟကားနိပါတ်)။ ရာဂဒေါသပရေတေဟိ၊ ရာဂဒေါသတို့ဖြင့် နှိပ်စက်သော သတ္တဝါတို့သည်။

အယံဓမ္မော၊ကို။သုသမ္ဗုဓော၊မဘောက်မပြန်ကောင်းစွာ သိသည်။ နဟောတိ၊ မဖြစ်။

ပဋိသောတဂါမိံ၊ နိဗ္ဗာန်သို့ရောက်ဆေတတ်ထသော။ နိပုဏံ၊ သိမ်မွေ့ထသော။ဂမ္ဘီရံ၊ နက်နဲထသော။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲထသော။ အဏုံ၊ ပရမာအဏုမြူ အလားရှိသော တရားကို။ ရာဂရတ္တာ၊ ရာဂဖြင့်တပ်ကုန်သော သတ္တဝါတို့သည်။ တမောခန္ဓေန၊အဝိဇ္ဇာ တည်းဟူသော မောဟအစုဖြင့်။ အာဝုဋ္ဌာ၊ ဖုံးလွှမ်း ကုန်သည် ဖြစ်၍။ နဒက္ခန္တိ၊ မမြင်ကြကုန်။ ဣတိ၊ ဤသို့။ ပဋိဘံသု၊ ကုန်၏။ (ပြန်၍သတ်)။

ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတော၊ ဆင်ခြင်တော်မူသော။ ဘဂဝ တော၊ ၏။ စိတ္တံ၊ သည်။ အပ္ပေါဿုက္ကတာယ၊ တရားမဟောလို သောငှါ။ နမတိ၊ ညွတ်၏။ ဓမ္မဒေသနာယ၊ တရားဟောခြင်းငှါ။ နောနမတိ၊ မညွတ်။

၈။ အထခေါ၊ ဤ။ ဘဂဝတော၊ ၏။ စေတောပရိဝိတက္ကံ၊ စိတ်တော်အကြံကို။ စေတသာ၊ မိမိစိတ်ဖြင့်။ အညာယ၊ သိ၍။ သဟမ္ပတိဿ ဗြဟ္မုနော၊သဟမ္ပတိဗြဟ္မာမင်း၏။တေံ-ဧသောပရိ ဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ ဘော၊ အိုအချင်းတို့။ လော ကော၊ လူ့အပေါင်းသည်။နဿတိဝတ၊ပျက်စီးခဲ့စွတကား။ ဘော၊ တို့။လောကော၊သည်။ နဿတိဝတ၊ပျက်စီးခဲ့စွတကား။ ယတြဟိ နာမ-ယသ္မိံလောကေ၊ဤ။ အရဟတော၊ ပူဇော်သက္ကာရအထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ခပ်သိမ်းသောတရား တို့ကို မဘောက်မပြန် မိမိအလိုလို သိတော်မူထသော။ တထာ ဂတဿ၊ မြတ်စွာဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ အပ္ပေါဿုက္က တာယ၊တရားမဟောလိုခြင်းငှါ။ နမတိ၊ ညွတ်၏။ ဓမ္မဒေသနာယ၊ တရားဟောခြင်းငှါ။ နောနမတိ၊ မညွတ်။ ဣတိ၊ ဤသို့။ ပရိ ဝိတက္ကော၊ သည်။အဟောသိ၊၏။ အထ-ပစ္ဆာ၊ ထိုသို့ကြံပြီးသော နောင်မှ။ ဗြဟ္မာသဟံပတိ၊ သံဟံပတိဗြဟ္မာသည်။ ဗလဝါ၊အားရှိ သော။ ပုရိသော၊သည်။သမိဉ္စိတံ၊ ခွေသော။ ဗာဟံဝါ၊ လက်ရုံးကို

လည်း။ ပသာရေယျသေယျထာပိ၊ ဆန့်သကဲ့သို့ လည်းကောင်း။
ပသာရိတံ၊ ဆန့်သော။ ဗာဟံ ဝါ၊ လက်ရုံးကိုလည်း။ သမိဉ္ဇေယျ
သေယျထာပိ၊ ခွေသကဲ့သို့ လည်းကောင်း။ ဧဝမေဝ၊ ဤအတူ
သာလျှင်။မြဟ္မလောကေ၊မြဟ္မာ့ပြည်မှ။အန္တရဟိတော၊ ကွယ်ခဲ့၍။
ဘဂဝတော၊ ၏။ ပုရတော၊ရှေ့တော်၌။ ပါတုရဟောသိ၊ထင်ရှား
ဖြစ်၍။ အထခေါ၊၌။ မြဟ္မာသဟံပတိ၊ သဟံပတိမြဟ္မာသည်။
ဧကံသံ ဥတ္တရာသင်္ဂံ၊ စုလျားကို။ကေံသံ–ကေသို့ အံသေ၊ ပခုံးတဘက်၌။
ကတွာ၊တင်၍။ ဒက္ခိဏဇာဏုမဏ္ဍလံ၊ လကျာပုဆစ်အဝန်းကို။
ပထဝိယံ၊ မြေ၌။ နိဟန္တွာ၊တုပ်၍။ ယေန၊အကြင်အရပ်၌။ ဘဂဝါ၊
သည်။အတ္ထိ၊ရှိ၏။တေန၊ထိုဘုရားရှိရာသို့။အဉ္ဇလိံ၊ လက်အုပ်ကို။ပ
ဏာမေတွာ၊ညွှတ်စေ၍။ဘဂဝန္တံ၊ မြတ်စွာဘုရားကို။တံဝစနံ၊ကို။
အဝေါစ၊၏။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။
ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူစေချင်၏။ သုဂတော၊
ကောင်းသောစကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရား
သည်။ ဓမ္မံ၊ ကို။ ဒေသေတု၊ ဟောတော်မူပါလော့။ အပ္ပရဇက္ခ
ဇာတိကာ၊ ပညာမျက်စိ၌ ကိလေသာတည်းဟူသောမြူနည်းသော
သဘောရှိကုန်သော။ သတ္တာ၊သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။
ဓမ္မဿ၊ တရားတော်ကို။ အဿဝနတာ–အဿဝနတာယ၊မကြား
နာရသဖြင့်။ပရိဟာယန္တိ၊ယုတ်ကုန်၏။ဓမ္မဿ၊ကို။အညာတာရော၊
သိလွယ်သော ဝေနေယျ သတ္တဝါတို့သည်။ ဘဝိဿန္တိ၊ ရှိသည်
ဖြစ်ကုန်လတ္တံ့။ ဣတိ၊ သို့။ အဝေါစ၊၏။ မြဟ္မာသဟံပတိ၊ သဟံ
ပတိမြဟ္မာသည်။ ဣဒံဝစနံ၊ကို။ ဝတွာ၊ဆိုပြီး၍။ အထာပရံ၊ ထိုမှ
တပါးသော။ ဧတံဝစနံ၊ကို။ အဝေါစ၊၏။

ပုဗ္ဗေ၊ ရှေး၌။ မဂဓေသု၊ မဂဓရောဇ်တိုင်းတို့၌။ သမလေဟိ၊
ရာဂ အစရှိသောအညစ်အကြေးနှင့်တကွဖြစ်ကုန်သော။ ဆသတ္ထာ
ရေဟိ၊ ပုရာဏကဿပအစရှိသော ခြောက်ယောက်သော ဂိုဏ်း
ဆရာတို့သည်။ စိန္တိတော၊ ကြံဆအပ်သော။ အသုဒ္ဓေါ၊ မစင်ကြယ်
သော။ ဓမ္မော၊ မိစ္ဆာဒိဋ္ဌိတရားသည်။ ပါတုရဟောသိ၊ ထင်ရှား

ဖြစ်၏။ အမတသ်၊ အမြိုက်နိဗ္ဗာန်၏။ ဝေါ်ဒွါရံ၊ ထိုအရိယမဂ်တည်းဟူသောတံခါးကို။အဝါပုရ–ဝိဝရ၊ဖွင့်လှစ်တော်မူပါလော့။ ဝိမလေန၊ ရာဂအစရှိသော အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည်။အနုဗုဒ္ဓံ၊အဘန်တလဲလဲ သိတော်မူအပ်သော။ ဓမ္မံ၊ သစ္စာလေးပါးတရားကို။ သတ္တာ၊သတ္တဝါတို့သည်။ သုဏန္တု၊ နာပါစေကုန်လော့။

ယထာ၊ ဥပမာမည်သည်ကား။ သေလေ–သေလမယေ၊ တခဲနက် ကျောက်အတိပြီးသော။ ပဗ္ဗတမုဒ္ဓနိ၊ တောင်ထိပ်၌။ ယထာဌိတော၊ရပ်တိုင်းပင်လျှင်။ စက္ခုမာ၊မျက်စိအမြင်ရှိသော။ပုရိသော၊ ယောကျ်ားသည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဇနတံ၊ လူအပေါင်းကို။ ပဿေ၊ မြင်ရာ၏။ သုမေဓ၊ ကောင်းသော ပညာရှိသောဘုရားမြတ်။ သမန္တစက္ခု၊ ထက်ဝန်းကျင်ကို မြင်နိုင်သော သဗ္ဗညုတဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူသော။ တွံပိ၊ အရှင်ဘုရားသည်လည်း။ တထူပမံ၊ ထိုတခဲနက်သော ကျောက်အတိပြီးသော တောင်ဥပမာရှိသော။ ဓမ္မမယံ၊လောကုတ္တရာတရားဖြင့်ပြီးသော။ ပါသာဒံ၊ ပညာတည်းဟူသော ပြာသာဒ်ထက်သို့။ အာရုယှ၊ တက်တော်မူ၍။ သယံ၊မိမိသည်။ အပေတသောကော၊ စိုးရိမ်ခြင်းကင်းသည်ဖြစ်၍။ သောကာဝတိဏ္ဏံ၊စိုးရိမ်ခြင်းမှ မကျူးမြောက်နိုင်သေးသော။ဇာတိဇရာဘိဘူတံ၊ ဇာတိဇရာတရားတို့သည် နှိပ်စက်အပ်သော။ဇနတံ၊လူအပေါင်းကို။အဝေက္ခဿု၊ရှုတော်မူပါလော့။ ဝါ၊ စုံစမ်းတော်မူပါလော့။

ဝီရ၊ကြီးသောလုံ့လရှိတော်မူထသော။ ဝိဇိတသင်္ဂါမ၊အောင်ပြီးသောစစ်မြေရှိတော်မူထသော။ သတ္တဝါဟ၊ ခရီးခဲမှ ကယ်ပေတတ်သော ယာဉ်မှူးနှင့်တူတော်မူထသော။ အဏဏ၊ ကာမစ္ဆန္ဒတည်းဟူသော မြီကင်းတော်မူသော ဘုရားမြတ်။ဥဋ္ဌေဟိ၊ထတော်မူပါသော့။ လောကေ၊ သတ္တလောက၌။ ဝိစရ၊ ကြွသွားတော်မူပါလော့။ဘဂဝါ၊မြတ်စွာဘုရားသည်။ ဓမ္မံ၊တရားကို။ဒေသေတု၊ ဟောတော်မူပါလော့။ အညာတာရော၊ တရားကို သိလွယ်သော

သတ္တဝါတို့သည်။ ဘဝိဿန္တိ၊ ရှိသည်ဖြစ်ကုန်လတ္တံ့။ ဇာတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ပ။

၉။ အထခေါ၊ ဣ။ ဘဂဝါ၊ သည်။ ဗြဟ္မုနော၊ သဟံပတိ ဗြဟ္မာမင်း၏။ အဇ္ဈေသနံ၊ တောင်းပန်ခြင်းကို။ ဝိဒိတွာ၊သိတော်မူ၍။ သတ္တေသုစ၊ သတ္တဝါတို့၌လည်း။ ကာရုညတံ၊ သနားခြင်းရှိသည်၏အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ဗုဒ္ဓစက္ခုနာ၊ဗုဒ္ဓစက္ခုဖြင့်။ [ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်ကိုယူ]။ လောကံ၊ တသောင်းသော လောကဓာတ်ကို။ဝေါလောကေသိ၊ကြည့်တော်မူ၏။ ဘဂဝါ၊ သည်။ ဗုဒ္ဓစက္ခုနာ၊ ဖြင့်။ လောကံ၊ တသောင်းသော လောကဓာတ်ကို။ ဝေါလောကေန္တော၊ကြည့်တော်မူသည်ရှိသော်။ အပ္ပရဇက္ခေ၊ ပညာမျက်စိ၌ ကိလေသာ တည်းဟူသော နည်းသောမြူရှိကုန်သော။ မဟာရဇက္ခေ၊ ပညာမျက်စိ၌ ကိလေသာတည်းဟူသော များသော မြူရှိကုန်သော။ တိက္ခိန္ဒြိယေ၊ ထက်သောဣန္ဒြေရှိကုန်သော။မုဒိန္ဒြိယေ၊နုသောဣန္ဒြေရှိကုန်သော။ သွာကာရေ၊ ကောင်းသော အခြင်းအရာရှိကုန်သော။ ဒွါကာရေ၊ မကောင်းသော အခြင်းအရာရှိကုန်သော။ သုဝိညာပယေ၊ သိစေလွယ်ကုန်သော။ ဒုဝိညာပယေ၊ သိစေနိုင်ခဲကုန်သော။ သတ္တေ၊ သတ္တဝါတို့ကိုလည်းကောင်း။ ပရလောကဝဇ္ဇဘယဒဿာဝိနေ၊ တမလွန်လောကအပြစ်ကို ဘေးဟုရှုကုန်လျက်။ဝိဟရန္တေ၊နေကုန်သော။ အပ္ပေကစ္စေ၊ ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကိုလည်း ကောင်း။ပ။အဒ္ဒသ၊ မြင်တော်မူ၏။

**အမှာ** ပြလတ္တံ့သော ဥပမာစကား၌ နေယျပုဂ္ဂိုလ်,ဝိပဉ္စိတညူပုဂ္ဂိုလ်, ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်တို့၏ ဥပမာကိုသာပြ၍ ပဒပရမပုဂ္ဂိုလ်၏ဥပမာကို မပြသောကြောင့် ဒွါကာရေ, ဒုဝိညာပယေ, နှစ်ပုဒ် မရှိသင့်ဟု ဆရာမြတ်တို့ကြံတော်မူ၏။ထိုသို့ကြံသော်လည်း ဤ အဋ္ဌကထာ၌ ဒွါကာရေပုဒ်ကို ဖွင့်လျက်ရှိသောကြောင့်လည်းကောင်း ဉာဏဝိဘင်း အဋ္ဌကထာ စသည်တို့၌ ဒွါကာရေ, ဒုဝိညာပယေ နှစ်ပုဒ်လုံးကိုပင် ဖွင့်လျက်ရှိသော

ကြောင့်လည်းကောင်း ရှိမှသင့်သည်။ ရွှေဥမင်နိသျှ ဒွါကာရေ, ဒုဝိညာပယေ, နှစ်ပုဒ်ကို အနက်မရေးသည့် အရာမှာ လွယ်ပြီး ဖြစ်၍သာ မရေးသည်ဟု အမိပ္ပါယ်ယူ။ •

* သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ ဥပ္ပလိနိယံဝါ၊ ကြာညို ကြာဖြူ ကြာနီတော၌ လည်းကောင်း။ ပဒုမိနိယံဝါ၊ ကြာ ပဒုမာတော၌ လည်းကောင်း။ ပုဏ္ဍရိကိနိယံဝါ၊ ကြာတံဆိပ် တော၌လည်းကောင်း။ အပ္ပေကစ္စာနိ၊ အချို့ကုန်သော။ ဥပ္ပလာ နိဝါ၊ ကြာညို ကြာဖြူ ကြာနီ အစုံတို့သည်လည်းကောင်း။ ပဒုမာ နိဝါ၊ ကြာပဒုမာအငုံ တို့သည် လည်းကောင်း။ ပုဏ္ဍရိကာနိဝါ၊ ကြာတံဆိပ်အငုံတို့သည်လည်းကောင်း။ ဥဒကေ၊ ရေ၌။ ဇာတာနိ၊ ဖြစ်ကုန်၏။ ဥဒကေ၊ ၌။ သံဝဍ္ဎာနိ၊ ကြီးကုန်၏။ ဥဒကာ၊ ရေမှ။ အနုဂ္ဂတာနိ၊ မပေါ်မတက်ကုန်။ အန္တော၊ ရေထဲ၌။ နိမုဂ္ဂပေါသိ တာနိ၊ နစ်လျက်ကြီးကုန်၏။ (ဤကြာငုံနှင့် နေယျပုဂ္ဂိုလ်ကိုဟပ်)။ အပ္ပေကစ္စာနိ၊ ကုန်သော။ ဥပ္ပလာနိဝါ၊ တို့သည်လည်းကောင်း။ ပဒုမာနိဝါ၊ တို့သည် လည်းကောင်း။ ပုဏ္ဍရိကာနိဝါ၊ တို့သည် လည်းကောင်း။ ဥဒကေ၊ ၌။ ဇာတာနိ၊ ကုန်၏။ ဥဒကေ၊ ၌။ သံဝဍ္ဎာနိ၊ ကုန်၏။ သမောဒကံ၊ ရေမျက်နှာနှင့်ထပ်မျှ။ ဌိတာနိ၊ တည်ကုန်၏။ (ဤ ကြာငုံနှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်ကိုဟပ်)။ အပ္ပေ ကစ္စာနိ၊ကုန်သော။ ဥပ္ပလာနိဝါ၊တို့သည်လည်းကောင်း။ ပဒုမာ နိဝါ၊ တို့သည်လည်းကောင်း။ ပုဏ္ဍရိကာနိဝါ၊ တို့သည်လည်း ကောင်း။ ဥဒကေ၊ ၌။ ဇာတာနိ၊ ကုန်၏။ ဥဒကေ၊၌။ သံဝဍ္ဎာနိ၊ ကုန်၏။ ဥဒကံ၊ ကို။ အစ္စုဂ္ဂမ္မ၊ လွန်၍။ ဌိတာနိ၊ တည်ကုန်၏။ ဥဒကေန၊ဖြင့်။ အနုပလိတ္တာနိ၊မလိမ်းကျံကုန်။ [ဤကြာငုံနှင့် ဥဃ္ဃာ တိတညူပုဂ္ဂိုလ်ကိုဟပ်။ ပွင့်ခြင်းသို့ မရောက်မူ၍ ရေထဲ၌ ငါးလိပ် တို့၏အစာဖြစ်သောကြာနှင့်ပဒပရမပုဂ္ဂိုလ်ကိုဟပ်။ဤဥပမာသည် သာရတ္ထဒီပနီ၌ လာ၏]။ ဧဝမေဝ၊ ဤကြာ အတူလျှင်။ ဘဂဝါ၊ သည်။ ဗုဒ္ဓစက္ခုနာ၊ ဖြင့်။ လောကံ၊ ကို။ ဝေါလောကေန္တော၊ ကြည့်လတ်သော်။ အပ္ပရဇက္ခေ၊ ကုန်သော ။ပ။ ဒုဝိညာပယေ၊

ကုန်သော။ သတ္တေ၊ တို့ကိုလည်းကောင်း။ ပရလောကဝဇ္ဇဘယ ဒဿာဝိနော၊ ရှုကုန်လျက်။ ဝိဟရန္တေ၊ ကုန်သော။ အပ္ပေကစ္စေ၊ ကုန်သော။ သတ္တေ၊ တို့ကိုလည်းကောင်း။ အဒ္ဒသ၊မြင်တော်မူ၏။ ဒိသွာန၊ ၍။ သဟံပတိ၊အမည်ရှိသော။ ဗြဟ္မာနံ၊ကို။ ဂါထာယ၊ ဖြင့်။ ပစ္စဘာသိ၊ တဘန်မိန့်တော်မူ၏။ [ပစ္စဘာသိရှိမှ သာရတ္ထဒီပနီနှင့် ညီသည်။ အဇ္ဈဘာသိ ရှိလျှင် မညီ]။

ဗြဟ္မေ၊ဗြဟ္မာ့။ယေသတ္တာ၊တို့သည်၊ သောတဝန္တော၊တရားကို နာကုန်၏။ တေသံသတ္တာနံ၊ တို့အား။အမတဿ၊နိဗ္ဗာန်၏။ဒွါရံ၊ တံခါးသဘွယ်ဖြစ်သော အရိယမဂ်တံခါးကို။အပါရုတာ-ဝိဝဋာ၊ ငါဖွင့်ပေအံ့။ ယဗ္ဗေ၊ ခပ်သိမ်းသောသူတို့သည်။ သဒ္ဓံ၊ ယုံကြည်ခြင်းကို။ ပမုဉ္စန္တု၊ လွှတ်ကုန်လော့။ ပဂုဏံ၊ မိမိလေ့လာလျှင်းမူလည်း။ ဝိဟိံသသညီ၊ ကိုယ်ပင်ပန်းအံ့ဟု အမှတ်ရှိသည် ဖြစ်၍။ ပဏီတံ၊ သော။ ဓမ္မံ၊ကို။ မနုဇေသု-မနုဇာနံ၊ တို့အား။ နဘာသိ၊ မဟောသတည်း။ ဣတိ၊ ဤသို့။ ပစ္စဘာသိ၊ ၏။ (ပြန်၍သတ်)။

အထခေါ၊ ၌။ သံဟံပတိ၊ အမည်ရှိသော။ ဗြဟ္မာ၊ သည်။ ဘဂဝတာ၊ သည်။ ဓမ္မဒေသနာယ၊ ခြင်းငှါ။ ကတာဝကာသော၊ ခွင့်ပြုတော်မူသည်။အမှို၊၏။ ဣတိ-မနသိကတွာ၊၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ပဒက္ခိဏံ၊ လကျာရစ် လှည့်လည်သည်ကို။ ကတွာ၊၍။ တတ္ထေဝ၊ထိုရွှေတော်မှလျှင်။ အန္တရဓာယိ၊ ကွယ်ခဲ့၏။ (မိမိနေရာသို့ပြန်သည်)။

**အမှာ** သဟံပတိဗြဟ္မာကား ပဌမဈာန်ဘုံ၌ အာယုကပ်ပတ်လုံး အသက်ရှည်သော ဗြဟ္မာတည်း။ ထိုဗြဟ္မာသည် နဿတိဝတဘောလောကော၊ နဿတိဝတဘော လောကော-ဟု-မြွက်ဆိုသောအသံဖြင့် တသောင်းသောလောကဓာတ်၌ နေသော နတ်ဗြဟ္မာအပေါင်းတို့ သိ၍ ထိုနတ်ဗြဟ္မာအပေါင်းနှင့် တကွ မြတ်စွာဘုရားထံ လာပြီးလျှင် မြင်းမိုရ်တောင်လုံးမျှ ပမာဏ ရှိသော ပန်းကုံးရတနာဖြင့် ပူဇော်သက္ကာရပြု၍ တရားဟောတော်မူပါဟု လျှောက်တောင်းပန်သည်။ ထိုသို့ တောင်းပန်ရာ၌ ဝဋ်

ဆင်းရဲ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းကို အာရုံပြု၍ တောင်းပန်သော အရာဖြစ်သောကြောင့် ကရုဏာပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။ ဝိရတိပြဓာန်းသော်စိတ္တုပ္ပါဒ်ကို မယူလင့်။

* ဗြဟ္မယာစနကထာ၊ သည်။ နိဋ္ဌိတာ၊ပြီ။

---

၁၀။ အထခေါ၊၌။ ဘဂဝတော၊၏။တော်-ပရိဝိတက္ကနံ၊သည်။ အဟောသိ၊၏။ အဟံ၊ ငါသည်။ ကဿ၊ အဘယ်သူအား။ ပဌမံ၊စွာ။ ဓမ္မံ၊ကို။ ဒေသေယျံနုခေါ၊ ဟောရအံ့နည်း။ ကော၊ အဘယ်သူသည်။ ဣမံဓမ္မံ၊ကို။ အာဇာနိဿတိ၊သိလတ္တံ့နည်း။ ဣတိတော်-ပရိဝိတက္ကနံ၊သည်။အဟောသိ၊၏။အထခေါ၊ ၌။ ဘဂဝတော၊၏။ တော်-ပရိဝိတက္ကနံ၊သည်။အဟောသိ၊ ၏။ကာလာမော၊ ကာလာမ အနွယ်၌ဖြစ်သော။အယံအာဠာရော၊ဤအာဠာရရသေ့သည်။ခေါ၊ စင်စစ်။ ပဏ္ဍိတော၊ ပညာရှိသည်၏အဖြစ်နှင့်ပြည့်စုံ၏။ ဗျတ္တော၊ ထင်သောပညာနှင့်ပြည့်စုံ၏။မေဓာဝီ၊ ထိုခဏ၌ဖြစ်သောပညာနှင့် ပြည့်စုံ၏။ ဒီဃရတ္တံ၊ နေ့ညဉ့်ရှည်စွာ။ အပ္ပရဇက္ခဇာတိယော၊ ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသော သဘော ရှိ၏။ အဟံ၊ သည်။ ကာလာမဿ၊ ကာလာမအမျိုး၌ ဖြစ်သော၊ အာဠာရဿ၊အား။ ပဌမံ၊စွာ။ ဓမ္မံ၊ကို။ ယံနူန-ယဒိပနဒေသေယျံ၊ အကယ်၍ ဟောရမူကား။ သော၊ ထို အာဠာရ ရသေ့သည်။ ဣမံ ဓမ္မံ၊ဤငါဟောသောတရားကို။ ခိပ္ပမေဝ၊လျင်စွာလျှင်။အာဇာနိဿတိ၊သိလတ္တံ့သတည်း။ဣတိတော်-ပရိဝိတက္ကနံ၊သည်။အဟောသိ၊၏။အထခေါ၊ ၌။ အန္တရဟိတာ၊ မိမိကိုယ်ကိုကွယ်သော။ ဝါ ကိုယ်ထင်မပြသော။ ဒေဝတာ၊ နတ်သည်။ ဘန္တေ၊ အရှင်ဘုရား။ ကာလာမော၊ သော။ အာဠာရော၊သည်။ သတ္တာဟကာလင်္ကတော၊ သေ၍ ခုနစ်ရက်ရှိပြီ။ ဣတိ၊ဤသို့။ ဘဂဝတော၊ အား။ အာရောစေသိ၊ကြားပေ၏။ဘဂဝတောပိ၊၏လည်း။ကာလာမော၊ သော။ အာဠာရော၊သည်။ သတ္တာဟကာလင်္ကတောတိ၊ ရှိပြီဟု။ ဉာဏံ၊ သဗ္ဗညုတဉာဏ်သည်။ဥဒပါဒိ၊၏။ [ ရှေးဥမင်နိသျှ၌ဉာဏံကို

အထူးသဖြင့် စင်ကြယ်ထသော။ အတိက္ကန္တမာနုသကေန၊လူတို့၏ မျက်စိအမြင်ကို လွန်ထသော။ ဒိဗ္ဗေနစက္ခုနာ၊ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ဗာရာဏသိယံ၊ ၌။ ဣသိပတနေ၊ ပစ္စေကဗုဒ္ဓါတို့၏ ကျရာဖြစ်သော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌။ ဝိဟရန္တေ၊ နေကုန်သော။ ပဉ္စဝဂ္ဂိယေ၊ကုန်သော။ ဘိက္ခူ၊ တို့ကို။ အဒ္ဒသ၊ မြင်တော်မူ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ဥရုဝေလာယံ၊ ၌။ ယထာဘိရန္တံ၊ မွေ့လျော်တော်မူသရွေ့။ (ယထာသဒ္ဒါ အနတိက္ကမအနက်)။ ဝိဟရိတွာ၊ ၍။ ယေနမဂ္ဂေန၊ အကြင်ခရီးဖြင့်။ ဗာရာဏသိံ၊ သို့။ ဂန္တဗ္ဗော၊သွားအပ်၏။ တေန မဂ္ဂေန၊ ဖြင့်။ စာရိကံ၊ ဒေသစာရီသွားခြင်းကို။ ပက္ကာမိ၊ ကြွတော်မူ၏။

၁၁။ ဥပကော၊ ဥပကအမည်ရှိသော။ အာဇီဝကော၊ တက္ကတွန်းသည်။ [အာဇီဝကဟူသည်ကား အထက်အဘို့ လက်ကတီးကြား၌ သွင်း၍ အဝတ်ဝတ်သော သူတည်း]။ ဂယံ-ဂယာယ၊ ဂယာမြစ်၏။ အန္တရာစ၊ အကြား၌လည်းကောင်း။ ဗောဓိံ-ဗောဓိဿ၊ဗောဓိပင်၏။အန္တရာစ၊ အကြား၌လည်းကောင်း။အဒ္ဓါနမဂ္ဂပ္ပဋိပန္နံ၊အဝေးရှည်သောခရီးကိုသွားသော။ ဘဂဝန္တံ၊ ကို။ အဒ္ဒသ၊ ၏။ ဒိသွာန၊၍။ ဘဂဝန္တံ၊ကို။ ဧတံဝစနံ၊ကို။အဝေါစ၊ ၏။ အာဝုသော၊အရှင်။ တေ၊သင်၏။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ၊ ကြည်လင်ဘွယ်ရှိကုန်၏။ ဆဝိဝဏ္ဏော၊အရေ၏အဆင်းသည်။ ပရိသုဒ္ဓေါ၊စင်ကြယ်၏။ပရိယောဒါတော၊ပြိုးပြိုးပြက်ရှိ၏။အာဝုသော၊ အရှင်။တွံ၊သင်သည်။ကံ၊အဘယ်သူကို။ဥဒ္ဒိဿ၊ရည်၍။ပဗ္ဗဇိတော၊ ရဟန်းပြုသနည်း။ တေ၊ သင်၏။ သတ္ထာ၊ ဆရာကား။ ကောဝါ၊ အဘယ်သူနည်း။ ကဿဝါ၊ အဘယ်သူ၏လည်း။ ဓမ္မံ၊ တရားကို။ ရောစေသိ၊ နှစ်သက်သနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ ဘဂဝါ၊ သည်။ ဥပကံ၊ သော။ အာဇီဝကံ၊ကို။ သဗ္ဗာဘိဘူသဗ္ဗဝိဒူဟမသ္မိ။ပ။အာဟဉ္ဆံ အမတဒုန္ဒုဘိန္တိ၊ ဘိံ-ဟူ၍။ ဂါထာဟိ၊တို့ဖြင့်။ အဇ္ဈဘာသိ၊ရွတ်တော်မူ၏။

ဥပက၊ ဥပက။ အဟံ၊ ငါသည်။ သဗ္ဗာဘိဘူ၊ အလုံးစုံသော တေဘုမ္မကတရားကို လွှမ်းမိုးနှိမ်နင်း၍ တည်သည်။ အသ္မိ၊ ဖြစ်၏။ သဗ္ဗဝိဒူ၊ ခပ်သိမ်းသောတရားကိုသိသည်။ •အသ္မိ၊ဖြစ်၏။ သဗ္ဗေသု၊ ကုန်သော။ ဓမ္မေသု၊ တေဘုမ္မကတရားတို့၌။ အနုပလိတ္တော၊ ရာဂ အစရှိသော ကိလေသာတို့ဖြင့် လိမ်းကျံခြင်း မရှိ။ သဗ္ဗဇဟော၊ အလုံးစုံသော တေဘုမ္မက တရားတို့ကို စွန့်အပ်ပြီ။ တဏှက္ခယေ၊ တဏှာ၏ကုန်ရာ ဖြစ်သော နိဗ္ဗာန်၌။ ဝိမုတ္တော၊ အာရုံပြုသော အားဖြင့် ကိလေသာမှလွတ်ပြီ။ သယံ၊မိမိအလိုလို။ အဘိညာယ၊ သိ၍။ ကံ၊ အဘယ်သူကို။ ဥဒ္ဒိသေယျံ၊ဆရာဟူ၍ ညွှန်းရအံ့နည်း။

ဥပက၊ ဥပက။ မေ၊ငါဘုရားအား။ အာစရိယော၊ဆရာသည်။ နအတ္ထိ၊ မရှိ။ သဒေဝကသ္မိံ၊ နတ်နှင့်တကွသော။ လောကသ္မိံ၊ လောက၌။ မေ၊ ငါနှင့်။ သဒိသော၊ တူသော သူသည်။ နဝိဇ္ဇတိ၊ မရှိ။ မေ၊ ငါ၏။ ပဋိပုဂ္ဂလော၊ တုဘက်ဖြစ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။

အဟံဟိ–အဟံဝေါငါတယောက်သည်သာလျှင်။လောကေ၊၌။ အရဟာ၊ ရဟန္တာတည်း။ အဟံဝေါငါတယောက်သည်သာလျှင်။ အနုတ္တရော၊ အတုမရှိသောသူတည်း။ သတ္ထာ၊နတ်လူတို့၏ ဆရာ တည်း။ အဟံဧကောဝ၊ သည်သာလျှင်။ သမ္မာသမ္ဗုဒ္ဓေါ၊ခပ်သိမ်း သော တရားတို့ကို မဘောက်မပြန် မိမိအလိုလိုသိသော ဘုရား သည်။ အမှိ၊ ဖြစ်၏။ သီတိဘူတော၊ ကိလေသာတို့၏ ငြိမ်းခြင်းသို့ ရောက်သည်ဖြစ်၍။ နိဗ္ဗုတော၊ ငြိမ်းချမ်းသည်။ အသ္မိ၊ ဖြစ်၏။

ဓမ္မစက္ကံ၊ ဓမ္မစကြာ တရားကို။ ပဝတ္တေတုံ၊ ဟောခြင်းငှါ။ ကာသီနံ၊ ကာသိတိုင်း၌ နေကုန်သော သူတို့၏။ ပုရံ၊ ဗာရာဏသီ ပြည်သို့။ ဂစ္ဆာမိ၊ငါသွားအံ့။ အန္ဓိဘူတသ္မိံ၊သူကန်းသဘွယ်ဖြစ်၍ ဖြစ်သော။ လောကသ္မိံ၊ လူအပေါင်း၌။ အမတဒုန္ဒုဘိံ၊ တရား တည်းဟူသောနိဗ္ဗာန်စည်ကြီးကို။ အာဟဉ္ဆံ၊တီးအံ့ဟူ၍။ ဂစ္ဆာမိ၊ ငါသွား၏။ [ဤပုဒ်၌ စအက္ခရာနှင့် အာဟဉ္ဆိရှိသည့်အရာ များ

သည်၊စအက္ခရာမပါဘဲ* အာဟညိ ရှိမှသင့်သည်။အာရှေးရှိသော ဟနုခေတ်]။

အာဝုသော၊ အရှင်။ တွံ၊ သည်။ ယထာ၊ အကြင် အခြင်းဖြင့်။ ပဋိဇာနာတိ၊ ဘုရားဟူ၍ ဝန်ခံ၏။ တထာ၊ ထိုဝန်ခံတိုင်း။ အနန္တဇိနော၊ အဆုံးမရှိသော ဉာဏ်နှင့် ပြည့်စုံသော မာရ်ငါးပါးကို အောင်သော ဘုရားသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အရဟသိ၊ ထိုက်အံ့လော့။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

ဥပက၊ဥပက။ မာဒိသာ၊ငါနှင့်တူကုန်သော။ ယေဇုဒ္ဓါ၊အကြင် ဘုရားတို့သည်။ အာသဝက္ခယံ၊ အာသဝေါတရား၏ကုန်ခြင်းသို့။ ပတ္တာ၊ ရောက်ကုန်၏။ တေဇုဒ္ဓါ၊ တို့သည်။ ဝေ၊ စင်စစ်။ ဇိနာ၊ ဇိနမည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ မေ၊ ငါသည်။ ပါပကာ၊ ယုတ်မာကုန်သော။ ဓမ္မာ၊အကုသိုလ်တရားတို့ကို။ယသ္မာ၊ကြောင့်။ ဇိတာ၊အောင်အပ်ကုန်ပြီ။ တသ္မာ၊ကြောင့်။ ဥပက၊ဥပက။ အဟံ၊ ငါကား။ ဇိနော၊ ဇိနမည်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ ဥပကော၊ ဥပက အမည်ရှိသော။ အာဇီဝကော၊ တက္ကတွန်းသည်။ ဟုပေယျ၊ ဇိနဟူသော အမည်သည် ဖြစ်ပေရာ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သီသံ၊ ဦးခေါင်းကို။ ဩကမ္ပေတွာ၊ လှုပ်၍။ ဥမ္မဂ္ဂံ၊ ခရီးလွဲ၍။ပက္ကာမိ၊၏။

**အမှာ** ဝင်္ကဟာရဇနပုဒ်သို့ သွားသည်။ ဝါဆိုလပြည့်နေ့ မြတ်စွာဘုရား ဗောဓိမဏ္ဍိုင်မှ တဆဲ့ရှစ်ယူဇနာ ကွာသော ဗာရာဏသီပြည် မိဂဒါဝုန် တောသို့ နေ့ခြင်းရောက်ခြေကြောင်းခရီးဖြင့်ကြွတော်မူ၍ ခရီးအကြား၌ ဥပကတက္ကတွန်းနှင့် တွေ့သတည်း။ဥပကသည် ဘုရားနှင့်တွေ့ပြီးနောက် ဝင်္ကဟာရဇနပုဒ်သို့ရောက်၍ ထိုဇနပုဒ်၌ မုဆိုးချီးမြှင့်၍ ချမ်းသာစွာ နေရလျက် စိတ်ဘောက်ပြန်၍ လူထွက်ပြီးလျှင် မုဆိုးသမီး ဆာဝါနှင့် အိမ်ထောင်ဘက်ပြု၍ သုဘ အမည်ရှိသော သားတယောက် ရမှ ရဟန်းပြု၍ အနာဂါမ်အဖြစ်သို့ ရောက်သည်။ သေသည် အခြား

* နိဿယဆရာတော်ကား ပဉ္စမသံဂါယနာမူသို့လိုက်သည်။မော်ဂ္ဂလာန်၌ အာဟုံ-ရှိ၏။

မဲ့၌ အဝိဟာဘုံသို့ရောက်၍ ရဟန္တာဖြစ်သည်ဟု သာရတ္ထဒီပနီ၌
လာသည်။

၁။ အထခေါ၊ ၌။ ဘဂဝါ၊သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။
စာရိကံ၊ ဒေသစာရီသွားခြင်းကို။ စရမာနော၊ ကြွတော်မူလတ်
သော်။ ယေန၊ အကြင်အရပ်၌။ ဗာရာဏသီ၊ သည်။ အတ္ထိ၊ ၏။
ဣသိပတန မိဂဒါယော၊ ပစ္စေကဗုဒ္ဓါတို့၏ ကျရာဖြစ်သော မိဂဒါ
ဝုန်တောသည်။ အတ္ထိ၊ ၏။ ယေန၊ အကြင်အရပ်၌။ ပဉ္စဝဂ္ဂိယာ၊
ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝသန္တိ၊ နေကုန်၏။ တေန၊ ထိုပဉ္စ
ဝဂ္ဂီရှိရာသို့။ ဥပသင်္ကမိ၊၏။ ပဉ္စဝဂ္ဂိယာ၊ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။
ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဒူရတော၀၊ အဝေးမှလျှင်။ အာ
ဂစ္ဆန္တံ၊ လာတော်မူသည်ကို။ အဒ္ဒသံသု၊မြင်လေကုန်၏။ ဒိသွာန၊
မြင်ကုန်၍။ အညမညံ၊ အချင်းချင်း။ သဏ္ဌာပေတုံ၊ ကတိကဝတ်
ပြုလင့်ကုန်၏။ အာဝုသော၊ ချစ်ရှင်တို့။ အယံ သမဏော ဂေါတ
မော၊ ဤရဟန်းဂေါတမသည်။ အာဂစ္ဆတိ၊လာလတ်၏။ ဗာဟုလ္လိ
ကော၊ သင်္ကန်းစသော ပစ္စည်းတို့၏ များခြင်းငှါ ကျင့်၏။ပဓာန
ဝိဗ္ဘန္တော၊ ကမ္မဋ္ဌာန်းတရားမှ ထွက်၏။ (ဒုက္ကရစရိယာ အကျင့်မှ
ထွက်၏ ဟုလည်း ပေး)။ ဗာဟုလ္လာယ၊ သင်္ကန်းစသည်တို့၏
များသော အဖြစ်ငှါ။ အာဝတ္တော၊ လည်၏။ (ကျင့်၏ ဟုလည်း
ပေး)။ သော သမဏော ဂေါတမော၊ ထိုရဟန်း ဂေါတမကို။
နေဝအဘိဝါဒေတဗ္ဗော၊ ရှိမခိုးအပ်။ နပစ္စုဋ္ဌာတဗ္ဗော၊ ခရီးဦး
မကြိုဆိုအပ်။ အဿ သမဏဿ ဂေါတမဿ၊ ထိုရဟန်း
ဂေါတမ၏။ပတ္တစီဝရံ၊ ကို။နပဋိဂ္ဂဟေတဗ္ဗံ၊မလှမ်းမယူအပ်။အပိစ၊
စင်စစ်ကား။ အာသနံ၊ နေရာကို။ ထပေတဗ္ဗံ၊ ထားလင့်အပ်၏။
သောသမဏော ဂေါတမော၊ သည်။ သစေ အာကင်္ခိဿတိ၊
အကယ်၍ အလိုရှိတော်မူသည်ဖြစ်အံ့။ နိသီဒိဿတိ၊ နေလတ္တံ့။
ဣတိ၊ ဤသို့။ သဏ္ဌာပေသုံ၊ကတိကဝတ်ပြုကုန်၏။ ယထာယထာ-
ယေန ယေနပကာရေန၊ အကြင်ကြင်သို့သော အခြင်းအရာဖြင့်။
ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဥပသင်္က

မတိ၊၏။ တထာတထာ-တေနတေနပကာရေန၊ ဖြင့်။ပဥ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သကာယကတိကာယ၊ မိမိတို့၏ ကတိကဝတ်ဖြင့်။ အသဏ္ဌဟန္တာ၊ မတည်နိုင်ကုန်သည် ဖြစ်၍။ ဘဂဝန္တံ၊ကို။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆိုကုန်၍။ ဧကော၊တယောက် ကား။ ဘဂဝတော၊၏။ပတ္တစီဝရံ၊ ကို။ ပဋိဂ္ဂဟေသိ၊ လှမ်းလင့်၏။ ဧကော၊ကား။ အာသနံ၊ကို။ပညပေသိ၊ ခင်း၏။ ဧကော၊ ကား။ ပါဒေါဒကံ၊ခြေဆေးရေကို။ ပါဒပီဌံ၊ ခြေဆေးပြီးနင်းစရာ အင်ပျဉ် ကို။ပါဒကထလိကံ၊ ခြေပွတ်အိုးခြမ်းကို။ ဥပနိက္ခိပိ၊အနီး၌ထား၏။ ဘဂဝါ၊သည်။ ပညတ္တေ၊ ခင်းအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ နေတော်မူ၏။ နိသဇ္ဇ၊ နေတော်မူပြီး၍။ ဘဂဝါ၊ သည်။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလေသိ၊ ဆေးတော်မူ၏။ ဘဂဝန္တံ၊ ကို။ နာမေနစ၊အပိ၊ ဂေါတမဟူသောအမည်ဖြင့်လည်းကောင်း။ အာဝုသော ဝါဒေနစ၊အပိ၊ အာဝုသော ဟူသော ခေါ်ခြင်းဖြင့် လည်းကောင်း။သမုဒါစရန္တိ၊ ပြောဆိုကုန်၏။ ဧဝံ၊ဤသို့။ ဝုတ္တေ၊ဆိုလတ် သော်။ ဘဂဝါ၊သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဧတံ၊ဝစနံ၊ကို။အဝေါစ၊၏။ဘိက္ခဝေ၊တို့။တထာဂတံ၊ရှေးဘုရားတို့ ကဲ့သို့လာခြင်းကောင်းသော ငါဘုရားကို။ နာမေနစ၊ ဖြင့်လည်း ကောင်း။ အာဝုသော ဝါဒေနစ၊ ဖြင့်လည်းကောင်း။ မာသမုဒါ စရထ၊ မပြောမဆိုကုန်လင့်။ ဘိက္ခဝေ၊တို့။ တထာဂတော၊ ငါဘုရားကား။ အရဟံ၊ ရဟန္တာတည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ခပ်သိမ်း သော တရားတို့ကို မဘောက်မပြန်မိမိအလိုလိုသိတော်မူပြီးသော ဘုရားတည်း။ ဘိက္ခဝေ၊တို့။ သောတံ သြဒဟထ၊နားထောင်ကုန် လော့။ အမတံ၊ နိဗ္ဗာန်တရားကို။ အဓိဂတံ၊ ငါရပြီ။ အဟံ၊သည်။ အနုသာသာမိ၊ ဆုံးမအံ့။အဟံ၊သည်။ဓမ္မံ၊ ကို။ ဒေသေမိ၊ ဟောအံ့။ ယထာနုသိဋ္ဌံ၊ ဆုံးမတိုင်း။ တထာ၊ ထိုဆုံးမသော အလျောက်။ ပဋိပဇ္ဇမာနာ၊ကျင့်သောသူတို့သည်။နစိရဿေဝ၊မကြာမြင့်မီလျှင်။ ယဿအရဟတ္တဖလဿ၊ အကြင်အရဟတ္တဖိုလ်၏။အတ္ထာယ၊အကျိုး ငှါ။ ကုလပုတ္တာ၊ အမျိုးသားတို့သည်။ သမ္မဒေဝ၊ကောင်းစွာလျှင်။

အဂါရသ္မာ၊ လူ၏ဘောင်မှ။အနဂါရိယံ၊ရဟန်းဘောင်၌။ပဗ္ဗဇန္တိ၊ ရဟန်းပြုကုန်၏။ အနုတ္တရံ၊ အတုမရှိသော။ ဗြဟ္မစရိယ ပရိယောသာနံ၊ အရဟတ္တမဂ်၏ အဆုံး၌ဖြစ်သော။ တံအရဟတ္တဖလံ၊ ကို။ ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်သော ကိုယ်၏အဖြစ်၌။သယံအဘိညာယ၊ မိမိ၏ဉာဏ်ဖြင့်။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိဿထ၊ နေကြကုန်လော့။ ဣတိ၊ သို့။ အဝေါစ။၏။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုတော်မူလတ်သော်။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊တို့သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ကို။ အဝေါစုံ၊ ကုန်၏။ အာဝုသောဂေါတမ၊ အရှင်ဂေါတမ။ တာယဣရိယာယပိ၊ ထိုပြုခဲ့ဖူးသော ဣရိယာပုထ်ကို ပြုသဖြင့် လည်းကောင်း။ တာယပဋိပဒါယပိ၊ ထိုပြုခဲ့ဖူးသောအကျင့်ကို ကျင့်သဖြင့် လည်းကောင်း။ တာယဒုက္ကရကာရိကာယ၊ ထိုသို့ပြုခဲ့ဖူးသော တလက်ဖက်မျှသော အာဟာရကို ဘုဉ်းပေး၍သာ ကျင့်သဖြင့်လည်းကောင်း။ မနုဿဓမ္မာ၊ လူတို့၏ကုသိုလ်ကမ္မပထတရားထက်။ ဉတ္တရိ၊ လွန်သော။ အလမရိယဉာဏဒဿနဝိသေသံ၊ မြတ်သောအရိယာ၏ အဖြစ်ကို စွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်အမြင် အထူးကို။ နေဝအဇ္ဈဂါ၊ မရတုံခဲ့။တေရဟိ၊ယခုအခါ၌။ဗာဟုလ္လိကော၊သက်နိုးစသည်တို့၏ များခြင်းငှါ ကျင့်၏။ ပဓာနဝိဗ္ဘန္တော၊ ဒုက္ကရစရိယာ အကျင့်မှ ထွက်၏။ ဗာဟုလ္လာယ၊ ပစ္စည်းတို့၏များခြင်းငှါ။ အာဝတ္တော၊ လည်၏။ မနုဿဓမ္မာ၊ ထက်။ ဉတ္တရိ၊ သော။ အလမရိယဉာဏ ဒဿနဝိသေသံ၊ကို။ တွံ၊သည်။ ကိံ ပနအဓိဂမိဿသိ၊ အဘယ်မှာ ရလတ္တံ့နည်း။ ဧဝံ၊သို့။ ဝုတ္တေ၊သော်။ ဘဂဝါ၊သည်။ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊တို့ကို။ ဧတံဝစနံ၊ကို။ အဝေါစ၊၏။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ သည်။ နဗာဟုလ္လိကော၊ သက်နိုးစသည် တို့၏များခြင်းငှါမကျင့်။ နပဓာနဝိဗ္ဘန္တော၊ ဒုက္ကရစရိယာအကျင့်မှ မထွက်။ ဗာဟုလ္လာယ၊ သက်နိုးစသည်တို့၏များခြင်းငှါ။ နအာဝတ္တော၊ မလည်။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ ကား။ အရဟံ၊ တည်း။ပ။ဥပသမ္ပဇ္ဇ၊၍။ဝိဟရိဿထ၊ နေကြကုန်လော့။ ဣတိ၊ဤသို့။ -

အဝေါစ၊၏။ဒုတိယမ္ပိခေါ၊လည်း။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ပ။ တတိယမ္ပိခေါ၊ လည်း။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ အာဝုသော ဂေါတမ၊ အရှင်ဂေါတမ။ တွံ၊သင်သည်။ တာယ ဣရိယာယပိ၊ ဖြင့်၎င်း။ပ။ အလမရိယဉာဏဒဿနံ၊ ကို။ တွံ၊ သည်။ ကိံပနအဓိ ဂမိဿသိ၊ နည့်း။ ဧဝံ၊သို့။ ဝုတ္တေ၊ လတ်သော်။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ဘိက္ခူ၊တို့ကို။ ဧတံဝစနံ၊ ကို။အဝေါစ၊၏။ ဘိက္ခဝေ၊ တို့။ ဣတော၊ ဤယခုမှ။ ပုဗ္ဗေ၊ ရှေးဒုက္ကရစရိယာ ကျင့် သော အခါ၌။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဧတံဝစနံ၊ဤကဲ့သို့ သောစကားကို။ ဘာသိတံ၊ ဆိုဘူးသည်ကို။ အဘိဇာနာထနော- အဘိဇာနာထနု၊ သင်တို့သိကုန်သလော။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံဝစနံ၊ ထိုသို့ဆိုဘူးသည် ကို။ နောအဘိဇာနာမ၊ မသိပါကုန်။ဣတိ၊ သို့။ အဝေါစုံ၊ လျှောက် ကြကုန်၏။ ဘိက္ခဝေ၊တို့။ တထာဂတော၊ သည်။ အရဟံ၊ရဟန္တာ တည်း။ပ။ ဥပသမ္ပဇ္ဇ၊၍။ ဝိဟရိဿထ၊ ကုန်လော့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘဂဝါ၊သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ သညာပေတုံ၊ ဘုရားအဖြစ်ကို သိစိမ့် သော၄ါ။ အသက္ခိ၊ တတ်နိုင်ပြီ။အထခေါ၊၌။ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ဘုရားစကားတော်ကို။ ပုန၊ တဖန်။ သုဿူ သိံသု၊ နာကုန်၏။ သောတံ ဩဒဟိံသု၊ နားထောင်ကုန်၏။ အညာ-အညာယ၊ အရဟတ္တဖိုလ်ကို ဖြစ်စိမ့်သော၄ါ။ စိတ္တံ၊ ကို။ ဥပဋ္ဌပေသုံ၊ ဖြစ်စေကုန်၏။

၁၃။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ ခေါ်တော်မူ၏။ ဘိက္ခဝေ၊တို့။ ပဗ္ဗဇိ တေန၊ ရဟန်းဖြစ်သောသူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ အန္တာ-ကောဋ္ဌာသာ၊ ဤတရားအစုတို့ကို။နသေဝိတဗ္ဗာ၊မမှီဝဲအပ် ကုန်။ (အန္တသဒ္ဒါ ဘာဂအနက်ဟော)၊ ဒွေ၊ နှစ်ပါးသောအစု

ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဟီနော၊ ယုတ်သော။ ဂမ္မော၊ ရွာ၌နေသောသူတို့၏ အကျင့်ဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇ္ဇန်တို့၏ အလေ့ဖြစ်သော။ အနရိယော၊ အရိယာသူတော်ကောင်း တို့၏ အကျင့်မဟုတ်သော။ အနတ္ထသံဟိတော၊ ပစ္စုပ္ပန်သံသရာအကျိုးစီးပွါး မရှိဟု မှတ်အပ်သော။ ကာမေသု၊ ဝတ္ထုကာမဂုဏ်ငါးပါးတို့၌၊ယောစာယံ-ယောစအယံ ကာမသုခလ္လိကာ နုယောဂေါ၊ အကြင် ကာမဂုဏ်ချမ်းသာ၌ ငြိသဖြင့် တဘန်တလဲလဲ ယှဉ်ခြင်းလည်းကောင်း။ ဒုက္ခော၊ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်သော။ အနရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ အကျင့်ဖြစ်သော။ အနတ္ထသံဟိတော၊ ပစ္စုပ္ပန်သံသရာ အကျိုးစီးပွါးမရှိဟု မှတ်အပ်သော။ ယောစာယံ-ယောစအယံ အတ္တကိလမထာနုယောဂေါ၊ အကြင် မိမိကိုယ်၏ ပင်ပန်းခြင်းနှင့် ယှဉ်ခြင်းလည်းကောင်း။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။

**အမှာ** ဣမေဒွေ ကား ပါဌ်သေသ။ ဝတ္ထုကာမဂုဏ်တို့၌ ကိလေသာကာမနှင့်ယှဉ်လျက် ချမ်းသာကို ခံစားခြင်းသည်ကား ကာမသုခလ္လိကာ နုယောဂတည်း။ ဆူးငြောင့်အစ ရှိသည်ကို မှီ၍အိပ်ခြင်းအစရှိသည်ဖြင့် ကိုယ်စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်သော တိတ္ထိတို့၏ အကျင့်သည်ကား အတ္တကိလမထာနုယောဂတည်း။

* ဘိက္ခဝေ၊ တို့။ ဧတေခေါ့ဥဘောအန္တေ၊ ဤ နှစ်ပါးသော တရားစုတို့ကို။ အနုပဂ္ဂမ္မ၊မကပ်မူ၍။ တထာဂတေန၊ သင်တို့ဆရာ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ အထူးသဖြင့်သိတော်မူအပ်သော။ စက္ခုကရဏီ၊သစ္စာလေးပါးကိုမြင်သောပညာမျက်စိကိုပြုပြင်တတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိသောဉာဏ်အမြင်ကို ပြုပြင်တတ်သော။ မဇ္ဈိမာပဋိပဒါ၊ မဇ္ဈိမပဋိပဒ် အကျင့်မြတ်သည်။ ဥပသမာယ၊ ကိလေသာတို့၏ ငြိမ်းခြင်းငှါ။ (သဉပါဒိသေသ နိဗ္ဗာန်ကိုယူ)။ အဘိညာယ၊ သစ္စာလေးပါးတရားတို့ကို အထူး

သဖြင့် သိခြင်း၄ါ။ သမ္မောဓာယ၊ သစ္စာလေးပါးတရား တို့ကို ကောင်းစွာသိခြင်း၄ါ။နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၄ါ။ ဝါ၊ အနုပါဒိသေသ ·ပရိနိဗ္ဗာန်အကျိုး၄ါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ တထာဂတေန၊ သည်။ အဘိသမ္ဗုဒ္ဓါ၊ သော ။ပ။ ဉာဏကရဏီ၊ သော။ယာမဇ္ဈိမာပဋိပဒါ၊သည်။ဥပသမာယ၊၄ါ။ပ။ နိဗ္ဗာနာယ၊၄ါ။ သံဝတ္တတိ၊ ၏။ သာ မဇ္ဈိမာ ပဋိပဒါ၊ ထိုမဇ္ဈိမ ပဋိပဒ် အကျင့်မြတ်သည်။ကတမာစ၊အဘယ်နည်း ဟူမူကား။အရိယော၊မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအင်္ဂါ ရှိသော။အယမေဝမဂ္ဂေါ၊ ဤမဂ်လျှင်တည်း။ ဇာဒံ၊ ဤမဂ္ဂင်ရှစ်ပါးတရားဟူသည်။ သေယျထာကတမံ၊အဘယ်နည်းဟူမူကား။ သမ္မာဒိဋ္ဌိ၊ကောင်းစွာ မြင်ခြင်းလည်းကောင်း။သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်းလည်း ကောင်း။ သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်းလည်းကောင်း။ သမ္မာ ကမ္မန္တော၊ ကောင်းစွာပြုခြင်းလည်းကောင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်းလည်းကောင်း။ သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်းလည်းကောင်း။သမ္မာသတိ၊ကောင်းစွာ အောက်မေ့ခြင်းလည်းကောင်း။ သမ္မာသမာဓိ၊ ကောင်းစွာ တည် ကြည်ခြင်း လည်းကောင်း။ ဇာတိဇာမေ၊ ဤသည်တို့တည်း။ [ဇာတိ ဇာမေကား ပါဌသေသ။ မဂ္ဂင်ရှစ်ပါးမှာ ပါဠိစေ့ရုံမျှသာအနက် သမ္ဗန်သည်။ အနက်အဓိပ္ပါယ် အလွန်သိမ်မွေ့ နက်နဲ ခဲယဉ်း၏]။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊သင်တို့ဆရာငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊သော။ပ။ဉာဏကရဏီ၊သော။ အယံခေါသာမဇ္ဈိမာ ပဋိပဒါ၊ ဤ မဂ္ဂင်ရှစ်ပါးတည်းဟူသော မဇ္ဈိမပဋိပဒ် အကျင့်မြတ် သည်။ ဥပသမာယ၊ ၄ါ။ပ။နိဗ္ဗာနာယ၊ ၄ါ။ သံဝတ္တတိ၊ ၏။ [ကာမသုခလ္လိကာ နုယောဂ,အတ္တကိလမထာနုယောဂ နှစ်ပါး တို့၏ အလယ်၌ ဖြစ်သောကြောင့် အရိယမဂ္ဂင်ရှစ်ပါးသည် မဇ္ဈိမ ပဋိပဒါမည်၏]။

၁၄။ ဘိက္ခဝေ၊ တို့။ ဇာတိပိ၊ ပဋိသန္ဓေ နေခြင်းသည်လည်း။ ဒုက္ခာ၊ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ဇရာပိ၊အိုခြင်းသည်လည်း။

ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဗျာဓိပိ၊ နာခြင်းသည် လည်း။ ဒုက္ခော၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ မရဏံပိ၊ သေခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ အပ္ပိယေဟိ၊ မချစ်မနှစ်လိုအပ်သောသူတို့နှင့်။ သမ္ပယောဂေါ၊ အတူ တကွ နေရခြင်းသည်။ ဒုက္ခော၊ဆင်းရဲ၏။ ပိယေဟိ၊ချစ်အပ်သော သူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်။ ဒုက္ခော၊ ၏။ ယံပိစ္ဆံ၊ အကြင်ပဋိသန္ဓေ နေခြင်းစသည် မဖြစ်ပါမူကား ကောင်း လေစွ စသည်ဖြင့် တောင့်တခြင်းကို။ နလဗ္ဘတိ၊ မရအပ်။ တံပိ၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါ ဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ကုန်၏။ ဣဒံခေါပနဓမ္မဇာတံ၊ ဤဇာတိအစရှိသောတရားသည်။ ဒုက္ခံ၊ဒုက္ခ ဖြစ်သော။ အရိယသစ္စံ၊အရိယသစ္စာမည်၏။ ဝါ၊အရိယာတို့သည် သိအပ်သောသစ္စာမည်၏။

**အမှာ** ဇာတိအရမှာ ဂဗ္ဘသေယျက ပဋိသန္ဓေဖြစ်အံ့၊ ပဋိ သန္ဓေမှ စ၍ အမိဝမ်းမှ ဘွားသည် တိုင်အောင် ဇာတိယူ၊ သံသေဒဇ, ဥပပတ် ပဋိသန္ဓေဖြစ်အံ့၊ ပဋိသန္ဓေဥပါဒ်၌ သာ ဇာတိယူ၊ဇရာအရမှာ ရုပ်နာမ်တို့၏ ဌီခဏကိုလည်းကောင်း သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အစရှိသော ရူပကာယ၏ ဘောက်ပြန်ခြင်းကိုလည်းကောင်း ဇရာယူ၊မရဏအရမှာ ရုပ်နာမ် တို့၏ ဘင်ခဏကိုလည်းကောင်း တခုသောဘဝ၌ အကျုံးဝင် သော ဇီဝိတိန္ဒြေ၏ အစဉ်ပြတ်ခြင်းကို လည်းကောင်း မရဏယူ၊ ဒုက္ခသစ္စာသရုပ်။

* ဘိက္ခဝေ၊ တို့။ ယာယံတဏှာ၊အကြင်လောဘသည်။ ပေါ နောဗ္ဘဝိကာ၊ တဘန်ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒီရာဂသဟ ဂတာ၊ နှစ်သက်ခြင်း တပ်ခြင်းနှင့်တကွဖြစ်၏။ တတြတတြ၊ ထိုထို ကိုယ်အဖြစ် ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ လွန်စွာ နှစ်သက်တတ်၏။ ဣဒံ-သောတဏှာ၊ဤတဏှာသည်။သေယျထဠ-ကတမာ၊အဘယ်

နည်းဟူမူကား။ ကာမတဏှာ၊ ကာမဂုဏ်ငါးပါးတို့၌ တပ်ခါမျှ ဖြစ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်း။ ဣတိ-ဣမေ၊ ဤသည်တို့ တည်း။ (ဣတိဣမေကား ပါဌသေသ)။ဣဒံခေါပနဓမ္မဇာတံ၊ ဤ တဏှာဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ (သမုဒယ သစ္စာသရုပ်)။ ဘိက္ခဝေ၊တို့။တဿာယေဝတဏှာယ၊ထိုလောဘ ၏သာလျှင်။ယော အသေသ ဝိရာဂနိရောဓော၊အကြွင်း အရဟတ္တ မဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းသည်လည်းကောင်း။ ယောစာဂေါ၊ အကြွင်စွန့်ခြင်းသည်လည်းကောင်း။ ယောပဋိနိဿဂ္ဂေါ၊ အကြွင် တဘန်စွန့်ခြင်းသည်လည်းကောင်း။ ယာမုတ္တိ၊ အကြွင် လွတ်ခြင်း သည်လည်းကောင်း။ ယောအနာလယော၊ အကြွင် မကပ်ငြိခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣဒံခေါပနဓမ္မဇာတံ၊ဤနိဗ္ဗာန် ဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ (နိရောဓသစ္စာ သရုပ်)။ ဘိက္ခဝေ၊ တို့။ အရိယော၊မြတ်သော။ အယမေဝမဂ္ဂေါ၊ ဤမဂ်သည်သာလျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။ ဣဒံ၊ ဤ မဂ္ဂင်ရှစ်ပါးတရားဟူသည်။ သေယျထာ-ကတမံ၊ အဘယ်နည်း ဟူမူကား။ သမ္မာဒိဋ္ဌိ၊ လည်းကောင်း ။ပ။ သမ္မာသမာဓိ၊ လည်း ကောင်း။ ဣတိဣမေ၊ ဤသည်တို့တည်း။ (ဣတိဣမေကား ပါဌ သေသ)။ ဣဒံခေါပနဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး သဘောတရား သည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော။အရိယသစ္စံ၊အရိယသစ္စာမည်၏။ (မဂ္ဂသစ္စာသရုပ်)။

၁၅။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤတေဘူမကတရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ရှေးအဘို့၌။ အနနုဿုတေသု၊မကြားဘူးကုန်

သော။ ဓမ္မေသု၊ ဒုက္ခသစ္စာတရားတို့၌။ မေ၊ ငါဘုရား၏။ စက္ခုံ၊ ဒုက္ခသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ထင်ရှား ဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ၏။ ပညာ၊ ဇာတိဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ၏။ [စက္ခုံစသော ငါးပုဒ်သည် ဉာဏ်၏ ဝေဝုစ်ပရိယာယ်။ ဤဝါကျဖြင့် ဒုက္ခသစ္စာ၌ သစ္စဉာဏ်ကို ပြသည်]။ ဘိက္ခဝေ၊ တို့။ ခေါပန၊ စင်စစ်အားဖြင့်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ တံဣဒံအရိယသစ္စံ၊ ထိုအရိယသစ္စာကို။ မေမယာ၊ ငါဘုရားသည်။ ပရိညေယျံ၊ ထက်ဝန်းကျင်ပိုင်းခြား၍သိအပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊၏။ပ။ အာလောကော၊ သည်။ဥဒပါဒိ၊၏။ [ဤဝါကျဖြင့် ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်ကို ပြသည်]။ ဘိက္ခဝေ၊တို့။ ဒုက္ခံ၊ သော။ တံဣဒံအရိယသစ္စံ၊ကို။ မေမယာ၊သည်။ ပရိညာတံ၊ ထက်ဝန်းကျင်ပိုင်းခြား၍သိအပ်ပြီ။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊၏။ [ ဤဝါကျဖြင့် ဒုက္ခသစ္စာ၌ ကတဉာဏ်ကို ပြသည်]။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤ တဏှာဟူသော လောဘသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ သို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ ဒုက္ခသစ္စာ၏ အကြောင်းတရားတို့၌။ မေ၊ ငါဘုရား၏။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊၏။ [ဤဝါကျဖြင့် သမုဒယသစ္စာ၌ သစ္စဉာဏ်ကိုပြသည်]။ ဘိက္ခဝေ၊ တို့။ ခေါပန၊ အားဖြင့်။ ဒုက္ခသမုဒယံ၊ သော။ တံဣဒံအရိယံသစ္စံ၊ ကို။မေ-မယာ၊ ငါဘုရားသည်။ ပဟာတဗ္ဗံ၊မဂ်ဉာဏ်တို့ဖြင့် ပယ်အပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊

ကုန်သော။ ဓမ္မသုတ္တိုဝ်၌။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာလော
ကော၊ သည်။ ဥဒပါဒိ၊၏။ [ဤဝါကျဖြင့် သမုဒယသစ္စာ၌ ကိစ္စ
ဉာဏ်ကိုပြသည်]။ ဘိက္ခဝေ၊တို့။ ခေါပန၊ စင်စစ်သဖြင့်။ ဒုက္ခသမု
ဒယံ၊ သော။ တံဇာဒံအရိယသစ္စံ၊ကို။ မေမယာ၊ သည်။ ပဟာတဗ္ဗံ၊
မဂ်ဉာဏ်တို့ဖြင့် ပယ်အပ်၏။ဘိက္ခဝေ၊တို့။ မေမယာ၊ သည်။ပဟီနံ၊
မဂ်ဉာဏ်တို့ဖြင့်ပယ်အပ်ပြီ။ဇာတိ၊ ဤသို့။ ပုဗ္ဗေ၊၌။ အနနုဿုတေသု၊
ကုန်သော။ ဓမ္မေသု၊တို့၌။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာလော
ကော၊ သည်။ ဥဒပါဒိ၊ ၏။ [ ဤဝါကျဖြင့် သမုဒယသစ္စာ၌
ကတဉာဏ်ကိုပြသည်]။ ဘိက္ခဝေ၊ တို့။ ဇာဒံ၊ ဤနိဗ္ဗာန်သည်။ဒုက္ခ
နိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ မည်၏။ ဇာတိ၊ သို့။
ပုဗ္ဗေ၊၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ နိရောဓသစ္စာ
တရားတို့၌။ မေ၊ ငါဘုရား၏။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာ
လောကော၊ သည်။ ဥဒပါဒိ၊၏။ [ဤဝါကျဖြင့် နိရောဓသစ္စာ၌
သစ္စဉာဏ်ကို ပြသည်]။ ဘိက္ခဝေ၊တို့။ ခေါပန၊ အားဖြင့်။ ဒုက္ခ
နိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ တံဇာဒံအရိယသစ္စံ၊ကို။မေမယာ၊
သည်။ သစ္ဆိကာတဗ္ဗံ၊ မဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ်၏။ ဇာတိ၊
ဤသို့။ပုဗ္ဗေ၊၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။စက္ခုံ၊
သည်။ ဥဒပါဒိ၊ ၏။ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊၏။
(နိရောဓသစ္စာ၌ ကိစ္စဉာဏ်)။ ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓံ၊သော။
တံဇာဒံအရိယသစ္စံ။ကို။မေ-မယာ၊သည်။သစ္ဆိကတံ၊မဂ်ဉာဏ်တို့ဖြင့်
မျက်မှောက် ပြုအပ်ပြီ။ ဇာတိ၊ ဤသို့။ ပုဗ္ဗေ၊၌။ အနနုဿုတေသု၊
ကုန်သော။ ဓမ္မေသု၊ တို့၌။ မေ၊၏။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။
အာလောကော၊ သည်။ ဥဒပါဒိ၊ ၏။ [နိရောဓသစ္စာ၌ ကတ
ဉာဏ်]။ ဘိက္ခဝေ၊ တို့။ ဇာဒံ၊ ဤမဂ္ဂင်ရှစ်ပါးသည်။ ဒုက္ခနိရောဓ
ဂါမိနီပဋိပဒံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်
သော။ အရိယသစ္စံ၊ မည်၏။ ဇာတိ၊သို့။ ပုဗ္ဗေ၊၌။ အနနုဿုတေသု၊
ကုန်သော။ ဓမ္မေသု၊ မဂ္ဂင်ရှစ်ပါးတို့၌။ မေ၊၏။ စက္ခုံ၊ သည်။
ဥဒပါဒိ၊၏။ပ။ အာလောကော၊သည်။ ဥဒပါဒိ၊၏။ (မဂ္ဂသစ္စာ၌

သစ္စဉာဏ်)။ ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ သော။ တံဇာဒံအရိယသစ္စံ၊ကို။ မေမယာ၊သည်။ ဘာဝေတဗ္ဗံ၊ ပွါးအပ်၏။ ဣတိ၊သို့။ ပုဗ္ဗေ၊ ၌။အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊တို့၌။မေ၊ ၏။စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာလောကော၊သည်။ ဥဒပါဒိ၊ ၏။ (မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်)။ ဘိက္ခဝေ၊တို့။ဒုက္ခနိရောဓဂါမိနီပဋိပဒံ၊ သော။ တံဇာဒံအရိယသစ္စံ၊ ကို။ မေမယာ၊သည်။ ဘာဝိတံ၊ ပွါးအပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊တို့၌။မေ၊၏။ စက္ခုံ၊သည်။ဥဒပါဒိ၊၏။ပ။အာလောကော၊ သည်။ ဥဒပါဒိ၊၏။ (မဂ္ဂသစ္စာ၌ကတဉာဏ်)။

၁၆။ ဘိက္ခဝေ၊ တို့။ ယာဝကီဝဉ္စ-ယတ္တကံကာလံ၊ အကြင်မျှ လောက်သောကာလပတ်လုံး။ စတူသု၊ ကုန်သော။ဣမေသုအရိယ သစ္စေသု၊ ဤအရိယသစ္စာတို့၌။ ဧဝံ၊ သို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်,အားဖြင့် သုံးပါးသော အပြန် ရှိသော။ ဒွါဒသာကာရံ၊ တဆဲ့နှစ်ပါးသောအခြင်းအရာရှိသော။ ယထာဘူ တံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ဉာဏ်အမြင်သည်။ မေ၊ ငါအား။ ဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း စင်ကြယ်သည်။ နအဟောသိ၊ မဖြစ်သေး။ ဘိက္ခဝေ၊ တို့။ တာဝ၊ ထိုဉာဏ်အမြင်မစင်ကြယ်သေး သမျှကာလံပတ်လုံး။အဟံ၊ငါသည်။သဒေဝကေ၊ နတ်ပြည်ငါးထပ် နှင့်တကွသော။ သမာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ဗြဟ္မာ့ပြည်နှင့်တကွသော။လောကေ၊ဩကာသလော က၌။သဿမဏဗြာဟ္မဏိယာ၊ရဟန်းပုဏ္ဏားနှင့်တကွသော။သဒေ ဝ မနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း၊ကြွင်းသော လူနှင့် တကွသော။ ပဇာယ၊သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ အဘိ သမ္ဗုဒ္ဓေါတိ၊ ဟူ၍။ နေဝပစ္စညာသိံ၊ ဝန်မခံ။ ဘိက္ခဝေ၊ တို့။ ယတောစခေါ-ယဒါကာလေ၊ ၌။ စတူသု၊ ကုန်သော။ ဣမေသု အရိယသစ္စေသု၊ တို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သော။ ဒွါဒသာ

ကာရံ၊ သော။ ယထာဘူတံ၊ သော။ ဉာဏဒဿနံ၊ သည်။ မေ၊ အား။ သုဝိသုဒ္ဓံ၊ သည်။အဟောသိ၊ ၏။

**အမှာ** သစ္စာတပါးတပါး၌ အပြန်သုံးပါး ဖြစ်ဟန်ကား ဤသို့တည်း။ ဤတရားကား ဒုက္ခသစ္စာ၊ ဤတရားကား သမုဒယသစ္စာ၊ဤတရားကား နိရောဓသစ္စာ၊ဤတရားကား မဂ္ဂသစ္စာ၊ဤသို့ သစ္စာတို့၏အချင်းချင်းမရောမယှက်သောအားဖြင့် ဟုတ်မှန်စွာသိသောဉာဏ်သည် သစ္စဉာဏ်မည်၏။ ပရိညေယျ, ပဟာတဗ္ဗ,သစ္ဆိကာတဗ္ဗ,ဘာဝေတဗ္ဗ,ကိစ္စကိုပိုင်းခြား၍ သိသော ဉာဏ်သည် ကိစ္စဉာဏ်မည်၏။ ပရိညေယျ-စသော ကိစ္စ၏ ပြုအပ်ပြီးသည်၏အဖြစ်ကို ဆုံးဖြတ်သောအားဖြင့် သိသော ဉာဏ်သည် ကတဉာဏ်မည်၏။စတူသု သစ္စေသု ယထာဘူတဉာဏံ သစ္စဉာဏံ နာမ။သာရတ္ထဒီပနီ။ကတ္တဗ္ဗကိစ္စဇာနနဉာဏံ ကိစ္စဉာဏံနာမ။ ၎င်းဋီကာ။တဿကတဘာဝဇာနနဉာဏံ ကတဉာဏံနာမ။၎င်းဋီကာ။ ပဌမေန ပရိဝဋ္ဋေန စတုန္နံ သစ္စာနံ အညမညံ အသင်္ကရတော ပဌမပညံ့ ဒဿေတိ။ ဒုတိယေန တေသံ ကတ္တဗ္ဗာကာရ ပရိစ္ဆိန္ဒနပညံ။ တတိယေန သစ္စေသု သဉာဏကိစ္စသန္နိဋ္ဌာနံ ဒဿေတိ။ ဝဇိရဗုဒ္ဓိ။ ဤဋီကာတို့၌ ပြသောအရာကို နှလုံးမူ၍ ဉာဏ်သုံးပါး အသုံးကိုမှတ်။ သစ္စာတပါးတပါး၌ ဉာဏ်အပြန်သုံးပါးစီရှိသောကြောင့် အခြင်းအရာ တဆဲ့နှစ်ပါးရှိသည်ဟူလို။

* ဘိက္ခဝေ၊ တို့။ အထ-တသ္မိံ ကာလေ၊ ထိုဉာဏ်အမြင်သန့်ရှင်းစွာ ဖြစ်သောအခါ၌။ အဟံ၊ငါဘုရားသည်။ သဒေဝကေ၊ သော။ သမာရကေ၊ သော။ သဗြဟ္မကေ၊ သော။ လောကေ၊ ဩကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ သော။ သဒေဝမနုဿာယ၊ သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊အရဟတ္တမဂ်ဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိပြီဟူ၍။ ပစ္စညာသိံ၊ဝန်ခံပြီ။ မေ၊ငါ၏။ ဝိမုတ္တိ၊ အရဟတ္တဖိုလ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားတို့သည် မဲဖျက်ဆီးအပ်။ အယံ၊ ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်

သော။ ဇာတိ၊အဖြစ်တည်း။ ဒါနိ-ဣဒါနိ၊ယခုအခါ၌။ပုနဗ္ဘဝေါ၊ တဘန်ဘဝသစ်၌ ဖြစ်ခြင်းသည်။ နတ္ထိ၊မရှိပြီ။ ဣတိ၊ဤသို့။ မေ၊၏။ ဉာဏဉ္စဒဿနံ၊ ပစ္စဝေက္ခနာဉာဏ်သည်လည်း။ ဥဒပါဒိ၊ ဖြစ်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံဝစနံ၊ ဤ ဒွေမေဘိက္ခဝေ-အစ ရှိသောစကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ ဝမ်းမြောက်ကုန်သည် ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားတော်ကို။ အဘိနန္ဒုံ၊ အလွန်နှစ်သက်ကုန်ပြီ။ ဣတိ၊ ဤသို့။ ဣမသ္မိဉ္စပန ဝေယျာကရဏသ္မိံ၊ ဤဂါထာမရှိ အမေးအဖြေနှင့် တကွသော ဝေယျာကရဏ်း တရားကို။ ဘညမာနေ၊ ဟောတော်မူအပ်သည် ရှိသော်။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ ကောဏ္ဍညဿ၊ ကောဏ္ဍညထေရ်အား။ ဝိရဇံ၊ အပါယ် လားစေတတ်သော ရာဂ အစ ရှိသော မြူလည်း ကင်းထသော။ ဝီတမလံ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ အစရှိ သော အညစ်အကြေးလည်း ကင်းထသော။ ဓမ္မစက္ခုံ၊ သောတာ ပတ္တိမဂ် တည်းဟူသော ဉာဏ်မျက်စိသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။ ကိံ ဥဒပါဒိ၊ အဘယ်သို့ ထင်ရှားဖြစ်သနည်းဟူမူကား။ (ထည့်)။ ယံကိဉ္စိ၊ ဒစလုံးစုံသော သင်္ခတတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်း သဘောရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော သင်္ခတတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ထင်ရှား ဖြစ်၏။

**အမှာ** အလုံးစုံသော သင်္ခတတရားတို့၏ ဖြစ်ခြင်းချုပ်ခြင်း သည် သောတာပတ္တိမဂ်ဉာဏ်အား ထင်ရှားဖြစ် သည် ဆိုရာ၌ သောတာပတ္တိမဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ သင်္ခတတရားတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကို အသမ္မောဟ ပဋိဝေဓ၏ အစွမ်းအားဖြင့် သိသည်ကိုယူ။

၁၇။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတေ၊ ဟောတော်မူအပ်သည် ရှိသော်။

ဘုမ္မာဒေဝါ၊ ဘုမ္မစိုဝ်းနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုသာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။ ကိံ အနုသာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်း ဟူမူကား။ (ထည့်)။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၏ အနီး၌။ ဣသိပတနေ၊ ဘုရားပစ္စေကဗုဒ္ဓါတို့၏ ကျရာဖြစ်သော။ မိဂဒါယေ၊သားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌။ သမဏေနဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏေနဝါ၊ပုဏ္ဏားသည်လည်းကောင်း။ဒေဝေနဝါ၊နတ်သည် လည်းကောင်း။ မာရေနဝါ၊ မာရ်နတ်သည် လည်းကောင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်လည်းကောင်း။ လောကသ္မိံ၊ သတ္တလောက၌။ ကေနစိဝါ၊ တစုံတယောက်သော သူသည်လည်း ကောင်း။ အပ္ပဋိဝတ္တိယံ၊ မဖောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားတော်ကို။ ပဝတ္တိတံ၊ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုသာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။ ဘုမ္မာနံ၊ ဘုမ္မစိုဝ်းနတ်တို့၏၊ သဒ္ဒံ၊ ကောင်းချီး ပေးသောအသံကို။ သုတွာ၊ ကြား၍။ စာတုမဟာရာဇိကာဒေဝါ၊ တို့သည်။ အနုသာဝေသုံ၊အဆင့် ကြွေးကြော်ကုန်၏။ စာတုမဟာ ရာဇိကာနံဒေဝါနံ၊ စတုမဟာရာဇ်နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။ သုတွာ၊ကြား၍။ တာဝတိံသာဒေဝါ၊တာဝ တိံသာနတ်တို့သည် ။ပ။ ယာမာဒေဝါ၊ ယာမာနတ်တို့သည် ။ပ။ တုသိတာဒေဝါ၊တုသိတာနတ်တို့သည်။ပ။နိမ္မာနရတီဒေဝါ၊ နိမ္မာ နရတိနတ်တို့သည် ။ပ။ ပရနိမ္မိတဝသဝတ္တီဒေဝါ၊ ပရနိမ္မိတဝသ ဝတ္တီနတ်တို့သည်။ပ။ဗြဟ္မကာယိကာ၊ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။ အနုသာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏။ ကိံ အနုသာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်းဟူမူကား။ (ထည့်)။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ပြည်၏အနီး၌။ ဣသိ ပတနေ၊ ဘုရားပစ္စေကဗုဒ္ဓါတို့၏ကျရာဖြစ်သော။ မိဂဒါယေ၊သား

တို့အား ဘေးမဲ့ ပေးရာဖြစ်သော မိဂဒါဝုန်တောသို့။ သမဏေနဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်လည်း ကောင်း။ ဒေဝေနဝါ၊ နတ်သည် လည်းကောင်း။ မာရေနဝါ၊ မာရ်နတ်သည် လည်းကောင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်လည်း ကောင်း။ လောကသ္မိံ၊ သတ္တလောက၌။ ကေနစိဝါ၊ တစုံ တယောက်သော သူသည်လည်းကောင်း။ အပ္ပဋိဝတ္တိယံ၊ မဟော နိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ထိုဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုသာဝေသုံ၊ ကြွေးကြော်ကုန်၏။ တေန ခဏေန၊ ထိုခဏဖြင့်။ တေန လယေန၊ ထိုလယဖြင့်။ တေန မုဟုတ္တေန၊ ထိုမုဟုတ်ဖြင့်။ ယာဝ ဗြဟ္မလောကာ၊ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ ပြန့်၍တက်၏။ အယဉ္စ ဒသသဟဿိလောကဓာတု၊ ဤတသောင်းသော လောကဓာတ် စကြဝဠာသည်လည်း။ သံကမ္ပိ၊ သက်၍သက်၍ လှုပ်၏။ သမ္ပကမ္ပိ၊ တက်၍တက်၍ လှုပ်၏။ သမ္ပဝေဓိ၊ ထိုမှ ဤမှ ယောဉ်ကဲ့သို့လှုပ်၏။ အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသော၊ စိတ်တော်ကြောင့်ဖြစ်သော ဥတုသမုဋ္ဌာန်အရောင် အလင်းသည်။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်ဗြဟ္မာတို့၏ အာနုဘော်ကို။ အတိက္ကမ္မ၊ လွန်၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ဣမံ ဥဒါနံ၊ ဤဝမ်းမြောက်သော စကားကို။ ဥဒါနေသိ၊ မြွက်တော် မူ၏။ ကိံ ဥဒါနေသိ၊ အဘယ်သို့ မြွက်တော် မူသနည်း ဟူမူကား။ (ထည့်)။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဘော၊ အို ရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်တော်မူလေ၏။ ဣတိဟိ-ဣတိဧဝ၊ ဤသို့ ဥဒါန်း ကျူးတော် မူသောကြောင့်သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင်

ကောဏ္ဍညထေရ်အား။အညာသိ ကောဏ္ဍညော တွေ၀၊အညာသိ ကောဏ္ဍည-ဟူ၍သာလျှင်။ ဣဒံနာမံ၊ဤအမည်သည်။အဟောသိ၊ ဖြစ်၏။ [ထိုမထေရ်သည် အန္တယ်အားဖြင့် ကောဏ္ဍညမည်ရင်း တည်း။ ဥဒါန်းကျူးရင့်မှ အညာသိကောဏ္ဍညမည်သည်]။

၁၈။ အထခေါ၊ ထိုသောဟာပန်ဖြစ်ပြီးသောအခါ၌။ အာယသ္မာအညာသိကောဏ္ဍညော၊ အရှင် အညာသိ ကောဏ္ဍညထေရ်သည်။ဒိဋ္ဌဓမ္မော၊မြင်အပ်ပြီးသော သစ္စာတရားရှိသည်။ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော သစ္စာတရားရှိသည်။ ဝိဒိတဓမ္မော၊ သိအပ်ပြီးသော သစ္စာတရားရှိသည်။ ပရိယောဂါဠ္ဟဓမ္မော၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာတရားရှိသည်။ တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်။ ဟုတ္ဂွာ၊ ဖြစ်၍။ ဝိဂတ ကထံကထော၊ သို့လော သို့လောဟု တွေးတော ယုံမှားခြင်း ကင်းသည်။ ဟုတွာ၊၍။ သတ္ထုသာသနေ၊မြတ်စွာဘုရားသာသနာ တော်၌။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်။ ဟုတွာ၊ ၍။အပ္ပရပ္ပစ္စယော၊ဘုရားမှတပါး ယုံကြည်အပ်သောသူ မရှိသည်။ ဟုတွာ၊ ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်၏။ ကိံ အဝေါစ၊ အဘယ်သို့ လျှောက်သနည်းဟူမူကား။ (ထည့်)။ ဘန္တေ၊အရှင်ဘုရား။အဟံ၊ အကျွန်ုပ်သည်။ ဘဂဝတော၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ တော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်၏အဖြစ်ကို။ လဘေယျံ၊ရချင်ပါ၏။ ဥပသမ္ပဒံ၊ ပဉ္စင်း၏အဖြစ်ကို။ လဘေယျံ၊ရချင်ပါ၏။ ဣတိ၊ဤသို့။ အဝေါစ၊ လျှောက်၏။ဘိက္ခု၊ရဟန်း။ဧဟိ၊လာလော့။ဓမ္မော၊တရားတော်ကို။ သွာခါတော၊ ကောင်းစွာငါဟောအပ်ပြီ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊အဆုံးကိုပြုခြင်းငှါ။သမ္မာ၊ကောင်းစွာ။ဗြဟ္မစရိယံ၊ အထက်မဂ်သုံးပါး တည်းဟူသော မြတ်သောအကျင့်ကို။ စရ၊ ကျင့်လော့။ ဣတိ၊ဤသို့။ ဘဂဝါ၊ သည်။ အဝေါစ၊ မိန့်တော်မူ၏။ အာယသ္မတော၊ ရှည်သောအသက်ရှိသော။ တဿ၊ ထိုအညာသိ

ကောဏ္ဍညအား။ သာဝဉပသမ္ပဒါ၊ ထို ဟေဘိကျွပြင်းအဖြစ်သည် သာလျှင်။ အဟောသိ၊ ဖြစ်၏။

၁၉။ အထခေါ၊ ဌ။ဘဂဝါ၊သည်။တဒ၀သေသေ၊ထိုအညာသိကောဏ္ဍညမှကြွင်းကုန်သော။ ဘိက္ခူ၊ တို့ကို။ ဓမ္မိယာကထာယ၊ တရားစကားဖြင့်။ ဩဝဒတိ၊ ဆုံးမ၏။ အနုသာသိ၊ ကမြစ်တော်မူ၏။အထခေါ၊ ဌ။ အာယသ္မတောဝပ္ပဿစ၊ အရှင် ဝပ္ပထေရ်အားလည်းကောင်း။ အယသ္မတော ဘဒ္ဒိယဿစ၊ အရှင်ဘဒ္ဒိယထေရ်အား လည်းကောင်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မိယာကထာယ၊ တရားစကားဖြင့်။ ဩဝဒိယမာနာနံ၊ ဆုံးမအပ်ကုန်သည်ရှိသော်။အနုသာသိယမာနာနံ၊ကမြစ်အပ်ကုန်သည်ရှိသော်။ ဝိရဇံ၊ အပယ်သို့ လားစေတတ်သော ရမ္မက်အစရှိသော မြူလည်းကင်းထသော။ဝီတမလံ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ အစရှိသောအညစ်အကြေးလည်း ကင်းတသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်တည်းဟူသော ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ၏။ ယံကိဉ္စိ၊ အလုံးစုံသော သင်္ခတတရားသည်။ သမုဒယဓမ္မံ၊ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ထိုအလုံးစုံသော သင်္ခတတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊၏။ တေ၊ ထို ဝပ္ပ,ဘဒ္ဒိယတို့သည်။ ဒိဋ္ဌဓမ္မာ၊ မြင်အပ်ပြီးသော သစ္စာတရားရှိကုန်သည်။ ပတ္တဓမ္မာ၊ ရောက်အပ်ပြီးသော သစ္စာတရားရှိကုန်သည်။ ဝိဒိတဓမ္မာ၊ သိအပ်ပြီးသော သစ္စာတရားရှိကုန်သည်။ ပရိယောဂါဠ္ဟဓမ္မာ၊ ဉာဏ်ဖြင့် သက်ဝင်ပြီးသော သစ္စာတရားရှိကုန်သည်။ တိဏ္ဏဝိစိကိစ္ဆာ၊ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိကုန်သည်။ ဟုတွာ၊ကုန်၍။ ဝိဂတကထံကထာ၊ သို့လော သို့လောဟု တွေးတောယုံမှားခြင်း ကင်းကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ သတ္ထုသာသနေ၊ဌ။ ဝေသာရဇ္ဇပ္ပတ္တာ၊ ရဲရင့်ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍။ အပ္ပရပ္ပစ္စယာ၊ ဘုရားမှတပါး ယုံကြည်အပ်သောသူ မရှိကုန်သည်ဖြစ်၍။ ဘဂဝန္တံ၊ကို။တေံဝစနံ၊ ကို။အဝေါစုံ၊ ကုန်၏။ ဘန္တေ၊အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဘဂဝတော၊ ၏။ သန္တိကေ၊ ဌ။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။

လဘေယျာမ၊ ရပါလိုကုန်၏။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘေယျာမ၊ ရပါလိုကုန်၏။ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ ဘိက္ခဝေါ၊ တို့။ ထေ၊ လာကုန်လော့။ မမ္မော၊ ကို။ သွာခါတော၊ အပ်ပြီ။ ဒုက္ခဿ၊၏။ အန္တကိရိယာယ၊ ငှါ၊ သမ္မာ၊ စွာ။ ဗြဟ္မစရိယံ၊ ကို။ စရထ၊ ကျင့်ကုန်လော့။ ဣတိ၊ သို့။ ဘဂဝါ၊သည်။ အဝေါစ၊ မူ၏။ အာယသ္မန္တာနံ၊ ကုန်သော။ တေသံ၊ ထို ဝပ္ပ,ဘဒ္ဒိယ တို့အား။ သာဝဥပသမ္ပဒါ၊ထိုဧဟိဘိက္ခုပဉ္စင်းအဖြစ်သည်လျှင်။အဟောသိ၊ ၏။ အထခေါ။ဉ္ဇ။ ဘဂဝါ၊ သည်။ တဒဝသေသေ၊ ထိုသုံးယောက်တို့မှ ကြွင်းကုန်သော။ ဘိက္ခူ၊တို့ကို။နိဟာရဘတ္တော၊ ရွာမှဆောင်အပ်သော ဆွမ်းရှိသည် ဖြစ်၍။ ဓမ္မိယာကထာယ၊ဖြင့်။ ဩဝဒတိ၊ ၏။ အနုသာသိ၊၏။ ယံဘတ္တံ၊ အကြင်ဆွမ်းကို။ တယော၊ ကုန်သော။ဘိက္ခူ၊ ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ ရဟန်းတို့သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ အာဟရန္တိ၊ ဆောင်ကုန်၏။ တေနဘတ္တေန၊ ထိုသုံးယောက်ခံသောဆွမ်းဖြင့်။ ဆဗ္ဗဂ္ဂေါ၊ခြောက်ယောက်သောအစုသည်။ ယာပေတိ၊ မျှ၏။အထခေါ၊ဉ္ဇ။ အာယသ္မတော မဟာနာမဿစ၊ အရှင် မဟာနာမ်ထေရ်အား လည်းကောင်း။ အာယသ္မတောအဿဇိဿစ၊အရှင်အဿဇိထေရ်အား လည်းကောင်း။ ဘဂဝတာ၊သည်။ ဓမ္မိယာကထာယ၊ဖြင့်။ဩဝဒိယမာနာနံ၊ကုန်သည်ရှိသော်။ပ။ ဓမ္မစက္ခုံ၊သည်။ ဥဒပါဒိ၊ ၏။ ယံကိဉ္စိ၊သည်။ သမုဒယဓမ္မံ၊ရှိ၏။ တံသဗ္ဗံ၊သည်။ နိရောဓဓမ္မံ၊ရှိ၏။ ဣတိ၊ ဤသို့။ ဓမ္မစက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ တေ၊ ထိုမဟာနာမ်, အဿဇိတို့သည်။ ဒိဋ္ဌဓမ္မာ၊ ကုန်သည်။ပ။ အပ္ပရပ္ပစ္စယာ၊ ကုန်သည်ဖြစ်၍။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊တို့သည်။ဘဂဝတော၊၏။သန္တိကေ၊ဉ္ဇ။ ပဗ္ဗဇ္ဇံ၊ ကို။ လဘေယျာမ၊ ကုန်၏၊ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘေယျာမ၊ ရလိုပါကုန်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ ဘိက္ခဝေါ၊ တို့။ ထေ၊ ကုန်လော့။ မမ္မော၊ကို။ သွာခါတော၊ အပ်ပြီ။ ဒုက္ခဿ၊၏။ အန္တကိရိယာယ၊ ငှါ။ သမ္မာ၊စွာ၊ဗြဟ္မစရိယံ၊

ကို။ စရထ၊ ကုန်လော့။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ အဝေါစ၊ မူ၏။ အာယသ္မန္တာနံ၊ ကုန်သော။ တေသံ၊ ထို မဟာနာမ်, အဿဇိ တို့အား။ သာဝဥပသမ္ပဒါ၊ သည်လျှင်။ အဟောသိ၊ ၏။

**အမှာ**

ဓမ္မစကြာ တရားကို ဟောတော်မူခြင်းငှါ ဗောဓိမဏ္ဍိုင်မှ ဝါဆိုလပြည့်နေ့မိဂဒါဝုန်တောသို့မြတ်စွာဘုရား ကြွတော်မူ၍ အနောက်ကျွန်းမှာ နေဝင် အရှေ့ကျွန်းမှာ အာသဠှိနက္ခတ်နှင့် ယှဉ်လျက် လထွက်ဆဲအခါ၌ "ဒွေ မေ ဘိက္ခဝေ အန္တာ"အစရှိသည်ဖြင့် ဓမ္မစကြာတရားကို ဟောတော်မူသော အသံတော်သည် လည်းကောင်း, အညာသိဝတဘောကောဏ္ဍညော-ဟု ဥဒါန်းကျူးရင့်သော အသံတော်သည် လည်းကောင်း,အရပ်မျက်နှာအဘို့အားဖြင့် အောက်ကိုအဝီစိ အထက်ကို ဘဝဂ် ဖီလာအားဖြင့်တသောင်းသောလောကဓာတ်ဆိုက်အောင် ပျံ့နှံ့သည်။ ဓမ္မစကြာတရားကိုဟောသော အဆုံး၌ တဆဲ့ရှစ်ကုဋေသော ဗြဟ္မာနှင့်တကွ အရှင် ကောဏ္ဍည သောတာပတ္တိ ဖိုလ်၌ တည်၏။ လပြည့်ကျော်တရက်နေ့ ဝပ္ပ၊နှစ်ရက်နေ့ ဘဒ္ဒိယ၊သုံးရက်နေ့ မဟာနာမ်၊ လေးရက်နေ့ အရှင် အဿဇိ သောတာပတ္တိဖိုလ်၌ တည်၏။ ဓမ္မစက္ကပဝတ္တန အနက်ပြီး၏။

၂၀။ အထ-ပဉ္စ၊ ထိုနောင်မှ။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဝါ၊ ငါးယောက် အစုရှိကုန်သော။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်။ (အစိုးမရ၊ အလိုသို့မလိုက်ဟုလည်းပေး)။ ဟိသစ္စံ၊ မှန်၏။ ဘိက္ခဝေ၊ တို့။ ဣဒဉ္စရူပံ၊ ဤရုပ်သည်ကား။ အတ္တာ၊ကိုယ်သည် အစိုးရသည် အလိုသို့လိုက်သည်။ အဘဝိဿ၊ ဖြစ်ငြားအံ့။ ဣဒံရူပံ၊ သည်။ အာဗာဓာယ၊နာခြင်းငှါ။ နသံဝတ္တေယျ၊ မဖြစ်ရာ။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ရူပံ၊ သည်။ ဟောတိ၊ ဖြစ်စေလော့။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ရူပံ၊ သည်။ မာအဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့။ ရူပေ၊ ၌။ ဝသဝတ္တိ၊ အလိုသို့လိုက်ခြင်းကို။ လဗ္ဘေထစ၊ ရလည်းရရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာစ၊ အကြင်

ကြောင့်လည်း။ရူပံ၊သည်။ အနတ္တာ၊ကိုယ်မဟုတ်။တသ္မာ၊ကြောင့်။
ရူပံ၊ သည်။ အာဗာဓာယ၊ နာခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဧဝံ၊
ဤသို့။ မေ၊ ၏။ ရူပံ၊ သည်။ ဟောတု၊ လော့။ ဧဝံ၊ဤသို့။ မေ၊၏။
ရူပံ၊ သည်။ မာအဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့။ ရူပေ၊ ၌။
ဝသဝတ္တိ၊ အလိုသို့လိုက်ခြင်းကို။ နစလဗ္ဘတိ၊ မရအပ်။ ဘိက္ခဝေ၊
တို့။ ဝေဒနာ၊ ဝေဒနာသည်။ အနတ္တာ၊ ကိုယ်မဟုတ်။ ဟိ
သစ္စံ၊ မှန်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ-ဧသာဝေဒနာစ၊ သည်ကား။
အတ္တာ၊ သည်။ အဘဝိဿ၊ ဖြားအံ့။ ဣဒံ-ဧသာဝေဒနာ၊ သည်။
အာဗာဓာယ၊ နာခြင်းငှါ။ နသံဝတ္တေယျ၊ မဖြစ်ရာ။ ဧဝံ၊ ဤသို့။
မေ၊ ၏။ ဝေဒနာ၊ သည်။ ဟောတု၊ လော့။ ဧဝံ၊ ဤသို့။ မေ၊ ၏။
ဝေဒနာ၊ သည်။ မာအဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့။
ဝေဒနာယ၊ ၌။ ဝသဝတ္တိ၊ ကို။ လဗ္ဘေထစ၊ ရလည်းရရာ၏။
ဘိက္ခဝေ၊တို့။ ယသ္မာစ၊ကြောင့်လည်း။ ဝေဒနာ၊သည်။ အနတ္တာ၊
ကိုယ်မဟုတ်။ တသ္မာ၊ ကြောင့်။ ဝေဒနာ၊ သည်။ အာဗာဓာယ၊
နာခြင်းငှါ။ သံဝတ္တတိ၊ ၏။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝေဒနာ၊သည်။
ဟောတု၊လော့။ ဧဝံ၊ဤသို့။မေ၊၏။ ဝေဒနာ၊သည်။မာအဟောသိ၊
စေလင့်။ ဣတိ၊ ဤသို့။ ဝေဒနာယ၊၌။ ဝသဝတ္တိ၊ ကို။ နစလဗ္ဘတိ၊
မရအပ်။ သညာ၊သညာသည်။ အနတ္တာ၊ကိုယ်မဟုတ်။ပ။သင်္ခါရာ၊
သင်္ခါရတို့သည်။ အနတ္တာ၊ကိုယ်မဟုတ်ကုန်။ ဟိသစ္စံ၊၏။ဘိက္ခဝေ၊
တို့။ ဣဒ္ဓ-ဣမေစသင်္ခါရာ၊ တို့သည်ကား။ အတ္တာ၊ သည်။ အဘ
ဝိဿံသု၊ ကုန်ဖြားအံ့။ ဣဒံ-ဣမေသင်္ခါရာ၊တို့သည်။ အာဗာဓာယ၊
ငှါ။ နသံဝတ္တေယျုံ၊ကုန်ရာ။ ဧဝံ၊ဤသို့။ မေ၊၏။ သင်္ခါရာ၊တို့သည်။
ဟောန္တု၊ ကုန်လော့။ ဧဝံ၊ ဤသို့။ မေ၊ ၏။ သင်္ခါရာ၊ တို့သည်။
မာအဟေသုံ၊ မဖြစ်စေကုန်လင့်။ ဣတိ၊ ဤသို့။ သင်္ခါရေသု၊ တို့၌။
ဝသဝတ္တိ၊ ကို။ လဗ္ဘေထစ၊ ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာစ၊
ကြောင့်လည်း။ သင်္ခါရာ၊ တို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။
တသ္မာ၊ ကြောင့်။ သင်္ခါရာ၊တို့သည်။ အာဗာဓာယ၊ငှါ။ သံဝတ္တန္တိ၊
ကုန်၏။ဧဝံ၊ဤသို့။ မေ၊၏။သင်္ခါရာ၊တို့သည်။ ဟောန္တု၊ကုန်လော့။

ဧဝံ၊ ဤသို့။ မေ၊၏။ သဒ္ဒါရာ၊တို့သည်။ မာအဟောသိ၊စေကုန်လင့်။ ဣတိ၊ ဤသို့။ သဒ္ဒါရေသု၊ တို့၌။ ဝသဝတ္တိ၊ ကို။ နစလဗ္ဘန္တိ၊ မရအပ်ကုန်။ ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ ဝိညာဏ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်။ဟိသစ္စံ၊၏။ဘိက္ခဝေ၊တို့။ဣဒဉ္စဝိညာဏံ၊သည်လည်း။ အတ္တာ၊ သည်။ အဘဝိဿ၊ မူကား။ ဣဒံဝိညာဏံ၊ သည်။ အာဗာဓာယ၊ ၄ါ။ နသံဝတ္တေယျ၊ ရာ။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝိညာဏံ၊ သည်။ ဟောတု၊ လော့။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝိညာဏံ၊ သည်။ မာအဟောသိ၊ စေလင့်။ ဣတိ၊ ဤသို့။ ဝိညာဏေ၊ ၌။ ဝသဝတ္တိ၊ ကို။ လဗ္ဘေထ၊ ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာစ၊ ကြောင့်လည်း။ ဝိညာဏံ၊သည်။ အနတ္တာ၊ကိုယ်မဟုတ်။တသ္မာ၊ကြောင့်။ဝိညာဏံ၊ သည်။ အာဗာဓာယ၊ ၄ါ။ သံဝတ္တတိ၊ ၏။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝိညာဏံ၊ သည်။ ဟောတု၊ လော့။ ဧဝံ၊ ဤသို့။ မေ၊၏။ ဝိညာဏံ၊ သည်။ မာအဟောသိ၊ စေလင့်။ ဣတိ၊ဤသို့။ ဝိညာဏေ၊၌။ ဝသဝတ္တိ၊ ကို။ နစလဗ္ဘတိ၊ အပ်။ [ရုပ် နာမ် တရားတို့သည် ဥပါဒ်မှသည် ဌီသို့မရောက်စေလင့်၊ ဌီမှသည် ဘင်သို့ မရောက်စေလင့်ဟု တောင့်တသော်လည်း တောင့်တသည့် အတိုင်း အလိုသို့ မလိုက်သောကြောင့် အနတ္တမည်ကုန်၏]။

၂၁။ ဘိက္ခဝေ၊တို့။မယာ၊သည်။ ဝုစ္စမာနံ၊ဟောလတ္တံ့သော။ ယံဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံဝစနံ၊ ကို။ တုမှေ၊ သင်ရဟန်းတို့သည်။ ကိံမညထ၊ အဘယ်သို့ အောက်မေ့ကုန်သနည်း။ ဘိက္ခဝေ၊ တို့။ ရူပံ၊ သည်။ နိစ္စံဝါ၊ နိစ္စလော။ အနိစ္စံဝါ၊ အနိစ္စလော။ဣတိ၊ဤသို့။ ပုဋ္ဌော၊မေးတော်မူ၏။ ဘန္တေ၊အရှင်ဘုရား။ အနိစ္စံ၊အနိစ္စတည်း။ဣတိ၊သို့။အဝေါစ၊လျှောက်၏။ (ဣတိအဝေါစကား ပါဌသေသ)။ယံပနရူပံ၊ အကြင်ရုပ်သည်။အနိစ္စံ၊အမြဲမရှိ။တံရူပံ၊သည်။ဒုက္ခံဝါ၊ဒုက္ခလော။သုခံဝါ၊သုခလော။ ဣတိ၊ဤသို့။ပုဋ္ဌော၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဒုက္ခံ၊ဒုက္ခတည်း။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (ဣတိအဝေါစကား ပါဌသေသ)။ ယံပနရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ဝိပရိဏာမဓမ္မံ၊

ဘောက်ပြန်တတ်သော သဘောရှိ၏။ တံ ရူပံ၊ ထိုရုပ်ကို။ ဧတံရူပံ၊ ဤရုပ်သည်။မမ၊ငါ၏။ ရူပံ၊ရုပ်တည်း။ ဧသောဓမ္မော၊ ဤ ရုပ်တရားသည်။ အဟံအသ္မိ၊ ငါဖြစ်၏။ ဧသောဓမ္မော၊ ဤရုပ်တရားသည်။ မေ၊ ငါ၏၊ အတ္တာ၊ ကိုယ်တည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ။ ကလ္လံနု၊သင့်အံ့လော။ဘန္တေ၊ အရှင်ဘုရား။ ဧတံရူပံ၊ကို။ ဧဝံ၊ ဤသို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ။ နောဟိကလ္လံ၊ မသင့်သည် သာလျှင်တည်း။ ဣတိ၊ ဤသို့။ အဝေါစ၊၏။ ဝေဒနာ၊ ဝေဒနာသည်။ပ။ သညာ၊ သညာသည်။ပ။ သင်္ခါရာ၊ သင်္ခါရတို့သည်။ပ။ ဝိညာဏံ၊ ဝိညာဏ်သည်။ နိစ္စံဝါ၊ လော။ အနိစ္စံဝါ၊ လော။ ဣတိ၊ သို့။ ပုစ္ဆိ၊၏။ ဘန္တေ၊အရှင်ဘုရား။ အနိစ္စံ၊တည်း။ ယံပနဝိညာဏံ၊ အကြင်ဝိညာဉ်သည်။အနိစ္စံ၊အမြဲမရှိ။ တံဝိညာဏံ၊ သည်။ ဒုက္ခံဝါ၊ လော။သုခံဝါ၊လော။ဣတိ၊သို့။ပုစ္ဆိ၊၏။ဘန္တေ၊ အရှင်ဘုရား။ ဒုက္ခံ၊ တည်း။ဣတိ၊ သို့။ အဝေါစ၊၏။ ယံပနဝိညာဏံ၊သည်။ အနိစ္စံ၊အမြဲမရှိ။ ဒုက္ခံ၊ ၏။ ဝိပရိဏာမဓမ္မံ၊ ၏။ တံဝိညာဏံ၊ကို။ ဧတံဝိညာဏံ၊ သည်။ မမ၊၏။ ဝိညာဏံ၊ တည်း။ ဧသော၊ ဤဝိညာဉ်သည်။ အဟံ၊သည်။ အသ္မိ၊၏။ ဧသော၊ဤဝိညာဉ်သည်။ မေ၊၏။ အတ္တာ၊ တည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ။ ကလ္လံနု၊ လော။ ဘန္တေ၊အရှင်ဘုရား။ ဧတံဝိညာဏံ၊ ကို။ ဧဝံ၊ သို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ။ နောဟိကလ္လံ၊ တည်း။ ဣတိ၊ ဤသို့။ အဝေါစ၊၏။

**အမှာ** ရုပ်နာမ်တရားသည်ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းဖြင့် ဖြစ်တတ်သောကြောင့် လည်းကောင်း,ဇရာမရဏ တို့ဖြင့် ဘောက်ပြန်တတ်သောကြောင့်လည်းကောင်း,ဥပါဒ်ဋ္ဌီဘင် ဟု ဆိုအပ်သော တိုသောကာလနှင့် ယှဉ်ခြင်းကြောင့် လည်း ကောင်း အနိစ္စမည်၏။ ရုပ်နာမ်တရားသည် ရင့်ခြင်း ပျက်ခြင်း တို့ဖြင့် မပြတ်နှိပ်စက်ခြင်းကြောင့် ဒုက္ခမည်၏။ အနတ္တမည်ခြင်း အကြောင်းမှာ ဟောတော်မူသော ပါဠိတော်အတိုင်း မှတ်။

၂၂။ ဘိက္ခဝေ၊ တို့။ တသ္မာ၊ ကြောင့်၊ (တိဟ အနက်မရှိ)။ အတီတာနာဂတပစ္စုပ္ပန္နံဝါ၊အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်

သော။ အဇ္ဈတ္တံဝါ၊အဇ္ဈတ္တလည်းဖြစ်သော။ဗဟိဒ္ဓါဝါ၊ ဗဟိဒ္ဓသည်း ဖြစ်သော။ ဩဠာရိကံဝါ၊ ဩဠာရိကလည်းဖြစ်သော။ သုခုမံဝါ၊ သုခုမလည်းဖြစ်သော။ ဟီနံဝါ၊ ဟီနလည်းဖြစ်သော။ ပဏီတံဝါ၊ ပဏီတလည်းဖြစ်သော။ ဒူရေဝါ၊ ဒူရေလည်းဖြစ်သော။ သန္တိကေ ဝါ၊ သန္တိကေလည်း ဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ယံရူပံ၊ သည်။ အတ္တိ၊ ၏။ သဗ္ဗံ. သော။ တံရူပံ၊ သည်။ မမ၊ ၏။ နရူပံ၊ ရုပ်မဟုတ်။ ဧသောဝမ္မော၊ ဤရုပ်တရားသည်။ အဟံနအသ္မိ၊ ငါမဖြစ်။ ဧသောဝမ္မော၊ သည်။ မမ၊၏။ အနတ္တာ၊ ကိုယ်မဟုတ်။ ဣတိဧဝံ၊ သို့။ တံရူပံ၊ကို။ ယထာဘူတံ၊ ဟုတ်သောအတိုင်း။ သမ္မပ္ပညာယ၊ ကောင်းသောပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ [ပသာဒ ရုပ်သည် အဇ္ဈတ္တမည်၏။ ကြွင်းသော ရုပ်သည် ဗဟိဒ္ဓ မည်၏။ တနည်းကား မိမိသန္တာန်၌ ဖြစ်သော ရုပ်သည် အဇ္ဈတ္တမည်၏။ သူတပါးသန္တာန်၌ဖြစ်သောရုပ်သည် ဗဟိဒ္ဓမည်၏။ဤသို့ သာရတ္ထ ဒီပနီ၌ နှစ်နည်းဝေဘန်သည်]။ ယာကာစိဝေဒနာ၊အလုံးစုံသော ဝေဒနာသည်။ပ။ ယာကာစိသညာ၊အလုံးစုံသောသညာသည်။ပ။ ယေကေစိသင်္ခါရာ၊ အလုံးစုံသောသင်္ခါရတို့သည်။ပ။ အတီတာနာ ဂတပစ္စုပ္ပန္နံဝါ၊ သော။ပ။ ယံကိဉ္စိ၊ သော။ ယံဝိညာဏံ၊ သည်။ အတ္တိ၊၏။ သဗ္ဗံ၊ သော။ တံဝိညာဏံ၊သည်။ မမ၊၏။ နဝိညာဏံ၊ မဟုတ်။ ဧသောဓမ္မော၊ ဤဝိညာဉ်တရားသည်။ အဟံနအသ္မိ၊ ငါမဖြစ်။ဧသောဓမ္မော၊သည်။ နအတ္တာ၊ကိုယ်မဟုတ်။ ဣတိဧဝံ၊ သို့။ တံဝိညာဏံ၊ကို။ ယထာဘူတံ၊ဟုတ်သောအတိုင်း။ သမ္မပ္ပညာယ၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

၂၃။ ဘိက္ခဝေ၊တို့။ ဧဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ ရှုသည် ရှိသော်။သုတဝါ၊အကြားအမြင်ရှိသော။အယံအရိယသာဝကော၊ ဤအရိယာဖြစ်သော တပည့်သားသည်။ ရူပသ္မိံပိ၊ ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ငြီးငွေ့၏။ ဝေဒနာယပိ၊ ၌လည်း။နိဗ္ဗိန္ဒတိ၊၏။ သညာယပိ၊ ၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ သင်္ခါရေသုပိ၊ တို့၌လည်း။ နိဗ္ဗိန္ဒတိ၊၏။ ဝိညာဏသ္မိံပိ၊ ၌လည်း။ နိဗ္ဗိန္ဒတိ၊၏။ နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့

သည်ဖြစ်၍။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်း ကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာမှလွတ်၏။ ဝိမုတ္တသ္မိံ၊ ကိလေသာမှလွတ်ပြီးသောဖိုလ်၌။ အဟံ၊ သည်။ဝိမုတ္တံ၊ လွတ်သည်။ အမှိ၊ ဖြစ်ပြီ။ ဣတိ၊ သို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊၏။ ဇာတိ၊ ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။

**အမှာ** အရဟတ္တမဂ်ဖြင့် ဝဋ်မြစ်မူလ ပြတ်ခြင်းကြောင့် ရှေးဘဝကံဟောင်းလည်းမီးလောင်သောမျိုးစေ့ကဲ့သို့ဖြစ်၍ ပဋိသန္ဓေတည်းဟူသောအကျိုးကို မဖြစ်စေနိုင်။ ပစ္စုပ္ပန်ဘဝကံသည်လည်း အမြစ်ပြတ်သော သစ်ပင်ကဲ့သို့ဖြစ်၍ ပဋိသန္ဓေတည်းဟူသောအကျိုးကို မဖြစ်စေနိုင်။ဤအဓိပ္ပါယ်ကိုရည်၍ ဇာတိကုန်သည်ဟု ဟောသည်။ အနာဂတ်ပဋိသန္ဓေမဖြစ် ဆိုလိုသည်။

* ဗြဟ္မစရိယံ၊ မဂ်ဟူသော သီတင်းကို။ ဝုသိတံ၊ သုံးအပ်ပြီး။ ကရဏီယံ၊ ပြုဘွယ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ အပရံ၊ တပါးသော။ ဣတ္ထတ္တာယ၊တဆဲ့ခြောက်ပါးသော ကိစ္စဖြစ်ခြင်းငှါ။ နအတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ၏။

၂၄။ ဘဂဝါ၊သည်။ ဣဒံဝစနံ၊ကို။ အဝေါစ၊၏။ပဉ္စဝဂ္ဂိယာ၊ ရှိကုန်သော။ ဘိက္ခူ၊ တို့သည်။ အတ္တမနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘဂဝတော၊ ၏။ ဘာသိတံ၊ ကို။ အဘိနန္ဒုံ၊ နှစ်သက်ကုန်၏။ဣမသ္မိံစဝေယျာကရဏသ္မိံ၊ဤဂါထာမရှိ အမေးအဖြေနှင့်တကွသော ဝေယျာကရဏ်းတရားကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ ပဉ္စဝဂ္ဂိယာနံ၊ရှိကုန်သော။ ဘိက္ခူနံ၊တို့အား။ အာသဝေဟိ၊ အာသဝေါတရားတို့ဖြင့်။ အနုပါဒါယ၊ ငါငါ၏ဥစ္စာဟု မယူမူ၍။ စိတ္တာနိ၊တို့သည်။ ဝိမုစ္စိံသု၊လွတ်ကုန်၏။တေန ခေါ ပန သမယေန၊၌။ လောကေ၊၌။ဆ၊ခြောက်ယောက်ကုန်သော။ အရဟန္တော၊ လူရဟန္တာတို့သည်။ ဟောန္တိ၊ ကုန်၏။ [ဝါဆိုလပြည့်ကျော် ငါးရက်နေ့ အနတ္တလက္ခဏာသုတ်ကို ဟောမှ ပဉ္စဝဂ္ဂီ

ငါးယောက် ရဟန္တာဖြစ်သည်။ မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီကို ပေါင်း၍ ခြောက်ပါးရှိသည်]။

ပဉ္စဝဂ္ဂိယကထာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။
ပဌမဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီ။

---

၂၅။ တေနခေါပနသမယေန၊ ၌။ ဗာရာဏသိယံ၊ ၌။ ကုလပုတ္တော၊ မြတ်သောအမျိုး၏ သားဖြစ်သော။ယသောနာမ၊ ယသ အမည်ရှိသော။ သေဋ္ဌိပုတ္တော၊သူဌေး၏သားသည်။သုခုမာလော၊ နူးညံ့သည်။ ဟောတိ၊ ၏။ တဿ၊ ထိုယသအမည်ရှိသော သူဌေးသားအား။ ဧကော၊တဆောင်သော။ ဟေမန္တိကော၊ဆောင်းလ အခါနေသော ပြာသာဒ်လည်းကောင်း။ဧကော၊တဆောင်သော။ ဂိမှိကော၊ နွေလအခါနေသော ပြာသာဒ်လည်းကောင်း။ ဧကော၊ တဆောင်သော။ ဝဿိကော၊ မိုးလအခါနေသော ပြာသာဒ် လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးဆောင်ကုန်သော။ ပါသာဒါ၊ ပြာသာဒ်တို့သည်။ ဟောန္တိ၊ ကုန်၏။ သော၊ ထိုယသ အမည်ရှိသော သူဌေးသားသည်။ ဝဿိကေ၊ မိုးလနေသော။ ပါသာဒေ၊ ပြာသာဒ်၌။ စတ္တာရောမာသေ၊ လေးလတို့ ပတ်လုံး။ နိပ္ပုရိသေဟိ၊ယောကျ်ားမရှိကုန်သော။ တူရိယေဟိ၊မိန်းမတီးမှုတ် သော တူရိယာတို့ဖြင့်။ ပရိစာရိယမာနော၊ စံပယ်လျက်။ ဟေဋ္ဌာ ပါသာဒံ၊အောက်ပြာသာဒ်သို့။ နဩရောဟတိ၊မသက်။ အထခေါ၊ ၌။ ပဉ္စဟိ၊ကုန်သော။ ကာမဂုဏေဟိ၊တို့ဖြင့်။ သမပ္ပိတဿ၊လျက်။ သမင်္ဂီဘူတဿ၊ ပြည့်စုံလျက်။ ပရိစာရိယမာနဿ၊ စံပယ်သော။ ကုလပုတ္တဿ၊ သော။ ယသဿ၊ ၏။ ပဋိကစ္စေဝ၊ရှေးဦးစွာလျှင်။ နိဒ္ဒါ၊ အိပ်ခြင်းသို့။ ဩက္ကမိ၊ ရောက်၏။ ပရိဇနဿပိ၊ ပရိသတ်၏ လည်း။ နိဒ္ဒါ၊ သို့။ ဩက္ကမိ၊ ၏။ သဗ္ဗရတ္တိယောစ၊ အလုံးစုံသော ညဉ့်တို့ပတ်လုံးလည်း။ တေလပဒီပေါ၊ ဆီမီးကို။ ဈာယတိ၊ ညှိ ထွန်း၏။ အထခေါ၊ ၌။ ကုလပုတ္တော၊ သော။ ယသော၊ သည်။ ပဋိကစ္စေဝ၊ရှေးဦးစွာလျှင်။ပဗုဇ္ဈိတွာ၊နိုး၍။ အဒ္ဒသာ၊တယောက်

သော မိန်းမ၏။ ကဏ္ဍေ၊ လက်ကတီး၌။ ဝိဏာံ၊ စောင်းပိုက်လျက်။ အညိဿာ၊ တယောက်သောမိန်းမ၏။ ကဏ္ဍေ၊ လည်၌။ မုဒိင်္ဂံ၊ မုရိုးစည်လွယ်လျက်။ အညိဿာ၊ ၏။ ကဏ္ဍေ၊ လက်ကတီး၌။ အာဠမ္ဗရံ၊ထက်စည်ပိုက်လျက်။အညံ၊တယောက်သောမိန်းမကား။ ဝိကေသိကံ၊ ဖရိုဖရဲဆံရှိလျက်။အညံ၊တယောက်သောမိန်းမကား။ ဝိကွေဠိကံ၊ အရိယိုလျက်။ အညာ၊ တပါးသော မိန်းမတို့ကား။ ဝိပ္ပလပန္တိယော၊ ရောင်ရမ်းကုန်လျက်။ ဟတ္ထပတ္တံ၊ လက်ပါးသို့ ရောက်သော။ သုသာနံမညေ၊ သုသာန်ကဲ့သို့။ သုပန္တိ၊အိပ်သော။ သကံပရိဇနံ၊ မိမိပရိသတ်ကို။ အဒ္ဒသ၊ မြင်လေ၏။ ဒိသွာန၊ ၍။ အဿ၊ ထိုသူဌေးသားအား။ အာဒီနဝေါ၊ အပြစ်သည်။ ပါတုရဟောသိ၊၏။ နိဗ္ဗိဒါယ၊ငြီးငွေ့ခြင်း၌။ စိတ္တံ၊စိတ်သည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ အထခေါ၊ ၌။ ကုလပုတ္တော၊ ဖြစ်သော။ ယသော၊သည်။ ဥပဒ္ဒုတံဝတဘော ဥပဿဋ္ဌံဝတဘောတိ၊ဘော ဟူ၍။ ဥဒါနံ၊ သံဝေဂ၏ အစွမ်းကြောင့်ဖြစ်သော ဥဒါန်းကို။ ဝါ၊ ဤနေ့မှစ၍ ဤမိန်းမတို့နှင့် တကွမဖြစ်အံ့ဟူသော စကားကို။ ဥဒါနေသိ၊ မြွက်၏။ (ရှေ့နည်း သာရတ္ထဒီပနီ။နောက်နည်း ဝဇိရဗုဒ္ဓိ)။ ဘော၊ အချင်းတို့။ ဥပဒ္ဒုတံဝတ၊ တဏှာအစရှိသော ကိလေသာတို့သည် နှိပ်စက်အပ်စွာ့တကား။ ဘော၊အချင်းတို့။ ဥပဿဋ္ဌံဝတ၊ တဏှာအစရှိသော ကိလေသာတို့သည် ညှဉ်းဆဲအပ်စွာ့ တကား။ အထခေါ၊ ၌။ ကုလပုတ္တော၊ ယော။ ယသော၊သည်။ သုဝဏ္ဏပါဒုကာယော၊ရွှေခြေနင်းတို့ကို။ အာရောဟိတွာ၊စီး၍။ ယေန၊အကြင် အရပ်၌။ နိဝေသနဒွါရံ၊ အိမ်တံခါးသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအိမ်တံခါးသို့။ ဥပသင်္ကမိ၊၏။ အမနုဿာ၊နတ်တို့သည်။ ဒွါရံ၊ ကို။ ဝိဝရိံသု၊ ဖွင့်ကုန်၏။ ကုလပုတ္တဿ၊သော။ ယသဿ၊အား။ အဂါရသ္မာ၊လူ၏ဘောင်မှ။ အနဂါရိယံ၊ရဟန်းဘောင်၌။ ပဗ္ဗဇ္ဇာယ၊ ၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကောစိ၊ တစုံတယောက်သော သူသည်။ မာအကာသိ၊မပြုစေလင့်။ ဣတိမနသိကတွာ၊ဤသို့ နှလုံးသွင်း၍။ အမနုဿာ၊ နတ်တို့သည်။ ဒွါရံ၊ တံခါးကို။ ဝိဝရိံသု၊

ဖွင့်ကုန်၏။ အထခေါ၊ ၌။ ကုလပုတ္တော၊ သော။ ယသော၊သည်။ ယေန၊ အကြောင်း အရပ်၌။ နဂရဒွါရံ၊ မြို့တံခါးသည်။ အတ္ထိ၊ ရှိ၏။ တေန၊ထိုမြို့တံခါးသို့။ ဥပသင်္ကမိ၊၏။ အမနုဿာ၊တို့သည်။ ဒွါရံ၊ တံခါးကို။ ဝိဝရိံသု၊ ဖွင့်ကုန်၏။ ကုလပုတ္တဿ၊သော။ ယသဿ၊ အား။ပ။ဒွါရံ၊ ကို။ ဝိဝရိံသု၊ ဖွင့်ကုန်၏။ အထခေါ၊ ၌။ ကုလ ပုတ္တော၊ သော။ ယသော၊ ယသသည်။ ယေန၊ အကြောင်းအရပ်၌။ ဣသိပတနမိဂဒါယော၊ ဣသိပတနမိဂဒါဝုန်တော့သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုမိဂဒါဝုန်တောသို့။ ဥပသင်္ကမိ၊ ၏။

၂၆။ တေနခေါပနသမယေန၊ ၌။ ဘဂဝါ၊ သည်။ ရတ္တိယာ၊ ၏။ ပစ္စူသသမယံ၊ မိုးသောက်ထအခါ၌။ ပစ္စုဋ္ဌာယ၊ စောစော ထ၍။ အဗ္ဘောကာသေ၊၌။ စင်္ကမတိ၊ စင်္ကြံကြွတော်မူ၏။ ဘဂဝါ၊ သည်။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ ဒူရတောဝ၊ အဝေးမှလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ အဒ္ဒသာ၊ မြင်တော်မူ၏။ ဒိသွာန၊ ၍။ စင်္ကမာ၊ စင်္ကြံမှ။ ဩရောဟိတွာ၊ သက်၍။ ပညတ္တေ၊ ခင်းထား အပ်သော။ အာသနေ၊ ၌။ နိသီဒိ၊ နေတော်မူ၏။ အထခေါ၊ ၌။ ကုလပုတ္တော၊ သော။ ယသော၊ ယသသည်။ ဘဂဝတော၊ ၏။ အဝိဒူရေ၊ အနီး၌။ ဥပဒ္ဒုတံဝတဘော ဥပဿဋ္ဌံဝတဘောတိ၊ ဘောဟူ၍။ ဥဒါနံ၊ ကို။ ဥဒါနေသိ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ကုလပုတ္တံ၊သော။ ယသံ၊ယသကို။ ဧတံဝစနံ၊ကို။ အဝေါစ၊ မိန့်တော်မူ၏။ ယသ၊ ယသ။ ဣဒံအမတံ၊ ဤနိဗ္ဗာန်တရားသည်။ ခေါ၊ စင်စစ်လျှင်။ အနုပဒ္ဒုတံ၊ တဏှာအစရှိသော ကိလေသာတို့ သည် မနှိပ်စက်အပ်။ ဣဒံအမတံ၊ သည်။ အနုပဿဋ္ဌံ၊တဏှာ အစ ရှိသော ကိလေသာတို့သည် မညှဉ်းဆဲအပ်။ ယသ၊ ယသ။ ဧဟိ၊ လာလှည့်။နိသီဒ၊နေလော့။ တေ၊သင်အား။ဓမ္မံ၊ကို။ဒေသေဿာမိ၊ ဟောအံ့။ ဣတိ၊ဤသို့။ အဝေါစ၊၏။ အထခေါ၊၌။ ကုလပုတ္တော၊ သော။ ယသော၊ ယသသည်။ ဣဒံအမတံ၊သည်။ အနုပဒ္ဒုတံကိရ၊ တဏှာအစရှိသော ကိလေသာတို့သည် မနှိပ်စက်အပ် သတတ်။ ဣဒံ အမတံ၊ သည်။ အနုပဿဋ္ဌံကိရ၊ တဏှာအစရှိသော ကိလေ

သာတို့သည် မညှဉ်းဆဲအပ်သတတ်။ဇာတိ၊၌သို့။ဟဋ္ဌော၊ရွှင်သည်။ ဥဒဂ္ဂေါ၊ ဝမ်းမြောက်သည်။ ဟုတွာ၊ ၍။ သုဝဏ္ဏပါဒုကာဟိ၊ ရွှေ ခြေနင်းတို့မှ။ ဩရောဟိတွာ၊ သက်၍။ ယေန၊ အကြင် အရပ်၌။ ဘဂဝါ၊သည်။အတ္ထိ၊၏။တေန၊သို့။ ဥပသင်္ကမိ၊၏။ ဥပသင်္ကမိတွာ၊ ၍။ဘဂဝန္တံ၊ကို။အဘိဝါဒေတွာ၊၍။ဧကမန္တံ၊၌။နိသီဒိ၊၏။ဧကမန္တံ၊ ၌။နိသိန္နဿခေါ၊သော။ကုလပုတ္တဿ၊သော။ယသဿ၊အား။အနု ပုဗ္ဗိံကထံ၊ အစဉ်ဖြစ်သောတရားစကားကို။ ကထေသိ၊၏။ ဇာဒံ၊၌ အစဉ်ဖြစ်သောတရားစကားသည်။သေယျထာ-ကတမံ၊ဟူမူကား။ ဒါနကထံ၊ အလှူ၏ အကျိုးကို ဟောသောစကား။ သီလကထံ၊ သီလ၏အကျိုးကို ဟောသောစကား။ သဂ္ဂကထံ၊နတ်ပြည်စကား။ ကာမာနံ၊ကာမဂုဏ်တို့၏။ အာဒီနဝံ၊အပြစ်။ဩကာရံ၊ယုတ်သော အဖြစ်။ သံကိလေသံ၊ညစ်ညူးခြင်း။ နေက္ခမ္မေ၊ ကာမဂုဏ်မှ ထွက် မြောက်ခြင်း၌။ အာနိသံသံ၊ အကျိုး။ ဇာတိ-ဇာမေ၊ တို့တည်း။ ဇာမံ- အနုပုဗ္ဗိံကထံ၊ ကို။ ပကာသေတိ၊ ပြတော်မူ၏။ (ဇာတိ-ဇာမေ- စသည်တို့ကား ပါဌ်သေသ)။ ယဒါ၊ ၌။ ဘဂဝါ၊ သည်။ ကုလ ပုတ္တံ၊ သော။ ယသံ၊ ကို။ ကလ္လစိတ္တံ၊ ခံ့သောစိတ်ရှိသည်ကို။ မုဒု စိတ္တံ၊ နူးညံ့သောစိတ်ရှိသည်ကို။ ဝိနီဝရဏစိတ္တံ၊ နီဝရဏကင်း သောစိတ်ရှိသည်ကို။ ဥဒဂ္ဂစိတ္တံ၊ ဝမ်းမြောက်သော စိတ်ရှိသည်ကို။ ပသန္နစိတ္တံ၊ ကြည်လင်သော စိတ်ရှိသည်ကို။ အညာသိ၊ သိတော် မူ၏။ အထ-တသ္မိံကာလေ၊ ၌။ ဗုဒ္ဓါနံ၊ တို့၏။ သာမုက္ကံသိကာ၊ ကိုယ်တော်မှ ထုတ်၍ ပြအပ်သော။ ယာဓမ္မဒေသနာ၊ သည်။ အတ္ထိ၊ ၏။ တံ ဓမ္မဒေသနံ၊ ကို။ ပကာသေသိ၊ ၏။ ဒုက္ခံ၊ ဒုက္ခ သစ္စာကို လည်းကောင်း ။ပ။ မဂ္ဂံ၊ မဂ္ဂသစ္စာကို လည်းကောင်း။ ပကာသေသိ၊၏။သေယျထာပိ၊မည်သည်ကား။ အပဂတကာဠကံ၊ အညစ်အမည်းကင်းသော။ သုဒ္ဓံ၊ဖြူစင်သော။ ဝတ္ထံ၊ ပုဆိုးသည်။ သမ္မဒေဝ၊ကောင်းစွာလျှင်။ ရဇနံ၊ အညိုအရွှေစသည်တို့ဖြင့် ဆိုး၍ တပ်စွန်းခြင်းကို။ ပဋိဂ္ဂဏှေယျယထာ၊ ယူသကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ ကုလပုတ္တဿ၊ မြတ်သော အမျိုးသားဖြစ်သော။

ယသဿ၊ ယသအား။ တသ္မိံယေဝအာသနေ၊ ၌။ပ။ဇာတိ၊ ဤသို့။ ပကာသေတိ၊ ၏။

၂၇။ အထခေါ၊ ၌။ ကုလပုတ္တဿ၊ • မြတ်သော အမျိုးသား ဖြစ်သော။ ယသဿ၊ ယသ၏။ မာတာ၊ အမိသည်။ ပါသာဒံ၊ပြာ သာဒ်သို့။ အဘိရုဟိတွာ၊ တက်၍။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ အပဿန္တီ၊ မမြင်ရကား။ ယေန၊ အကြင်အရပ်၌။ သေဋ္ဌိဂဟပတိ၊ သူဌေးကြီးသည်။ အတ္ထိ၊ ၏။ တေန၊ ထိုသူဌေးရှိရာ အရပ်သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊ ၍။ သေဋ္ဌိံဂဟပတိံ၊ ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ၏။ ဂဟပတိ၊ သူဌေးကြီး။ တေ၊ သင်၏။ ပုတ္တော၊ သားဖြစ်သော။ ယသော၊သည်။ နဒိဿတိ၊မထင်။ ဇာတိ၊ ဤသို့။ အဝေါစ၊လျှောက်၏။ အထခေါ၊၌။ သေဋ္ဌိဂဟပတိ၊သည်။ စတုဒ္ဒိသာ၊ အရပ်လေးမျက်နှာတို့သို့။ အဿဒူတေ၊ မြင်းသည် တမန်တို့ကို။ ဥယျောဇေတွာ၊ လွှတ်၍။ သာမံယေဝ၊မိမိကိုယ်တိုင် လျှင်။ ယေန၊၌။ ဗာရာဏသီ ... ယေန၊ ၌။ ဣသိပတနမိဂဒါယော၊သည်။ အတ္ထိ၊၏။ တေန၊ သို့။ ဥပသင်္ကမိ၊၏။ သေဋ္ဌိဂဟပတိ၊သည်။ သုဝဏ္ဏပါဒုကာနံ၊တို့ ၏။နိက္ခေပံ၊ ချရာကို။ အဒ္ဒသ၊ မြင်လေ၏။ ဒိသွာန၊၍။ တံယေဝ၊ ထိုခြေနင်းချရာကို သာလျှင်။ အနုဂမာသိ၊ အစဉ်လိုက်လေ၏။ ဘဂဝါ၊ သည်။ သေဋ္ဌိံဂဟပတိံ၊ ကို။ ဒူရတောဝ၊ အဝေးမှလျှင်။ အာဂစ္ဆန္တံ၊ ကို။ အဒ္ဒသ၊ မြင်တော်မူ၏။ ဒိသွာန၊၍။ ဘဂဝတော၊ ၏။ ဧတံပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ယံနူန-ယဒိပန၊ ၍။ အဟံ၊သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ အဘိသင်္ခါရိယမာနေ၊ တန်းခိုးဖန်ဆင်းသည်ရှိသော်။ (အဘိသင်္ခါရိယမာနေကား ပါဌ သေသ)။ ဣဓ၊ ဤအရပ်၌။ နိသိန္နော၊ နေသော။ သေဋ္ဌိဂဟပတိ၊ သည်။ ဣဓ၊ဤအရပ်၌။ နိသိန္နံ၊ သော။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ နပဿေယျ၊ မမြင်ရာ။ တထာရူပံ၊ ထိုသို့ သဘောရှိသော။ ဣဒ္ဓါဘိသင်္ခါရံ၊ တန်းခိုးဖန်ဆင်းခြင်းကို။အဘိသင်္ခရေယျံ၊ဖန်ဆင်းရ မူကား။ သာဓု၊ကောင်း၏။ဇာတိဧတံ-ပရိဝိတက္ကနံ၊သည်။ အဟော သိ၊၏။အထခေါ၌။ဘဂဝါ၊သည်။တထာရူပံ၊သော။ဣဒ္ဓါဘိသင်္ခါရံ၊

ကို။ အဘိသမ္ဗါရေယသိ၊ ၏။ အထခေါ၊၌။ သေဋ္ဌိဂဟပတိ၊ သည်။ ယေန၊ ၌။ဘဂဝါ၊သည်။ အတ္ထိ၊၏။ တေန၊ သို့။ ဥပသင်္ကမိ၊၏။ဥပသင်္ကမိတွာ၊၍။ ဘဂဝန္တံ၊ကို။တော်ဝစနံ၊ကို။ အဝေါစ၊လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ဘဂဝါ၊သည်။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ ပဿေယျအပိ၊ မြင်တော်မူပါ၏လော။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ ဂဟပတိ၊ သူကြွယ်။ တေနဟိ၊ ထိုသို့ မြင်လိုမူကား။ နိသီဒ၊ နေလော့။ ဣဓ၊ ၌။ နိသိန္နော၊နေသော။ တွံ၊သည်။ ဣဓ၊ဤ အရပ်၌။နိသိန္နံ၊ သော။ကုလပုတ္တံ။မြတ်သော အမျိုးသားဖြစ်သော။ ယသံ၊ကို။အပ္ပေဝနာမပဿေယျာသိ၊မြင်ရာ၏။ဣတိ၊သို့။အဝေါစ၊ မိန့်တော်မူ၏။ အထခေါ၊၌။ သေဋ္ဌိဂဟပတိ၊ သူဌေးကြီးသည်။ ဣဓေဝ၊ ဤအရပ်၌လျှင်။ နိသိန္နော၊ သော။ အဟံ၊သည်။ ဣဓ၊ ဤ အရပ်၌။ နိသိန္နံ၊ သော။ ကုလပုတ္တံ၊ သော။ ယသံ၊ကို။ ပဿိဿာမိ ကိရ၊ မြင်ရအံ့သတတ်။ ဣတိ၊ ဤသို့။ ဟဋ္ဌော၊ ရွှင်သည်။ ဥဒဂ္ဂေါ၊ ဝမ်းမြောက်သည်။ ဟုတွာ၊၍။ ဘဂဝန္တံ၊ကို။ အဘိဝါဒေတွာ၊၍။ ဧကမန္တံ၊၌။နိသီဒိ၊ နေ၏။ ဧကမန္တံ၊၌။ နိသိန္နဿ၊သော။သေဋ္ဌိဿ ဂဟပတိဿ၊အား။ ဘဂဝါ၊သည်။ အနုပုဗ္ဗိံ ကထံ၊ကို။ ကထေသိ၊ ၏။ပ။ အပရပ္ပစ္စယော၊ ၍။ သတ္ထုသာသနေ၊၌။ ဘဂဝန္တံ၊ ကို။ တော်ဝစနံ၊ကို။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊" အရှင်ဘုရား။ အဘိက္ကန္တံ၊ အလွန်နှစ်သက်ဘွယ် ရှိ၏။ ဘန္တေ၊ အရှင်ဘုရား။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဘွယ် ရှိ၏။ ဘန္တေ၊ အရှင်ဘုရား။ သေယျထာပိနာမ၊ မည်သည်ကား။ နိက္ကုဇ္ဇိတံဝါ၊ မှောက်၍ထားသော ဝတ္ထုကိုမူလည်း။ ဥက္ကုဇ္ဇေယျယထာ၊ လှန်၍ ပြဘိသကဲ့သို့။ ပဋိစ္ဆန္နံဝါ၊ ဖုံးလွှမ်းသော ဝတ္ထုကို မူလည်း။ ဝိဝရေယျယထာ၊ ဖွင့်ဘိ သကဲ့သို့။ မူဠ္ဟဿဝါ၊ ခရီးမှားသော သူအားလည်း။ မဂ္ဂံ၊ ခရီးကို။ အာစိက္ခေယျယထာ၊ ကြားသကဲ့သို့။ အန္ဓကာရေ၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသောအမိုက်၌။ တေလပဇ္ဇောတံ၊ တန်ဆောင်ဆီမီးကို။ ဓာရေယျ၊ ညှိထွန်းငြားအံ့။ စက္ခုမန္တော၊ မျက်စိအမြင်ရှိသောသူသည်။ ရူပါနိ၊ အဆင်းတို့ကို။ ဒက္ခန္တိယထာ၊

မြင်ကုန်သကဲ့သို့။ ဝေမေဝ၊ ထိုအတူလျှင်။ ဘဂဝတာ၊ သည်။ အနေက ပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ ဓမ္မော၊ကို။ ပကာသိတော၊ပြတော်မူ၏။ [သာရတ္ထဒီပနီ၌ ဥပမာလေးချက်ဟု သချ်ာတပ်၍ ပြသည်]။ ဘန္တေ၊ အရှင်ဘုရား။ သောဟံ-သော အဟံ၊ သည်။ ဘဂဝန္တံ၊ကို။ သရဏံဂစ္ဆတိ၊ ဟူ၍။ ဂစ္ဆာမိ-ဘဇာမိ၊ ၏။ပ။အဇ္ဇတဂ္ဂေ-အဇ္ဇအာဒိံ ကတွာ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ရှည်သရွေ့။ သရဏံဂတံ၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော။ မံ၊ ကို။ ဥပါသကံ ဓာရေတု၊ ဒါယကာဟူ၍။ ဘဂဝါ၊သည်။ ဓာရေတု၊မှတ်တော်မူပါလော့။ သော၀၊ ထိုသူဌေးသည်သာလျှင်။ လောကေ၌၊ပဌမံ၊စွာ။ တေဝါစိကော၊သုံးခွန်းဆောက်တည်ခြင်း ရှိသော။ ဥပါသကော၊ ဒါယကာသည်။ အဟောသိ၊၏။

၂၀။ အထ-တသ္မိံ ကာလေ၌။ပ။ ပိတုနော၊အား။ ဓမ္မေ၊ ကို။ ဒေသိယမာနေ၊ ဟောအပ်သည်ရှိသော်။ (ဟောစဉ်-ဟုလည်းပေး)။ ယထာဒိဋ္ဌံ၊ မြင်တိုင်းသော။ ယထာဝိဒိတံ၊ သိတိုင်းသော။ ဘူမိံ၊ သစ္စာတရားကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော။ ကုလပုတ္တဿ၊သော။ ယသဿ၊ယသအား။ အနုပါဒါယ၊တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသောအာရုံကိုမယူမူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ စိတ္တံ၊သည်။ ဝိမုစ္စိ၊လွတ်၏။ [ယသသူဌေးသားကား သင်္ကန်းမဝတ်သေးဘဲလျှင် လူ့ရဟန္တာဖြစ်သတည်း]။ အထခေါ၌။ ဘဂဝတော၊၏။ ဧတံ၊ ဤအကြံတော်သည်။ အဟောသိ၊၏။ ပိတုနော၊ အား။ ဓမ္မံ၊ကို။ ဒေသိယမာနေ၊ ဟောစဉ်။ ယထာဒိဋ္ဌံ၊သော။ ယထာဝိဒိတံ၊ သော။ ဘူမိံ၊ကို။ ပစ္စဝေက္ခန္တဿ၊ ထသော။ ကုလပုတ္တဿ၊ သော။ ယသဿ၊အား။ အနုပါဒါယ၊မူ၍။ အာသဝေဟိ၊တို့မှ။ စိတ္တံ၊ သည်။ ဝိမုတ္တံ၊ပြီ။ ကုလပုတ္တော၊ဖြစ်သော။ ယသော၊သည်။ ဟီနာယ၊ သို့။ အဝတ္တိတွာ၊လည်၍။ ပုဗ္ဗေ၌။ အဂါရိယဘူတော သေယျထာပိ၊ လူ၏ဘောင်၌နေသောအခါကဲ့သို့။ ကာမေဟိ၊ တို့ကို။ ပရိဘုဉ္ဇိတုံ၊ ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်ပြီ။ ယံနူန-ယဒိပန၊၍။ အဟံ၊သည်။

ပြုကုန်သည်ရှိသော်။ မယံ၊တို့သည်။ ပါပါစ၊လည်း။ ဝိရမေယျာမ၊ ကုန်၏။ ကလျာဏဉ္စ၊ ကိုလည်း။ ကရေယျာမ၊ ပြုရကုန်၏။ ဣတိ၊ ဤသို့။ ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊၏။ပ။သေနာနာယကာ၊ စစ်မှူးဖြစ်ကုန်သော။ မဟာမတ္တာ၊ တို့သည်။ ရာဇဘဋေ၊ မင်းခယောကျာ်းတို့ကို။ ပုစ္ဆိံသု၊ မေးကုန်၏။ ဘဏေ၊ အချင်းတို့။ ကိံ နုခေါ၊ အသို့နည်း။ ဇူတ္တန္တာမောစ၊ ဤမည်သော သူရဲ လည်းကောင်း။ ဇူတ္တန္တာမောစ၊ ဤမည်သော သူရဲ လည်းကောင်း။ ဣတိ၊ ဤသို့။ ဗဟူ၊ များစွာကုန်သော။ (ထည့်)။ ယောဓာ၊ သူရဲတို့သည်။နဒိဿန္တိ၊ မထင်ကုန်။ဣတိ၊ ဤသို့။ ပုစ္ဆိံသု၊ ကုန်၏။ပ။ ဘဏေ၊တို့။ ယော၊ အကြင်သူသည်။ ရာဇဘဋံ၊ မင်းခယောကျာ်းကို။ ပဗ္ဗာဇေတိ၊ ရှင် ရဟန်းပြု၏။ သော၊ သည်။ ကိံဒဏ္ဍံ၊ အဘယ်သို့သောဒဏ်ကို။ ပသဝတိ၊ ပွါးစေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊မေး၏။ ဒေဝ၊ အရှင်မင်းကြီး။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်ဆရာ၏။ သီသံ၊ ဦးခေါင်းကို။ ဆေတဗ္ဗံ၊ ဖြတ်အပ်၏။ အနုသာဝနဿ၊ ကမ္မဝါစာ ရွတ်သောဆရာ၏။ ဇိဝှါ၊လျှာကို။ ဥဒ္ဓရိတဗ္ဗာ၊ ထုတ်အပ်၏။ဂဏဿ–ဂိုဏ်းသင်္ဃာ၏။ ဥပဍ္ဎဖါသုကာ၊ ထက်ဝက်သော နံရိုးတို့ကို။ ဘဉ္ဇိတဗ္ဗာ၊ ချိုးအပ်ကုန်၏။ ဣတိ၊ ဤသို့။ အာဟံသု၊ ကုန်၏။ [ဤစကားသည် တရားသူကြီးတို့၏ တရားဆုံးဖြတ်ရာကျမ်း၌လာသည်ဟူ၍ အမတ်တို့ကဆို၏။ထိုသို့ဆိုသော စကားသည် အမှန်မဟုတ်၊လှည့်စား၍ပြောဆိုခြင်းမျှသာ ဖြစ်သည်ဟု အဓိပ္ပါယ်ယူ။ သာရတ္ထဒီပနီ]။ အထခေါ၊၌။ ဘန္တေ၊ မြတ်စွာဘုရား။ အသဒ္ဓါ၊ မသဒ္ဓါကုန်သော။ အပ္ပသန္နာ၊ မကြည်လင်ကုန်သော။ရာဇာနော၊ မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေရာဇာနော၊ ထိုမင်းတို့သည်။ အပ္ပမတ္တကေနပိ၊ စိုးစဉ်းသော အပြစ်ဖြင့်လည်း။ ဘိက္ခူ၊ တို့ကို။ ဝိဟေဌေယျုံ၊ညှဉ်းဆဲကုန်ရာ၏။ ဘန္တေ၊ အရှင်ဘုရား။ သာဓု–အာယာစာမိ၊၏။ အယျာ၊ သခင်တို့သည်။ ရာဇဘဋံ၊ မင်းခယောကျာ်းကို။ နပဗ္ဗာဇေယျုံ၊ ရဟန်းမပြုပါစေ

ကုန်လင့်။ ဉာတိတော်ဝစနံ၊ကို။ အဝေါစ၊ လျှောက်၏။ပ။ ဘိက္ခဝေ၊ တို့။ ရာဇာဘဋ္ဌော၊ ကို။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်း မပြုအပ်။ပ။

၉၁။ တေနခေါပနသမယေန၊ ၌။ အင်္ဂုလိမာလော၊ အင်္ဂုလိမာလအမည်ရှိသော။ စောရော၊ သည်။ ဘိက္ခူသု၊ တို့၌။ ပဗ္ဗဇိတော၊ သည်။ဟောတိ၊ဖြစ်၏။ပ။မနုဿာ၊လူတို့သည်။ ပဿိတွာ၊ မြင်၍။ဥဗ္ဗိဇ္ဇန္တိပိ၊ထိတ်လည်းထိတ်ကုန်၏။ ဥတ္တသန္တိပိ၊ လန့်လည်း လန့်ကုန်၏။ ပလာယန္တိပိ၊ ပြေးလည်းပြေးခဲ့ကုန်၏။ အညေနပိ၊ တပါးသောခရီးဖြင့်မူလည်း။ ဂစ္ဆန္တိ၊ သွားကုန်၏။ အညေနပိ၊ လည်း။ မုခံ၊ ကို။ ကရောန္တိ၊ ကုန်၏။ဒွါရံပိ၊ ကိုလည်း။ ထကေန္တိ၊ ပိတ်ကုန်၏။ပ။ ဓဇဗန္ဓံ၊ တံခွန်ဖွဲ့၍နေသော။ စောရံ၊ကို။ ပဗ္ဗာဇေဿန္တိ၊ ရဟန်းပြုကုန်ဘိ သနည်း။ ဉာတိ၊ ဤသို့။ ဥပဇ္ဈာယန္တိ၊ ကုန်၏။ပ။

၉၂။ တေနခေါပန သမယေန၊၌။ပ။ ယေဇနာ၊ အကြင်သူတို့ သည်။ပ။ ပဗ္ဗဇန္တိ၊ ကုန်၏။ တေဇနာ၊ တို့ကို။ ကိဉ္စိ၊ တစိုးတစိ။ ကာတုံ၊ ငှါ။ နလဗ္ဘာ၊ မရအပ်ကုန်။ ဓမ္မော၊ တရားကို။ သွာက္ခာတော၊ ကောင်းစွာဟောတော်မူ၏။ ဒုက္ခဿ၊ ဆင်းရဲ၏လည်း။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။သမ္မာ၊ ကောင်းစွာ။ စရန္တု၊ ကျင့်စေကုန်လော့။ ဉာတိ၊ ဤသို့။ အနုညာတံ၊ ခွင့်ပြုအပ်သည်။ ဟောတိ၊ ၏။ တေန ခေါ ပန သမယေန၊၌။ပ။ စောရိကံ၊ခိုးသောအမှုကို။ ကတွာ၊ ပြု၍။ [ပြုချေသောကြောင့်ဟု လည်းပေး။ဤ၌ တွာ–ပစ္စည်းကား ဟိတ်အနက်၌ ဖြစ်သတည်း]။ ဂါရာယ၊ နှောင်အိမ်ဖြင့်။ ဗန္ဓော၊ ဖွဲ့သည်။ ဟောတိ၊ဖြစ်၏၊ သောပုရိသော၊ သည်။ ဂါရံ၊ နှောင်အိမ်ကို။ ဘိန္ဒိတွာ၊ ဖေါက်၍။ပ။ ပဗ္ဗဇိတော၊ သည်။ ဟောတိ၊ ဖြစ်၏ ။ပ။ အယံဘိက္ခု၊ ကား။ ဂါရဘေဒကော၊ နှောင်အိမ်ဖေါက်၍ပြေးလေသော။ သောစောရော၊ ထိုသူခိုးပင်တည်း။ ဟန္ဒ၊ ယခု။ နံဘိက္ခုံ၊ ကို။ နေတ၊ ဆောင်ကုန်လော့။ ဉာတိ၊ဤသို့။ အဘာဟံသု၊ကုန်၏။ပ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဂါရဝေဘေဒကော၊ နှောင်အိမ်ဖေါက်သော။ စောရော၊ သူခိုးကို။ နပဗ္ဗာဇေတဗ္ဗော၊အပ်။ပ။

၉၃။ တေန ခေါ ပန သမယေန၊ ၌။အညတရောကော၊သော၊ ပုရိသော၊ သည်။ စောရိကံ၊ ခိုးမှုကို။ ကတွာ၊ ပြု၍။ပ။ သောစ ပုရိသော၊ ကိုလည်း။ (သည် ဟုလည်းပေး)။ ယတ္ထ၊ အကြင် အရပ်၌။ ပဿတိ၊ မြင်၏။ တတ္ထ၊ ထိုမြင်ရာအရပ်၌။ ဟန္တဗ္ဗောတိ။ သတ်အပ်၏ဟု။ ရညော၊ ၏။ အန္တေပုရေ၊ နန်းတော်အတွင်း၌။ လိခိတော၊ ကမ္ပည်းထားသည်။ဟောတိ၊ဖြစ်၏။ပ။ ဣမေသမဏာ၊ တို့သည်။ အဘယူဝရာ၊ ဘေးမှ မကြဉ်ကုန် ။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ လိခိတကော၊ တွေ့ရာ၌သတ်ဟူ၍ ကမ္ပည်းထားသော ခိုးသူကို။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ပ။

၉၄။ တေန ခေါ ပန သမယေန၊ ၌ ။ပ။ ကတဒဏ္ဍကမ္မော၊ ပြုအပ်သောဒဏ်မှုရှိသော။ ကသာဟတော၊ ကြိမ်လုံးဖြင့်ခတ်အပ် သော။ အညတရော ပုရိသော၊ ယောကျ်ားတယောက်သည်။ပ။ ဘိက္ခဝေ၊တို့။ ကတဒဏ္ဍကမ္မော၊ သော။ ကသာဟတော၊ ကို။ နပဗ္ဗာဇေတဗ္ဗော။ အပ်။ပ။

၉၅။ တေန ခေါ ပနသမယေန၊ ၌။ လက္ခဏာဟတော၊ သံပူ အပ်သော။ ကတဒဏ္ဍကမ္မော၊ ပြုအပ်သော ဒဏ်အမှုရှိသော။ အညတရော၊ သော။ ပုရိသော၊သည်။ပ။ဘိက္ခဝေ၊တို့။ လက္ခဏာ ဟတော၊ သံပူအပ်၍။ ကတဒဏ္ဍကမ္မော၊ ပြုအပ်သော ဒဏ်အမှုရှိ သောသူကို။ နပဗ္ဗာဇေတဗ္ဗော၊အပ်။ပ။

၉၆။ တေန ခေါ ပန သမယေန၊၌။ ဣဏာယိကော၊ မြီတင် သော။ အညတရော ပုရိသော၊ သည် ။ပ။ ပဗ္ဗဇိတော၊ ပြုသည်။ ဟောတိ၊ ၏။ ဓနိယာ၊ ဥစ္စာသခင်တို့သည်။ ပဿိတွာ၊၍ ။ပ။ အယံ သောဘိက္ခု၊ ဤရဟန်းကား။ အမှာကံ၊ တို့၏။ ဣဏာ ယိကော၊ ကြွေးမြီတင်လေသောသူတည်း။ပ။ ဘိက္ခဝေ၊ ရဟန်း တို့။ ဣဏာယိကော၊ သူ့ကြွေး သူ့မြီ တင်သော သူကို။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ပ။

၉၇။ တေနခေါပန သမယေန၊ ၌။ အညတရော၊ အမှတ်မရှိသော။ ဒါသော၊ ကျွန်တယောက်သည်။ပ။ ပဗ္ဗဇိတော၊ သည်။ ဟောတိ၊၏။ အယျကာ၊ အရှင်တို့သည်။ပ။ အာဟံသု၊ ကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ ဒါသော၊ ကျွန်ကို။ နပဗ္ဗာဇေတဗ္ဗော၊အပ်။ပ။

၉၈။ တေနခေါပနသမယေန၊ ၌။ အညတရော၊ အမှတ်မရှိသော။ ကမ္မာရဘဏ္ဍု၊ ရွှေပန်းထိမ်သည်၏သား ဦးခေါင်းပြည်းသောသူသည်။ မာတာပိတူဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဘဏ္ဍိတွာ၊ ငြင်းခုံ၍။ပ။ ပဗ္ဗဇိတော၊သည်။ ဟောတိ၊၏။ပ။ ဝိစိနန္တာ၊ ရှာဖွေလတ်ကုန်သော်။ပ။ ပုစ္ဆိံသု၊ ကုန်၏။ ဘန္တေ၊ သခင်တို့။ ဧဝ ရူပံ၊ သော။ဒါရကံ၊ သူငယ်ကို။ပဿေယျာထအပိ၊မြင်ပါကုန်၏လော။ ဇာတိ၊ ဤသို့။ ပုစ္ဆိံသု၊ ကုန်၏။ ဘိက္ခူ၊ တို့သည်။ အဇာနံယေဝ၊ မသိသည်ဖြစ်၍လျှင်။ နဇာနာမာတိ၊ငါတို့မသိကုန်ဟူ၍။ အပဿံယေဝ၊ မမြင်သည်ဖြစ်၍သာလျှင်။ နပဿာမာတိ၊ ငါတို့မမြင်ကုန်ဟု။ အာဟံသု၊ ကုန်၏။ပ။ သကျပုတ္တိယာ၊ ကုန်သော။ ဣမေ သမဏာ၊ တို့သည်။ အလဇ္ဇိနော၊ အရှက်မရှိကုန်။ ဒုဿီလာ၊ သီလမရှိကုန်။ မုသာဝါဒိနော၊မုသားဆိုတတ်ကုန်၏။ဇာနံယေဝ၊ သိလျက်လျှင်။ နဇာနာမာတိ၊ ငါတို့မသိကုန်ဟု။ အာဟံသု၊ ကုန်၏။ ပဿံယေဝ၊ မြင်လျက်ကိုလျှင်။ နပဿာမာဇာ၊ ငါတို့မမြင်ကုန်ဟု။ အာဟံသု၊ ကုန်၏။ အယံဒါရကော၊ ဤငါတို့သားငယ်သည်။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်မဟုတ်လော။ ဇာတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ ဘဏ္ဍုကမ္မာယ၊ ဆံရိတ်ခြင်းငှါ။ သံဃံ၊ ကို။ အပလောကေတုံ-အပလောကနံ၊ ပန်စိမ့်သည်ကို။ အနုဇာနာမိ၊၏။ [ဗဒ္ဓသိမ်ဖြစ်လျှင် ဗဒ္ဓသိမ်တွင်းသံဃာကိုပန်၊ ဥပစာရသိမ်တွင်းဖြစ်လျှင်ဥပစာရသိမ်တွင်းသင်္ဃာကို ပန်ရမည်ဟု .ဝိမတိဝိနောဒနီ၌ပြ၏]။

၉၉။ တေနခေါပနသမယေန၊ ၌။ သတ္တရသဝဂ္ဂိယာ၊ တကျိပ်ခုနစ်ယောက်အစုရှိကုန်သော။ ဒါရကာ၊ သတို့သားငယ်တို့သည်။ သဟာယကာ၊ အချစ်ခင်ပွန်းဖွဲ့ကြကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဥပါလိဒါရကော၊သည်။ တေသံ၊ ထိုတကျိပ် ခုနစ်ယောက်သော
သူတို့တွင်။ ပါမောက္ခော၊ အကြီးသည်။ ဟောတိ၊ ၏ ။ပ။ ကေန
နုခေါဥပါယေန၊ အဘယ်သို့သောအကြောင်းဖြင့်။ ဥပါလိ၊သည်။
အမှာကံ၊ တို့၏။ အစ္စယေန၊ လွန်သဖြင့်။ သုခဉ္စ၊ ချမ်းသာစွာ
လည်း။ ဇီဝေယျ၊ အသက်မွေးရစ် ရအံ့နည်း။ နစကိလမေယျ၊
မပင်ပန်းရစ်အံ့နည်း။ဣတိ၊ ဤသို့။ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊
၏။ပ။သစေ၊ရှိ။ ဥပါလိ၊ ဥပါလိသည်။ လေခံ၊ စာရေးအတတ်ကို။
သိက္ခေယျ၊ သင်ကြားငြားအံ့။ ဧဝံ၊ ဤသို့ သင်သည် ရှိသော်။ပ။
ဇီဝေယျ၊ အသက်မွေးရ၏။ နစကိလမေယျ၊ မပင်ပန်းရာ ။ပ။
လေခံ၊ စာရေးအတတ်ကို။ သိက္ခိဿတိ၊ အံ့။ အင်္ဂုလိယော၊
လက်ချောင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည်။ ဘဝိဿန္တိ၊
ဖြစ်ကုန်လတ္တံ့။ပ။ဂဏနံ၊ ဂဏန်းအတတ်ကို။ သိက္ခေယျ၊သင်ငြား
အံ့။ပ။ဥရဿဒုက္ခော၊နှလုံးဆင်းရဲသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ပ။
ရူပံ၊ ရွှေငွေအတတ်ကို။ သိက္ခေယျ၊ သင်ငြားအံ့။ အက္ခီနိဒုက္ခာနိ၊
မျက်စိဆင်းရဲကုန်သည်။ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ပ။ ဣမံကထာ
သလ္လာပံ၊ ဤသို့စကားဆိုကြသည်ကို။ အဿောသိခေါ၊ ကြားသ
လျှင်ကတည်း။ပ။ အယျော၊ အရှင်တို့။ ထေ၊ လာလတ်ကုန်။ပ။
ပဗ္ဗဇိဿာမ၊ ရဟန်းပြုကုန်အံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏ ။ပ။
သဗ္ဗေ၊ ကုန်သော။ဣမေဒါရကာ၊တို့သည်။ သမာနစ္ဆန္ဒာ၊တူသော
ဆန္ဒရှိကုန်၏။ ကလျာဏာဓိပ္ပါယာတိ၊ ကောင်းသည်ကို အလိုရှိ
ကုန်၏ဟု။ အနုဇာနိံသု၊ ကုန်၏။ပ။ပစ္စူသသမယံ၊မိုးသောက်ထ
အခါ၌။ ပစ္စုဋ္ဌာယ၊ ထ၍။ ယာဂုံ၊ကို။ ဒေထ၊ ပေးကုန်လော့။ပ။
ခါဒနီယံ၊ကို။ ဒေထာတိ၊ ပေးကုန်လော့ဟု။ ရောဒန္တိ၊ ငိုကုန်၏။ပ။
အာဝုသော၊ အချင်းတို့။ ယာဝဝိဘာယတိ၊လင်းရုံ။ အာဂမေထ၊
ငံ့ကြကုန်ဦးလော့။ သစေ၊ရှိ။ ယာဂု၊ ယာဂုသည်။ ဘဝိဿတိ၊
ရသည့်ဖြစ်အံ့။ ပိဝိဿထ၊ သောက်ရကုန်လတ္တံ့ ။ပ။ သစေ၊ရှိ။
ယာဂုံဝါ၊ ကိုလည်း။ပ။ နောဘဝိဿတိ၊ မရသည်ဖြစ်အံ့။ပိဏ္ဍာယ၊
ငှါ၊ စရိတွာ၊ ၍။ ဘုဉ္ဇိဿထ၊ စားရကုန်လတ္တံ့။ ဣတိ၊ဤသို့။ အာ

ဟံသု၊ ကုန်၏။ပ။ ဘိက္ခုဟိ၊တို့သည်။ ဝုစ္စမာနာ၊ဆိုလကုန်သော်။ ။ပ။ရောဒန္တော၊ ငိုကုန်သလျှင်ကတည်း။ပ။ သေနာသနံ၊ ကျောင်းသည်။ ဥဟဒန္တိ၊ ကျင်ကြီးဖြင့်လည်း သင့်ကုန်၏။ ဥမ္မိဟန္တိပိ၊ ကျင်ငယ်ဖြင့်လည်းသင့်ကုန်၏။ပ။ အာနန္ဒ၊အာနန္ဒာ။ ဒါရကာ၊ သူငယ်၏။ သောသဒ္ဒေါ၊ ထိုအသံကား။ ကိံ နုခေါ၊ အဘယ်သို့သော အကြောင်းနည်း။ ဧတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ပ။ဦနဝီသတိဝဿံ၊အသက်နှစ်ဆယ် မပြည့်သေးသောသူကို။ ဥပသမ္ပါဒေန္တိကိရ၊ ပဉ္စင်းခံကုန်သောဟူကား။ သစ္စံ၊မှန်၏လော။ ဧတိ၊ဤသို့။ ပုစ္ဆိ၊၏။ပ။ဦနဝီသတိဝဿော၊လော။ပုဂ္ဂလော၊သည်။ သီတဿ၊ အချမ်းကိုလည်းကောင်း။ ဥဏှဿ၊ အပူကိုလည်းကောင်း။ဇိဃစ္ဆာယ၊ထမင်းမွတ်ခြင်းကို လည်းကောင်း။ ပိပါသာယ၊ ရေသိပ်ခြင်းကို လည်းကောင်း။အက္ခမော၊သည်းမခံနိုင်သည်။ ဟောတိ၊၏။ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ၊ ခြင်,မှက်,လေ,နေပူ,မြွေ,ကင်း,သန်းတို့၏ အတွေ့တို့ကိုလည်းကောင်း။ ဒုရုတ္တာနံ၊ မကောင်းသဖြင့် ဆိုမြည်ကုန်သော။ ဒုရာဂတာနံ၊ မကောင်းသဖြင့် လာကုန်သော။ ဝစနပထာနံ၊ ဆိုးမစကားတို့ကိုလည်းကောင်း။ တိဗ္ဗာနံ၊ထက်ကုန်သော။ခရာနံ၊ကြမ်းကုန်သော။ ကဋုကာနံ၊ စပ်ခါးကုန်သော။ အသာတာနံ၊ သာယာခြင်း မရှိကုန်သော။ အမနာပါနံ၊ နှလုံးကို မသွားစေတတ်ကုန်သော။ ပါဏဟရာနံ၊ အသက်ကို ဆောင်တတ်ကုန်သော။ သာရီရိကာနံ၊ ကိုယ်၌ဖြစ်ကုန်ထသော။ ဥပ္ပန္နာနံ၊ဖြစ်လတ်ကုန်ထသော။ ဒုက္ခာနံ ဝေဒနာနံ၊ ဒုက္ခဝေဒနာတို့ကို။ အနဓိဝါသကဇာတိကော၊သည်းမခံနိုင်သော သဘောရှိသည်။ ဟောတိ၊ ၏။ (အထက်ကားတူပြီ။ န မရှိသည်သာအထူး) ။ပ။ ဘိက္ခဝေ၊ တို့။ ဇာနံ-ဇာနန္တော၊ သိလျက်။ ဦနဝီသတိဝဿော၊ အနှစ်နှစ်ဆယ် မပြည့်သေးသော။ ပုဂ္ဂလော၊ ကို။ နဥပသမ္ပါဒေတဗ္ဗော၊ ရဟန်းမပြုအပ်။ပ။

၁၀၀။ တေနခေါပနသမယေန၊ ၌။ အညတရံ၊ အမှတ်မရှိသော။ ကုလံ၊ အမျိုးသည်။ အဟိဝါတကရောဂေန၊ ယဉ်းအနာ

ဖြင့်။ ကာလက်တံ၊သေသည်။ ဟောတိ၊ ၏။ တသကုလဿ၊၏။
ပိတာပုတ္တကာ၊ အဘသားနှစ်ယောက်တို့သည်ယာလျှင်။သေသာ၊
ကြွင်းကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ပိတုနော၊ အဘအား။
ဘိက္ခာယ၊ ဆွမ်းကို။ ဒိန္နာယ၊ လှူလတ်သော်။ ဥပဓာဝိတွာ၊ ပြေး
လတ်၍။ တာတ၊ ဘခင်။ မယှံပိ၊ အကျွန်ုပ်အားလည်း။ ဒေဟိ၊
ပေးပါလော့။ပ။ဒေဟီတိ၊ ပေးပါလော့ဟု။ အဝေါစ၊ ၏။ အယံ
ဒါရကော၊ဤသူငယ်သည်။ ဘိက္ခုနိယာ၊၏။ဇာတော၊ဘွားသော
သားတည်း။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏၊ပ။ ဘိက္ခဝေ၊ တို့။
ဦနပန္နရသဝဿော၊ တဆဲ့ငါးနှစ်မပြည့်သေးသော။ ဒါရကော၊
ကို။နပဗ္ဗာဇေတဗ္ဗော၊ရှင်မပြုအပ်။ပ။တေနခေါပနသမယေန၊၌။ပ။
တေဒါရကာ၊တို့သည်။ ပေါရာဏကေန၊ရှေး၌ဖြစ်သော။အာစိဏ္ဏ
ကပ္ပေန၊ အလေ့အကျက်ဖြင့်။ ဘိက္ခူ၊ တို့ကို။ ပဿိတွာ၊ ၍။ ဥပ
ဓာဝန္တိ၊ ပြေးလာကုန်၏။ ဘိက္ခူ၊ တို့သည်။ အပသာဒေန္တိ၊
မောင်းမဲကုန်၏။ပ။ ကေနနုခေါဥပါယေန၊ ဖြင့်။ ဣမေဒါရကာ၊
တို့သည်။ နဝိနဿေယျုံ၊ မပျက်စီးကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ပရိ
ဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ပ။အာနန္ဒ၊ အာနန္ဒာ။ တေ
ဒါရကာ၊တို့သည်။ ကာကော၊ကျီးတို့ကို။ ဥဍ္ဍေတုံ၊လန့်စိမ့်သောငှါ။
ဥဿဟန္တိ၊ တတ်နိုင်ကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်
မူ၏။ ဘဂဝါ၊ မြတ်စွာဘုရား။ ဥဿဟန္တိ၊ တတ်အားနိုင်ကုန်၏။
ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်၏ ။ပ။ ဘိက္ခဝေ၊ တို့။
ဦနပန္နရသကံ၊ တဆဲ့ငါးနှစ် မပြည့်သေးသော။ ကာကုဍ္ဍေပကံ၊
ကျီးကိုလန့်အောင် နှင်နိုင်သော။ ဒါရကံ၊ ကို။ ပဗ္ဗာဇေတုံ၊ ရှင်ပြု
စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။

၁၀၁။ တေနခေါပနသမယေန၊၌။ သကျပုတ္တဿ၊ဖြစ်သော။
အာယသ္မတော၊ ရှိသော။ ဥပနန္ဒဿ၊ အရှင်ဥပနန်၏။ ဒွေ၊
နှစ်ယောက်ကုန်သော။ သာမဏေရာ၊ တို့သည်။ ဟောန္တိ၊ကုန်၏။
ကဏ္ဍကောစ၊ ကဏ္ဍကလည်းတယောက်။ မဟကောစ၊ မဟက
လည်းတယောက်။တေ၊ထိုသာမဏေတို့သည်။ပ။ဒုသေသုံ၊ပျက်စေ

ကုန်၏။ (ပေါင်းဖေါ်ကုန်၏ ဟူလိုသတတ်)။ ပ။ ဘိက္ခဝေ၊ တို့။ ဧကေန၊ တယောက်သော ရဟန်းသည်။ ဒွေသာမဏေရာ၊ တို့ကို။ နဥပဋ္ဌာပေတဗ္ဗာ၊ ဥပဇ္ဈာယ်ပြု၍ မလုပ်ကျွေးစေအပ်ကုန်။ ပ။

၁၀၂။ တေနခေါပနသမယေန၊ ဌ။ ပ။ တတ္ထေဝ-ရာဇဂဟေ၊ ထိုရာဇဂြိုဟ်ပြည်၌သာလျှင်။ ဝဿံ၊ မိုးလေးလပတ်လုံး။ ဝသိ၊ နေတော်မူ၏။ ဟေမန္တံ၊ ဆောင်းလေးလပတ်လုံး။ တတ္ထ-တတ္ထေဝ၊ ထိုရာဇဂြိုဟ်ပြည်၌သာလျှင်။ ဝသိ၊ ၏။ ဂိမှန္တံ၊ နွေလေးလပတ်လုံး။ တတ္ထ-တတ္ထေဝ၊ ၌သာလျှင်။ ဝသိ၊ ၏။ မနုဿာ၊ တို့သည်။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ပ။ သကျပုတ္တိယာနံ၊ ဖြစ်ကုန်သော။ သမဏာနံ၊ တို့အား။ ဒိသာ၊ အရပ်မျက်နှာတို့သည်။ အာဟုန္ဒရိကာ၊ ကျဉ်းမြောင်းလေကုန်သလော။ အန္ဓကာရာ၊ မိုက်ခဲ့ကုန်သလော။ ဣမေသံသမဏာနံ၊ တို့အား။ ဒိသာ၊ တို့သည်။ နပက္ခာယန္တိ၊ မဆန့်လေကုန်သလော။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ပ။ အာနန္ဒ၊ အာနန္ဒာ။ ဂစ္ဆ၊ သွားချေလော့။ အဝါပုရဏံ၊ သံကောက်ကို။ အာဒါယ၊ ယူ၍။ အနုပရိဝေဏိယံ၊ ပရိဝုဏ်တိုင်း။ ပ။ အာရောစေဟိ၊ ကြားချေလော့။ အာဝုသော၊ အရှင်တို့။ လ။ ဒက္ခိဏာဂိရိံ၊ ဒက္ခိဏာဂိရိဇနပုဒ်သို့။ ပ။ ပက္ကမိတုံ၊ ကြွခြင်းငှါ။ ဣစ္ဆတိ၊ အလို ရှိတော်မူ၏။ အာယသ္မတော၊ သော။ ယဿဘိက္ခုနော၊ အား။ အတ္ထော၊ ၏။ သောဘိက္ခု၊ သည်။ အာဂစ္ဆတု၊ လာစေသတည်း။ ဣတိ၊ ဤသို့။ အာရောစေဟီတိ၊ ကြားချေလော့ဟု။ အာမန္တေသိ-ကထေသိ၊ မိန့်တော်မူ၏။ ပ။ ဘိက္ခူ၊ တို့သည်။ ဧဝံ၊ ဤသို့။ အာဟံသု၊ ကုန်၏။ အာဝုသောအာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ဒသဝဿာနိ၊ ဆယ်ဝါပြည့်သောဗျတ္တိရှိသော ရဟန်းတို့ကို။ နိဿာယ၊ ၍။ ဝတ္ထုံ၊ နေစိမ့်သောငှါ။ ဒသဝဿေန၊ ဆယ်ဝါပြည့်သော ဗျတ္တိရှိသော ရဟန်းသည်။ နိဿယံ၊ နိဿယည်းကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဘဂဝတာ၊ သည်။ ပညတ္တံ၊ ၏။ နော-အမှာကံ၊ အကျွန်ုပ်တို့အား။ တတ္ထစ၊ ထိုဒက္ခိဏာဂိရိဇနပုဒ်သို့လည်း။ ဂန္တဗ္ဗံ၊ သွားအပ်သည်။ ဘဝိဿတိ၊ ဖြစ်အံ့။ နိဿယောစ၊ ကိုလည်း။ ဂဟေတဗ္ဗော၊ တပါးဆရာ

အထံ၌ ယူအပ်သည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဇုတ္တရောစဝါသော၊
နည်းသော နေခြင်းရှိသည်လည်း။ ဘဝိဿတိ၊ လတ္တံ့။ (ကြာကြာ
မနေရ ဟူလိုသတတ်)။ ပုနစ၊တဘန်လည်း။ ပစ္စာဂန္တဗ္ဗံ၊လာပြန်
ရသည်။ ဘဝိဿတိ၊ လတ္တံ့။ ပုနစ၊တဘန်လည်း။ ဂဟေတဗ္ဗော၊
ဆရာအထံ၌ နိဿယည်းယူပြန်ရသည်။ ဘဝိဿတိ၊ လတ္တံ့။ပ။
အာဝုသောအာနန္ဒ၊ အရှင်အာနန္ဒာ။ နော-အမှာကံ၊ အကျွန်ုပ်
တို့အား။ လဟုစိတ္တကတာ၊ စိတ်လျင်သော အဖြစ်သည်။ ပဍ္ဍာ
ယိဿတီတိ၊ထင်အံ့ဟု။ အာဟံသု၊ကုန်၏။ အထခေါ၊၌။ ဘဂဝါ၊
သည်။ ဩဂဏေန၊ နည်းသော ဂိုဏ်းရှိသော။ (ဂိုဏ်းမပြည့်သော
ဟုလည်းပေး)။ ဘိက္ခုသံဃေန၊ နှင့်။ ပက္ကာမိ၊ ကြွတော်မူ၏။ပ။
၁၀၃။ ယထာဘိရန္တံ၊ မွေ့လျော်သရွေ့။ ဝိဟရိတွာ၊ ၍။ပ။
ပစ္စာဂန္တွိ၊ ပြန်တော်မူခဲ့၏။ပ။အာနန္ဒ၊ အာနန္ဒာ။ ကိံနုခေါကာရ
ဏေန၊ ကြောင့်။ပ။ပက္ကန္တော၊ သွားရသနည်း။ ဇုတိ၊ ဤသို့။
အာမန္တေသိ၊ ၏။ပ။ဘိက္ခဝေ၊ တို့။ ဖျတ္တေန၊ ဖျတ္တိရှိသော။ ပဋိ
ဗလေန၊ပါဠိအဋ္ဌကထာသင်ခြင်းစသည်၌စွမ်းနိုင်သော။ဘိက္ခုနာ၊
သည်။ ပဉ္စဝဿာနိ၊ ငါးဝါတိုင်ရုံ။ နိဿာယ၊ မှီ၍။ ဝတ္ထုံ၊နေစိမ့်
သောငှါ။ အဖျတ္တေန၊ ဖျတ္တိမရှိသော ရဟန်းသည်။ ယာဝဇီဝံ၊
အသက်ထက်ဆုံး။ နိဿာယ၊ မှီ၍။ ဝတ္ထုံ၊ နေစိမ့်သောငှါ။ အနု
ဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊တို့နှင့်။
သမန္နာဂတေန၊ သော။ ဘိက္ခုနာ၊ သည်။ အနိဿိတေန၊ အမှီ
မရှိဘဲ။ နဝတ္တဗ္ဗံ၊ မနေအပ်။ အသေက္ခေန၊ သော။ သီလက္ခန္ဓေန၊
နှင့်။ သမန္နာဂတော၊ သည်၊ နဟောတိ၊ မဖြစ်။ပ။

ပဉ္စဒသကဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီ။

၁၀၄။ ဘိက္ခဝေ၊ တို့။ ဆဟိ၊ ကုန်သော။ ဇုမေဟိ-အင်္ဂေဟိ၊
တို့နှင့်။ သမန္နာဂတေန၊ သော။ ဘိက္ခုနာ၊ သည်။ အနိဿိတေန၊
မမှီဘဲ။ ဝတ္တဗ္ဗံ၊ ၏။ ဇုတိ၊ ဤသည်လျှင် အပြီးတည်း။

အဋ္ဌမော၊ သော။ အဘယူဝရဘာဏဝါရော၊

သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၀၅။ အထခေါ၊ ၌။ ဘဂဝါ၊သည်။ ရာဇဂဟေ၊၌။ ယထာဘိရန္တံ၊ မွေ့လျော်တော်မူသရွေ့။ ဝိဟရိတွာ၊၍။ ယေနမဂ္ဂေန၊ဖြင့်။ ကပိလဝတ္ထု၊ကပိလဝတ်ပြည်သို့။ဂန္တဗ္ဗော၊၏။တေနမဂ္ဂေန၊ဖြင့်။ပ။ ပက္ကမိ၊ ၏။ပ။သက္ကေသု၊ သက္ကတိုင်းတို့၌။တတြ-တသ္မိံ ကပိလဝတ္ထုသ္မိံ၊ ထိုကပိလဝတ်ပြည်၏ အနီး၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်းတော်၌။ ဝိဟရတိ၊၏။ပ။ယေန၊အကြင်ကပိလဝတ်ပြည်၏ အလယ်၌။ သုဒ္ဓေါဒနသက္ကဿ၊သုဒ္ဓေါဒန အမည်ရှိသော သာကီဝင်မင်း၏။ နိဝေသနံ၊ နန်းတော်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုနန်းတော်သို့။ ဥပသင်္ကမိ၊ ၏။ပ။ရာဟုလမာတာ၊ ရာဟုလာ၏ မယ်တော်ဖြစ်သော။ ဒေဝီ၊ မိဖုယားသည်။ပ။ရာဟုလ၊ ချစ်သားရာဟုလာ။ ဧသော သမဏော၊ထိုရှင်ရဟန်းသည်။ တေ၊၏။ပိတာ၊ အဘတည်း။ ဂစ္ဆသု၊ သွားချေလော့။ ဒါယဇ္ဇံ၊ အဘမွေကို။ ယာစာဟိ၊ တောင်းချေလော့။ ဣတိအဝေါစ၊ ဆို၏ ။ပ။ သမဏ၊ ရှင်ရဟန်း။ တေ၊ ၏။ ဆာယာ၊ အရိပ်သည်။ သုခါ၊ချမ်းသာ၏။ (ငြိမ်းချမ်းစွာ၏လည်းဟူ)။ ဣတိ၊ ဤသို့။ ဘဂဝတော၊ ၏။ ပုရတော၊ ရှေ့မှ။ အဋ္ဌာသိ၊ တည်၏။ပ။သမဏ၊ အရှင်ရဟန်း။ မေ၊ အကျွန်ုပ်အား။ ဒါယဇ္ဇံ၊ အမွေကို။ ဒေဟိ၊ ပေးလော့ ။ပ။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ (ထည့်)။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှနောက်မှ။ အနုဗန္ဓိ၊ အစဉ်လိုက်၏။ပ။သာရိပုတ္တ၊ သာရိပုတ္တရာ။ ယေနကာရဏေန၊ကြောင့်။ ရာဟုလော၊ရာဟုလာသည်။ ဒါယဇ္ဇံ၊ အမွေကို။ ယာစတိ၊ တောင်း၏။ တေနဟိ၊ ထိုသို့ အမွေတောင်းရကား။ ရာဟုလကုမာရံ၊ ရာဟုလမင်းသားကို။ ပဗ္ဗာဇေဟိ၊ရှင်ပြုလော့။ ဣတိ၊ ဤသို့။ အမန္တေသိ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကထံ၊ အဘယ်သို့လျှင်။ပ။ပဗ္ဗာဇေမိ၊ ရှင်ပြုရအံ့နည်း။ (နောက်ကို သိသာပြီ)။ပ။အထခေါ၊၌။ သုဒ္ဓေါဒနော၊ သုဒ္ဓေါဒန အမည်ရှိသော။ သက္ကော၊ သာကီဝင်မင်းကြီးသည် ။ပ။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ လျှောက်၏။ ဘန္တေ၊အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဧကံဝရံ၊ တခုသော ဆုကို။ ယာစာမိ၊

တောင်းပန်ပါအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊လျှောက်၏။ ဂေါတမ၊ ဂေါတမ အမျိုး၌ ဖြစ်သော ခမည်းတော်မင်းကြီး။ တထာဂတာ၊ ဘုရားတို့သည်။ အတိက္ကန္တဝရာ၊အလွန်နှစ်လိုအပ်သောဆု ဖြစ်ပါ ၏လော။ ဣတိ၊ ဤသို့။ ဝုတ္တော၊ မိန့်တော်မူလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ ယံဝရံ၊ အကြင်တောင်းပန်အပ်သောဆုသည်။ ကပ္ပတိစ၊ အပ်လည်းအပ်၏။ ယံဝရံ၊ သည်။ အနဝဇ္ဇဥ္စ၊ အပြစ်လည်း မရှိ။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ဂေါတမ၊ ဂေါတမအမျိုး၌ ဖြစ်သော ခမည်းတော်မင်းကြီး။ ဝဒေဟိ၊ ဆိုလော့။ ဣတိ၊ဤသို့။ ဝုတ္တော၊ သော်။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝတိ၊သည်။ ပဗ္ဗဇိတေ၊ ရဟန်းပြုတော်မူခဲ့သော်။ မေ၊ အကျွန်ုပ်အား။ အနပ္ပကံ၊ အတိုင်း မသိသော။ ဒုက္ခံ၊ ဆင်းရဲသည်။ အဟောသိ၊ ဖြစ်လေပြီ။ နန္ဒေ၊ နန္ဒမင်းသားသည်။ ပဗ္ဗဇိတေ၊ ရဟန်းပြုတော်မူခဲ့သော်။ တထာ၊ ထိုအတူ။ အနပ္ပကံ၊အတိုင်းမသိသော။ ဒုက္ခံ၊သည်။အဟောသိ၊ပြီ။ ရာဟုလေ၊ ချစ်မြေးရာဟုလာသည်။ ပဗ္ဗဇိတေ၊ ရှင်ပြုခဲ့သော်။ အဓိမတ္တံ၊အတိုင်းထက်အလွန်လျှင်။ဒုက္ခံ၊သည်။အဟောသိ၊၏။ ဘန္တေ၊ အရှင်ဘုရား။ပုတ္တပေမံ၊သား၏ချစ်ချင်းသည်။ဆဝိံ၊အပေါ်ရေကို။ ဆိန္ဒတိ၊ ဖြတ်၏။ ဆဝိံ၊ အပေါ်ရေကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ စမ္မံ၊ အတွင်းရေကို။ ဆိန္ဒတိ၊ ဖြတ်၏။ပ။ အဋ္ဌိံ၊ အရိုးကို။ပ။ အဋ္ဌိမိဉ္ဇံ၊ ခြင်ဆီကို။ အာဟစ္စ၊ထိ၍။ တိဋ္ဌတိ၊တည်၏။ ဘန္တေ၊အရှင်ဘုရား။ သာဓု-အာယာစာမိ၊ တောင်းပန်ပါ၏။ အယျာ၊ သခင်တို့သည်။ မာတာပိတူဟိ၊ အမိ,အဘတို့သည်။ အနနုညာတံ၊ ခွင့်မပြုအပ်သော။ ပုတ္တံ၊ သားကို။ နပဗ္ဗာဇေယျုံ၊ ရှင်ရဟန်းမပြုစေကုန်လင့်။ ဣတိ၊ ဤသို့။အဝေါစ၊၏။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ မာတာပိတူဟိ၊ တို့သည်။ အနနုညာတော၊ ခွင့်မပြုအပ်သော။ ပုတ္တော၊ကို။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းမပြုအပ်။ပ။

အမှာ ဥပဇ္ဈာယ်ပေးသော ဆရာသည် ဥပဇ္ဈာစရိယ၊ တပည့်သည် သဒ္ဓိဝိဟာရိကတည်း။ နိဿယည်း ပေးသောဆရာသည် နိဿယာစရိယ၊ တပည့်သည် နိဿယန္တေ

ဝါသိကတည်း။ သရဏဂုံပေးသော ဆရာသည် ပဗ္ဗဇ္ဇာစရိယ၊ တပည့်သည် ပဗ္ဗဇ္ဇန္တေဝါသိကတည်း။ ကမ္မဝါဘတ်သော ဆရာသည် ဥပသမ္ပဒါစရိယ၊တပည့်သည် ဥပသမ္ပဒန္တေဝါသိကတည်း။ ပါဠိအဋ္ဌကထာ စသည်ကို သင်သောဆရာသည် ဓမ္မာစရိယ၊ တပည့်သည် ဓမ္မန္တေ ဝါသိကတည်း။ ဆုံးမသော ဆရာသည် ဩဝါဒါစရိယ၊ တပည့်သည် ဩဝါဒန္တေဝါသိကတည်း။ ဤသို့ ဆရာတပည့်အထူးကိုမှတ်။

* အထခေါ၊ ဌ။ဘဂဝါ၊သည်။ပ။ ယေနမဂ္ဂေန၊ဖြင့်။သာဝတ္ထိ၊ သာဝတ္ထိပြည်သို့။ ဂန္တဗ္ဗာ၊၏။ တေနမဂ္ဂေန၊ ဖြင့် ။ပ။ ပက္ကာမိ၊ သွားတော်မူလေ၏။ပ။တံ သာဝတ္ထိနဂရံ၊သို့။အဝသရိ-သမ္ပတ္တော၊ ရောက်တော်မူလေ၏။တတြတိဿံသာဝတ္ထိယံ၊ထိုသာဝတ္ထိပြည်၏ အနီး၌။ဇေတဝနေ၊ဇေတမင်းသား၏ဥယျာဉ်ဖြစ်သော။ အနာထပိဏ္ဍိကဿ၊၏။ အာရာမေ၊ အရာမ်၌။ဝိဟရတိ၊၏။ပ။ အာယသ္မ-တော၊သော၊သာရိပုတ္တဿ၊၏။ဥပဋ္ဌာကကုလံ၊ အလုပ်အကျွေးဖြစ်သောအမျိုးသည်။ (ဒါယကာသည်ဟုလည်းပေး) ။ပ။ ပါဟေသိ၊ စေလိုက်၏။ (လွှတ်လိုက်၏ဟုလည်းပေး) ။ပ။ကေန၊ တယောက်ထည်းသော။ ဘိက္ခုနာ၊ရဟန်းသည်။ဒွေသာမဏေရာ၊နှစ်ယောက် သော သာမဏေတို့ကို။ နဥပဋ္ဌာပေတဗ္ဗာတိ၊ ဥပဋ္ဌာယ်ပြု၍မလုပ် ကျွေးစေအပ်ဟု။ပညတ္တံ၊အပ်၏။ မေ၊အား။ရာဟုလော၊ ရာဟုလာ အမည်ရှိသော။ အယဥ္စ သာမဏေရော၊ ဤသာမဏေသည်လည်း။ အတ္ထိ၊ရှိခဲ့၏။ပ။ ဘိက္ခဝေ၊ ရဟန်းသို့။ ဗျတ္တေန၊သော။ ပဋိဗလေန၊ ပါဠိအဋ္ဌကထာသင်ခြင်းဆုံးမခြင်း လုပ်ကျွေးသဂြိုဟ်ခြင်းစသည်၌ စွမ်းနိုင်သော။ ဧကေနဘိက္ခုနာ၊သည်။ပ။ ဥပဋ္ဌာပေတုံ၊ဥပဋ္ဌာယ် ယူစေ၍ လုပ်ကျွေးစိမ့်သောငှါ။ ယာဝတ္တကေ၊ အကြင်မျှလောက် သော သာမဏေတို့ကို။ ဩဝဒိတုံ၊ ဆုံးမခြင်းငှါ။ အနုသာသိတုံ၊ ကမြစ်အံ့သောငှါ။ ဥဿဟတိ၊ စွမ်းနိုင်၏။ တာဝတ္တကေ၊ ထိုမျှ လောက်သော သာမဏေတို့ကို။ဥပဋ္ဌာပေတုံ၊ငှါ။ အနုဇာနာမိ၊၏။ [ယာဝတ္တကေ ဟူသည်ကား ဆုံးမကမြစ်နိုင်သည်သာ ပမာန

ဟူလိုသတည်း။ နှစ်ယောက်ထက်လွန်သော်လည်း အပ်သည်ချည်း ဟူလိုသတတ်]။

၁၀၆။ ။ပ။အမှာကံ၊တို့၏။ သိက္ခာပဒါနိ၊သိက္ခာပုဒ်တို့ကား။ ကတိနုခေါ၊ အဘယ်မျှတို့နည်း။ ကတ္ထစ၊ အဘယ်သိက္ခာပုဒ်တို့၌။ အမှေဟိ၊ ငါတို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်သနည်း။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ သာမဏေရာနံ၊ တို့အား။ ဒသသိက္ခာပဒါနိ၊ ဆယ်ပါး သောသိက္ခာပုဒ်တို့ကို။အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။တေသုစဒသ သိက္ခာပဒေသု၊ထိုဆယ်ပါးသော သိက္ခာပုဒ်တို့၌လည်း။ သာမဏေ ရေဟိ၊ တို့ကို။ သိက္ခိတုံ၊ ကျင့်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်းမှ။ ဝေရမဏိ၊ ကြဉ် ခြင်း။အဒိန္နာဒါနာ၊ အရှင်မပေးသောသူ၏ဥစ္စာကို ခိုးယူခြင်းမှ။ပ။ အဗြဟ္မစရိယာ၊ယုတ်သော အကျင့်မှ။ (မေထုန်အကျင့်မှ ဟုလည်း ပေး)။ပ။မုသာဝါဒါ၊မဟုတ်မမှန်သော စကားကိုဆိုခြင်းမှ။ပ။သု ရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ သေရည်သေရက်သောက်ခြင်းတည်း ဟူသော ယစ်ခြင်း,မေ့လျော့ခြင်း၏အကြောင်းမှ။ (တနည်းတုံ) - ယစ်ခြင်း, မေ့လျော့ခြင်း၏ အကြောင်း တည်းဟူသော သေရည် သေရက်ကို သောက်ခြင်းမှ။ပ။ ဝိကာလဘောဇနာ၊ နေလွဲညစာ စားခြင်းမှ။ပ။ နစ္စ-ဂီတ-ဝါဒိတ-ဝိသုက-ဒဿနာ၊ သာသနာ တော်၏ တံကျင်နှင့်တူသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ခြင်း, နာခြင်းမှ။ပ။ (ဤခပ်သိမ်းကိုမိမိတို့လည်း မပြုအပ်)။ မာလာဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍနဝိဘူသနဋ္ဌာနာ၊ ပန်းပန် ခြင်း, နံ့သာမှုန့်ချေခြင်း, နံ့သာပျောင်းဖြင့် တန်းဆာဆင်ခြင်း အကြောင်းမှ။ [မာလာနှင့် ဓာရဏဟပ်၊ ဂန္ဓနှင့် မဏ္ဍနဟပ်၊ ဝိလေပနနှင့် ဝိဘူသနကိုဟပ်။ နိမ့်သောအရပ်ကို ဘို့သည်ကား မဏ္ဍနတည်း။ ရေးသားမှန်ကူခြင်းစသည်ကား ဝိဘူသနတည်း]။ ဥစ္စာသယန မဟာသယနာ၊ပမာဏထက်မြင့်သော အိပ်ရာ နေရာ မြတ်သောအိပ်ရာနေရာတို့၌အိပ်ခြင်း,နေခြင်းမှ။ပ။ဇာတရူပရဇတ ပဋိဂ္ဂဟဏာ၊ ရွှေ, ငွေသပြာ စသည် တို့ကို ခံခြင်းမှ။ ဝေရမဏိ၊

ကြည့်ခြင်း။ပ။ ဘိက္ခဝေ၊တို့။ သာမဏေရာနံ၊ တို့အား။ သိက္ခိတုံ၊ ကျင့်စိမ့်သောငှါ။ အနုဇာနာမိ၊၏။

**အမှာ** ကျင့်ရသော သိက္ခာပုဒ် တို့ကို ပါဠိရှိတိုင်းလည်း သင်အပ်၏။ ပါဠိရှိတိုင်း သင်ခြင်းငှါ မစွမ်းနိုင်မှု အမှတ်မရှိသော ဘာသာ၏ အနက်၏ အစွမ်းအားဖြင့် ကြားခြင်းငှါလည်း အပ်၏။ သာမဏေတို့မှာ သရဏဂုံဖြင့် သာမဏေ အဖြစ်သို့ ရောက်သည်ဟူလို။ ရွှေဥမင်နိသျှ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ အစရှိသည်ဖြင့် ပြည့်စုံစွာ ပေးအပ်ကြောင်းကို မှာတော်မူသည်။ ထိုသို့ မှာတော်မူသည့် အတိုင်း ပေးလျှင်လည်း အပြစ်မရှိ။ အတိယုတ္တသာဖြစ်သည်။

၁၀၇။ တေနခေါပနသမယေန၊ ၌။ သာမဏေရာ၊ တို့သည်။ ဘိက္ခူသု၊ တို့၌။ အဂါရဝါ၊ မရိုမသေကုန်။ (အလေးမပြုကုန် ဟုလည်းပေး)။ အပ္ပတိဿာ၊ မတုပ်ဝပ် မကျိုးနွံကုန်။ (အကြီး မရှိကုန် ဟုလည်းပေး)။ အသဘာဂဝုတ္တိနော၊သဘောမတူသော အသက်မွေးခြင်းရှိကုန်သည်ဖြစ်၍။ဝိဟရန္တိ၊နေကုန်၏။ပ။ဘိက္ခူနံ၊ တို့အား။ အလာဘာယ၊ ရအပ်သောလာဘ်ကို မရစိမ့်သောငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ အနတ္ထာယ၊ အကျိုးမဲ့ ဘေးဥပဒ်ဖြစ်စိမ့် သောငှါ။ပ။အဝါသာယ၊ နေမြဲကျောင်း၌ မနေရစိမ့်သောငှါ။ပ။ ဘိက္ခူ၊ တို့ကို။ ဘိက္ခူဟိ၊ တို့နှင့်။ ဘေဒေတိ၊ဖျက်၏။ (ကုန်းတိုက် ၏ဟုလည်းပေး)။ပ။ဒဏ္ဍကမ္မံ၊ ဒဏ်ပေးသောအမှုကို။ ဝါ၊ ဆုံးမ ကြောင်းဖြစ်သော အမှုကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။လ။ ကိံ နုခေါဒဏ္ဍကမ္မံ၊အဘယ်သို့သော ဒဏ်အမှုကို။ ကာတဗ္ဗံ၊နည်း။ ဉတိဓတံ-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ပ။အာဝရဏံ၊ မြစ်ခြင်းကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ (နေမြဲ ဝင်မြဲသို့ မဝင် စေလင့် ဟူလိုသတတ်)။ပ။သင္ဃံ၊သော။သံဃာရာမံ၊သင်္ဃာ့အရံကို။ အာဝရဏံ၊ တားမြစ်ခြင်းကို။ ကရောန္တိ၊ ကုန်၏။ပ။ဘိက္ခဝေ၊ တို့။ ယတ္ထ၊ အကြင်အရပ်၌။ ဝသတိဝါ၊ နေလည်းနေ၏။ပ။ပဋိက္ကမတိ ဝါ၊ ဝင်လည်းဝင်၏။ပ။တတ္ထ၊ ထိုနေမြဲ ဝင်မြဲအရပ်၌။ အာဝရဏံ၊

ကို။ ကာဟုံ၊ ၄ါ။ အနုဇာနာမိ၊ ၏။ပ။တေနခေါ ပနသမယေန၊ ၌။
။ပ။မုခဒွါရိကံ၊ ခံတွင်းတည်းဟူသော တံခါးဖြင့် သွင်းအပ်သော။
အာဟာရံ၊ အာဟာရကို။ အာဝရဏံ၊မစားလင့် မသောက်လင့်ဟု
မြစ်ခြင်းကို။ ကရောန္တိ၊ ကုန်၏။ ယာဂုပါနံပိ၊ ယာဂုအဖျော်ကို
လည်းကောင်း။ပ။ကရောန္တော၊ ကုန်သော။ မနုဿာ၊တို့သည်။ပ။
ဘန္တေ၊ သခင်တို့။ ထေ၊ လာလတ်ကုန်။ ယာဂုံ၊ ကို။ ပိဝထ၊
သောက်ကုန်လော့။ပ။ဘုဉ္ဇထာတိ၊ စားကုန်လော့ဟု။ ဝဒန္တိ၊ ဆို
ကုန်၏။ပ။အာဝုသော၊ ဒါယကာတို့။ ယာဂုံ၊ ကို။ ပါတုံ၊ သောက်
အံ့သော ၄ါ။ ဘတ္တံ၊ ကို။ ဘုဉ္ဇိတုံ၊ ၄ါ။ နလဗ္ဘာ၊ ငါတို့မရကုန်။
ဘိက္ခူဟိ၊ တို့သည်။ အာဝရဏံ၊ ကို။ ကတံ၊ ၏။ ဣတိ၊ ဤသို့။
ဝဒန္တိ၊ ကုန်၏။ [သာမဏေတို့သည် သေခိယဝတ် ခန္ဓကဝတ်
စသည်တို့၌ လည်းကောင်း ဤမှတပါး သုတ္တဝိဿဇ္ဇိစသော
လောကဝဇ္ဇ သိက္ခာပုဒ်တို့၌ လည်းကောင်း ကျင့်အပ်ကုန်၏။
မကျင့်သော သာမဏေသည် အလဇ္ဇီလည်း မည်၏၊ ဒဏ်လည်း
ထိုက်၏ဟု ဝိမတိဝိနောဒနီ၌ပြသည်]။
ဒဏ္ဍကမ္မဝတ္ထု၊ သည်။ နိဋ္ဌိတံ၊ ပြီ။

---

၁၀၀။ တေနခေါ ပနသမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ရှိကုန်သော။
ဘိက္ခူ၊ တို့သည်။ ဥပဇ္ဈာယေ၊ တို့ကို။ အနာပုစ္ဆာ၊ မပန်မကြား
ကုန်ဘဲ။ပ။ကရောန္တိ၊ ကုန်၏။ပ။

တေနခေါ ပနသမယေန၊ ၌။ ထေရာနံ၊ကြီးကုန်သော။ ဘိက္ခူနံ၊
တို့၏။ သာမဏေရေ၊ တို့ကို။ အပဠာလေန္တိ၊ ဖြားယောင်းကုန်၏။
ထေရာ၊ တို့သည်။ သာမံ၊ အလိုလို။ ဒန္တကဋ္ဌံပိ၊ ဒန်ပူကိုလည်း
ကောင်း။ပ။ဂဏှန္တာ၊ ယူလတ်ကုန်သော်။ ကိလမန္တိ၊ ကုန်၏။ပ။

တေနခေါ ပနသမယေန၊ ၌။ သကျပုတ္တဿ၊ သော။ အာယသ္မ
တော၊ သော။ ဥပနန္ဒဿ၊ အရှင်ဥပနန်၏။ ကဏ္ဍကောနာမ၊
ကဏ္ဍကအမည်ရှိသော။ သာမဏေရော၊ သည်။ပ။ဘိက္ခုနိံ၊ ကို။
ဒူသေသိ၊ ပျက်စေ၏။ (ဖျက်၏လည်းဟူ)။ပ။ဘိက္ခူဝေါ၊တို့။ဒသဟိ၊

ကုန်သော။ အင်္ဂေဟိ၊ ကျေးဇူးမဲ့သော အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ သော။ သာမဏေရံ၊ ကို။ နာသေတုံ၊ လိင်ဖြင့် ပျက်စိမ့်သော၄ါ။ အနုဇာနာမိ၊ ၏။ ပါဏာတိပါတီ၊ သူ၏အသက်ကိုလျင်စွာချခြင်း ရှိသည်။ ဟောတိ၊ ၏။ အဒိန္နာဒါယီ၊ အရှင်မပေးသော သူတပါး ဥစ္စာကို ခိုးယူခြင်းရှိသည်။ ဟောတိ၊၏။ အဗြဟ္မစာရီ၊မမြတ်သော အကျင့်ကို ကျင့်ခြင်းရှိသည်။ ဟောတိ၊၏။ မုသာဝါဒီ၊မဟုတ်မမှန် ပြောဆိုခြင်းရှိသည်။ ဟောတိ၊ ၏။ မဇ္ဇပါယီ၊သေရည်သေရက်ကို သောက်ခြင်းရှိသည်။ ဟောတိ၊ ၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ ၏။ ဓမ္မဿ၊ တရားတော်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ ၏။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ မိစ္ဆာဒိဋ္ဌိကော၊ ဖောက်ပြန်သော မြင်ခြင်းရှိသည်။ ဟောတိ၊၏။ ဘိက္ခုနိဒူသကော၊မေထုန်မှီဝဲသော အားဖြင့် ဘိက္ခုနီမကို ဖျက်ဆီးခြင်းရှိသည်။ဟောတိ၊၏။ ဘိက္ခဝေ၊ တို့။ ဒသဟိ၊ ကုန်သော။ ဣမေဟိ–အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတံ၊ သော။ သာမဏေရံ၊ ကို။ နာသေတုံ၊ ၄ါ၊ အနုဇာနာမိ၊ ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ ၏။

**အမှာ** သုရာပါနသိက္ခာပုဒ်သည် သာမဏေတို့မှာ သစိတ္တ က,လောကဝဇ္ဇဖြစ်၍သေဟုသိလျက်နှင့်'သောက်မှ အသွင်ကို ဖျက်အပ်သည်။ရတနာသုံးပါးကျေးဇူးမဲ့ကိုဆိုသောသာ မဏေကို ဆရာဥပဇ္ဈာယ်တို့သည်မြစ်အပ်၏။ သုံးကြိမ်မြစ်၍ အယူ ကိုစွန့်အံ့၊ဒဏ်အမှုကိုပြုစေ၍ အပြစ်ကိုထင်ရှားစွာ ကြားစေအပ်၏။ ဆရာဥပဇ္ဈာယ်တို့ဆုံးမ၍ အယူကိုမစွန့်မှသာ အသွင်ကို ဖျက်အပ် သည်။အတ္တဘောသည်ရှိ၏စသည်ဖြင့် လည်းကောင်း,အတ္တဘော သည်ပြတ်၏စသည်ဖြင့် လည်းကောင်း သဿတဒိဋ္ဌိကို မြဲမြံစွာယူ သော သာမဏေဖြစ်အံ့၊အသွင်ကို ဖျက်အပ်၏။ဘိက္ခုနီဒူသကမှာ ရှင်ရဟန်းပြုခြင်း၄ါမထိုက်၊ အဘဗ္ဗဟူလို။ သမ္ပန္နာဂတာတိ ဧာမ္ပန္နံ အာဂတာပဝတ္တာ ယုတ္တာစ–ဟူ၍ သုတ္တနိပါတ်သုဘာသိတသုတ် အဋ္ဌကထာ၌ ပြသောကြောင့် သမ္ပန္နာဂတံ–ဟူသောပုဒ်၌ သမ္ပန္နာ

မှာ ပဉ္စမကမ္မရာမနှင့် ပဌမကမ္မရာပလိုသည်။ မဏိသာရမဉ္ဇူသာ
စသည်တို့၏အလိုအားဖြင့် သမန္တာဂတံ ဟုရှိသင့်၏။ ထိုဆရာ
တို့ကား သံ-ရှေးအနု-ရှေးအာ-ရှေးရှိသော ဂမုဓာတ်တပစ္စည်း ကြ
၏။ ထိုသို့ကြသောအရာသည်လည်း သဒ္ဒယုတ္တိရှိ၏။ ထိုသို့ ရှိသော်
လည်း အနု အရင့်ကို ထောက်၍ အဋ္ဌကထာဆရာ ပြသည်ကို
ပဓာနပြုရမည်။

၁၀၉။ တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။
ပဏ္ဍကော၊ ပဏ္ဍုက်သည် ။ပ။ ဟောတိ၊၏။ သော၊ ထိုပဏ္ဍုက်
သည်။ ဒဟရေ-ဒဟရေ၊ ငယ်ကုန်ငယ်ကုန်သော။ ဘိက္ခူ၊ ရဟန်း
တို့သို့။ ဥပသင်္ကမိတွာ၊ ၍။ပ။ အာယသ္မန္တော၊ အသက်ရှည်သော
အရှင်တို့။ ဧထ၊ လာလတ်ကုန်။ မံ၊ ငါ့ကို။ ဒူသေထ၊ ဖျက်ဆီး
ကုန်လော့။ (ပေါင်းဘော်လတ်ကုန်လော့)။ ဣတိ၊ ဤသို့။ ဝဒတိ၊
၏။ ဘိက္ခူ၊ တို့သည်။ အပသာဒေန္တိ၊ မောင်းမဲကုန်၏။ ပဏ္ဍက၊
ပဏ္ဍုက်။ နဿ၊ ပျက်လည်းပျက်လေလော့။ ဝိနဿ၊ ကင်းလည်း
ကင်းလေလော့။ တယာ၊ နှင့်။ ကော အတ္ထော၊ အဘယ်အကျိုးရှိ အံ့
နည်း။ ဣတိ၊ ဤသို့။ အပသာဒေန္တိ၊ ကုန်၏။ သော ပဏ္ဍကော၊ သည်။
ဘိက္ခူဟိ၊ တို့သည်။ အပသာဒိတော၊ မောင်းမဲလတ်သော်။ မဟန္တေ
မဟန္တေ၊ ကြီးကုန်ကြီးကုန်သော။ မောဠိဂလ္လေ၊ ဆူသောကိုယ်ရှိ
ကုန်သော။ သာမဏေရေ၊ တို့သို့။ပ။ ဣတိ၊ သို့။ သာမဏေရေဟိ၊
တို့သည်။ အပသာဒိတော၊ မောင်းမဲလတ်သော်။ ဟတ္ထိဂဏ္ဍေ၊
ဆင်ထိန်းတို့သို့။ အဿဂဏ္ဍေ၊ မြင်းထိန်းတို့သို့။ပ။ အာဝုသော၊
ဒါယကာတို့။ ဧထ၊ လာလတ်ကုန်။ မံ၊ ကို။ ဒူသေထ၊ ပေါင်းဘော်
ကုန်လော့။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ပ။ သကျပုတ္တိယာ၊ ကုန်သော။
ဣမေ သမဏာ၊ တို့သည်။ ပဏ္ဍကာ၊ ပဏ္ဍုက်တို့ချည်းတည်း။
ဣမေသံ သမဏာနံ၊ တို့တွင်။ ယေပိ ဘိက္ခူ၊ တို့သည်လည်း။ အပဏ္ဍ
ကာ၊ ပဏ္ဍုက်မဟုတ်ကုန်။ တေပိ ဘိက္ခူ၊ တို့သည်လည်း။ ပဏ္ဍကေ၊
တို့ကို။ ဒူသေန္တိ၊ ပေါင်းဘော်ကုန်၏။ ဧဝံ၊ သို့။ ဣမေသဗ္ဗေဝ၊
ဤရဟန်းခပ်သိမ်းစုံလျှင်။ အဗြဟ္မစာရိနော၊ မြတ်သောအကျင့်

မရှိကုန်။ ဣတိ၊ ဤသို့။ ဥဋ္ဌာယန္တိ၊ ကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ ပဏ္ဍကော၊ သည်။ အနုပသမ္ပန္နော၊ ပဉ္စင်းမဖြစ်။ နဥပသမ္ပာဒေတဗ္ဗော၊ အပ်။ ဥပသမ္ပန္နော၊ပဉ္စင်းခံသော်လည်း။ နာသေတဗ္ဗော၊ အပ်၏။ (လူထွက်စေ ဟူလိုသတတ်)။

၁၁၀။ တေနခေါပနသမယေန၊ ၌။ ဝိဏကောလဉ္ဇော၊မိမျိုး ဘမျိုးကုန်ခဲ့ပြီးသော။ ပုရာဏကုလပုတ္တော၊ ရှေး၌ ဖြစ်သော အမျိုးသားသည်။ (အိုပြီးသောသူ၏သားလည်း ဟူ၏)။ သုခုမာလော၊ နူးညံ့သည်။ ဟောတိ၊၏။ပ။ အဟံ၊ကား။ သုခုမာလော၊ သူချမ်းသာတည်း။ (နူးညံ့၏ ဟုလည်းပေး)။အနဓိဂတံ၊မရသေးသော။ ဘောဂံဝါ၊ စည်းစိမ်ချမ်းသာကိုလည်း။ အဓိဂန္တုံ၊ ရစိမ့်သောငှါ။ နပဋိဗလော၊ မတတ်စွမ်းနိုင်။ အဓိဂတံဝါဘောဂံ၊ ရပြီးသော စည်းစိမ်ချမ်းသာကို လည်း။ ဖါတိံကာတုံ၊ စီးပွါး ပြုခြင်းငှါ။ နပဋိဗလော၊မစွမ်းနိုင်။ပ။သံဝါသေယျံ၊ပေါင်းဘက်အံ့။ ဣတိ၊ဤသို့။ ပရိဝိတက္ကနံ၊သည်။ အဟောသိ၊၏။ပ။ အာဝုသော၊ အရှင်။ တွံ၊ကား။ ကတိဝဿော၊ အတိမျဝါရှိပြီနည်း။ဣတိ၊ဤသို့။ အာဟံသု၊ ကုန်၏။ အာဝုသော၊ အရှင်တို့။ တေ-ဒေသောကတိ ဝဿောနာမ၊ ဤကတိဝဿ အမည်သည်ကား။ ကိံ၊အဘယ်ကို။ ဝုတ္တံ၊ သနည်း။ အာဝုသော၊ငါ့ရှင်။ တေ၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ကား။ ကောပန၊ အသူနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိံသု၊ ကုန်၏။ အာဝုသော၊တို့။ တေ-ဧသော ဥပဇ္ဈာယောနာမ၊ ထို ဥပဇ္ဈာယ်မည်သည်ကား။ ကိံ၊အဘယ်ကို။ ဝုတ္တံ၊ ဆိုအပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊၏။ပ။အာဝုသောဥပါလိ၊ လိ။ ဣမံပဗ္ဗဇိတံ၊ ကို။ ဣဿ-အနုယုဉ္ဇာဟိ၊ မေးစိစစ်လော့။ (စုံစမ်းလော့ ဟုလည်းပေး)။ ။ပ။ဘိက္ခဝေ၊ တို့။ ထေယျသံဝါသကော၊ လိင်ကို ခိုးသောသူ, သံဝါသကိုခိုးသောသူ, လိင်သံဝါသနှစ်ပါးစုံကို ခိုးသောသူသည်။ အနုပသမ္ပန္နော၊ ပဉ္စင်းအဖြစ်သို့မရောက်။ နဥပသမ္ပါဒေတဗ္ဗော၊ ပဉ္စင်းမခံအပ်။ ဥပသမ္ပန္နော၊ပဉ္စင်းခံမိသော်။နာသေတဗ္ဗော၊ ဖျက် အပ်၏။ [လူထွက်စေ ဟူလိုသတတ်] ။ပ။တိတ္ထိယပက္ကန္တကော၊

တိတ္ထိ တို့သို့ ဝင်လတ်သော ပဉ္စင်း သာမဏေသည်။ အနုပသမ္ပန္နော၊ ပဉ္စင်းအဖြစ်သို့ မရောက်။

၁၁၁။ တေနခေါပနသမယေန၊ ၌။ တညတရော၊ အမှတ်မရှိသော။နာဂေါ၊နဂါးသည်။ နာဂယောနိယာ၊နဂါးအမျိုးကို။ အဋ္ဋီယတိ၊ငြီးငွေ့၏။ဟရာယတိ၊ ရှက်နိုး၏။ ဇိဂုစ္ဆတိ၊စက်ဆုပ်နိုး၏။ပ။ ဧဝံ၊ဤသို့ ရဟန်းပြုသည်ရှိသော်။အဟံ၊သည်။ နာဂယောနိယာစ၊မှလည်း။ ပရိမုစ္စေယျံ၊လွတ်ရာ၏။ ခိပ္ပဉ္စ၊လျင်စွာလည်း။မနုဿတ္တံ၊လူအဖြစ်ကို။ လဘေယျံ၊ရရာ၏။ ဣတိ၊ဤသို့။ ပရိဝိတက္ကနံ၊သည်။ အဟောသိ၊ ၏။ အထ-ပစ္ဆာ၊ ထိုသို့ ကြံပြီးသောနောင်မှ ။ပ။ ဥပသမ္ပါဒေသုံ၊ ပဉ္စင်းခံကုန်၏။ပ။ ပစ္စန္တိမေ၊ အဆုံးစွန်ဖြစ်သော။ ဝိဟာရေ၊ ကျောင်း၌။ ပဋိဝသတိ၊နေ၏။ပ။သောနာဂေါ၊ထိုနဂါးသည်။ တဿဘိက္ခုနော၊ ၏။ နိက္ခန္တေ၊ ထွက်သောအခါ၌။ ဝိဿဋ္ဌော၊ လွတ်လွတ်။ နိဒ္ဒံ၊ အိပ်ပျော်ခြင်းသို့။ ဩက္ကမိ၊ ရောက်လေ၏။ သဗ္ဗော၊ အလုံးစုံသော။ ဝိဟာရော၊ သည်။ အဟိနာ၊ ကြီးစွာသောမြွေ၏ကိုယ်ဖြင့်။ ပုဏ္ဏော၊ ပြည့်သည်ဖြစ်၍။ ဝါတပါနေဟိ၊ လေသွန်တံခါးတို့မှ။ ဘောဂါ၊ အခွေတို့သည်။ နိက္ခန္တာ၊ ထွက်လတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။သောဘိက္ခု၊ သည်။ပ။ ကဝါဋံ၊ တံခါးရွက်ကို။ ပဏာမေန္တော၊ တွန်းလတ်သော်။ သဗ္ဗဝိဟာရံ၊ အလုံးစုံသော ကျောင်းကို။ အဟိနာ၊ မြွေဖြင့်။ ပုဏ္ဏံ၊ ပြည့်လတ်သည်ကို။ ဝါတပါနေဟိ၊ တို့မှ။ နိက္ခန္တေ၊ ကုန်သော။ ဘောဂေ၊ တို့ကို။ အဒ္ဒသ၊မြင်လေ၏။ပ။ဘီတော၊ကြောက်ရကား။ ဝိဿရံ၊လန့်သောအသံကို။ အကာသိ၊၏။ပ။အထခေါ၊၌။ဘဂဝါ၊သည်။ပ။တံနာဂံ၊ ကို။ ဧတံဝစနံ၊ကို။ အဝေါစ၊၏။ တုမှေနာဂါ၊သင်နဂါးမျိုးတို့သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤဓမ္မဝိနည်း၌။ အဝိရုဠှိဓမ္မာ၊ မရောက်ခြင်းသဘောရှိကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏။ နာဂ၊ အိုနဂါး။ တွံ၊ သင်သည်။ ဂစ္ဆ၊သွားလေလော့။ တတ္ထေဝ၊ ထိုသင်တို့နဂါးပြည်၌ သာလျှင်။ စာတုဒ္ဒသေ၊ တဆဲ့လေးရက် ဥပုသ်နေ့၌လည်းကောင်း။ ပန္နရသေ၊ တဆဲ့ငါးရက် ဥပုသ်နေ့၌

လည်းကောင်း။ ပက္ကသ၊ ပက္ခ၏။ အဋ္ဌမိယာစ၊ လဆန်းရှစ်ရက် လဆုတ်ရှစ်ရက်နေ့၌လည်းကောင်း။ ဥပေါသထံ၊ ကို။ ဥပဝသ၊ သုံးလေလော့။ ဧဝံ၊ ဤသို့ သုံးသည်ရှိသော်။ တွံ၊ သည်။ပ။ပဋိလဘိဿတိ၊ရလိမ့်သတည်း။ ဣတိ၊သို့။ အဝေါစ၊မိန့်တော်မူ၏။ပ။ အဟံ၊ငါကား။ ဣမဿ ံမမ္မဝိနယေ၊၌။ အဝိရူဠှိဓမ္မောကိရ၊မရောက်ခြင်းသဘော ရှိခဲ့သတတ်။ ဣတိ၊ ဤသို့။ ဒုက္ခီ၊ နှလုံးဆင်းရဲသည်။ ဒုမ္မနော၊ နှလုံးမသာယာသည်ဖြစ်၍။ အဿုနိ၊ မျက်ရည်တို့ကို။ ပဝတ္တယမာနော၊ ယိုစေလျက်။ ဝိဿရံ၊ ဖေါက်ပြန်သောအသံကို။ ကတွာ၊ ၍။ ပက္ကာမိ၊ ဖဲခဲ့၏။ပ။ဘိက္ခဝေ၊ တို့။ နာဂဿ၊ နဂါး၏။ သဘာဝပါတုကမ္မာယ၊ မြွေ၏ သဘော ထင်ရှား ဖြစ်ခြင်း၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ယဒါစ-ယဿ ံကာလေ၌။သဇာတိယာ၊ဇာတ်တူသော နဂါးမ၌။ မေထုနံဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝတိ၊ မှီဝဲ၏။ ယဒါစ၊ ၌လည်း။ ဝိဿဋ္ဌော၊ နှလုံးလွှတ်လျက်။ နိဒ္ဒံ၊ သို့။ ဩက္ကမတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣမေဒွေ၊ တို့ကား။ သဘာဝပါတုကမ္မာယ၊ မြွေ၏ သဘောထင်ရှားဖြစ်ခြင်း၏။ ပစ္စယာ၊ အကြောင်းတို့တည်း။

၁၁၂။ တေနခေါပနသမယေန၊ ၌။ အညတရော-ဧကော၊ သော။ မာဏဝကော၊ လုလင်သည်။ မာတရံ၊ ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေသိ၊ ချ၏။ သောမာဏဝကော၊ သည်။ တေနပါပကေနကမ္မေန၊ ထိုမကောင်းမှုဖြင့်။ အဋ္ဋီယတိ၊ ငြီးငွေ့၏။ ဟရာယတိ၊ ရှက်နိုး၏။ ဇိဂုစ္ဆတိ၊ စက်ဆုပ်နိုး၏။ပ။ကေနနုခေါ ဥပါယေန၊အဘယ်သို့သော အကြောင်းဖြင့်။ အဟံ၊သည်။ ဣမဿ ပါပဿကမ္မဿ၊ ဤမကောင်းမှုမှ။ နိက္ခန္တိံ၊ ထွက်မြောက်ခြင်းကို။ ကရေယျံ၊ ပြုရအံ့နည်း။ (အထက်လွှယ်ပြီ)။ပ။ဘိက္ခဝေ၊တို့။မာတုဃာတကော၊ အမိကို သတ်သောသူသည်။ အနုပသမ္ပန္နော၊ပဉ္စင်း မဖြစ်။ပ။ [ပိတုဃာတက အရာ၌လည်း အတူတူပင်။လိင်ပြန်သော မိဘကို သတ်ရာ၌လည်း အနန္တရိယကံဟု သာရတ္ထဒီပနီ၌ ပြ၏]။

၁၁၅။ တေနခေါ ပန သမယေန၊ ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သာကေတာ၊ သာကေတပြည်မှ။ သာဝတ္ထိံ၊ သို့။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ၊ အဓွန့်ရှည်သော ခရီးကို သွားကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ဧကစ္စေဘိက္ခူ၊ တို့ကို။ အစ္ဆိန္ဒိံသု၊ လုယက်လေကုန်၏။ပ။ဟနိံသု၊ သတ်လေကုန်၏။ပ။အဂ္ဂဟေသုံ၊ဖမ်းလေကုန်၏။ပ။ယေတေစောရေ၊ တို့ကို။ ဂဟိတာ၊ ဖမ်းမိလေကုန်၏။ တေစောရေ၊ တို့ကို။ ဝဓာယ၊ သတ်အံ့သောငှါ။ ဩနီယျန္တိ၊ ဆောင်လေကုန်၏။ တေပဗ္ဗဇိတာ၊ ထို ခိုးသူ ရဟန်းတို့သည်။ ဝဓာယ၊ သတ်ခြင်းငှါ။ ဩနီယျမာနေ၊ ဆောင်လေကုန်သော။ တေစောရေ၊ ထို အဖော်ခိုးသူတို့ကို။ အဒ္ဒသံသု ခေါ၊ မြင်လေကုန်၏။ပ။မယံ၊ တို့သည်။ ပလာယိမှာ၊ ပြေးခဲ့ကြကုန်သည်လျှင်။ သာဓုခေါ၊ ကောင်းလှစွာ၏။ သစေ-သစေ၊ အကယ်၍။ မယံ၊ ငါတို့ကို။ ဂဏှေယျာမ၊ ဖမ်းမိလေကုန်အံ့ ။ပ။ ဧဝမေဝ၊ ထို ခိုးသူများ အတူလျှင်။ ဟညေယျာမ၊သတ်ကုန်အံ့သတည်း။ ဇာတိ၊ ဤသို့။ အာဟံသု၊ ကုန်၏။ ဘိက္ခူ၊ တို့သည်။ ဧဝံ၊ ဤသို့။ အာဟံသု၊ ကုန်၏။ အာဝုသော၊ တို့။ ကိံ ပန ကမ္မံ၊ အဘယ် အမှုကို။ တုမှေ၊ တို့သည်။ အကတ္ထ၊ ပြုချေကုန်သနည်း။ ဇာတိ၊ ဤသို့။ အာဟံသု၊ ကုန်၏။ပ။ဘိက္ခဝေ၊ တို့။ တေဘိက္ခူ၊ ထိုခိုးသူတို့သတ်လေသော ရဟန်းတို့ကား။ အရဟန္တော၊ ရဟန္တာတို့ချည်းတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အရဟန္တ ဃာတကော၊ ရဟန္တာကိုသတ်သော သူသည်။ အနုပသမ္ပန္နော၊ ပဉ္စင်းမဖြစ်။ပ။ နာသေတဗ္ဗော၊ လူထွက်စေအပ်၏။ တေနခေါ ပန သမယေန၊၌။ ။ပ။ဧကစ္စာဘိက္ခုနိယော၊ အချို့သောဘိက္ခုနီမတို့ကို။ အစ္ဆိန္ဒိံသု၊ လုယက်လေကုန်၏။ပ။ ဒူသေသုံ၊ ဖျက်ဆီးလေကုန်၏ ။ပ။ (ဤ ဘိက္ခုနီဒူသကကား ယခင်ရှေးကအတူ)။ ဘိက္ခဝေ၊တို့။ဘိက္ခုနီဒူသကော၊ ဘိက္ခုနီမကို ဖျက်ဆီးသောသူသည်။ အနုပသမ္ပန္နော၊ ရှင်ရဟန်းမဖြစ်။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ သံဃဘေဒကော၊ သံဃာကို သင်းခွဲသောသူသည်။အနုပသမ္ပန္နော၊မဖြစ်။ပ။နာသေတဗ္ဗော၊

၏။ဘိက္ခဝေ၊တို့။လောဟိတုပ္ပါဒကော၊ ဖြစ်မှားလိုသော စိတ်ဖြင့် ငါဘုရားကို သွေးစိမ်း တည်အောင် ပြုသောသူသည်။ အနုပသမ္ပန္နော၊ မဖြစ်။ပ။

၁၁၆။ တေနခေါ ပန သမယေန၊ ၌။ ဥဘတောဗျဉ္ဇနကော။ ဥဘတောဗျည်းသည်။ပ။ ပဗ္ဗဇိတော၊ ပြုသည်။ ဟောတိ၊ ဖြစ်၏၊ သောဥဘတောဗျဉ္ဇနကော၊ထိုဥဘတောဗျည်းသည်။ ကရောတိပိ၊ ယောက်ျားဖြစ်ခိုက် ပုရိသနိမိတ်ဖြင့် မာတုဂါမတို့၌မှုလည်း လွန်ကျူး၏။ကာရာပေတိပိ၊ မိန်းမဖြစ်၍ မိန်းမနိမိတ်၌မှုလည်း သူ့ကို မှီဝဲစေ၏။ပ။ ဘိက္ခဝေ၊ တို့။ ဥဘတောဗျဉ္ဇနကော၊ သည်။ အနုပသမ္ပန္နော၊ မဖြစ်။ပ။

၁၁၇။ တေန ခေါ ပန သမယေန၊၌။ ဘိက္ခူ၊တို့သည်။ အနုပဇ္ဈာယကံ၊ဥပဇ္ဈာယ်မယူသောပဉ္စင်းလောင်းကို။ ဥပသမ္ပာဒေန္တိ၊ ကုန်၏။ [ဤ၌ကား ပဉ္စင်းအဖြစ်ရ၏။ သင်္ဃာတို့သာ အာပတ်သင့်သည်]။ပ။တေနခေါပနသမယေန၊၌။ဘိက္ခူ၊ရဟန်းတို့သည်။ သံဃေန၊သည်။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ပြုသဖြင့်။ ဥပသမ္ပာဒေန္တိ၊ ကုန်၏။ (ဤ၌လည်း ကံမပျက်၊ အာပတ်သာသင့်သည်)။ပ။ ဂဏေန၊ ဂိုဏ်းသည်။ [နှစ်ယောက်,သုံးယောက်တွင်ရှေ့ ဂိုဏ်းဟူသတည်း]။ပ။ ပဏ္ဍကုပဇ္ဈာယေန၊ ပဏ္ဍုက်ကို ဥပဇ္ဈာယ်ပြု၍။ပ။ ထေယျသံဝါသကုပဇ္ဈာယေန၊ ထေယျသံဝါသကကို ဥပဇ္ဈာယ်ပြု၍။ပ။တိတ္ထိယပက္ကန္တကုပဇ္ဈာယေန၊တိတ္ထိတို့သို့ ဝင်လေသောသူကို ဥပဇ္ဈာယ်ပြု၍။ပ။ တိရစ္ဆာနဂတုပဇ္ဈာယေန၊လူယောင်ဆောင်သော နဂါး,ဂဠုန်,နတ်စသည်ကို ဥပဇ္ဈာယ်ပြု၍။ပ။မာတုဃာတကုပဇ္ဈာ ယေန၊ မာတုဃာတကကို ဥပဇ္ဈာယ်ပြု၍ ။ပ။ ပိတုဃာတကေန၊ ပိတုဃာတကကို ဥပဇ္ဈာယ်ပြု၍။ပ။ [အထက် အရဟန္တဃာတက,သံဃ ဘေဒက,လောဟိတုပ္ပါဒက,ဥဘတောဗျဉ္ဇနက, တိုင်အောင် ဤနည်းချည်း။ ကံမပျက် အာပတ်သာသင့်သည်]။ပ။

၁၁၈။ အပဏ္ဏကံ၊ သပိတ်မရှိသောသူကို။ ဥပသမ္ပာဒေန္တိ၊ ကုန်၏။ပ။ဟတ္ထေသု၊ လက်တို့ဖြင့်။ပ။ စရန္တိ၊ ကုန်၏။ [သေယျထာပိ တိတ္ထိယာ၊ တိတ္ထိတို့အယောင်ကဲ့သို့တကား ဟုသမ္ဗန်]။ပ။ အစီဝရကံ၊ သင်္ကန်းမရှိသောသူကို။ပ။ အပတ္တစီဝရကံ၊ သပိတ်, သင်္ကန်းမရှိသော သူကို။ပ။ ယာစိတကေနပတ္တေန၊ ငှါးသော သပိတ်ရှိသဖြင့်။ [ယာစိတကေန ပတ္တေန-ယာစိတက ပတ္တော ဟုတွာ၊ငှါးသော သပိတ်ရှိသည့်ဖြစ်၍-ဤသို့သော်လည်းပေး]။ပ။ ယာစိတကေန စီဝရေန-ယာစိတကစီဝရောဟုတွာ၊ ငှါးသော သင်္ကန်းရှိသည့်ဖြစ်၍။ပ။ ယာစိတကေန ပတ္တစီဝရေန-ယာစိတက ပတ္တစီဝရောဟုတွာ၊ ငှါးသော သပိတ်သင်္ကန်းရှိသည့် ဖြစ်၍။ ဥပသမ္ပာဒေန္တိ၊ကုန်၏။ [ဤအလုံးစုံကားကံမပျက်၊ပဋ္ဌင်းဖြစ်သည် ချည်း။ အာပတ်သာ သင့်သည်]။

နဥပသမ္ပာဒေတဗ္ဗကဝီသတိဝါရော၊သည်။
နိဋ္ဌိတော၊ပြီးပြီ။

---

၁၁၉။ တေနခေါပနသမယေန၊ဌ။ဘိက္ခူ၊တို့သည်။ဟတ္ထစ္ဆိန္နံ၊ လက်ပြတ်သော သူကို။ (ပြတ်သော လက်ရှိသူကို ဟုလည်း ပေး)။ ပဗ္ဗာဇေန္တိ၊ ကုန်၏။ပ။ ပါဒစ္ဆိန္နံ၊ ခြေပြတ်သောသူကို။ပ။ ဟတ္ထပါဒစ္ဆိန္နံ၊ လက်ခြေပြတ်သောသူကို။ပ။ ကဏ္ဏစ္ဆိန္နံ၊ နားပြတ်သောသူကို။ပ။နာသစ္ဆိန္နံ၊ နှာခေါင်းပြတ်သောသူကို။ပ။ ကဏ္ဏနာသစ္ဆိန္နံ၊ နား, နှာခေါင်းပြတ်သောသူကို။ပ။ အင်္ဂုလိစ္ဆိန္နံ၊ လက်ချောင်းပြတ်သောသူကို။ပ။ အဠစ္ဆိန္နံ၊ ခြေမ, လက်မပြတ်သောသူကို။ ကဏ္ဍရစ္ဆိန္နံ၊ ကြောမပြတ်သောသူကို။ပ။ ဖဏဟတ္ထကံ၊ လက်ပျစ်သောသူကို။ပ။ ခုဇ္ဇံ၊ကုန်းသောသူကို။ (ကိုင်းသောသူကို ဟုလည်းပေး)။ပ။ ဝါမနံ၊ ကွသောသူကို။ပ။ ဂလဂဏ္ဍိံ၊ လည်၌ထွက်မြင့်ရှိသောသူကို။ပ။ လက္ခဏာဟတံ၊သံပူအပ်သောသူကို။ပ။ ကသာဟတံ၊ ကြိမ်လုံးခတ်အပ်သောသူကို။ပ။လိခိတကံ၊ တွေ့ရာ၌သတ်ဟူ၍ကမ္ပည်းထားအပ်သောသူကို။ပ။ သီပဒိံ၊ခြေတိုင်းသော

သူကို။ပ။ပါပရောဂိံ၊ မြင်းသရိုက်, ဘဂန္ဒရ, သည်းခြေ, သလိပ်, ကုပ်ဟီး,ချောင်းဆိုးနာရှိသောသူကို။လ။ပရိသဒူသကံ၊ပရိသတ်ကို ဖျက်သောသူကို။ပ။ [ပရိသဒူသကဟူသည်ကား သူတကာထက် မြင့်ဟန်မကောင်း ငေါင်းငယ်ကဲ့သို့ မြင့်သည် မြေဘုတ်ကဲ့သို့ အိုက် တလက် ဝမ်းပိုက်သာကြီး၍ ပုလွန်းသည်၊ခေါင်းမောက်လှသည်။ ခေါင်းချွန်းလှသည်။ နီလွန်းလှသည်က စ၍ သူခပ်သိမ်းမြင်လျှင် စက်ဆုပ်ရွံရှာဘွယ် ရယ်ဘွယ်ဖြစ်သည့်တို့ကိုယူ]။ ကာဏံ၊မျက်စေ့ တဘက်ကန်းသသူကို။ (တဘက်ကန်းသောသူကို ဟုလည်းပေး) ။ပ။ကုဏိံ၊လက်ခြေကိုင်းသောသူကို။ပ။ခဉ္ဇံ၊ခွင်သောသူကို။ပက္ခဟ တံ၊ဖက်သကတ်စွဲသော သူကို။ပ။ဆိန္နိရိယာပထံ၊ဆွံ့သောသူကို။ပ။ ဇရာဒုဗ္ဗလံ၊အို၍ အားနည်းခဲ့ပြီးသောသူကို။ပ။အန္ဓံ၊မျက်စိနှစ်ဘက် ကန်းသောသူကို။ပ။မူဂံ၊ အ,သောသူကို။ပ။ဗဓိရံ၊ နားပင်းသော သူကို။ပ။အန္ဓမူဂံ၊ ကန်းလည်းကန်း အ,လည်း အ,သောသူကို။ပ။ အန္ဓဗဓိရံ၊ ကန်းလည်းကန်း နားလည်းပင်းသောသူကို။ မူဂဗဓိရံ၊ အ,လည်းအ နားလည်းပင်းသော သူကို ။ပ။ အန္ဓမူဂဗဓိရံ၊ ကန်းလည်းကန်း အ,လည်းအ နားလည်းပင်းသောသူကို။ ပဗ္ဗာ ဇေန္တိ၊ ကုန်၏။ (အထက် နဘိက္ခဝေစသည် သိသာပြီ)။

နပဗ္ဗာဇေတဗ္ဗဒွတ္တိံသဝါရော၊သည်။ နိဋ္ဌိတော၊ပြီ။

နဝမော၊သော။ဒါယဇ္ဇဘာဏဝါရော၊သည်။ နိဋ္ဌိတော၊ပြီ။

---

၁၂၀။ တေနခေါ ပနသမယေန၊ ဥ။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊တို့သည်။အလဇ္ဇီနံ၊အရှက်မဲ့သော အလဇ္ဇီတို့အား။နိဿယံ၊ ကို။ ဒေန္တိ၊ ကုန်၏။ပ။အလဇ္ဇီနံ၊ တို့ကို။ နိဿာယ၊ ၍။ ဝသန္တိ၊ ကုန်၏။ပ။ဘိက္ခဝေ၊တို့။ အလဇ္ဇီနံ၊တို့ကို။ နိဿာယ၊၍။ နဝတ္ထဗ္ဗံ၊ မနေအပ်။ပ။ကထံနုခေါ၊အဘယ်သို့လျှင်။ မယံ၊တို့သည်။ အလဇ္ဇိံ ဝါ၊ ကိုလည်းကောင်း။ပ။ဇာနေယျာမ၊ ကုန်အံ့နည်း။ပ။ဘိက္ခဝေ၊ တို့။ ယာဝ၊ လောက်။ ဘိက္ခုသဘာဂတံ၊ ရဟန်းနှင့် သဘာဂ ဖြစ်သည်ကို။ ဇာနာမိတိ၊ သိရာအံ့ဟု။ တာဝ၊ လောက်။ စတူပါ

ပဏ္ဍုဝဏ်၊ လေးရက်ငါးရက်တိုင်ရုံ။ အာဂမေတုံ၊ငံ့လင့်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။

။ပ။အဟတ္တ၊ သည်လည်း။ နိဿယကရဏီယော၊ နိဿယည်း ယူအပ်သော ကိစ္စရှိလျက်။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ ဝေးသောခရီးကို သွားသည်ရှိသော်။ ကထံနုခေါ၊ အဘယ်သို့လျှင်။ မယာ၊ သည်။ ပဋိပဇ္ဇိတဗ္ဗံ၊ကျင့်အပ်သနည်း။ ဘိက္ခဝေ၊တို့။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နေန၊ ဝေးသော ခရီးကိုသွားသော။ ဘိက္ခုနာ၊ သည်။ နိဿယံ၊ နိဿ ယည်းပေးသော ဆရာကို။ အလဘမာနေန၊ မရသဖြင့်။ အနိဿိ တေန၊ ဆရာကိုမမှီဘဲ။ ဝတ္ထုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ပ။အဟဥ္စ၊ ငါသည်လည်း။ နိဿယကရဏီယော၊ နိဿယည်း ယူအပ်သော ပြုဘွယ်ကိစ္စရှိသည်။ အမိ၊ဖြစ်၏။ဂိလာနော၊နာခဲ့၏။ ကထံနုခေါ၊ လျှင် ။ပ။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ရအံ့နည်း ။ပ။ (ဂိလာနုပဋ္ဌာက ဝတ္ထု လည်း တူပြီ)။ တေနခေါပနသမယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ အရညေ၊ ၌။ ဝိဟရတိ၊ ၏။ တဿစ၊ ထိုရဟန်း အားလည်း။ တသ္မိံသေနာသနေ၊ ထိုကျောင်း၌။ ဖါသု၊ ချမ်းသာ သည်။ ဟောတိ၊ ၏။ပ။ယဒါ၊ ၌။ ပတိရူပေါ၊ လျောက်ပတ်သော။ နိဿယဒါယကော၊ နိဿယည်းပေးစွမ်းနိုင်သော ဆရာသည်။ အာဂစ္ဆိဿတိ၊ လာလတ္တံ့။ တဒါ၊ ၌။ တဿ၊ ထိုဆရာကို။ (ဆရာကံ ထည့်)။ နိဿာယ၊ မှီ၍။ ဝသိဿာမိတိ၊ နေအံ့ဟု။ အနိဿိတေန၊နိဿယည်းဆရာကို မမှီဘဲ။ ဝတ္ထုံ၊နေစိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ပ။[တောဒ္ဓ ဝါဆိုလပြည့်တိုင်အောင် နိဿ ယည်းဆရာကို မျှော်လင့်၍ နေအပ်၏။ မလာမူကား နိဿယည်း ကင်း၍ ထိုတောဒ္ဓ ဝါမကပ်အပ်။ နိဿယည်းဆရာရှိရာ သွား၍ ဝါကပ်ရမည်]။

၁၂၂။ မဟာကဿပဿ၊ အရှင် မဟာကဿပအား။ ဥပ သမ္ပဒါပေက္ခော၊ပဉ္စင်းခံလိုသော တပည့်ရှိသည်။ ဟောတိ၊၏။ပ။ အာယသ္မာ၊ သည်။ ဇူမံ၊၍ပဉ္စင်းလောင်းကို။ အနုဿာဝေဿတိ၊ ကမ္မဝါရွတ်လတ္တံ့။ ဇုတိ၊ ၍သို့။ ဒူတံ၊ တမန်ကို။ ပါဟေသိ၊လွှတ်

လိုက်၏။ပ။အဟံ၊ သည်။ ထေရဿ၊ ၏။ နာမံ၊ ပိပ္ပလိဟူသော အမည်ကို။ ဂဟေတုံ၊ ယူအံ့သောငှါ။ နဉဿဟာမိ၊ မဝံ့။ ထေရော၊ အရှင်မဟာကဿပသည်။ မေ၊ ငါ၏။ ဂရု၊ ဆရာပေတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ [အာယသ္မတောပိပ္ပလိဿ ဥပမ္ပဒါပေက္ခော–ဟူ၍ အမည်တော်ကို ထုတ်၍ ငါ ကမ္မဝါကို မရွတ်ဝံ့ ဟူလိုသတတ်]။ပ။ဘိက္ခဝေ၊ တို့။ ဂေါတ္တေနပိ၊အမျိုးဖြင့်လည်း။ အနုဿာဝေတုံ၊ ရွတ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ (ဂေါတ္တေနပိ ဟူသည်ကား ကဿပ အမျိုးတည်း)။

၁၂၃။ ။ပ။ဒွေဥပသမ္ပဒါပေက္ခာ၊ ပဉ္စင်းလောင်း နှစ်ယောက်တို့သည်။ ဟောန္တိ၊ ကုန်၏။ တေ၊ ထို ပဉ္စင်းလောင်း နှစ်ယောက်တို့သည်။ ဝိဝဒန္တိ၊ ငြင်းခုံကြကုန်၏။ ပဌမံ၊ စွာ။ အဟံ၊ ငါသည်။ ဥပသမ္ပဇ္ဇိဿာမိ၊ပဉ္စင်းခံအံ့။ပဌမံ၊စွာ။အဟံ၊သည်။ ဥပသမ္ပဇ္ဇိဿာမိတိ၊ ပဉ္စင်းခံအံ့ဟု။ ဝိဝဒန္တိ၊ ငြင်းခုံကြကုန်၏ ။ပ။ ဒွေ၊ ပဉ္စင်းလောင်းနှစ်ယောက်တို့ကို။ ဧကာနုဿာဝနေ၊ တပြိုင်နက် ကမ္မဝါစာရွတ်ခြင်းတို့ကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ (ကမ္မဝါရွတ်သောဆရာနှစ်ယောက်ဟူလိုသတတ်)။ပ။အာဂုသော၊အချင်းတို့။ ဟန္ဒ၊ ယခု။ မယံ၊ တို့သည်။ သဗ္ဗေဝ၊ အလုံးစုံ သင်တို့ကို။ ဧကာနုဿာဝနေ၊တပြိုင်နက် ကမ္မဝါရွတ်သည်တို့ကို။ ကရောမ၊ကုန်အံ့။ ။ပ။ဘိက္ခဝေ၊တို့။ဒွေတယော၊နှစ်ယောက်သုံးယောက်သော ပဉ္စင်းလောင်းတို့ကို။ ဧကာနုဿာဝနေ၊ တပြိုင်နက်ရွတ်သည် တို့ကို။ ကာတုံ၊ ပြုစိမ့်သောငှါ။ အနုဇာနာမိ၊၏။ တဉ္စခေါ်ကိရိယံ၊ ထိုသို့ ရွတ်စိမ့်သည်ကိုလည်း။ဧကေနဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်တယောက်ထည်းဖြင့်။ (တနည်းတုံ)–ဧကေနဥပဇ္ဈာယေန–ဧကော ဥပဇ္ဈာယောဟုတ္တာ၊ ဥပဇ္ဈာယ် တယောက်သာ ဖြစ်၍။ ကာတုံ၊ပြုစိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ပ။

၁၂၄။ ကုမာရကဿပေါ၊ အရှင် ကုမာရကဿပသည်။ ဂဗ္ဘဝီသော၊ပဋိသန္ဓေနှင့်တကွ အသက်နှစ်ဆယ်ပြည့်သည် ဖြစ်၍။ ဥပသမ္ပန္နော၊ပဉ္စင်းခံသည်။ ဟောတိ၊၏။ပ။ အဟဉ္စ၊ သည်လည်း။

ဂဗ္ဘဝိသော၊ဖြစ်၍။ ဥပသမ္ပန္နော၊ပဥ္စင်းခံ၏။ ဥပသမ္ပန္နောနုခေါပိ၊ ပဥ္စင်းဖြစ်ပါ၏ လော။ နနုခေါဥပသမ္ပန္နော၊ ပဥ္စင်းမဖြစ်ပါ သလော။ ဇ္ဈတ္တိပရိဝိတက္ကော၊သည်။ အဟောသိ၊၏။ပ။ဘိက္ခဝေ၊တို့။ မာတုကုစ္ဆိသ္မိံ၊ ၌။ယံပဌမံစိတ္တံ၊ အကြင်ရှေးဦးစွာသောစိတ်သည်။ ယံပဌမံဝိညာဏံ၊ အကြင်လက်ဦးစွာသောဝိညာဉ်သည်။ ဥပ္ပန္နံ-ပါတုဘူတံ၊ ထင်ရှားဖြစ်၏။ တံပဌမံဝိညာဏံ၊ ထိုပဌမဝိညာဉ်ကို။ ဥပါဒါယ၊ အစမူ၍။ အဿ-ဘိက္ခုနော၊ အား။ သာဝဇာတိ၊ထို ပဌမစိတ်,ပဌမဝိညာဉ်၏ဖြစ်ခြင်းသည်လျှင်။ဂဗ္ဘော၊ ဂဗ္ဘမည်၏။ ဘိက္ခဝေ၊တို့။ ဂဗ္ဘဝိသံ၊ပဋိသန္ဓေနေသည်ကစ၍ အသက်နှစ်ဆယ် ပြည့်သောသူကို။ ဥပသမ္ပာဒေတုံ၊ ငှါ။ အနုဇာနာမိ၊၏။

၁၂၅။ တေနခေါပနသမယေန၊ ၌။ ဥပသမ္ပန္နာ၊ ပဥ္စင်းဖြစ်သောသူတို့သည်။ကုဋ္ဌိကာပိ၊နူနာရှိကုန်သည်တို့ကိုလည်းကောင်း။ ဂဏ္ဍိကာပိ၊ ထွတ်မြင့်အနာရှိကုန်သည် တို့ကို လည်းကောင်း။ ကိလာသိကာပိ၊ ညှဉ်းပွေးအနာရှိကုန်သည်တို့ကို လည်းကောင်း။ သောသိကာပိ၊ ခယရုတ်အနာရှိကုန်သည် တို့ကို လည်းကောင်း။ အပ္ပမာရိကာပိ၊ သည်းခြေပျက်၍ ရူးသောအနာ စသည်တို့ကို လည်းကောင်း။ ဒိဿန္တိ၊ ထင်ကုန်၏။ (ပဌမာကို ဒုတိယာပြန်၍ ပေး)။ ဘိက္ခဝေ၊တို့။ ဥပသမ္ပာဒေန္တေန၊ပဥ္စင်းခံလိုသော ရဟန်းသည်။ တဿဥပမ္ပဒါပေက္ခဿ၊ ထိုပဥ္စင်းလောင်း၏။ အန္တရာယိကေ၊ အန္တရာယ်ကိုပြုတတ်ကုန်သော။ ဓမ္မေ၊သဘောတို့ကို။ပုစ္ဆိတုံ၊ မေးစိမ့်သောငှါ။ အနုဇာနာမိ၊၏။ ဘိက္ခဝေ၊တို့။ ဧဝဥ္စပန၊ဤသို့ လျှင်။ပုစ္ဆိတဗ္ဗော၊မေးအပ်၏။ ကိံပုစ္ဆိတဗ္ဗော၊အဘယ်သို့မေးအပ် သနည်းဟူမူကား။ (ပါဠိသေသ)။ တေ၊သင်အား။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။အာဗာဓာ၊အနာတို့သည်။ သန္တိ၊ရှိကုန် သလော။ ကုဋ္ဌံ၊ နူနာ ရှိသလော။ ဂဏ္ဍော၊ ထွတ်မြင့်အနာ ရှိ သလော။ ကိလာသော၊ ညှဉ်းပွေးအနာရှိသလော။ သောသော၊ ခယရုတ်အနာရှိသလော။ အပ္ပမာရော၊ သည်းခြေပျက်၍ ရူးသော အနာစသည်ရှိသလော။မနုဿော၊လူစင်စစ်သည်။ အသိ၊ ဖြစ်ပါ

ဇူဆ္ဆာသယ ၁၀၀–၂၅

၏လော။ ပုရိသော၊ ယောကျ်ားစစ်သည်။အသိ၊ ဖြစ်ပါ၏လော။ ဘုဇိဿော၊ သူ့ကျွန်မဟုတ်သည်။ အသိ၊ လော။ အနဏော၊ သူ့ကြွေးမတင်သည်။ အသိ၊လော။ ရာဇဘဋော၊ မင်းခစားသော သူသည်။ နအသိ၊ မဖြစ်ဘဲရှိပါ၏လော။ မာတာပိတူဟိ၊ မိဘတို့သည်။အနုညာတော၊ ခွင့်ပြုသည်။အသိ၊လော။ ပရိပုဏ္ဏဝီသတိဝဿော၊ အနှစ်နှစ်ဆယ်ပြည့်သည်။အသိ၊လော။ တေ၊သင်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။ တွံ၊ သင်သည်။ကိံနာမော၊အဘယ်အမည်ရှိသည်။ အသိ၊ဖြစ်သနည်း။ တေ၊၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်သည်။ ကောနာမော၊ အဘယ်အမည်ရှိသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတုံ၊ ငှါ။ အနုဇာနာမိ၏။ (ပြန်၍ သတ်)။ တေနခေါ ပန သမယေန၊ ၌။ ဘိက္ခူ ၊တို့သည်။ အနနုသိဋ္ဌေ၊ မဆုံးမအပ်သေးသော။ ဥပသမ္ပဒါပေက္ခေ၊ ပဉ္စင်းလောင်းတို့ကို။ အန္တရာယိကေ၊ ကုန်သော။ ဓမ္မေ၊တို့ကို။ ပုစ္ဆန္တိ၊ ကုန်၏။ ဥပသမ္ပဒါပေက္ခာ၊ တို့သည်။ ဝိတ္ထာယန္တိ၊ ရှိတိုးရှုံ့တိုရှိကုန်၏။ မင်္ကူ၊ ရှက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝိဿဇ္ဇေတုံ၊ ဖြေအံ့သောငှါ။ နသက္ကောန္တိ၊ ကုန်။ပ။ တဿေဝသံဃမဇ္ဈေ၊ ထိုသံဃာ၏ အလယ်၌သာလျှင်။ အနုသာသန္တိ၊ကုန်၏။ပ။ဘိက္ခဝေ၊တို့။ ဝေဠပန၊ လျှင်။ အနုသာသိတဗ္ဗော၊၏။

၁၂၆။ ပဌမံ၊ ရှေးဦးစွာ။ဥပသမ္ပဒါပေက္ခော၊ ကို။ဥပဇ္ဈံ၊ကို။ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏။ ဥပဇ္ဈံ၊ကို။ ဂါဟာပေတွာ၊ယူစေပြီး၍။ပတ္တစီဝရံ၊ ကို။ အာစိက္ခိတဗ္ဗံ၊၏။ အယံ၊ဤသပိတ်သည်၊တေ၊ သင်၏။ ပတ္တော၊ သပိတ်။ အယံ၊ ဤဒုကုဋ်သည်။ တေ၊ ၏။ သံဃာဋိ၊ ဒုကုဋ်။ အယံ၊ ဤကိုယ်ဝတ်သည်။ တေ၊ ၏။ ဥတ္တရာသံဂေါ၊ ကိုယ်ဝတ်။ အယံ၊ ဤသင်းပိုင်သည်။ တေ၊ ၏။ အန္တရဝါသကော၊ သင်းပိုင်။ ဂစ္ဆ၊ သွားလော့။ အမုမှိဩကာသေ၊ ဤမည်သောအရပ်၌။ တိဋ္ဌာဟိ၊ ရပ်လော့။ ဣတိ၊ဤသို့။ ဝတ္တဗ္ဗော၊ ၏။ဗာလော၊ ဆုံးမအပ်သည် မဆုံးမအပ်သည်ကို မသိကုန်သော။ အဗျတ္တာ၊ ဆုံးမခြင်း၌ မလိမ်မာသော ရဟန်းတို့သည်။ အနုသာ

သန္တိ၊ ဆုံးမကုန်၏။ အနုသိဋ္ဌာ၊ ဆုံးမအပ်ကုန်သော။ ဥပသမ္ပဒါပေက္ခာ၊ ပဉ္စင်းလောင်းတို့သည်။ ဝိတ္ထာယန္တိ၊ ရှုံ့တွဲးရှုံ့တိုရှိကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ ဗျတ္တေန၊ သော။ ပဋိဗလေန၊ ဆုံးမခြင်းငှါစွမ်းနိုင်သော။ ဘိက္ခုနာ၊ ကို။ အနုသာသိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ အသမ္မတာ၊ မသမုတ်အပ်သော ရဟန်းတို့သည်။ အနုသာသန္တိ၊ ကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ အသမ္မတေန၊ မသမုတ်အပ်သော ရဟန်းသည်။ နအနုသာသိတဗ္ဗော၊ အပ်။ပ။ဘိက္ခဝေ၊ တို့။ သမ္မတေန၊ ဉတ္တိကံဖြင့်သမုတ်အပ်ပြီးသော ရဟန်းကို။ အနုသာသိတုံ၊ ဆုံးမစိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ပ။ဘိက္ခဝေ၊ တို့။ ဧဝဥ္စပန၊ ဤသို့လျှင်။ သမ္မန္နိတဗ္ဗော၊ ၏။ အတ္တနာဝ၊ မိမိသည်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ သမ္မန္နိတဗ္ဗံ၊ ၏။ ပရေနဝါ၊ တယောက်သည်မူလည်း။ ပရော၊ တယောက်ကို။ သမ္မန္နိတဗ္ဗော၊ ၏။ပ။

**အမှာ** ယခုကား မိမိကိုယ်ကို မိမိပင် သမုတ်သည်။ သူတပါးသမုတ်သည်ကို အလေ့မရှိကုန်။ ကထဉ္စ အစရှိသော ပါဠိကား မိမိကိုယ်ကို မိမိပင်သမုတ်သည်။ မိမိက သူတပါးကို သမုတ်ရသည်ကို ဉတ်ရွတ်သော အစီအရင်တည်း။

၁၂၇။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ နာလော့။ ဣတ္ထန္နာမော၊ ဤအမည်ရှိသော ပဉ္စင်းလောင်းသည်။ဣတ္ထန္နာမဿ၊ဤအမည်ရှိသော မထေရ်အား။ ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းခံခြင်းကို ငံ့၏။ သံဃဿ၊ အား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသောကံသည်။ ယဒိသိယာ၊ အံ့။ အဟံ၊ သည်။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော ပဉ္စင်းလောင်းကို။ အနုသာသေယျံ၊ ဆုံးမအံ့။ [ဤကား ဉတ္တိကံဖြင့် မိမိကိုယ်ပင်သမုတ်သည်။ သူတပါး သမုတ်ရာမှာလည်း အတူပင်]။ ဣတ္ထန္နာမော၊ ဤမည်သော ရဟန်းသည်။ ဣတ္ထန္နာမံ၊ ဤမည်သော ပဉ္စင်းလောင်းကို။ အနုသာသေယျ၊ ဆုံးမရာ၏။ (ဤမျှသာ ထူးသည်။ အဟံသဒ္ဒါ မထည့်ပြီ)။ပ။တေနသမ္မတေနဘိက္ခုနာ၊ထိုသို့ သမုတ်အပ်ပြီးသော ရဟန်းသည်။ ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းလောင်းတို့

အထံသို့။ ဥပသင်္ကမိတွာ၊ ရှေ့။ ဝစနီယော၊ သည်။ အသ-ဟောတိ၊ ၏။ ဇုတ္တုန္နာမ၊ ဤအမည်ရှိသော ပဉ္စင်းလောင်း။ သုဏသိ၊ နားထောင်လော့။ အယံကာလော၊ ဤအခါသည်။ တေ၊ အား။ ၏။ သစ္စကာလော၊ မှန်သည်ကို ဆိုအပ်သောအခါတည်း။ ဘူတကာလော၊ ဟုတ်သည်ကို ဆိုအပ်သော အခါတည်း။ ယံဇာတွာနံ၌၊ အကြင်အလိုရှိအပ် အလိုမရှိအပ်သော သဘောသည်။ ဇာတံ၊ သင်၏ကိုယ်၌ဖြစ်၏။ တံဇာတံ၊ ထိုသင်၏ကိုယ်၌ဖြစ်ခြင်းကို။ သံဃမဇ္ဈေ၊ သံဃာ၏အလယ်၌။ ပုစ္ဆန္တေ၊ ငါတို့ကမေးလတ်သော်။ သန္တံ၊ ရှိသည်ကို။ အတ္ထီတိ၊ ရှိ၏ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ဆိုအပ်၏။ အသန္တံ၊ မရှိသည်ကို။ နတ္ထီတိ၊ မရှိဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဧဝံ၊ ဤသို့။ တံ၊ သင့်ကို။ ပုစ္ဆိဿန္တိ၊ မေးကုန်လတ္တံ့။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ဧဝရူပါ၊ ကုန်သော။ အာဗာဓာ၊ အနာတို့သည်။ သန္တိ၊ ရှိကုန်သလော။ ကုဋ္ဌံ၊ နူနာသည်။ အတ္ထိ၊ ရှိသလော။ပ။တေ၊ သင်၏။ ဥဇ္ဈာယော၊ သည်။ ကောနာမော၊ အဘယ်အမည်ရှိသနည်း။ ဣတိ၊ ဤသို့။ ဝစနီယော၊ သည်။ အသ၊ ၏။ ကေတော၊ တပြိုင်နက်။ အာဂစ္ဆန္တိ၊ လာကုန်၏။ ဘိက္ခဝေ၊ တို့။ ကေတော၊ တပြိုင်နက်။ နအာဂန္တဗ္ဗံ၊ မလာအပ်။ [ဆုံးမသောပုဂ္ဂိုလ်တို့သည် ဆုံးမပြီးလျှင် ပဉ္စင်းလောင်းနှင့် အတူ 'မလာအပ်။ ပဉ္စင်းလောင်းကို ရပ်ရာတွင် နေရစ်စေ၍ သံဃာ့ဘောင်သို့ ရှေးဦးစွာလာအပ်၏]။ အနုသာသကေန၊ ဆုံးမသော ပုဂ္ဂိုလ်သည်။ ပဌမတရံ၊ရှေးဦးစွာ။ အာဂန္တွာ၊ ၍။ သံဃော၊ ကို။ ဉာပေတဗ္ဗော၊ ၏။ ဘန္တေ၊ တို့။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ လော့။ ဇုတ္တုန္နာမော၊ ဤအမည်ရှိသော ပဉ္စင်းလောင်းသည်။ အာယသ္မတော၊ သော။ ဇုတ္တုန္နာမဿ၊ ဤအမည်ရှိသော မထေရ်၏။ ဥပသမ္ပဒါပေက္ခော၊ပဉ္စင်းခံခြင်းကိုငဲ့၏။ သော ဥပသမ္ပဒါပေက္ခော၊ထိုပဉ္စင်းလောင်းကို။ မယာ၊ သည်။ အနုသိဋ္ဌော၊ ဆုံးမအပ်ပြီ။ သံဃဿ၊ သံဃာအား။ ပတ္တကလ္လံ၊ သည်။ ယဒိအတ္ထိ၊ အံ့။ ဇုတ္တုန္နာမော၊ ဤအမည်ရှိသောပဉ္စင်းလောင်းသည်။ အာဂစ္ဆေယျ၊ လာရာ၏။

ဍုတိ၊ ဤသို့။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ အာဂန္တွာဟီတိ၊ လာလော့ဟူ၍။ ဝတ္တဗ္ဗော၊ အပ်၏။ပ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊ ကို။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ ၏။ ဘန္တေ၊တို့။ သံဃော၊ သည်။ မံ၊ ကို။ အနုကမ္ပံ၊ သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု၊ ပဉ္စင်းခံတော်မူပါလော့။ ဝါ၊ အကုသိုလ်မှ ထမြောက်စေ၍ ကုသိုလ်၌ တည်ပါစေလော့။ [သာမဏေအဖြစ်မှ ထုတ်၍ ပဉ္စင်း အဖြစ်၌ တည်ပါစေလော့ ဟုလည်းပေး။ နောက်ကို လွယ်ပြီ]။ပ။ဘန္တေ၊ တို့။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ စကားကို။ သုဏာတု၊ လော့။ အာယသ္မတော၊ သော။ ဇုတ္တန္တာမသ၊ ဤအမည်ရှိသော မထေရ်အား။ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းခံခြင်းကို ငဲ့သော။ ဇုတ္တန္တာမော၊ ဤအမည်ရှိသော။ အယံ၊ ဤပဉ္စင်းလောင်းသည်။ အန္တရာယိကေဟိ၊ အန္တရာယ်ကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊တရားတို့မှ။ ပရိသုဒ္ဓေါ၊စင်ကြယ်၏။ အသ၊ ထိုပဉ္စင်းလောင်းအား။ ပတ္တစီဝရံ၊ သပိတ်, သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီ။ ဇုတ္တန္တာမော၊ ဤမည်သော ပဉ္စင်းလောင်းသည်။ သံဃံ၊ ကို။ ဇုတ္တန္တာမေန-ဇုတ္တန္တာမော၊ ဤမည်သော အရှင်သည်။ ဥပဇ္ဈာယေန- ဥပဇ္ဈာယောဟုတ္တွာ၊ ဥပဇ္ဈာယ်ဖြစ်၍။ ဥပသမ္ပဒံ၊ ပဉ္စင်းခံစိမ့်သည်ကို။ ယာစတိ၊ တောင်းပန်၏။ သံဃဿ၊ သံဃာအား။ ပတ္တကလ္လံ၊ သည်။ ယဒိအတ္ထိ၊ အံ့။ ဇုတ္တန္တာမေန-ဇုတ္တန္တာမော၊ သည်။ဥပဇ္ဈာယေန-ဥပဇ္ဈာယောဟုတ္တွာ၊၍။သံဃော၊သည်။ ဇုတ္တန္တာမံ၊ ဤ မည်သော ပဉ္စင်းလောင်းကို။ ဥပသမ္ပာဒေယျ၊ ပဉ္စင်းခံရာ၏။ဧသော၊ဤသည်ကား။ဉတ္တိ-ဉာပနံ၊သိစေခြင်းတည်း။ (ကမ္မဝါအနက်တူ၏။ ထူးသည်မျှကိုသာဆိုအံ့) ။ပ။ ယာစတိ၊ တောင်းပန်၏။ ဇုတ္တန္တာမေန-ဇုတ္တန္တာမော၊သည်။ ဥပဇ္ဈာယေန-ဥပဇ္ဈာယောဟုတ္တွာ၊၍။ ဥပသမ္ပာဒေတိ၊ မြင့်မြတ်သောအဖြစ်သို့ရောက်စေ၏။ ဇုတ္တန္တာမေန-ဇုတ္တန္တာမော၊ သည်။ ဥပဇ္ဈာယေန-ဥပဇ္ဈာယောဟုတ္တွာ၊၍။ဇုတ္တန္တာမသ၊ ဤမည်သောပဉ္စင်းလောင်း၏။ ဥပသမ္ပဒါ၊ မြင့်မြတ်သောအဖြစ်သို့ ရောက်စေခြင်းကို။ အာ

ယသွတော၊ ရှိသော။ ယဿာဘိက္ခနော၊ အကြင်ရဟန်းသည်။ ခမတိ၊ နှစ်သက်အပ်၏။ သောဘိက္ခု၊ ထိုနှစ်သက်သောရဟန်းသည်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဿ-ဘဝေယျ၊ ဖြစ်ရာ၏။ ယဿာဘိက္ခုနော၊ သည်။ နက္ခမတိ၊မနှစ်သက်သည်ဖြစ်အံ့။ သော ဘိက္ခု၊ ထိုမနှစ်သက်သောရဟန်းသည်။ ဘာသေယျ၊ ဆိုရာ၏။ တတိယမ္ပိ၊လည်း။ဧတမတ္ထံ၊ ဤအကြောင်းကို။ဝဒါမိ၊၏။ [တတိယကမ္မဝါစာ၏အနက်ကိုဤနည်းအတူပေး။ စတုတ္ထကမ္မဝါစာလည်းအတူတူ၊ထူးသည်မျှကိုသာဆိုအံ့]။ပ။ သံဃေန၊သည်။ ဇုတ္တန္ဓာမေန၊ဤအမည်ရှိသော ပဉ္စင်းလောင်းကို။ ဇုတ္တန္ဓာမေန-ဇုတ္တန္ဓာမော၊ သည်။ဥပဇ္ဈာယေန-ဥပဇ္ဈာယောဟုတ္ဝာ၊၍။ ဥပသမ္ပန္နော၊မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေပြီ။ သံဃဿ၊ သည်။ ယသ္မာ၊ ကြောင့်။ ခမတိ၊၏။ တသ္မာ၊ ထိုသို့နှစ်သက်ခြင်းကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ ဘဝိတဗ္ဗံ၊၏။ ဧဝံတုဏှီဘာဝေန၊ဖြင့်။ ဧတံ-ခမနီယဘာဝံ၊ ထိုနှစ်သက်သောအဖြစ်ကို။ ဓာရယာမိ၊မှတ်ရာ၏။

ဥပသမ္ပဒကမ္မံ၊ သည်။ နိဋ္ဌိတံ၊ပြီ။

---

၁၂၈။ တာဝဒေဝ၊ ထို ပဉ္စင်းဖြစ်သော ခဏ၌ သာလျှင်။ ဆာယာ၊ အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းယှဉ်အပ်၏။ ဥတုပမာဏံ၊ ဥတု၏ပမာဏကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဒိဝသဘာဂေါ၊ နေ့အဘို့ကို။ အာစိက္ခိတဗ္ဗော၊ ပြောကြားအပ်၏။ သံဂီတိ၊ အပေါင်းကို။ အာစိက္ခိတဗ္ဗာ၊၏။ [ဖဝါးကား ဤမျှ၊ဥတုကား ဤမည်သောဥတု၊နေ့ကား ဤမည်သောနေ့ဟုပေါင်း၍ ကြားဟူလိုသတည်း။ စတ္တာရောနိဿယာစသည်ကို ရှေး၌ဆိုခဲ့ပြီ]။ စတ္တာရိ၊ ကုန်သော။ အကရဏီယာနိ၊ မကျင့်အပ်သည်တို့ကို။ အာစိက္ခိတဗ္ဗာနိ၊ ကုန်၏။

စတ္တာရောနိဿယာ၊ တို့သည်။နိဋ္ဌိတာ၊ ကုန်ပြီ။

၁၂၉။ တေနခေါပန သမယေန၊ ဘိက္ခူ၊တို့သည်။ အညှ
တရံ၊ တယောက်သော။ ဘိက္ခုံ၊ ကို။ ဥပသမ္ပာဒေတွာ၊ပဥ္စင်းခံ၍။
ဧကေကံ၊တယောက်ထည်းကို။ ပဟာယ၊စွန့်၍။ ပက္ကမိံသု၊ကုန်၏။
။ပ။ ပုရာဏဒုတိယိကာယ၊ရှေးလူခင်ပွန်းနှင့်။ သမာဂဉ္ဆိ၊တွေ့လေ
၏။သာ ပုရာဏဒုတိယိကာ၊သည်။ဧဝံ၊ ဤသို့။အာဟ၊၏။ကိံ၊ အသို့
နည်း။ ဣဒါနိ၊ယခု။ ပဗ္ဗဇိတော၊သည်။ အသိ၊လော။ ဣတိ၊ဤသို့။
အာဟ၊၏။ ပဗ္ဗဇိတော၊ ရဟန်းသည်။ အာမအမှိ၊ ဟုတ်ဖြစ်ပြီ။
ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ ပဗ္ဗဇိတာနံ၊တို့အား။ မေထု
နော ဓမ္မော၊ မေထုန်အကျင့်သည်။ ဒုလ္လဘော၊ ရခဲ၏။ ဧဟိ၊
လာလှည့်။ မေထုနံဓမ္မံ၊ ကို။ ပဋိသေဝ၊ မှီဝဲလော့။ ဣတိ၊ ဤသို့။
အာဟ၊ဆို၏။ သောဘိက္ခု၊ သည်။ ပဋိသေဝိတွာ၊မှီဝဲ၍။ စိရေန၊
ကြာမြင့်မှ။ အဂမာသိ၊သွားလေ၏။ပ။ အာဝုသော၊ ငါ့ရှင်။ကိဿ၊
အဘယ်ကြောင့်။ တွံ၊ သင်သည်။ စိရံ၊ ကြာမြင့်စွာ။ အကာသိ၊
ပြုသနည်း။ ဣတိ၊ ဤသို့။ အာဟံသု။ ဆိုကုန်၏။ပ။ ဘိက္ခဝေ၊
ရဟန်းတို့။ ဒုတိယံ၊ အပေါင်းအဘော်ကို။ ဒါတုံ၊ပေးစိမ့်သောငှါ။
အနုဇာနာမိ၊၏။ပ။ ဥပသမ္ပန္နေန၊ မြင့်မြတ်သော ပဥ္စင်း အဖြစ်သို့
ရောက်လေပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ မေထုနောဓမ္မော၊
မေထုန်အကျင့်ကို။ နပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်။ အန္တမသော၊
အယုတ်အားဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မိန်းမ၌လည်း။
နပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ယောဘိက္ခု၊ သည်။ မေထုနံဓမ္မံ၊
မေထုန်အကျင့်ကို။ ပဋိသေဝတိ၊ မှီဝဲအံ့။ အဿမဏော၊ သည်။
အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်
သည်။ ဟောတိ၊ဖြစ်၏။ သေယျထာပိနာမ၊ဥပမာမည်သည်ကား။
သီသစ္ဆိန္နော၊ ဦးခေါင်းပြတ်လေပြီးသော။ ပုရိသော၊သည်။ တေန
သီသေန၊ ထိုဦးခေါင်းနှင့်။ သရီရဗန္ဓနေန၊ ကိုယ်ကိုစပ်သဖြင့်။
ဇီဝိတုံ၊ အသက်ရှည်အံ့သောငှါ။အဘဗ္ဗောယထာ၊မထိုက်သကဲ့သို့။
ဧဝမေဝ၊ ဤအတူလည်းကောင်း။ ဘိက္ခု၊သည်။ မေထုနံဓမ္မံ၊ ကို။
ပဋိသေဝိတွာ၊မှီဝဲခြင်းကြောင့်။အဿမဏော၊ရဟန်းမဟုတ်သည်။

အသကျပုတ္တိယော၊သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်
သည်။ဟောတိ၊၏။တံ၊ထိုမေထုန်မှီဝဲသောအကျင့်ကို။တေ-တယာ၊
သင်ပဉ္စင်းသစ်သည်။ ယာဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ
ကာလပတ်လုံး။ အကရဏီယံ၊ မပြုကျင့်အပ်။ ဥပသမ္ပန္နေန၊သော။
ဘိက္ခုနာ၊ သည်။ အဒိန္နံ၊ အရှင်မပေးသော သူတပါးဥစ္စာကို။
ထေယျသင်္ခါတံ-ထေယျသင်္ခါတေန၊ ခိုးလိုသော စိတ် အဘို့ဖြင့်။
အန္တမသော၊ ဖြင့်။ တိဏသလာကံ၊ မြက်, ဝါးခြမ်းစိတ်ကို။
ဥပါဒါယ၊ အစပြု၍။ နအာဒါတဗ္ဗံ၊မယူအပ်။ ယောဘိက္ခု၊ သည်။
ပါဒံဝါ၊တမတ်သော ဥစ္စာကိုလည်းကောင်း။ပါဒါရဟံဝါ၊တမတ်
ထိုက်သောဥစ္စာကိုလည်းကောင်း။ အဒိန္နံ၊ ဘဲ။ အာဒိယတိ၊ အံ့။
အဿမဏော၊ သည်။ အသကျပုတ္တိယော၊ သည်။ ဟောတိ၊ ၏။
သေယျထာပိနာမ၊ မည်သည့်ကား။ ဗန္ဓနာ၊ အညှာမှ။ ပဝုတ္တော၊
လွတ်လေပြီးသော။ ပဏ္ဍုပလာသော၊ ဘက်ရွက်လျော်သည်။
ဟရိတတ္တာယ၊ တဘန်စိမ်းပြန်အံ့သောငှါ။ အဘဗ္ဗောယထာ။
ကဲ့သို့။ပ။အသကျပုတ္တိယော၊သည်။ ဟောတိ၊၏။ တံအဒိန္နာဒါနံ၊
ထိုအရှင်မပေးသော သူ့ဥစ္စာကို ယူခြင်းကို။ တေတယာ၊ သည်။
ယာဝဇီဝံ၊ အသက်ရှည်သမျှကာလပတ်လုံး။ အကရဏီယံ၊ အပ်။
[ဗန္ဓနာပဝုတ္တော၌ ဝုတ္တောမှာ ဒန္တောဋ္ဌဇ ဝ,အက္ခရာ လိုသည်။
ဇာတိဝုတ်အဋ္ဌကထာ၌ ပဝုတ္တအနက်ဟော ဝုတ္တအရာမှာ ဤပါဠိကို
ထုတ်သည်]။ ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ သဉ္စိစ္စ၊
သေစေလိုသောစေတနာရှိသည်ဖြစ်၍။ ပါဏော၊ကို။ ဇီဝိတာ၊မှ။
နဝေါရောပေတဗ္ဗော၊ အပ်။ အန္တမသော၊ ဖြင့်။ ကုန္ထကိပိလ္လိကံ၊
ခြပိုးရွကို။ ဥပါဒါယ၊ ၍။ နဝေါရောပေတဗ္ဗော၊အပ်။ယောဘိက္ခု၊
သည်။ သဉ္စိစ္စ၊၍။ မနုဿဝိဂ္ဂဟံ၊ ကို။ ဇီဝိတာ၊မှ။ ဝေါရောပေတိ၊
အံ့။ အန္တမသော၊ ဖြင့်။ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်ချဆေးကို။ ဥပါ
ဒါယ၊ ၍။ ဇီဝိတာ၊မှ။ ဝေါရောပေတိ၊အံ့။ အဿမဏော၊သည်။
အသကျပုတ္တိယော၊ သည်။ ဟောတိ၊ ၏။ သေယျထာပိနာမ၊
မည်သည်ကား။ ဒွိဓာ၊ နှစ်ဖြာ။ ဘိန္နာ၊ ကွဲလေပြီးသော။ ပုထု

သိလာ၊ ကျောက်ဖျာကြီးသည်။ အပ္ပဋိသန္ဓိကာယထာ၊ တဘန်
မစေ့စပ်နိုင်သကဲ့သို့။ပ။အသကျပုတ္တိယော၊ သည်။ ဟောတိ၊ ၏။
တံမနုဿဇိဝိတာဝေါရောပနံ၊ ထိုလူ၏ အသက်ကို သတ်ခြင်းကို။
တေ-တယာ၊သည်။ယာဝဇီဝံ၊လုံး။အကရဏီယံ၊အပ်။ ဥပသမ္ပန္နေ
န၊ သော။ ဘိက္ခုနာ၊သည်။ ဥတ္တရိမနုဿဓမ္မော၊လူတို့၏ ကုသိုလ်
ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်
တရားကို။ ဝါ၊မြတ်သော လူဟုဆိုအပ်သော ဈာနလာဘီအရိယာ
ပုဂ္ဂိုလ်တို့၏တရားကို။ နဥလ္လပိတဗ္ဗော၊မပြောဟောအပ်။ပ။သုညာ
ဂါရေ၊ ဆိတ်ငြိမ်ရာအရပ်၌။ အဘိရမာမိတိ၊ အလွန် ငါမွေ့လျော်
၏ဟု။ နဥလ္လပိတဗ္ဗော၊ အပ်။ ယောဘိက္ခု၊ သည်။ ပါပိစ္ဆော၊
ယုတ်မာသော အလိုရမ္မက်ရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလို
ရမ္မက်သည် နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ၊မိမိကိုယ်၌မရှိသော။
အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဥလ္လပတိ၊
ပြောဟောမိအံ့။ ဈာနံဝါ၊ဈာန်တရားကိုလည်းကောင်း။ ဝိမောက္ခံ
ဝါ၊ ကိုလည်းကောင်း။ သမာပတ္တိံဝါ၊ ကိုလည်းကောင်း။ မဂ္ဂံဝါ၊
ကိုလည်းကောင်း။ ဖလံဝါ၊ ကိုလည်းကောင်း။ ဥလ္လပတိ၊ အံ့။
အဿမဏော၊ သည်။ အသကျပုတ္တိယော၊ သည်။ ဟောတိ၊ ၏။
သေယျထာပိနာမ၊ မည်သည်ကား။ မတ္ထကစ္ဆိန္နော၊ လည်ဆစ်
ပြတ်လေပြီးသော။ တာလော၊ ထန်းပင်သည်။ ပုန၊ တဘန်။
ဝိရူဠှိယာ၊ အညွန့် အညောက် ပေါက်ခြင်းငှါ။ (ရောက်ခြင်းငှါ
ဟုလည်းပေး)။ အဘဗ္ဗောယထာ၊ ကဲ့သို့ ။ပ။ အသကျပုတ္တိယော၊
သည်။ ဟောတိ၊ ၏။ တံတာဒိသံဥလ္လပနံ၊ ထိုသို့သော ပြောဟော
ခြင်းကို။ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်
ထက်ဆုံး။ (အသက်ရှိသရွေ့ သော်လည်းပေး)။ အကရဏီယံ၊
မကျင့်အပ်။ ဣတိ၊ ဤသို့။ အာစိက္ခိတဗ္ဗာနိ၊ ကြားပေ အပ်ကုန်၏။
[ပဉ္စင်းလောင်း အမည်ရင်းကိုလဲ၍ အမည်သစ်ဖြင့် ကမ္မဝါဘတ်
ရွတ်လိုလျှင် အနုသာသနစသည် မပြုမီ ဘတ်ရွတ်လိုသော အမည်

ကို ရှေးဦးစွာ ကြားရမည်။ ဥပဇ္ဈာယ် အမည်ရင်းကိုလဲ၍ ဘတ်ရွတ်ရာ၌လည်း ဤအတူ ရှေးဦးစွာကြားရမည်။ဝိမတိဝိနောဒနီ]။

စတ္တာရိအကရဏီယာနိ၊တို့သည်။နိဋ္ဌိတာနိ၊ကုန်ပြီ။

---

၁၃၀။ တေနခေါ ပန သမယေန၊၌။ အာပတ္တိယာ၊ကို။ အဒဿနေ၊မရှုခြင်းကြောင့်။ဥက္ခိတ္တကော၊မဟာရာမ်မှနှင်ထုတ်အပ်သော။ အညတရော ဘိက္ခု၊ ရဟန်းတယောက်သည်။ ဝိဗ္ဘမိ၊ လူထွက်ခဲ့၏။ သော ဝိဗ္ဘန္တော၊ ထိုလူထွက်သောသူသည်၊ ပုန၊ တဖန်။ ပစ္စာဂန္တွာ၊ လာပြန်လတ်၍။ ဘိက္ခူ၊ တို့ကို။ ဥပသမ္ပဒံ၊ ပဉ္စင်းခံစိမ့်သည်ကို။ ယာစိ၊ တောင်းပန်၏။ပ။သော၊ ထိုသူကို။ တွံ၊ သည်။ တံ အာပတ္တိံ၊ ထိုအာပတ်ကို။ ပဿသိ၊ရှုအံ့လော။ ဧတိ၊ ဤသို့။ ဝစနီယော၊ သည်။ အဿ၊ ဖြစ်၏။ သစေ၊ ၍။ အဟံ၊ သည်။ ပဿိဿာမီတိ၊ ရှုအံ့ဟု။ ဝဒတိ၊ ဆိုအံ့။ ပဗ္ဗာဇေတဗ္ဗော၊ ၏။ သစေ၊ ၍။ အဟံ၊ သည်။ နပဿိဿာမီတိ၊ မရှုပြီဟု။ ဝဒတိ၊ အံ့။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ ပဗ္ဗာဇေတွာ၊ ပြုပြီး၍။ တံ အာပတ္တိံ၊ကို။ ပဿိဿသီတိ၊ ရှုအံ့လောဟု။ဝတ္တဗ္ဗော၊၏။ပ။ဩသာရေတဗ္ဗော၊ သွင်းအပ်၏။ပ။သစေ ပဿတိ၊အကယ်၍ ရှုအံ့။ ဣစ္စေတံ-ဣတိ ဧတံ ပဿနံ၊ ဤသို့ ရှုမှုကား။ ကုသလံ-အနဝဇ္ဇံ၊ အပြစ်မရှိ။ (ကုသလံ သာဓု၊ ကောင်း၏ သော်လည်းပေး)။ သစေ၊ ၍။ နော ပဿတိ၊ မရှုလိုအံ့။ သာမဂ္ဂိယာ၊သံဃာ၏ညီညွတ်ခြင်းကို။ လဗ္ဘမာနာယ၊ ရသည်ရှိသော်။ ပုန၊တဖန်။ ဥက္ခိပိတဗ္ဗော၊မဟာရာမ်မှ နှင်ထုတ်အပ်၏။ သာမဂ္ဂိယာ၊ကို။ အလဗ္ဘမာနာယ၊မရသေးသည်ရှိသော်။ သမ္ဘောဂေ၊ တကွပစ္စည်းကို ပရိဘုတ်ခြင်း၌ လည်းကောင်း။ သံဝါသေ၊ တကွ ကံကြီး,ကံငယ် ပြုခြင်း၌လည်းကောင်း။ အနာပတ္တိ၊ အာပတ်မသင့်။ပ။အာပတ္တိယာ၊ ကို။ အပ္ပဋိကမ္မေ၊ မုကုလိုခြင်းကြောင့် ။ပ။ ပဋိကရိဿသိ၊ ကုအံ့လော ။ပ။ ပဋိကရိဿာမိ၊ ကုအံ့။ပ။ ပါပိကာယ၊ ယုတ်မာသော။ ဒိဋ္ဌိယာ၊အယူကို။ အပ္ပဋိ

နိဿဂ္ဂေ၊ မစွန့်လိုခြင်းကြောင့်။ပ။တံပါဠိကံဒိဋ္ဌံ၊ ထို မကောင်းသော အယူကို။ ပဋိနိဿဇ္ဇိဿသိ၊ စွန့်အံ့လော။ (ကြွင်းသရွေ့ ဤနည်းကိုမှီ၍• သိအပ်၏)။

ပဥ္စမော၊ သော။ မဟာခန္ဓကော၊သည်။နိဋ္ဌိတော၊ပြီ။

---

## ဥဒ္ဒါန်း

၁၃၁။ တဿမဟာခန္ဓကဿ၊ ၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကို။ ဇဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊၏။ မဟတ္တေ၊ များသော အကျိုးရှိသော။ (သုကား နိပါတ်)။ ။ပေသလာနံ၊သီလကိုချစ်သောရဟန်းတို့အား။ သုခါဝဟော၊ ချမ်းသာကို ဆောင်ပေတတ်ထသော။ ဝိနယမှိ၊ ဝိနည်း၌။ ကုသလော၊ လိမ္မာထသော။ ပါပိစ္ဆေ၊ ယုတ်မာသော အလိုရမ္မက်ရှိသော ပုဂ္ဂိုလ်တို့ကို။ နိဂ္ဂဟာနဥ္စ-နိဂ္ဂဟေသုစ၊ နှိပ်ခြင်းတို့၌ လည်းကောင်း။ လဇ္ဇီနံ၊လဇ္ဇီပုဂ္ဂိုလ်တို့ကို။ ပဂ္ဂဟေသုစ၊ ချီးမြှောက်ခြင်းတို့၌ လည်းကောင်း။

သာသနာဓာရဏေစေဝ၊ သာသနာတော်ကို ဆောင်ခြင်း၌ လည်းကောင်း။ (ကံကြီး ကံငယ် ဆောင်သည်ကိုယူ)။ ။သဗ္ဗညုဇိန ဂေါစရေ၊ သဗ္ဗညုမြတ်စွာဘုရားတို့၏ အရာသာ ဖြစ်သော။ အနညဝိသယေ၊ ဘုရားမှတပါးသော သူတို့၏အရာမဟုတ်သော။ ခေမေ၊ ထသော။ သုပညတ္တေ၊ ကောင်းစွာ ပညတ်တော် မူအပ်သော။ အသံသယေ၊ မယုံမှားအပ်သော။ ခန္ဓကေစေဝ၊ မဟာဝါ ခန္ဓက စူဠဝါခန္ဓက၌လည်းကောင်း။ ဝိနယေစေဝ၊ ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်း၌ လည်းကောင်း။ ပရိဝါရေစ၊ ပရိဝါ၌လည်းကောင်း။ မာတိကေ၊ ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်၌ လည်းကောင်း။ ကုသလော၊ လိမ္မာထသော။ ဘိက္ခု၊ သည်။• ယထာတ္ထကာရီ၊ မဘောက်မပြန်ပြုလျက်။ ယောနိသော၊ အသင့်အားဖြင့်။ ပဋိပဇ္ဇတိ၊ ကျင့်၏။

ယောဂေါပါလော၊ အကြင် နွားကျောင်းသားသည်။ ဂဝံ၊ နွားကို။နဝိဇာနာတိ၊ မသိ။ သောဂေါပါလော၊သည်။ ဂေါဂဏံ၊

နွားအပေါင်းကို။ နရက္ခတိယထာ၊ မစောင့်နိုင်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူလည်းကောင်း။ သီလံ၊ သီလကို။ အဇာနန္တော၊ မသိသော။ သောဘိက္ခု၊ သည်။ ကိံ-ကုတော၊ အဘယ်မှာလျှင်။ သံဝရံ၊ သံဝရ သီလကို၊ ရက္ခေယျ၊ စောင့်နိုင်ရာအံ့နည်း။

သုတ္တန္တေစ၊ သုတ္တန်သည်လည်းကောင်း။ အဘိဓမ္မေစ၊ အဘိ ဓမ္မာသည်လည်းကောင်း။ ပမုဋ္ဌမှိစ၊ မေ့ခဲ့သော်လည်း။ တာဝဒေဝ၊ ထိုမျှလောက်သော။ ဝိနယေ၊ ဝိနည်းပိဋကတ်သည်။ အဝိနဋ္ဌမှိ၊ မပျောက်သည်ရှိသော်။ ပုန၊ တဘန်။ သာသနံ၊ သာသနာတော် သည်။ တိဋ္ဌတိ၊ တည်၏။ ။တသ္မာ၊ ကြောင့်။ သင်္ဂါဟနာဟေတုံ၊ အကျဉ်းရေတွက်ခြင်း၏ အကြောင်းဖြစ်သော။ ဥဒ္ဒါနံ၊ ဥဒါန်းကို။ ဝါ၊ အကျဉ်းဖြစ်သော စကားကို။ အနုပုဗ္ဗသော၊ အစဉ်သဖြင့်။ ယထာဉာယံ၊ သိသောအလျောက်။ ပဝက္ခာမိ။ ဆိုအံ့။ ဘာသတော-ဘာသမာနဿ၊ ဆိုလတ်သော။ မမ၊ ၏။ သန္တိကာ၊ အထံမှ။ သုဏာထ၊ ကုန်။ ။ဝတ္ထုံ၊ ဝတ္ထုကိုလည်းကောင်း။ နိဒါနံ၊ ကိုလည်းကောင်း၊ အာပတ္တိံ၊ ကိုလည်းကောင်း။ နယာယေန၊ ဝိတ္ထာရနည်းဖြင့်။ ပေယျာလမေဝစ၊ ပေယျာလအပြားကို လည်း ကောင်း။ တံသဗ္ဗံ၊ ကို။ အသေသေတုံ၊ အကြွင်းမဲ့ပြအံ့သောငှါ။ ဒုက္ကရံ၊ ခဲ၏။ တံသဗ္ဗံ၊ ကို။ နယတော၊ သခေပနည်းဖြင့်။ ဝိဇာနာထ၊ သိလင့်ကုန်။ [အထက်ဥဒါန်းဂါထာများမှာ ဝိဘတ်,လိင်,ဝုစ်အစ ရှိသည်တို့ကိုများစွာမယူမူ၍ အဓိပ္ပါယ်ကျသာပေးရာ၏]။ ဗောဓိ၊ ဗောဓိကထာ။ ရာဇာယတနံ၊ ရာဇာယတနကထာ။ အဇပါလော၊ အဇပါလကထာ။ (နောက်အဇပါလကာကို ယူ၍ ရှေ့နောက်ပြန် သည်)။ သဟမ္ပတိဗြဟ္မာ၊ သည်။ အာယာစတိ၊ တောင်းပန်၏။ အာဠာရော၊ အာဠာရသေ့သည်။ ဗဟုပကာရော၊ ကျေးဇူးများ၏။ ဥဒကော၊ ဥဒကရသေ့သည်လည်း။ ဗဟုပကာရော၊ ၏။ ဘိက္ခူစ၊ ပဉ္စဝဂ္ဂီရဟန်းငါးယောက်တို့သည်လည်း။ ဗဟုပကာရာ၊ ကျေးဇူး များပေကုန်စွ။ ဥပကော၊ ဥပကတက္ကတွန်းသည်။ သမာဂဉ္ဆိ၊ တွေ့ လေ၏။ ဣသိံ၊ ဣသိပတနတောသို့။ ပက္ကမိ၊ ကြွတော်မူ၏။ ကောဏ္ဍ

ညော၊ ကောဏ္ဍညထေရ်။ ဝပ္ပေါ၊ ဝပ္ပထေရ်။ ဘဒ္ဒိယော၊ဘဒ္ဒိယ
ထေရ်။အဿဇိ၊ အဿဇိထေရ်။ မဟာနာမော, မဟာနာမ်ထေရ်။
ယသောစ၊ ယသထေရ်။စတ္တာရောပညာသ၊ငါးကျိပ်လေးယောက်၊
သဗ္ဗေ၊ ခပ်သိမ်းသော ရဟန္တာတို့ကို။ သောမုနိ၊ ထိုမြတ်စွာဘုရား
သည်။ ဒိသာ၊ အရပ်ထက်ဝန်းကျင်တို့ကို။ ပေသေသိ၊ လွှတ်တော်
မူ၏။ (စေတော်မူ၏ဟုလည်းပေး)။ ဝတ္ထုံ၊ သရဏဂုံ သုံးပါးတို့
ဖြင့် ရဟန်းပြုခြင်း ပဉ္စင်းခံခြင်းကို။ အနုညာတံ၊ ခွင့်ပြုတော်မူ၏။
မာရေဟိ၊ မာရ်အားရွတ်သော ဂါထာတို့နှင့်။ သဟ၊တကွ။
တိံသာစ၊ ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့၏ ရဟန်းပြုသောကထာ။
ဥရုဝေလံ၊ ဥရုဝေလသို့။ပ။ပက္ကမိ၊ကြွသွားတော်မူလေ၏။ တယော
ဇဋိ၊ ရသေ့ညီနောင်သုံးယောက်တို့သည်။ ဝသိံသု၊ နေကုန်၏။
(ဇဋိ၌ လာသဒ္ဒါကား ကျေသည်)။ အဂျာဂါရံ၊ မီးတင်းကုပ်သို့။
ပါဝိသိ၊ ဝင်တော်မူ၏။ ကေဝလော၊ တောအုပ်အလုံးကို လင်းစေ
လျက်။ မဟာရာဇာ၊ စတုမဟာရာဇ်နတ် လေးယောက်တို့သည်
လည်းကောင်း။ သက္ကော၊ သိကြားသည်လည်းကောင်း။ ဗြဟ္မာစ၊
ဗြဟ္မာသည်လည်းကောင်း။ အင်္ဂသု၊ ရပ်ကုန်၏။ ပံသုကူလံ၊ ကို။
အဂ္ဂဟေသိ၊ ကောက်တော်မူလေ၏။ ပေါက္ခရဏိံ၊ ကို။ သက္ကော၊
သည်။ခဏိ၊ တူးပေ၏။ (မာပေသိ၊ဖန်ဆင်းပေ၏ လည်းဟူ)။ ။
သိလာစ၊ . သက်နှ်း နယ်စရာကျောက်ဖျာကိုလည်း။ ဥပနိက္ခိပိ၊
ထားပေ၏။ ကကုဓော၊ ရေခံတက်ပင်သည်။ ဩနမိ၊ ညွတ်ပေ၏။
သိလာ၊ကျောက်ပုဉ်ကို။ ဥပနိက္ခိပိ၊ ထားပေ၏။ ဇမ္ဗု၊သပြေသီး။
အမ္ဗောစ၊ သရက်သီး။ အမလော၊ရှိရှားသီး။ ပါရိပုပ္ဖ၊ ပင်လယ်
ကသစ်ပွင့်ကိုလည်း။အာဟရိ၊ဆောင်တော်မူလေ၏။ ။ကဿပ၊
ကဿပ။ ဖါလယန္တု၊ ထင်းတုံးငါးရာ ကွဲလေစေကုန်။ ဥဇ္ဇလန္တု၊
မီးတောက်စေလေကုန်။ဝိဇ္ဈာယန္တု၊စ၊ငြိမ်းပလေစေကုန်ဟု။အဝေါ
စ၊မိန့်တော်မူ၏။ နိမ္မုဇ္ဇန္တိ၊ ရသေ့ငါးရာငုပ်ကြ၏။ မုခိ၊မီးမယ်ဖြူ
ငါးရာတို့ကို။ နိမ္မိနိ၊ ဖန်ဆင်းတော်မူ၏။ မေဃော၊ မိုဃ်းသည်။
ဝဿိ၊ရွာ၏။ ဂယာ၊ ဆင်ဦးကင်းနှင့်တူသော ကျောက်ဖျာရှိသော

ဂယာမည်သော အရပ်၌။ဝိဟရတိ၊၏။ လဋ္ဌိ၊ထန်းဥယျာဉ်တော၌။
ဝိဟရတိ၊၏။ မာဂဓော၊ မဂဓရာဇ်ပြည်ကို အစိုးရသော ဗိမ္ဗိသာရ
မင်းကြီးသည်။ အဿောသိ၊ ကြားလေ၏။ ။ဥပတိဿောစ၊
ဥပတိဿသည် လည်းကောင်း။ကောလိတောစ၊ကောလိတသည်
လည်းကောင်း။ ဝေဠုဝနံ၊ သို့။ ဥပသင်္ကမိံသု၊ ကုန်၏။ အဘိညာ
တာ၊ ထင်ရှားသော အမျိုးသားတို့သည်။ ပဗ္ဗဇုံ၊ ရဟန်းပြုကုန်၏။
ဒုန္နိဝတ္ထာ၊ မကောင်းသဖြင့် ဝတ်ကုန်လျက်။ ပိဏ္ဍာယ၊ ငှါ။ စရန္တိ၊
သွားကုန်၏။ ပဏာမနုဿာ၊ နှင်ခြင်းကို။ အနုညာတာ၊ ခွင့်ပြုတော်
မူ၏။ ဗြာဟ္မဏော၊ ရာဇပုဏ္ဏားသည်။ ကိသော၊ ကြို၏။ လူခေါစ၊
ခေါင်းပါး၏။ ။အနာစာရံ၊ မကျင့်အပ်သည်ကို။ အာရစတိ၊
ကျင့်၏။ ဥဒရံ–ဥဒရဿကာရဏာ၊ ဝမ်းဟူသော အကြောင်း
ကြောင့်။ ပဗ္ဗဇိတော၊၏။ မာဏဝေါ၊ သည်။ ပဗ္ဗဇ္ဇံ၊ကို။ ယာစိ၊
တောင်းပန်၏။ဂဏော–ဂဏေန၊နှစ်ယောက် သုံးယောက်မျှသော
ဂိုဏ်းသည်။ နဥပသမ္ပာဒေတဗ္ဗော၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းမခံအပ်။
ဝဿံ–ဝဿေန၊ ဆယ်ဝါမပြည့်သော ရဟန်းသည်။ နဥပသမ္ပာ
ဒေတဗ္ဗံ၊အပ်။ ဗာလေဟိ၊ ဝိနည်းသိက္ခာပုဒ်ကို မသိသော ရဟန်း
တို့သည်။ န ဥပသမ္ပာဒေတဗ္ဗာ၊ အပ်။ ပက္ကန္တော၊ ဆရာဥပဇ္ဈာယ်
အရပ်တပါး သွားခဲ့သော်။ ဒုန္နိဝတ္ထာဒုပါရုတာ၊ မကောင်းသဖြင့်
ဝတ်ကုန်ရုံကုန်လျက်။ ပိဏ္ဍာယ၊ငှါ။ စရန္တိ၊ကုန်၏။ဒသဝဿာနံ–
ဒသဝဿေဟိ၊ ဆယ်ဝါပြည့်သော ဗျတ္တိရှိသော ရဟန်းတို့သည်။
နိဿယော၊နိဿယည်းကို။ ဒါတဗ္ဗော၊၏။ နဝတ္တန္တိ၊ ကောင်းစွာ
မကျင့်ကုန်။ ပဏာမေတုံ၊ နှင်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။
ဗာလာ၊ ဝိနည်း၌ မလိမ္မာသော ရဟန်းတို့သည်။ နိဿယံ၊ ကို။
ဒေန္တိ၊ ကုန်၏။ ပဿဒ္ဓိ၊ ယူပြီးသော နိဿယည်း၏ ငြိမ်းခြင်းကို။
နဇာနန္တိ၊ မသိကုန်။ပဉ္စဆ၊ အင်္ဂါငါးပါး ခြောက်ပါး။ ယောသော
အညော၊ အကြင် အညတိတ္ထိဖြစ်ဘူးသောသူ။နဂ္ဂေါစ၊နဂ္ဂတိတ္ထိ၊
အစ္ဆိန္န၊ ဆံမရိတ်သောတိတ္ထိ။ ဇဋိလ၊ မီးပူဇော်သော ရသေ့။
သာကိယော၊ သာကီဝင်အမျိုး။ ။မဂဓေသု၊ မဂဓရာဇ်တိုင်းတို့၌။

ပဉ္စအာဗာဓာ၊ တို့သည်။ ဥဒပါဒိံသု၊ ကုန်၏။ ကောဘ၊ လုလင်
တယောက်သည်။ ပဗ္ဗဇိတော၊၏။ ရာဇာစ၊ ဗိမ္ဗိသာရမင်း သည်
လည်း။ အာဏာပေသိ၊ စေ၏။ အင်္ဂုလိ၊ အင်္ဂုလိမာလခိုးသူသည်။
ပဗ္ဗဇိတော၊၏။ တေ၊ ထိုသူခိုးတို့ကို။ မာစအနုညာသိ၊ဘုရားခွင့်ပြု
တော်မမူ။ (အင်္ဂုလိမာလမှတပါးသော ခိုးသူတို့ကို ယူ)။ ကာရ
လိခိ၊တွေ့ရာ၌သတ်ဟုကမ္ပည်းထားအပ်သောသူ။ကသာဟတော၊
ကြိမ်လုံးဖြင့်ခတ်အပ်သောသူ။ ။လက္ခဏာ၊သံပူအပ်သသူ။ဣဏာ၊
မြီတင်သောသူ။ ဒါသောစ၊သူ့ကျွန်။ ဘဏ္ဍုကော၊ ဦးခေါင်းပြည်း
သော ရွှေပန်းထိမ်သည်သား။ ဥပါလိ၊ ဥပါလိသတို့သား။ အဟိ၊
ယဉ်းအနာ။ သဒ္ဒံကုလံ၊ သဒ္ဓါသော ဒါယကာ။ ကဏ္ဍုကောစ၊
အချင်းချင်းကျင့်သော ကဏ္ဍုကသာမဏေ။ အာဟုန္ဒရိကမေဝစ၊
အရပ်မျက်နှာကျဉ်းမြောင်းခြင်း။ ဝတ္ထုမှို၊ကပိလဝတ်၌။ ဝိဟာရတိ၊
၏။ဒါရကော၊ ရာဟုလာမင်းသားသည်။ ပဗ္ဗဇိတော၊၏။ ပိတာ၊
ခမည်းတော်မင်းကြီးသည်။ ယာစတိ၊ တောင်းပန်၏။ သိက္ခာစ၊
ဆယ်ပါးသော သိက္ခာကိုလည်း။ အနုညာတာ၊ ခွင့်ပြုတော်မူ၏။
ဝိဟာရန္တိစ၊ မရှိမသေနေကုန်၏။ ကိံနုခေါ၊ အဘယ်သို့ဒဏ်ပေးရအံ့
နည်းဟု။ ပရိဝိတက္ကေသိ၊ ကြံ၏။ ဥပဇ္ဈာယေ၊ ဥပဇ္ဈာယ်တို့အား။
သဗ္ဗံ၊ အလုံးစုံ။ သုခံ၊ ချမ်းသာစိမ့်သည်ကို။ ဝုတ္တံ၊၏။ အပဋ္ဌာလန၊
သူ့တပည့်တို့ကို ဖြားယောင်းခြင်း။ ကဏ္ဍုကော၊ ဘိက္ခုနီမကို
ဖျက်ဆီးသောကဏ္ဍုကသာမဏေ။ ။ပဏ္ဍကော၊ပဏ္ဍုက်။ထေယျ၊
ထေယျသံဝါသက။ ပက္ကန္တော၊တိတ္ထိယပက္ကန္တက။ အဟိစ၊ နဂါး။
မာတရိ၊အမိကိုသတ်သောသူ။ ပိတာ၊အဘကိုသတ်သောသူ။အရ
ဟန္တာ၊ ရဟန္တာကိုသတ်သောသူ။ ဘိက္ခုနီဘေဒေါ၊ ဘိက္ခုနီမကို
ဖျက်သောသူ။ ရုဟိရေန၊ဘုရားကိုသွေးစိမ်းတည်စေသောသူ။ ဗျဉ္စ
နံ၊ဥဘတော့ဗျည်း။ အနုပဇ္ဈာယ၊ ဥပဇ္ဈာယ်မရှိဘဲ ပဉ္စင်းခံခြင်း။သံ
ဃေန၊သံဃာဥပဇ္ဈာယ်ပြု၍ပဉ္စင်းခံခြင်း။ ဂဏ၊ဂိုဏ်းဥပဇ္ဈာယ်ပြု၍
ပဉ္စင်းခံခြင်း။ပဏ္ဍက၊ပဏ္ဍုက်ကို ဥပဇ္ဈာယ်ပြု၍ပဉ္စင်းခံခြင်း။အပတ္တ
ကော၊ သပိတ်မရှိသောသူကို ပဉ္စင်းခံခြင်း။ အစီဝရံ၊ သင်္ကန်းမရှိ

သောသူကို ပဉ္စင်းခံခြင်း။ တဒုဘယံ၊သပိတ်,သင်္ကန်း နှစ်ပါးစုံ မရှိ
သောသူကိုပဉ္စင်းခံခြင်း။ယာစိတေနပိ၊ငှါးသောသပိတ်သင်္ကန်းဖြင့်
လည်း။ ယေတယော၊ အကြင်သုံးယောက်သော သူတို့သည်။ ဥပ
သမ္ပါဒေန္တိ၊ကုန်၏။ ဟတ္ထာ၊ လက်ပြတ်သောသူ။ ပါဒါ၊ခြေပြတ်
သောသူ။ ဟတ္ထပါဒါ၊ လက်လည်းပြတ်, ခြေလည်းပြတ်သောသူ။
ကဏ္ဏာ၊နားပြတ်သောသူ။ နာသာ၊ နှာခေါင်းပြတ်သောသူ။ တဒု
ဘယံ၊နား,နှာခေါင်းနှစ်ပါးစုံပြတ်သောသူ။အင်္ဂုလိ၊လက်ချောင်း,
ခြေချောင်းပြတ်သောသူ။ အဠ၊ လက်မ, ခြေမ ပြတ်သောသူ။
ကဏ္ဍရံ၊ ကြောမ ပြတ်သောသူ။ ဖဏာ၊ လက်ပျစ်သောသူ။ ခုဇ္ဇ၊
ကုန်းသောသူ။ ဝါမနံ၊ကွသောသူ။ ဂလဂဏ္ဍိ၊ထွတ်မြင့်နာရှိသော
သူ။ လက္ခဏာဟတော၊သံပူအစ်သောသူ။ ကသာ၊ ကြိမ်လုံးခတ်အစ်
သောသူ။လိခိတ၊ကမ္ပည်းထားသောသူ။ သီပဒိ၊ခြေထိုင်းသောသူ။
ပါပ၊ အနာပင်းစွဲသောသူ, ကုတ်ဟိုး, ချောင်းဆိုး စသော အနာ
ရှိသောသူ။ ပရိသဒူသိစ၊ ပရိသတ်ကို ဖျက်သောသူ။ (ဤသူတို့
ကား လူတို့ရယ်ဘွယ်, ရွံရှာဘွယ်သောသူတို့တည်း)။ ကာဏံ၊
တဘက်ကန်းသောသူ။ ကုဏိ၊လက်,ခြေကောက်သောသူ။ တထေ
ဝစ၊ လည်းကောင်း။ခဉ္ဇ၊ခွင်သောသူ။ပက္ခဟတဉ္စေဝ၊ဖက်သကတ်
စွဲသောသူ။ သဉ္ဆိန္နဣရိယာပထံ၊ ဆွံ့သောသူ။ အန္ဓ၊ကန်းသောသူ။
မူဂ၊ အ,သော်သူ။ဗဓိရဉ္စ၊နားပင်းသောသူ။ အန္ဓမူဂဉ္စ၊ကန်းလည်း
ကန်း, နားလည်းပင်းသောသူ။ တဟိ၊ထိုသူတို့တွင်။ ယံအန္ဓဗဓိရံ၊
အကြင် ကန်းလည်း ကန်း, နားလည်း ပင်းသော သူကိုလည်း
ကောင်း။ ယံမူဂဗဓိရမေဝ၊ အကြင် အ,လည်းအ နားလည်း
ပင်းသောသူကိုလည်းကောင်း။ ယံအန္ဓမူဂဗဓိရဉ္စ၊ အကြင် ကန်း
လည်းကန်း, အ လည်းအ, နားလည်း ပင်းသော သူကိုလည်း
ကောင်း။ ဝုတ္တံ၊ ဟောတော်မူ၏။ အလဇ္ဇီနဉ္စ၊ အလဇ္ဇီတို့အား။
နိဿယံ၊ နိဿယည်းကို။ ဒေန္တိ၊ပေးကုန်၏။ ဝတ္ထဗ္ဗဉ္စ၊ဆရာကိုမှီ၍
နေအပ်သည်လည်းကောင်း။ တထာ၊ ထို့အတူ။ အဒ္ဓါနံ၊ အဓွန့်
ရှည်သောခရီးကို သွားသော ရဟန်းသည် နိဿယည်း မယူဘဲ

နေအပ်သည်ကိုလည်းကောင်း။ ယာစမာနော၊ သူနာတောင်းပန်သဖြင့် သူနာကို လုပ်ကျွေးသော ရဟန်းသည် နိဿယယည်း မယူဘဲ နေအပ်သည်ကိုလည်းကောင်း။ အာဂစ္ဆန္တံ၊ လာလတ္တံ့သော ဆရာကို။ ပေက္ခနာ၊ ငံ့လျက် နိဿယယည်းမယူဘဲ တောကျောင်း၌ နေသည်ကိုလည်းကောင်း။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဝိဝဒန္တိ၊ ပဥ္စင်းလောင်း နှစ်ယောက် ငြင်းခုံကြကုန်၏။ ကေပဇ္ဈာယေန၊ ဥပဇ္ဈာယ် တယောက်ထည်းဖြင့်။ ဥပသမ္ပါဒေတဗ္ဗံ၊ပဥ္စင်းခံအပ်၏။ ကဿပေါ၊ ကုမာရကဿပမထေရ်သည်။ ဥပသမ္ပန္နော၊ ပဋိသန္ဓေနှင့်တကွ အသက်နှစ်ဆယ်ပြည့်၍ ပဥ္စင်းခံ၏။ ဥပသမ္ပန္နာ၊ ပဥ္စင်းဖြစ်ပြီးသော သူတို့သည်။ အာဗာဓေဟိ၊ငါးပါးသော အနာတို့ဖြင့်။ ပိဠိတာ၊ နှိပ်စက်သည်တို့ကို။ ဒိဿန္တိ၊ ထင်ကုန်၏။ အနနုသိဋ္ဌာ၊ မျက်ကွယ်မဆုံးမအပ်သေးသော ပဥ္စင်းလောင်းတို့သည်။ဝိတ္ထေန္တိ၊ ရှံ့တီး ရှံ့တို ရှိကုန်၏။ တတ္ထေဝ၊ ထိုမျက်ကွယ်၌သာလျှင်။ အနုသာသနာ၊ ဆုံးမစိမ့်သည်ကို။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်၏။ သံဃောပိစ၊သည်လည်းကောင်း။ အထော၊ထိုမှတပါး။ ဗာလော၊ ဝိနည်းကို မသိသော ရဟန်းသည်လည်းကောင်း။ အသမ္မတော၊ သမ္မုတိမရသော ရဟန်းသည်လည်းကောင်း။အနုသာသန္တိ၊ဆုံးမကုန်၏။ ဧကတော၊ တပြိုင်နက်။ အာဂစ္ဆန္တိ၊ သဃ်ာ့ဘောင်သို့ လာကုန်၏။ ဥလ္လုမ္ပတု၊ ပဥ္စင်းခံတော်မူပါဟု။ ယာစိတဗ္ဗော၊ တောင်းပန်အပ်၏။ ဥပသမ္ပဒါ၊ ဉတ္တိစတုတ္ထကံဖြင့် ပဥ္စင်းခံခြင်း။ နိဿယော၊ မှီရာဖြစ်သော ပစ္စည်းလေးပါးတို့ကို ကြားခြင်း။ ဧကတော၊ တပြိုင်နက်။ တယော၊ သုံးယောက်သော ပဥ္စင်းလောင်းတို့ကို။ ဥပသမ္ပါဒေတဗ္ဗာ၊ ပဥ္စင်းခံအပ်ကုန်၏။ ဣတိ၊ ဤသည်လျှင် ဥဒါန်း အပြီးတည်း။

ဣမမှိ ခန္ဓကေ၊ ဤမဟာခန္ဓက၌။ ဝတ္ထူ၊ ဝတ္ထုကား။ ဧကသတ္တဥ္စဒွါသတ္တတိ၊ တရာ့ ခုနစ်ဆယ့် နှစ်ပါးတို့တည်း။

**အမှာ** ဤမဟာခန္ဓက၌ ပကိဏ္ဏက အဓိပ္ပါယ်ကို ချပ်၍ ရေးဦးအံ့၊ဥပဇ္ဈာယ်ဆရာနှင့် သဒ္ဓိဝိဟာရိကတပည့်

ကင်းခြင်းအကြောင်းငါးပါးတွင် ပက္ကန္တဟူသည်ကား ဥပဇ္ဈာယ် ဆရာသည် နေမြဲကျောင်းမှ ကင်း၍ အရပ်တပါးသို့ သွား၍ နေခြင်းငှါ အလိုရှိသည်ဖြစ်၍ တစုံတခုသော အရပ်မှာနေခြင်း တည်း။ မဟာဝါ အဋ္ဌကထာ အဓိပ္ပါယ်။ တစုံတခုသောအရပ်သို့ နေခြင်းငှါ သွားရာ၌လည်း တဘန်ပြန်ခြင်းငှါ အလိုရှိ၍ သွား သည်လည်းဖြစ်စေ၊ တဘန်ပြန်ခြင်းငှါ အလိုမရှိမူ၍ သွားသည် လည်းဖြစ်စေ၊ ပက္ကန္တချည်းယူ။ သာရတ္ထဒီပနီအဓိပ္ပါယ်။ ဤပက္ကန္တ အင်္ဂါ၌ တပါးသော အရပ်မှာ အရုဏ်မတက်မီ အခိုက်အတန့် နေအံ့ဟု သွားသည်ကို ပက္ကန္တမယူအပ်။ အရုဏ်တက်သည် တိုင်အောင်နေအံ့ဟု ဝန်ချ၍ သွားသည်ကိုသာ ပက္ကန္တယူရမည်။ ဝဇိရဗုဒ္ဓိ, ဝိနိစ္ဆယဋီကာတို့ အဓိပ္ပါယ်။ ဥပဇ္ဈာယ်ဆရာ အရပ် တပါးသို့ သွားခဲ့သော် ထိုကျောင်း၌ နိဿယည်းပေးခြင်းငှါ စွမ်းနိုင်သောပုဂ္ဂိုလ် ရှိသည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်ထံ၌ နိဿယည်းယူ၍ နေရမည်။ တရက်မျှ အစောင့်အရှောက်မရ။ ထိုကျောင်း၌ နိဿ ယည်းပေးခြင်းငှါ စွမ်းနိုင်သော ပုဂ္ဂိုလ်မရှိလျှင် တပါးသော လဇ္ဇီ ပုဂ္ဂိုလ်ထံမှာ ဥပဇ္ဈာယ်သွားသောနေ့၌ပင် နိဿယည်း တောင်း အပ်၏။ တောင်းသော်လည်း မပေးမူ၍ သင်တို့ဆရာ လာသည် တိုင်အောင် ငံ့ကြဦးဆိုလျှင် နေအပ်၏။ လဇ္ဇီအဖြစ်ကို မသိလျှင် လေးရက်ငါးရက်စသည်ဖြင့် ဆိုင်းငံ့၍ ယူအပ်၏။ ထိုကျောင်း၌ နိဿယည်းပေးခြင်းငှါ စွမ်းနိုင်သော ပုဂ္ဂိုလ် မရှိသည်ဖြစ်အံ့၊ မသွားမီက ငါသည် တရက် နှစ်ရက်ဖြင့်လာအံ့ မဆန့်ကျင်သဖြင့် နေရစ်ကြဟု ဥပဇ္ဈာယ်ကမှာ၍ သွားသော်လည်းကောင်း,တပါး သော အရပ်၌ ဒါယကာတို့က တဘန် ပင့်ဘိတ်ပြန်၍ ငါးရက် ဆယ်ရက်ရှိမှ ရောက်နိုင်မည်ဟု ဥပဇ္ဈာယ်ဆရာကစေ၍ ကြားပြန် လာသော်လည်းကောင်း, ဥပဇ္ဈာယ်ဆရာလာ၍ လမ်းခရီးတွင် မြစ်ရေပြည့်ခြင်းစသော အကြောင်းကြောင့် ဆိုင်းငံ့၍ နေသည်ဟု ကြားသော်လည်းကောင်း, အကြောင်းကိုပင် မကြားလာသော် လည်း တစုံတခုသော အကြောင်းကြောင့် ငါတို့ဆရာကြာသည်

ဤကျောင်းသို့ လာလတ္တံ့ဟု အမှတ်သညာရှိ၍ နေသော်လည်း ကောင်း, ဥပဇ္ဈာယ်ဆရာ လာသည့် တိုင်အောင် အစောင့် အရှောက်ရ၏။ ဥပဇ္ဈာယ်ဆရာ ထိုအရပ်မှာနေပြီ ဤကျောင်းသို့ မလာပြီဟု ကြားလျှင် အစောင့်အရှောက် မရပြီ။ နိဿယည်းပေး တတ်သော ပုဂ္ဂိုလ်ရှိရာသွား၍ နိဿယည်းယူ၍ နေအပ်၏။ပြအပ် ပြီးသော စကားတွင် နေခြင်းငှါ အပ်၏ဟူ၍ လည်းကောင်း အစောင့်အရှောက်ရ၏ ဟူ၍ လည်းကောင်း ဆိုသောအရာများ သည် အာပတ်မသင့်သည်ကို ရည်၍ပြသည်။ နိဿယည်းကား ငြိမ်း၏ဟုမှတ်။

ဤ ပဏ္ဏတ္တိအင်္ဂါ၌ မဟာဝါအဋ္ဌကထာ, ၎င်းအဖွင့် ဝိမတိ ဝိနောဒနီဋီကာ စသည်တို့နှင့် နှီးနှော၍ အဘန်တလဲလဲဆင်ခြင်။ ဥပဇ္ဈာယ်ဆရာ လူထွက်ခြင်းသည် ဝိဗ္ဘန္တမည်၏။ သေခြင်းသည် ကာလကိတ မည်၏။ တိတ္ထိ အပင်းအသင်းသို့ ပြောင်းခြင်းသည် ပက္ခသင်္ကန္တမည်၏။ထိုဝိဗ္ဘန္တ ကာလကိတ ပက္ခသင်္ကန္တ တို့၌ကား တရက်မျှ အာပတ် အစောင့်အရှောက်မရ။နိဿယည်းပေးခြင်းငှါ စွမ်းနိုင်သော ပုဂ္ဂိုလ်ရှိရာ သွား၍ နိဿယည်း ယူအပ်၏။ နိဿ ယည်း မယူဘဲ နေသော် အာပတ်မလွတ်ဟူလိုသည်။ အာဏတ္တိ ဟူသည်ကား နှင်ထုတ်ခြင်းတည်း။ ဤကျောင်းသို့ မဝင်လင့်၊ ငါ့ကိုမလုပ်ကျွေးလင့်၊ရွာသို့ ဝင်ခြင်းကို မပန်လင့်၊ဤသို့စသည်ဖြင့် အပြစ်အားလျော်စွာ တပည့်ကို နှင်ထုတ်သည်ရှိသော် ကန်တော့ အပ်၏။ သည်းမခံလျှင် ဒဏ်အမှုကိုဆောင်၍ သုံးကြိမ် ကန်တော့ အပ်၏။ အကယ်၍ သည်းမခံငြားအံ့၊ ထို ကျောင်း၌ရှိသော မဟာထေရ်တို့ကို ပင့်ဆောင် ကန်တော့အပ်၏။အကယ်၍ သည်း မခံငြားအံ့၊ အနီးကျောင်း၌ ရှိသော ရဟန်းတို့ကို ပင့်ဆောင်၍ ကန်တော့အပ်၏။ အကယ်၍ သည်းမခံငြားအံ့၊ အရပ်တပါးသို့ သွား၍ ဥပဇ္ဈာယ်ဆရာနှင့် သဘောတူသော ရဟန်းတို့၏အထံ၌ နေ၍ ကန်တော့အပ်၏။ ထိုသို့ ကန်တော့သော်လည်း အကယ်၍ သည်းမခံငြားအံ့၊ နေမြဲကျောင်းသို့မပြန်မူ၍ တပါးသောအရပ်မှာ

နိဿယည်းယူ၍ နေအပ်၏။ တပါးသောအရပ်မှ ပြန်ခဲ့၍ တဘန် ဥပဇ္ဈာယ်ရှိရာ ကျောင်းသို့ ရောက်သည် ဖြစ်စေ တပါးသော ရဟန်း၏အထံ၌ နိဿယည်းယူ၍ နေအပ်ပြီ။ ဤအရာ၌ နှစ်ပါးစုံ အာလယပြတ်သောကြောင့် နေအပ်သည်ဟူလို။ ဥပဇ္ဈာယ်နှင့် ကင်းရသော အကြောင်းငါးပါးပြီး၏။ဤတွင် စကားတရပ်။

နိဿယည်းဆရာနှင့် နိဿယန္တေဝါသိက တပည့်တို့ ကင်းရာသော အကြောင်းကား ဥပဇ္ဈာယ်၌ ပြအပ်ပြီးသော ပက္ကန္တစသော ငါးပါးတို့တွင် ဥပဇ္ဈာယ်နှင့် ပေါင်းမိခြင်း အင်္ဂါကို ထည့်၍ ခြောက်ပါးတို့တွင် ပက္ကန္တ အင်္ဂါ၌ နိဿယည်း ငြိမ်းရာသည်ကား ဥပစာရ အတွင်းအပ၌ ပန်၍သွားခြင်း,မပန်ဘဲ သွားခြင်းအားဖြင့် နှစ်ပါးတည်း။ ပန်၍ သွားရာ၌ ဤမည်သော အရပ်သို့ သွားလိုသည်ဟု တပည့်က ဆရာကို ပန်လျှင် ကောင်းပြီဟူ၍ ဆရာဝန်ခံအံ့၊ ထိုခဏ၌ နိဿယည်းငြိမ်း၏။ ရှေးနည်းအတူ ဤမည်သော အရပ်သို့ သွားလိုသည်ဟု တပည့်က ဆရာကို ပန်လျှင် ကောင်းပြီဟု ထိုခဏ၌ အခွင့်မပေးမူ၍ မည်သည့်ကိစ္စပြီးမှဟုမှတ်၍ ဆရာကဆိုအံ့၊ ထိုသို့ ဆိုသည်ကို ကောင်းပြီဟု တပည့်က ဝန်ခံသော အရာ၌ လည်းကောင်း ညဉ့်အခါ တိုင်ပင်ပြီးမှဟု ကာလကို မှတ်၍ ဆရာက ဆိုသော အရာ၌ လည်းကောင်း မှတ်အပ်သော အချိန်ကာလသို့ ရောက်၍ သွားမှ နိဿယည်း ငြိမ်း၏။ မှတ်စေအပ်သော အချိန် ကာလသို့ ရောက်သော်လည်း မသွားမူ၊ မငြိမ်း။ မပန်ဘဲ သွားသော အရာမှာ ဥပစာရ အတွင်း၌ ဖြစ်မူ ဥပစာရသိမ်ကိုလွန်မှ။ ဥပစာရအပ၌ဖြစ်မူ ခဲနှစ်ကျကိုလွန်မှ နိဿယည်းငြိမ်းသည်ဟု ဆုံးဖြတ်လေ။ ပန်၍သွားခြင်း,မပန်ဘဲ သွားခြင်းစသည် တို့သည် ဆရာတပည့် ဆက်ဆံသော စကားတည်း။ နိဿယည်းငြိမ်းသည်ချည်း ဟူလိုသည်။ ။ဥပဇ္ဈာယ်၌ ပြအပ်ပြီးသော ပက္ကန္တသဘောကို နိဿယည်း၌ ဆုံးဖြတ်ရမည်။ နိဿယည်း၌ ပြအပ်သောပက္ကန္တသဘောကို ဥပဇ္ဈာယ်၌လည်း ဆုံးဖြတ်ရမည်။ဤကဲ့သို့ ဆုံးဖြတ်သင့်ကြောင်းကို သိလိုမူ သာရတ္ထ

ဒိပနိဋ္ဌိကာမှာယူ။ ။ဝိဗ္ဘန္တကာလက်ာတ ပက္ခသင်္ကန္တ အာဏတ္တိ တို့၌ကား ဥပဇ္ဈာယ်၌ပြအပ်ပြီးသည့်အတိုင်းမှတ်။ ။ဥပဇ္ဈာယ်နှင့် ကင်းနိုက် နိဿယယည်း ယူနေသော တပည့်သည် အမှတ်မရှိသော အရပ်၌ ဥပဇ္ဈာယ်ဆရာကိုမြင်၍ ဤရဟန်းကား ငါ၏ဥပဇ္ဈာယ်ဟု ကေန်သိသော် လည်းကောင်း, ဥပဇ္ဈာယ်ဆရာ၏ အသံကိုကြား၍ ဤအသံကား ငါ၏ ဥပဇ္ဈာယ်ဆရာအသံဟု ကေန်သိသော်လည်း ကောင်း ဥပဇ္ဈာယ်နှင့်ပေါင်းမိသည်မည်၏။ နိဿယည်းငြိမ်း၏ ဟုလိုသည်။ ။နိဿယည်းကင်းရာသော အကြောင်း ခြောက်ပါး ပြီး၏။

ဥပစာရအပ၌မပန်ဘဲသွား၍ ခဲနှစ်ကျကိုလွန်လျှင် နိဿယည်း ငြိမ်းသည်ဟု ပြအပ်ပြီးသောစကား၌ အရုဏ်အတွင်း၌ပြန်အံ့သွား အံ့ဟူသောဥဿာဟဂမနနှစ်ပါးမရှိသောအရာမှယူရမည်။အရုဏ် အတွင်း၌ ပြန်အံ့သွားအံ့ဟူသော ဥဿာဟဂမနရှိမူ ခဲနှစ်ကျကို မဆိုထားလင့် အရုဏ်တက်သော်လည်း နိဿယည်းမငြိမ်း။ ဤ စကားရပ်ကို ဆိုလတ္တံ့သောယုတ္တိဖြင့် သိအပ်၏။ ။နိဿယဂ္ဂိယ အဋ္ဌ ကထာတွင် ခရီးသွားဆဲအခါ ဆရာတပည့်ကွဲ၍ အရုဏ်တက် သော်လည်း အရုဏ်အတွင်း၌ ဥဿာဟဂမနရှိခြင်းကြောင့် နိဿ ယည်းကားမငြိမ်း၊ သင်္ကန်းနိဿဂ္ဂိဖြစ်၏ဟု ပြသောစကားတရပ်, စဉ်းငယ်အိပ်၍ မှီအောင်လိုက်မည် ဆိုပြီးလျှင် အရုဏ်တက်မှ လိုက်ငြားအံ့၊ အရုဏ်အတွင်း၌ ဥဿာဟဂမန မရှိခြင်းကြောင့် သင်္ကန်းလည်း နိဿဂ္ဂိဖြစ်၏ နိဿယည်းလည်းငြိမ်း၏ဟု ပြသော စကားလည်းတရပ်, ဆန့်ကျင်သောစကားဖြစ်၍ ခရီးသွားရာဝယ် အရုဏ်အတွင်း၌ ဥဿာဟရှိ၍ ဂမန မရှိ ခြင်းကြောင့် အရုဏ် တက်သည်နှင့်တကွ သင်္ကန်းလည်းနိဿဂ္ဂိဖြစ်၏နိဿယည်းလည်း ငြိမ်း၏ဟု ပြသောစကားလည်းတရပ်,ဆေးပစ္စည်းခံခြင်း၄ါ ရွာသို့ ဝင်ပြီးမှ လိုက်သောတပည့်သည်မရောက်မီအကြား၌ အရုဏ်တက် သော်လည်း အရုဏ်အတွင်း၌ ဥဿာဟဂမန ရှိခြင်းကြောင့် နိဿယည်းကားမငြိမ်း သင်္ကန်းနိဿဂ္ဂိဖြစ်သည်ဟု ပြသောစကား

လည်း တရပ်၊ ခရီးအကြားတွင် နွားဓွေ့ခြင်းစသော ဘေးကြောင့် ရပ်တန့်၍လိုက်သော တပည့်သည် မရောက်မီအကြား၌ အရုဏ် တက်ငြားအံ့၊ အရုဏ်အတွင်း၌ ဂမနရှိ၍ မရောက်နိုင် ဟူသော နှလုံးသွင်းရှိခြင်းကြောင့် သက်န်းလည်း နိဿဂ္ဂိဖြစ်၏ နိဿယည်း လည်း ငြိမ်း၏ဟုပြသောစကားလည်းတရပ်၊ အဝိပ္ပဝါသသိမ်တွင်း ၌ ခရီးသွားဆဲအခါ ရွာသို့ဝင်၍လာသောတပည့်သည် မရောက်မီ အကြား၌ အရုဏ်တက်သော်လည်း အရုဏ်အတွင်း၌ ဥဿာဟ ဂမနရှိခြင်းကြောင့် နိဿယည်းမငြိမ်း အဝိပ္ပဝါသ သိမ်တွင်းဖြစ်၍ သက်န်းလည်း နိဿဂ္ဂိမဖြစ်ဟု ပြသောစကားလည်းတရပ်၊ ထိုသို့ မဟုတ် သိမ်တွင်း ရွာတွင်း၌ လင်းအောင်နေ၍ လိုက်ငြားအံ့၊ နိဿယည်းကား ငြိမ်း၏ သက်န်းနိဿဂ္ဂိမဖြစ်ဟု ပြသောစကား လည်းတရပ်၊အနီးကျောင်းသို့တရားနာခြင်းငှါ သွား၍ပြန်ခဲ့သော အကြား၌ အရုဏ်တက်ငြားအံ့၊ အရုဏ်အတွင်း၌ ဥဿာဟဂမန ရှိခြင်းကြောင့် နိဿယည်းကားမငြိမ်း သက်န်းနိဿဂ္ဂိ ဖြစ်၏ဟု ပြသောစကားလည်းတရပ်၊ထိုသို့မဟုတ် တရားဆုံးအောင် နာပြီး မှ သွားအံ့ဟု နေခဲ့သော် အရုဏ်အတွင်း၌ ဥဿာဟရှိ၍ ဂမနမရှိ ခြင်းကြောင့် အရုဏ်တက်သည်နှင့်တကွ သက်န်းလည်း နိဿဂ္ဂိ ဖြစ်၏ နိဿယည်းလည်း ငြိမ်း၏ဟု ပြသောစကားလည်းတရပ်၊ ဝိမတိဋီကာတွင် ခရီးသွားဆဲအခါ စဉ်းငယ်အိပ်ပြီးလျှင် အရုဏ် မတက်မီထ၍ လိုက်ငြားအံ့၊ မရောက်မီအကြား၌ အရုဏ်တက် သော်လည်း အရုဏ်အတွင်း၌ ဥဿာဟဂမန မရှိခြင်းကြောင့် နိဿယည်းကားမငြိမ်း သက်န်းနိဿဂ္ဂိဖြစ်၏ဟုပြသော စကား လည်းတရပ်၊ နွားဓွေ့ခြင်းစသော ဘေးကြောင့် ရပ်တန့်၍လိုက် သော တပည့်သည်မရောက်မီအကြား၌ အရုဏ်တက်သည်ဖြစ်စေ အရုဏ်အတွင်း၌ ဥဿာဟဂမနရှိလျှင်နိဿယည်းမငြိမ်း သက်န်း နိဿဂ္ဂိဖြစ်၏ဟု ပြသောစကားလည်းတရပ်၊ သာရတ္ထဒီပနီတွင် ဆရာတပည့် ဆန့်ကျင်သောစကားဖြစ်၍သွားရာ၌အရုဏ်မတက်မီ ဥဿာဟဂမနပြတ်ကင်းကြမူ အရုဏ်မတက်မီ နိဿယည်းငြိမ်း၏

ဟုပြသောစကားလည်းတရပ်, ဤသို့ပြအပ်ပြီးသော စကားရပ်တို့ကို ထောက်ရှုဆင်ခြင်၍ ဆရာရှိရာ အရပ်သို့ လည်းကောင်း နေမြဲ ကျောင်းတိုက်သို့ လည်းကောင်း အရဏ်အတွင်း၌ သွားအံ့ ပြန်အံ့ဟု ဥဿာဟဂမနနှစ်ပါးရှိရာမှာ အရဏ်တက်သော်လည်း နိဿယည်းမငြိမ်း။ တပါးပါးသာရှိသောအရာမှာ အရဏ်တက်သည်နှင့်တကွငြိမ်း၏။ နှစ်ပါးစုံမရှိသောအရာမှာ အရဏ်မတက်မီငြိမ်း၏။ ဤသို့အထူးကိုမှတ်။ ။ဤတွင် စကားတရပ်ပြီး၏။

ကမ္မဝါဘတ်ရွတ်ရာသော နည်းကိုပြဦးအံ့။ ပေါရာဏကဝိနယဓရထေရာ ကမ္မဝိပ္ပတ္တိသင်္ကာပရိဟာရတ္ထံ ဒွိဟိ တိဟိ ဧကတော အနုဿာဝနံ သာဝယန္တိ၊ ဝိနိစ္ဆယဋ္ဌီကာ။ ။ပေါရာဏက ဝိနယဓရထေရာ၊ ရှေး၌ ဖြစ်သော ဝိနည်းမိုရ်မထေရ်တို့သည်။ ကမ္မဝိပ္ပတ္တိသင်္ကာ ပရိဟာရတ္ထံ၊ ကံပျက်ခြင်း၌ယုံမှားခြင်းကိုပယ်ဖျောက်ခြင်းငှါ။ ဒွိဟိတိဟိ၊ နှစ်ယောက် သုံးယောက်သောရဟန်းတို့ကို။ ဧကတော၊ တပြိုင်နက်။ အနုဿာဝနံ၊ ကမ္မဝါစာကို။ သာဝယန္တိ၊ ဘတ်ရွတ်စေကုန်၏။ အနက်။ ။ဤဋီကာ၌ ပြသောအရာကို ထောက်၍ လည်းကောင်း မဟာဝါ အဋ္ဌကထာ၌ ပဉ္စင်းလောင်းနှစ်ပါးကို ကမ္မဝါဆရာနှစ်ပါး၊ ပဉ္စင်းလောင်းသုံးပါးကို ကမ္မဝါဆရာသုံးပါး အသီးသီးခွဲ၍ ဘတ်ရွတ်သောအရာ လာသောကြောင့် လည်းကောင်း ဝိမတိဝိနောဒနီ၌ ပဉ္စင်းလောင်း နှစ်ပါး သုံးပါးကို ဒွန်တွဲ၍ကမ္မဝါဆရာတပါးတည်း ဘတ်ရွတ်သောအရာ လာသောကြောင့် လည်းကောင်း ကမ္မာရဟပုဂ္ဂိုလ်တပါးထည်းကို ကမ္မဝါ ဆရာတပါးဖြစ်စေ၊နှစ်ပါးဖြစ်စေ၊သုံးပါးဖြစ်စေ ကမ္မဝါစာ ဘတ်ရွတ်အပ်၏။ ကမ္မာရဟပုဂ္ဂိုလ် နှစ်ပါးကို ကမ္မဝါ ဆရာ နှစ်ပါး အသီးသီးခွဲ၍ငင်း ဒွန်တွဲ၍ ကမ္မဝါဆရာတပါး ဖြစ်စေ၊ နှစ်ပါး ဖြစ်စေ၊သုံးပါးဖြစ်စေ၊ဤသို့လည်းဘတ်ရွတ်အပ်၏။ ဤနည်းအတူ ကမ္မာရဟ ပုဂ္ဂိုလ်သုံးပါးကိုကမ္မဝါ ဆရာသုံးပါးအသီးသီးခွဲ၍ငင်း ဒွန်တွဲ၍ကမ္မဝါဆရာတပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ၊ ဤသို့လည်းဘတ်ရွတ်အပ်၏။ ကမ္မာရဟပုဂ္ဂိုလ် နှစ်ပါး သုံပါးကို

ဒွန်တွဲရာ၌နိဂ္ဂဟိတန္တ, ဝိမုတ္တနှစ်ဌာနပင် အပ်ကြောင်းကို ပြလတ္တံ့
သော အာဂုံပါဠိတို့ဖြင့်မှတ်။ ဣမာနိစပနဒ္ဒမာနေနဗုဒ္ဓံ သရဏံ
ဂစ္ဆာမီတိ ဧဝံ ဧကေသမ္ဗန္ဓာနိအနုနာသိကန္တာနိဝါ ဒါတဗ္ဗာနိ၊ဗုဒ္ဓမ်
သရဏမ် ဂစ္ဆာမီတိ ဧဝံဝိစ္ဆိန္ဒိတွာမကာရန္တာနိဝါ ကတွာဒါတဗ္ဗာ
နိ။ မဟာဝါအဋ္ဌကထာ။ အနုနာသိကန္တေ ဒိယျမာနေ ခလိတွာ
ဗုဒ္ဓမ်သရဏမ်ဂစ္ဆာမီတိ မကာရေန မိဿိဘူတေခေတ္တေ ဩတိဏ္ဏာ
တွာ ဝဋ္ဋတီတိ ဥပတိဿတ္ထေရော မိဿံ ကတွာဝတ္တုံဝဋ္ဋတီ။ဝစန
ကာလေပန အနုနာသိကဋ္ဌာနေ ဝိစ္ဆေဒံ အကတွာ ဝတ္တဗ္ဗန္တိဓမ္မ
သိရိတ္ထေရော ဧဝံကမ္မဝါစာယပိတိဝုတ္တံ။ဝဇိရဗုဒ္ဓိ။ဣမာနိစ၊ဤသရ
ဏဂုံတို့ကိုလည်း။ ဒဒမာနေ၊ ပေးသောရဟန်းသည်။ ဗုဒ္ဓံသရဏံ
ဂစ္ဆာမီတိ၊ဟူ၍။ဧဝံ၊ ဤသို့။ ဧကေသမ္ဗန္ဓာနိ၊ တစပ်ထည်း စပ်ကုန်
သော။ အနုနာသိကန္တာနိဝါ၊ နိဂ္ဂဟိတ်ဌာန်အဆုံးရှိသည်တို့ကို
လည်း။ ကတွာ၊ ပြု၍။ ဒါတဗ္ဗာနိ၊ပေးအပ်ကုန်၏။ ဗုဒ္ဓမ်သရဏမ်
ဂစ္ဆာမီတိ၊ဟူ၍။ ဧဝံ၊ ဤသို့။ဝိစ္ဆိန္ဒိတွာ၊ ဖြတ်၍။မကာရန္တာနိဝါ၊
မအက္ခရာအဆုံးရှိသည်တို့ကိုလည်း။ ကတွာ၊ ပြု၍။ ဒါတဗ္ဗာနိ၊
ပေးအပ်ကုန်၏။ အဋ္ဌကထာအနက်။ ။အနုနာသိကန္တေ၊နိဂ္ဂဟိတ်
အဆုံးရှိသော သဒ္ဒါအစဉ်ကို။ ဒိယျမာနေ၊ ပေးအပ်သည်ရှိသော်။
ခလိတွာ၊ ချော်၍။ ဗုဒ္ဓမ်သရဏမ်ဂစ္ဆာမီတိ၊ ဟူ၍။ မကာရေနေန၊
မကာရန္တနှင့်။ မိဿိဘူတေ၊ ရောသည် ဖြစ်၍ ဖြစ်လတ်သော။
ခေတ္တေ၊ ခေတ်၌။ ဩတိဏ္ဏတ္တာ၊ သက်သည်၏ အဖြစ်ကြောင့်။
ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဥပတိဿတ္ထေရော၊သည်။အာဟ၊၏။
မိဿံ၊ကို။ ကတွာ၊၍။ ဝတ္တုံ၊ငှါ။ ဝဋ္ဋတိ၊၏။ဣတိ၊သို့။ဝစနကာလေ
ပန၊၌ကား။ အနုနာသိကဋ္ဌာနေ၊ နိဂ္ဂဟိတ်ဌာန်အဆုံး ရှိရာ၌။
ဝိစ္ဆေဒံ၊ကို။ အကတွာ၊၍။ ဝတ္တဗ္ဗံ၊ ရွတ်အပ်၏။ ဣတိ၊ ဤသို့။ ဓမ္မ
သိရိတ္ထေရော၊ သည်။ အာဟ၊ ၏။ ကမ္မဝါစာယပိ၊ ၌လည်း။ ဧဝံ၊
ဤအတူတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ အပ်၏။ ဋီကာအနက်။ ။
ပြအပ်ပြီးသော ကျမ်းဂန်တို့ကို ထောက်၍ ပဉ္စင်းလောင်းကို ဒွန်တွဲ
ရာ၌ အယံနာဂေါစ အယံနာဂေါစ–ဟူ၍ရင်း, အယဉ္စနာဂေါ

အယဥ္စနာဂေါ ဟူ၍ရင်း နိဂ္ဂဟိတန္တ,ဝိမုတ္တ နှစ်ပါးပင် အပ်သည် ချည်းဟု မှတ်။

ဝိမတိဝိနောဒနီ၌ကား အယံဗုဒ္ဓရက္ခိတောစ, အယံဓမ္မရက္ခိ တောစ,ဟု နိဂ္ဂဟိတန္တကိုသာ ပြ၍ ဝိမုတ္တကိုမပြရှိခဲ့သည်။ယင်းသို့ မပြသော်လည်း ဝဇိရဗုဒ္ဓိ၌ပြသော ဝိမုတ္တအရာကို မပယ်သော ကြောင့် ထိုဋီကာဆရာသည် ဝိမုတ္တကိုလည်း နှစ်သက်အပ်၏ ဟု အဓိပ္ပါယ်ယူရမည်။ ။သဒ္ဒါနိဒ္ဒေသကျမ်း စသည်တို့၌ အံဇုတိ နိဂ္ဂဟိတံသုတ်အဘွင့်တွင် ဥတ္တိယံ ကမ္မဝါစာယံ ဘဏော နိဂ္ဂဟိ တန္တကံ-ဟု ပြသောအရာကို ထောက်၍ ကမ္မဝါဘတ်ရွတ်ရာ၌ နိဂ္ဂဟိတန္တသာဘတ်ရွတ်ရသည်မဟုတ်လောဟု စောဒနာပြောအံ့၊ သဒ္ဒါကျမ်း၌ပြသောအရာသည် ယေဘုယျကိုရည်၍ပြသည်ဟုဖြေ။ ဆိုလိုရင်းမှာ စွမ်းနိုင်လျှင် နိဂ္ဂဟိတန္တဘတ်၊ မစွမ်းနိုင်လျှင်ဝိမုတ္တ ဘတ် ဆိုလိုသည်။ နိဂ္ဂဟိတန္တဘတ်ရွတ်ရာ၌ ကရဏနိဂ္ဂဟိတန္တ ဟူသည်ကား နိဂ္ဂဟိတ်၏မှီရာအက္ခရာ၏ ဌာနကရိုဏ်းကို မထင် စေဘဲ နိဂ္ဂဟိတ်၏ဖြစ်ရာ နာသိကဌာန် နှာခေါင်းသံကို ထင်စေ၍ ဘတ်ရွတ်ခြင်းတည်း။ ။ဤတွင် စကားတရပ် ပြီး၏။

မဟာခန္ဓကော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။
ဤတွင်ရွှေ မဟာခန္ဓက အလုံးစုံ ပြီးပြီ။

---

## ဥပေါသထက္ခန္ဓက

၁၃၂။ ယေန သမယေန၊ ၌။ ဥပေါသထာဒိ ပညတ္တိကာရ ဏော၊ ဥပုသ်အစရှိသည်ကို ပညတ်ခြင်း၏ အကြောင်းသည်။ ဥဒ ပါဒိ၊ ထင်ရှားဖြစ်၏။ (အနိယတ ထည့်)။ တေနသမယေန၊ ၌။ ဘဂဝါ၊ သော။ ဗုဒ္ဓေါ၊ သည်။ ရာဇဂဟေ၌။ ဂိဇ္ဈကူဋေပဗ္ဗတေ၊ ၌။ ဝိဟရတိ၊ ၏။ တေနခေါပနသမယေန၊ ၌။ အညတိတ္ထိယာ၊ သာသနာတော်မှ တပါးသော အယူရှိကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့သည်။ စာတုဒ္ဒသေစ၊ စတုဒ္ဒသီ ဥပုသ်နေ့၌ လည်း

ကောင်း။ ပန္တရသေစ၊ ပန္တရသီဥပုသ်နေ့၌လည်းကောင်း။ ပက္ခဿ၊ လဆန်းပက္ခ, လဆုတ်ပက္ခ၏။ အဋ္ဌမိယာစ၊ ရှစ်ရက်နေ့၌ လည်းကောင်း။ သန္နိပတိတွာ၊ စည်းဝေး၍။ ဓမ္မံ၊ တရားကို။ ဘာသန္တိ၊ ဟောကုန်၏။ တေ၊ ထိုတိတ္ထိတို့သို့။ မနုဿာ၊ လူတို့သည်။ ဓမ္မဿဝနာယ၊ တရားနာအံ့သောငှါ။ ဥပသင်္ကမန္တိ၊ ကပ်ကုန်၏။ တေ မနုဿာ၊ ထိုလူတို့သည်။ အညတိတ္ထိယေသု၊ သာသနာတော်မှ တပါးသော အယူရှိကုန်သော။ ပရိဗ္ဗာဇကေသု၊ တို့၌။ ပေမံ၊ ချစ်ခြင်းကို။ လဘန္တိ၊ ရကုန်၏။ ပသာဒံ၊ ကို။ လဘန္တိ၊ ရကုန်၏။ [အညတိတ္ထိ၌ ဋီ,မှာ-ဒန္တဇ ဒုတိယက္ခရာ အသဒိသဒွေဘော်။ ဗျာဒိမောဂ္ဂလ္လာန်]။ အညတိတ္ထိယာ၊ ကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ ပက္ခံ၊ အပင်းအသင်းကို။ လဘန္တိ၊ ရကုန်၏။ အထ-တသ္မိံ ကာလေ၊ ၌။ ရာဇာမာဂဓော၊ မဂဓတိုင်းသူ လူအပေါင်းကိုအစိုးရထသော။ သေနိယော၊ ... 

ကာလေ၊ ၌။ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍။ ပဋိ သလ္လီနဿ၊ တယောက်အထည်းတည်း နေထသော။ မာဂဓဿ၊ မဂဓရာဇ်တိုင်းသူ လူအပေါင်းကိုအစိုးရထသော။ပ။ ဗိမ္ဗိသာရဿ၊ အမည်ရှိသော။ ရညော၊ ၏။ ဧဝံ၊ ဤသို့။ စေတသော၊ စိတ်၏။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဧတရဟိ၊ ယခု။ အညတိတ္ထိယာ၊ ကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ စာတုဒ္ဒသေစ၊ ၌လည်းကောင်း။ ပန္နရသေစ၊ ၌လည်းကောင်း။ ပက္ခဿ၊ ၏။ အဋ္ဌမိယာစ၊ ၌လည်းကောင်း။ သန္နိပတိတွာ၊ ၍။ ဓမ္မံ၊ ကို။ ဘာသန္တိ၊ ဟောကုန်၏။ တေမနုဿာ၊ တို့သည်။ ဓမ္မဿဝနာယ၊ ငှါ။ ဥပသင်္ကမန္တိ၊ ကုန်၏။ တေမနုဿာ၊ ထိုလူတို့သည်။ အညတိတ္ထိယေသု၊ ကုန်သော။ ပရိဗ္ဗာဇကေသု၊ တို့၌။ ပေမံ၊ ကို။ လဘန္တိ၊ ရကုန်၏။ ပသာဒံ၊ ကို။ လဘန္တိ၊ ရကုန်၏။ အညတိတ္ထိယာ၊ ကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ ပက္ခံ၊ ကို။ လဘန္တိ၊ ရကုန်၏။ ယံနူန-ယဒိပန၊ ၍။ အယျာပိ၊ အရှင်တို့သည်လည်း။ စာတုဒ္ဒသေစ၊ ၌လည်းကောင်း။ ပန္နရသေစ၊ ၌လည်းကောင်း။ ပက္ခဿ၊ ၏။ အဋ္ဌမိယာစ၊ ၌လည်းကောင်း။ သန္နိပတေယျုံ၊ စည်းဝေးကုန်မူကား။ သာဓုဝတ၊ ကောင်းစွာ၏။ ဣတိ၊ ဤသို့။

ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ၏။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ စာတုဒ္ဒ
သေစ၊ ဥ္ဓလည်းကောင်း။ ပန္နရသေစ၊ ဥ္ဓလည်းကောင်း။ ပက္ခဿ၊
၏။ အဋ္ဌမိယာ စ၊ဥ္ဓလည်းကောင်း။ သန္နိပတိတုံ၊ ငှါ။ အနုဇာနာမိ၊
၏။ပ။သန္နိပတိတွာ၊ ၍။ တုဏှီ၊ ဆိတ်ဆိတ်။ နိသီဒန္တိ၊ နေကုန်၏။
တေဘိက္ခူ၊တို့သို့။ မနုဿာ၊တို့သည်။ ဓမ္မသဝနာယ၊ ငှါ။ဥပသင်္ကာ
မန္တိ၊ ကပ်ကုန်၏။ပ။သေယျထာပိ မူဂသူကရာ၊ အ,သောဝက်ကဲ့သို့။
တုဏှီ၊ ဆိတ်ဆိတ်။ နိသီဒိဿန္တိ၊ နေကုန်ဘိသနည်း။ သန္နိပတိ
တေဟိနာမ၊ စည်းဝေးသော သူတို့မည်သည်ကား။ ဓမ္မော၊
တရားကို။ ဘာသိတဗ္ဗောနနု၊ ဟောအပ်သည် မဟုတ်တုံလော။
ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ဘိက္ခဝေ၊တို့။ပ။ဓမ္မံ၊တရားကို။
ဘာသိတုံ၊ ဟောစိမ့်သောငှါ။ အနုဇာနာမိ၊ ခွင့်ပြု၏။

၁၃၃။ ။ပ။ယံနူန-ယဒိပန၊ ၍။ အဟံ၊ သည်။ မယာ၊ သည်။
ဘိက္ခူနံ၊ ရဟန်းတို့အား။ ယာနိသိက္ခာပဒါနိ၊ အကြင်သိက္ခာပုဒ်
တို့ကို။ ပညတ္တာနိ၊ ပညတ်အပ်ကုန်၏။ တာနိသိက္ခာပဒါနိ၊တို့ကို။
ပါတိမောက္ခုဒ္ဒေသံ၊ ပါတိမောက် ပြစိမ့်သည်ကို။ အနုဇာနေယျံ၊
ခွင့်ပြုရမူကား။ သာဓု၊ကောင်း၏။ သောစပါတိမောက္ခုဒ္ဒေသော၊
ထိုပါတိမောက်ပြခြင်းသည်သာလျှင်။ ဥပေါသထကမ္မံ၊ ဥပုသ်အမှု
သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ဤသို့။ ပရိဝိတက္ကော၊သည်။
ဥဒပါဒိ၊ ၏။ပ။ဘိက္ခဝေ၊ တို့။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသိတုံ၊ ပြစိမ့်
သောငှါ။ အနုဇာနာမိ၊ ခွင့်ပြု၏။ ဘိက္ခဝေ၊ တို့။ ဧဝဉ္စပန၊ ဤသို့
လျှင်။ ဥဒ္ဒိသိတဗ္ဗံ၊ ပြအပ်၏။ ပရိယာပုဏိတဗ္ဗဉ္စ၊ သင်သည်း
သင်အပ်၏။ ဓာရေတဗ္ဗဉ္စ၊ဆောင်လည်း ဆောင်အပ်၏။ ဗျတ္တေန၊
ဗျတ္တိရှိသော။ပဋိဗလေန၊ဌာန်ကရိုဏ်းကို ပြည့်စုံစွာ ရွတ်နိုင်သော။
ဘိက္ခုနာ၊ သည်။ သံဃော၊ ကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။

၁၃၄။ ကိံဉာပေတဗ္ဗော၊ ကား။ (ထည့်)။ ဘန္တေ၊ အရှင်
ဘုရားတို့။ သံဃော၊ သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။
သုဏာတု၊ နာလော့။ အဇ္ဇ၊ ယနေ့။ ဥပေါသထော၊ ဥပုသ်နေ့သည်။
ပန္နရသော၊ ပန္နရသီ ဥပုသ်နေ့တည်း။ သံဃဿ၊ သံဃာတော်

အား။ ပတ္တကလ္လံ၊ လျော်ကပ်ပတ်သောအခါရှိသော ဥပုသ်ကံသည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ သံဃော၊ သည်။ ဥပေါသထံ၊ ကို။ ကရေယျ၊ ၏။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသေယျ၊ ပြရာ၏။ သံဃဿ၊ သံဃာ့သည်။ ပုဗ္ဗကိစ္စံ၊ ပုဗ္ဗကိစ္စကိုးပါးကို။ ကတံကိံ၊ ပြုအပ်ပြီလော။ အာယသ္မန္တော၊ တို့။ တုမှေ၊ အရှင်တို့သည်။ ပါရိသုဒ္ဓိံ၊ အာပတ်မှ စင်ကြယ်ခြင်းကို။ အာရောစေထ၊ ကြားကြကုန်လော့။ အဟံ၊ သည်။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသိဿာမိ၊ ပြအံ့။ တံ၊ ထိုပါတိမောက်ကို။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ သန္တာ၊ သူတော်ကောင်း ဖြစ်ကုန်သော။ မယံ၊ ငါတို့သည်။ သာဓုကံ၊ ကောင်းစွာ။ သုဏောမ၊ နာကုန်အံ့။ မနသိကရောမ၊ နှလုံးသွင်းကုန်အံ့။ ယဿ၊ အကြင်ရဟန်းအား။ အာပတ္တိ၊ အာပတ်သည်။ သိယာ-အတ္ထိ၊ ရှိသည်ဖြစ်အံ့။ သော၊ ထိုအာပတ်ရှိသော ရဟန်းသည်။ တံ၊ ထိုရှိသော အာပတ်ကို။ အာဝိကရေယျ၊ ကြားမူလည်း ကြားရာ၏။ ထင်ရှားမူလည်းပြုရာ၏။ အာပတ္တိယာ၊ သည်။ အသန္တိယာ၊ မရှိလတ်သော်။ တုဏှီ၊ ဆိတ်ဆိတ်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပနယသ္မာ၊ ကြောင့်။ တုဏှီဘာဝေနခေါ-တုဏှီဘာဝေနဝ၊ ဆိတ်ဆိတ်နေသဖြင့်သာလျှင်။ အာယသ္မန္တေ၊ အရှင်တို့ကို။ ပရိသုဒ္ဓါတိ၊ အာပတ်မှစင်ကြယ်ကုန်၏ဟူ၍။ ဝေဒိဿာမိ၊ သိရ၏။ တသ္မာ၊ ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပန၊ ဥပမာနှင့်ထင်စွာပြဦးအံ့။ ပစ္စေကပုဋ္ဌဿ၊ အသီးအသီး မေးအပ်သောသူအား။ ဝေယျာကရဏံခေါ-ဝေယျာကရဏံဧဝ၊ ကြားခြင်းသည်သာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဧဝံဘဝနံ၊ ဤသို့ ဆိတ်ဆိတ်ဖြစ်ခြင်းသည်။ ဝေယျာကရဏံ၊ ကြားသည်မည်၏။ ဟောတိ၊ ၏။ (ဥပမေယျကား ပါဠိသေသ)။ ဧဝရူပါယ၊ ဤသို့ သဘောရှိသော။ ပရိသာယ၊ ပရိသတ်၌။ ယာဝတတိယံ၊ သုံးကြိမ်မြောက်အောင်။ အနုဿာဝိတံ၊ ပါတိမောက်ကို အဘန်တလဲလဲ ကြားအပ်သည်။ ဝါ၊ ပါရိသုဒ္ဓိကို ကြားခြင်းကို အဘန်တလဲလဲ မေးစိစစ်အပ်သည်။ ဟောတိ၊

၏။ ယောပနဘိက္ခု၊ သည်။ ယာဝတတိယံ၊ အောင်။ အနုဿာဝိယမာနေ၊ရှိသော်။ သရမာနော၊အာပတ်ကို အောက်မေ့မိလျက်။ သန္တိံ၊ ထင်ရှားရှိသော။ အာပတ္တိံ၊ ကို။ နာဝိကရေယျ၊ ထင်စွာ မပြုငြားအံ့။ အဿဘိက္ခုနော၊ အား။ သမ္ပဇာနမုသာဝါဒေါ၊ သိလျက် ချွတ်ယွင်းသောစကားကို ဆိုခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်သည်။ ဟောတိ၊ ၏။ အာယသ္မန္တော၊ အရှင်တို့။ ခေါပန၊ စင်စစ်။သမ္ပဇာနမုသာဝါဒေါ၊သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကို။ အန္တရာယိကော၊ချွန်မင်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော။ ဓမ္မော၊အာပတ်ဟူ၍။ ဘဂဝတာ၊သည်။ ဝုတ္တော၊အပ်၏။ တသ္မာ၊ ကြောင့်။ အာပန္နေန၊ သော။ သရမာနေန၊ ၍။ ဝိသုဒ္ဓါပေက္ခေန၊ သော။ ဘိက္ခုနာ၊ သည်။ သန္တီ၊ သော။ အာပတ္တိ၊ ကို။ အာဝိ၊စွာ။ ကာတဗ္ဗာ၊ ၏။ ဟိ၊ အကျိုးကိုပြဦးအံ့။ အာဝိကတာ-အာဝိကတာယ၊အာပတ်ကို ထင်စွာ ပြုသဖြင့်။ အဿဘိက္ခုနော၊ အား။ ဖါသု၊ ပဌမဈာန် အစရှိသည်ကို ရခြင်းငှါ ချမ်းသာသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဥဒ္ဒေသေတဗ္ဗော၊ ၏။ [ပါတိမောက်မပြမီ ပြုရာသော အခြင်းအရာကို ခန္ဓကအဆုံးသို့ ရောက်မှ ရေးမည်]။

၁၃၅။ ပါတိမောက္ခန္တိပဒဿ၊ ပါတိမောက္ခံဟူသော ပုဒ်၏။ အတ္ထော၊အနက်ကို။ ဧဝံ၊ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဧတံသီလံ၊ ထိုပါတိမောက္ခ သံဝရသီလသည်။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဌမဈာန် အစရှိသော တရားတို့၏။ အာဒိ၊အစတည်း။ဧတံသီလံ၊သည်။ မုခံ၊အကြောင်းတည်း။ ဧတံသီလံ၊ သည်။ ပမုခံ၊ရှေ့သွားတည်း။ တေန၊ ထိုကြောင့်။ ပါတိမောက္ခန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ အာယသ္မန္တောတိဧတံဝစနံ၊ အာယသ္မန္တောဟူသော ဤစကားသည်။ ပိယဝစနံ၊ ချစ်အပ်သော စကားတည်း။ ဧတံဝစနံ၊ သည်။ ဂရုဝစနံ၊ အလေးပြုအပ်သော စကားတည်း။ အာယသ္မန္တောတိဧတံဝစနံ၊ သည်။ သဂါရဝသပ္ပတိဿာဓိဝစနံ၊ ရိုသေခြင်း ကျိုးနွံ့ဟုပ်ဝပ်ခြင်းနှင့် တကွသော စကားတည်း။ ဥဒ္ဒိသိဿာမီတိပဒဿ၊ပုဒ်၏။ အတ္ထော၊ ကို။ ဧဝံ၊

ဤ ဆိုလတ္တံ့သောနည်းဖြင့်။ ဧဒိတဗ္ဗော၊ ၏။ အာစိက္ခိဿာမိ၊ ကြားပေအံ့။ဒေသေဿာမိ၊ဟောပေအံ့။ပညပေဿာမိ၊ပညတ်အံ့။ ပဋ္ဌပေဿာမိ၊ဆောက်တည်အံ့။ ဝိဝရိဿာမိ၊ဖွင့်အံ့။ဝိဘဇိဿာမိ၊ ခွဲခြမ်းအံ့။ ဥတ္တာနိကရိဿာမိ၊ ထင်စွာပြုအံ့။ ပကာသေဿာမိ၊ ပြအံ့။ တန္တိ၊ တံဟူသည်ကား။ ပါတိမောက္ခံ၊ ကို။ ဝုစ္စတိ၊ ၏။ သဗ္ဗေဝသန္တာတိ၊ ဟူသည်ကား။ တဿာပရိသာယ၊ ၌။ ယာဝတိကာ၊အကြင်မျှလောက်ကုန်သော။ထေရာစ၊ထေရ်မြောက်ပြီးသော ရဟန်းတို့သည်လည်းကောင်း။ နဝါစ၊သီတင်းငယ်ရဟန်းတို့သည် လည်းကောင်း။ မဇ္ဈိမာစ၊ မဇ္ဈိမရဟန်းတို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေဘိက္ခူ၊ တို့ကို။ သဗ္ဗေဝသန္တာတိ၊ သဗ္ဗေဝ သန္တာဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ [ရဟန်းဖြစ်သည်မှစ၍ လေးဝါတိုင်အောင် နဝ၊ ငါးဝါကစ၍ ကိုးဝါတိုင်အောင် မဇ္ဈိမ၊ ဆယ်ဝါကစ၍ အထက်ကို ထေရ ယူရမည်။ ဝိနယတ္ထမဉ္ဇူသာ ဋီကာ]။ သာဓုကံသုဏောမာတိပဒဿ၊ သာဓုကံသုဏောမ ဟူသောပုဒ်။ အတ္ထော၊ အနက်ကား။ အဋ္ဌိံကတွာ၊ ရှိုသေစွာပြု၍။ မနသိကတွာ၊နှလုံးသွင်း၍။သဗ္ဗံ၊ကို။စေတသာ–စိတ္တေန၊စိတ်ဖြင့်။ သမန္နာဟရာမ၊ ကောင်းစွာ နှလုံးသွင်းကုန်အံ့။ မနသိကရောမာတိပဒဿ၊၏။ အတ္ထော၊အနက်ကား။ ဧကဂ္ဂစိတ္တာ၊ တည်ကြည်သော စိတ်ရှိကုန်သည် ဖြစ်၍။ အဝိက္ခိတ္တစိတ္တာ၊ မပျံ့လွင့်သော စိတ်ရှိကုန်သည်ဖြစ်၍။ အဝိသာဟဋစိတ္တာ၊ မပင်ပန်းသော စိတ်ရှိကုန်သည်ဖြစ်၍။ နိသာမေထ၊ နာကြကုန်လော့။ ယဿသိယာ အာပတ္တီတိပဒဿ၊၏။ အတ္ထော၊ အနက်ကား။ ထေရဿဝါ၊ အားလည်းကောင်း။ပ။ ပဉ္စန္နံ အာပတ္တိက္ခန္ဓာနံ၊အာပတ် ငါးပုံတို့ တွင်။ အညတရာဝါ၊တပါးပါးသောအာပတ်သည်လည်းကောင်း။ (ထုလ္လစ္စဉ်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသီကို ယူ)။ သတ္တန္နံ အာပတ္တိက္ခန္ဓာနံ၊ တို့တွင်။ အညတရာဝါအာပတ္တိ၊ သည် လည်းကောင်း။ အတ္ထိ၊ အံ့။ သောအာဝိကရေယျာတိပဒဿ၊ ၏။ အတ္ထော၊ အနက်ကား။ သောဘိက္ခု၊သည်။ ဒေသေယျ၊ဒေသနာ

ကြားရာ၏။ပ။သံဃမဇ္ဈေ ဝါ၊ ၌လည်းကောင်း။ပ။ ဧကပုဂ္ဂလေ ဝါ၊ ပုဂ္ဂိုလ်တယောက်အထံ၌ လည်းကောင်း။ ဒေသေယျ၊ ဒေသနာ ကြားရာ၏။ပ။အသန္တိံနာမအာပတ္တိံ၊ မရှိသောအာပတ် မည်သည် ကား။ အာပတ္တိံ၊သို့။ အနဇ္ဈာပန္နာ ဝါ၊ မရောက်သည်မှုလည်း။ ဟောတိ၊၏။ အာပဇ္ဇိတွာ၊ အာပတ်သင့်၍။ ဝုဋ္ဌိတာ ဝါ၊ အာပတ်မှ ထမြောက်သည်မှုလည်း။ ဟောတိ၊၏။ တုဏှီဘာဝိတဗ္ဗန္တိပဒဿ၊ ၏။ အတ္ထော၊ အနက်ကား။ အဓိဝါသေတဗ္ဗံ၊ သာယာအပ်၏။ နဗျာဟရိတဗ္ဗံ၊ မဆိုအပ်။ ပရိသုဒ္ဓါတိဝေဒိဿာမီတိပဒဿ၊ ၏။ အတ္ထော၊ အနက်ကား။ ဇာနိဿာမိ၊ သိရအံ့။ ဓာရေဿာမိ၊ မှတ်ရအံ့။ ယထာခေါပနပစ္စေကပုစ္ဆိတဿဝေယျာကရဏံ ဟော တီတိပဒဿ၊၏။အတ္ထော၊အနက်ကား။ ဧကေန၊တယောက်သည်။ ပုဋ္ဌော-ပုစ္ဆိတဗ္ဗော၊ မေးအပ်သော။ ဧကော၊ တယောက်သော သူသည်။ဗျာကတော၊ကြားပေအပ်သည်။ ဘဝေယျယထာ၊ကဲ့သို့။ ဧဝမေဝ၊ လည်းကောင်း။ တဿာ ပရိသာယ၊ ၌။ ဇာနိတဗ္ဗံ၊ သိအပ်သည်။သည်ကို။မံ၊ကို။ ပုစ္ဆတိ၊မေး၏။ ဧဝရူပါနာမပရိသာ၊ ဤသို့သော ပရိသတ် မည်သည်ကား။ ဘိက္ခုပရိသာ၊ ဘိက္ခု ပရိသတ်ကို။ ဝုစ္စတိ၊ ၏။ ယာဝ တတိယံ အနုဿာဝိတံ ဟောတီတိ ပဒဿ၊၏။ အတ္ထော၊ အနက်ကား။ သကိံပိ၊ တကြိမ်လည်း။ အနုဿာဝိတံ၊ ကြားအပ်သည်။ ဟောတိ၊ ဖြစ်၏ ။ပ။ သရမာ နောတိပဒဿ၊ ၏။ အတ္ထော၊ အနက်ကား။ ဇာနမာနော၊ သိလျက်။ သဉ္ဇာနမာနော၊ ကောင်းစွာသိလျက်။ သန္တိံ နာမ အာပတ္တိံ၊ ရှိသောအာပတ်မည် သည် ကား။ အဇ္ဈာပန္နော ဝါ၊ အာပတ်သင့်သည်မှုလည်း။ဟောတိ၊၏။ အာပဇ္ဇိတွာ ဝါ၊အာပတ် သင့်လျက် မှုလည်း။ အဝုဋ္ဌိတာ၊ အာပတ်မှ မထမြောက်သည်။ ဟောတိ၊၏။ နာဝိကရေယျာတိပဒဿ၊၏။အတ္ထော၊အနက်ကား။ သံဃမဇ္ဈေ ဝါ၊၌လည်းကောင်း။ပ။ နဒေသေယျ၊ ဒေသနာမကြား အံ့။ပ။ နပကာသေယျ၊ ထင်ရှားမပြုပြားအံ့။ သမ္ပဇာနမုသာဝါ ဒဿ ဟောတီတိ ပဒဿ၊၏။ အတ္ထော၊ အနက်ကား။ သမ္ပဇာန

မုသာဝါဒေါ၊ သိလျက်မုသားဆိုခြင်းကြောင့်။ ကိံ၊ အဘယ်အာပတ်သည်။ ဟောတိ၊ နည်းဟူမူကား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အန္တရာယိကောဓမ္မော ဝုတ္တောဘဂဝတာတိ ဣတ္ထပဒေ၊ ၌။ ကိသ္မိံ၊ အဘယ်၏။ အန္တရာယိကော၊ အန္တရာယ်ကိုပြုတတ် သနည်း။ ပဌမဈာနဿ၊ ပဌမဈာန်ကို။ အဓိဂမာယ၊ ရခြင်း၏။ အန္တရာယိကော၊ အန္တရာယ်ကိုပြုတတ်၏။ပ။ ဈာနာနံ၊ ဈာန်တို့ကို။ ဝိမောက္ခာနံ၊ မဂ်တို့ကို။ပ။ နေက္ခမ္မာနံ၊ ကာမမှထွက်မြောက်သော ဈာန်တရားတို့ကို။ နိဿရဏာနံ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်သောမဂ်ဖိုလ်နိဗ္ဗာန်ကို။ ပဝိဝေကာနံ၊ ကိုယ်စိတ်နှစ်ပါးတို့ဖြင့် ဆိတ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ တို့ကို။ အဓိဂမာယ၊ ရခြင်း၏။ အန္တရာယိကော၊ ၏။ တသ္မာတိပဒဿ၊ ၏၊ အတ္ထော၊ အနက်ကား။ တံကာရဏာ၊ ထိုအကြောင်းကြောင့်။ပ။ ဝိသုဒ္ဓါပေက္ခေနာတိပဒဿ၊ ၏။ အတ္ထော၊ အနက်ကား။ ဝုဋ္ဌာတုကာမေန၊ ထမြောက်လိုသော သူသည်။ ဝိသုဇ္ဈိတုကာမေန၊ စင်လိုသောသူသည်။ပ။ အာဝိကာတဗ္ဗာတိ ဖါသုဟောတီတိ ဣတ္ထပဒေ၊ ၌ပုဒ်၌။ ကိသ္မိံ၊ အဘယ်၌ငါ။ ဖါသု၊ လွယ်သည်။ (ချမ်းသာသည်ဟုလည်းပေး)။ ဟောတိ၊ သနည်း။ ပဌမဈာနဿ။ ဈာန်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ ဖါသု၊ လွယ်သည်။ (ချမ်းသာသည်ဟုလည်းပေး)။ ဟောတိ၊ ၏။ပ။ ဉတိ၊ ဤသည်လျှင် အပြီးတည်း။

၁၃၆။ တေနခေါပနသမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ ဘဂဝတာ၊ သည်။ ပါတိမောက္ခုဒ္ဒေသော၊ ကို။ အနုညာတောတိ၊ ဟူ၍။ ဒေဝသိကံ၊ နေ့တိုင်းနေ့တိုင်း။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသန္တိ၊ ပြကုန်၏။ ။ပ။ ဘိက္ခဝေ၊ တို့။ ဥပေါသထေ၊ ၌။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဉတိ၊ သို့။ အဝေါစ၊ ၏။ တေနခေါပနသမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ ဘဂဝတာ၊ သည်။ ဥပေါသထေ၊ ၌။ ပါတိမောက္ခုဒ္ဒေသော၊ ကို။ အနုညာတောတိ၊ ခွင့်ပြုတော်မူအပ်ပြီဟု။ ပက္ခဿ၊ ပက္ခ၏။ စာတုဒ္ဒသေစ၊ ၌လည်းကောင်း။ ပန္နရသေစ၊ ၌လည်းကောင်း။ ပက္ခဿ၊ ၏။ အဋ္ဌမိယာစ၊ ၌လည်းကောင်း။

ဇာတိ၊ သို့။ (ထည့်)။ တိက္ခတ္တုံ၊ သုံးကြိမ်။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသန္တိ၊ ပြကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ ပက္ခသ၊ လဆန်းပက္ခ လဆုတ်ပက္ခ၏။ စာတုဒ္ဒသေဝါ၊ ၁၄လည်းကောင်း။ ပန္နရသေဝါ၊ ၁၅လည်းကောင်း။ သကိံ၊ တကြိမ်။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသိတုံ၊ ပြစိမ့်သောငှါ။ အနုဇာနာမိ၏။ တေနခေါပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ယထာပရိသာယ၊ ပရိသတ်အားလျော်စွာ။ သကာယ-သကာယ ပရိသာယ၊ မိမိမိမိ တို့၏ ပရိသတ်၌သာလျှင်။ ပါတိမောက္ခံ၊ကို။ ဥဒ္ဒိသန္တိ၊ပြကုန်၏။ ဘဂဝတော၊အား။ ဧတမတ္ထံ၊ကို။အာရောစေသုံ၊ကုန်၏။ဘိက္ခဝေ၊ တို့။ ယထာပရိသာယ၊စွာ။ သကာယပရိသာယ၊၌။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊ အပ်။ ယောဘိက္ခု၊သည်။ ဥဒ္ဒိသေယျ၊ အံ့။ ဒုက္က ဋဿ၊သို့။ အာပတ္တိ၊သည်။ ဟောတိ၏။ [မိမိတို့၏ တပည့်တွင် ရှေ့သော ပြကုန်သည်။ တရပ်တည်း တသိမ်တည်း နေကုန်သော ရဟန်းတို့ကို ကုန်အောင်သိမ်း၍ မပြကုန်ဟူလိုသည်]။ ဘိက္ခဝေ၊ တို့။ သမဂ္ဂါနံ၊ ညီညွတ်ကုန်သောရဟန်းတို့၏။ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို။အနုဇာနာမိ၊ ငါခွင့်ပြုတော်မူ၏။ ဇာတိ၊သို့။ အဝေါစ၊ ၏။ အထခေါ၊ ၌။ ဘိက္ခူနံ၊ တို့အား။ ဧတံပရိဝိတက္ကနံ၊ သည်။ အဟောသိ၏။ ဘဂဝတာ၊ သည်။ သမဂ္ဂါနံ၊ တို့၏။ ဥပေါသထ ကမ္မံ၊ ကို။ပညတ္တံ၊၏။ဇာတိ-ဧတံပရိဝိတက္ကနံ၊သည်။အဟောသိ၊၏။ ကိတ္တာဝတာ၊ အဘယ်မျှသော ရဟန်းတို့သည်။ သာမဂ္ဂီ၊ညီညွတ် သော မည်သည်။ဟောတိ၊ သနည်း။ယာဝတာ-ယတ္တကာ၊အကြင် မျှလောက်သော ရဟန်းတို့သည်။ ဧကာဝါသေ၊ တကျောင်း တည်း၌နေ၏။ တာဝတာ၊ ထိုတရပ်တည်းနေသော ရဟန်းတို့ သည်သာ။ သာမဂ္ဂီ၊ သာမဂ္ဂီမည်သည်။ ဟောတိနုခေါ၊ ဖြစ်မည် လော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ သဗ္ဗာပထဝီ၊ အလုံးစုံသော မြေအပြင်၌ နေသမျှသည်။ သာမဂ္ဂီ၊ သာမဂ္ဂီမည်သည်။ ဟောတိ နုခေါ၊ ဖြစ်မည်လော။ ဇာတိ၊ ဤသို့။ ပရိဝိတက္ကော၊သည်။ အဟော သိ၏။ ဘဂဝတော၊အား။ ဧတမတ္ထံ၊ကို။အာရောစေသုံ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ယာဝတာ၊ အကြင်မျှလောက်သောရဟန်းတို့သည်။ ဧကာဝါသော၊ တကျောင်းတည်း၌ နေ၏။ ဧတ္တာဝတာ၊ ထိုမျှလောက်သော ရဟန်းတို့သည်။ သာမဂ္ဂီ၊ သာမဂ္ဂီမည်၏။ တေသံ သမဂ္ဂါနံ၊ ထိုသာမဂ္ဂီရဟန်းတို့အား။ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို။ အနုဇာနာမိ၊ ၏။ [အဓိပ္ပါယ်ကား ကျောင်း အရာ အထောင်ရှိသော်လည်း တသိမ်တည်း ဥပစာတခုတည်းသော ကျောင်းအရပ်၌ နေသမျှသော ရဟန်းတို့သည်လည်းကောင်း ထိုကျောင်းအရပ်သို့ဥပုသ်ပြုအံ့ဟု ရောက်သမျှစည်းဝေးသမျှသောအာဂန္တုကရဟန်းတို့သည်လည်းကောင်း သာမဂ္ဂီမည်၏။ ထိုသာမဂ္ဂီရဟန်းတို့အား တကွနက် ဥပုသ်ပြုစိမ့်သည်ကို ငါဘုရားခွင့်ပြုတော် မူ၏ဟူလိုသတတ်]။

၁၃၇။ တေန ခေါ ပန သမယေန၊ ၌။ အာယသ္မာ၊ ရှည်သော သက်တော်ရှိသော။ မဟာကပ္ပိနော၊ မဟာကပ္ပိနထေရ်သည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၏အနီး၌။ မဒ္ဒကုစ္ဆိမှိ၊ မဒ္ဒကုစ္ဆိအမည်ရှိသော။ မိဂဒါယေ၊ သမင်တော၌။ ဝိဟရတိ၊ ၏။ အထ ခေါ၊ ၌။ ရဟောဂတဿ၊ ၍။ ပဋိသလ္လီနဿ၊ သော။ အာယသ္မတော မဟာကပ္ပိနဿ၊ အား။ ဧဝံ၊ ဤသို့။ စေတသော၊ ၏။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ၏။ ကိံ ဥဒပါဒိ၊ ဟူမူကား။ အဟံ၊ သည်။ ဥပေါသထံ၊ ဥပုသ်သို့။ ဂစ္ဆေယျံ ဝါ၊ သွားရအံ့လော။ န ဝါ ဂစ္ဆေယျံ၊ မသွားရအံ့လော။ (တနည်းတုံ) ဂစ္ဆေယျံ ဝါ၊ သွားသော်တည်း ကောင်းအံ့လော။ န ဝါ ဂစ္ဆေယျံ၊ မသွားသော်တည်း ကောင်းအံ့လော။ သံဃကမ္မံ၊ သံဃကံသို့။ ဂစ္ဆေယျံ ဝါ၊ သွားရအံ့လော။ န ဝါ ဂစ္ဆေယျံ၊ မသွားရအံ့လော။ အထ ခေါ၊ စင်စစ်လျှင်။ အဟံ၊ ကား။ ပရမာယ၊ မြတ်သော။ ဝိသုဒ္ဓိယာ၊ စင်ခြင်းဖြင့်။ ဝိသုဒ္ဓေါ၊ စင်ပြီးသောသူတည်း။ ဣတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ၏။ ပ။ မဟာကပ္ပိနဿ၊ ကပ္ပိနထေရ်၏။ ပမုခေ၊ ရှေး၌။ (ကျောင်းဦး၌ သော်လည်းပေး)။ ပါတုရဟောသိ၊ ၏။ ပ။ ကပ္ပိန၊ ကပ္ပိနထေရ်။ ရဟောဂတဿ၊ သော။ ပဋိသလ္လီနဿ၊ သော။ တေ၊ သင်၏။ ဧဝံ၊ ဤသို့။

စေတသော၊စိတ်၏။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိနန္န၊ ဖြစ်သည်
မဟုတ်တုံလော။ အဟံ၊ သည်။ပ။ နဝါဂစ္ဆေယျံ၊ အံ့လော။
အထခေါ-သိစ္စတော၊ အဟုတ်လျှင်။ အဟံ၊ ကား။ပ။ ဝိသုဒ္ဓေါ၊
တည်း။ ဣတိ၊သို့။ ပရိဝိတက္ကော၊သည်။ ဥဒပါဒိနန္န၊ လော။ ဣတိ၊
ဤသို့။အဝေါစ၊၏။ ဘန္တေ၊အရှင်ဘုရား။ ဧဝံသန္တံ၊ဖြစ်သည်မှန်၏။
ဗြာဟ္မဏာ၊ မကောင်းမှုကို အပပြုပြီးသောသူ။ တုမှေ၊ တို့သည်။
သစေ၊၍။ ဥပေါသထံ၊ ဥပုသ်ကို။ နသက္ကရိဿထ၊ အရိုအသေ
မပြုကုန်အံ့။ နဂရုကရိဿထ၊ အလေး အမြတ်မပြုကုန်အံ့။ နမာ
နေဿထ၊မြတ်နိုးတနာမပြုကုန်အံ့။ နပူဇေဿထ၊မပူဇော်ကုန်အံ့။
အထ၊ ထိုသို့မပြုသည်ရှိသော်။ ကောစရဟိ၊ အဘယ်သူသည်။ပ။
သက္ကရိဿတိ၊ အရိုအသေပြုလတ္တံ့နည်း။ပ။ ပူဇေဿတိ၊ ပူဇော်
လတ္တံ့နည်း။ ဗြာဟ္မဏာ၊ မကောင်းမှုကို အပပြုပြီးသောသူ။ တွံ၊
သည်။ဥပေါသထံ၊သို့။ ဂစ္ဆ၊ သွားလေလော့။ မာနောအဂမာသိ၊
မသွားမမူလင့်။ (မသွားဘဲမနေနှင့် ဟုလည်းပေး)။ သံဃကမ္မံ၊
သံဃကံကို။ ဂစ္ဆ၊ သွားလေလော့။ မာနောအဂမာသိ၊ မသွား
မမူလင့်။ ဣတိ၊ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ မြတ်စွာ
ဘုရား။ ဧဝံသာဓုတိ၊ ကောင်းပြီဟု။ပ။ပစ္စဿောသိ၊ ၏။ပ။

၁၃၈။ ယာဝတာ-ယတ္တကာ၊အကြင်မျှသောရဟန်းတို့သည်။
ဧကာဝါသော၊ တခုသော ကျောင်းရပ်၌ နေ၏။ တာဝတာ-
တတ္တကာဘိက္ခူ၊ ထိုမျှသော ရဟန်းတို့သည်။ သာမဂ္ဂီတိ၊ သာမဂ္ဂီ
မည်၏ဟု။ ဘဂဝတာ၊ သည်။ ပညတ္တံ၊ ၏။ ကိတ္တာဝတာ-ကိတ္တ
ဝန္တေနပရိစ္ဆေဒေန၊ အတိမျှသော အပိုင်းအခြားဖြင့်။ ဧကာ
ဝါသော၊ တခုသောကျောင်းရပ်သည်။ ဟောတိနုခေါ၊ ဖြစ်မည်
နည်း။ ဣတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ပ။
ဘိက္ခဝေ၊ တို့။ သီမံ၊ သိမ်ကို။ သမ္မန္နိတုံ၊ သမုတ်စိမ့်သောငှါ။ အနု
ဇာနာမိ၊ ၏။ပ။ပဌမံ၊ စွာ။ နိမိတ္တာ၊ နိမိတ်တို့ကို။ ကိတ္တေတဗ္ဗာ၊
ကြားစေအပ်ကုန်၏။ ပဗ္ဗတနိမိတ္တံ၊ တောင်နိမိတ်ကို။ ပါသာဏ
နိမိတ္တံ၊ ကျောက်နိမိတ်ကို။ ဝနနိမိတ္တံ၊ တောနိမိတ်ကို။ ရုက္ခနိမိတ္တံ၊

သစ်ပင်နိမိတ်ကို။ မဂ္ဂနိမိတ္တံ၊ ခရီးနိမိတ်ကို။ ဝမ္မိကနိမိတ္တံ၊ တောင်ပို့နိမိတ်ကို။ ဥဒကနိမိတ္တံ၊ ရေနိမိတ်ကို။ နဒီနိမိတ္တံ၊ မြစ်နိမိတ်ကို။ ကိတ္တေတဗ္ဗံ၊ ၏။ နိမိတ္တေ၊ တို့ကို။ ကိတ္တေတွာ၊ ကြားး၍။ ဗျတ္တေန၊ ဗျတ္တိရှိသော။ ပဋိဗလေန၊ ဌာန်ကရိုဏ်းကို ပြည့်စုံစွာရွတ်နိုင်သော။ ဘိက္ခုနာ၊ သည်။ သံဃော၊ ကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။

၁၃၉။ ကိံ ဉာပေတဗ္ဗော၊ ဟူမူကား။ (ထည့်)။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သည်။ မေမမ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ နာလေ့။ သမန္တာ၊ မှ။ ယာဝတာ-ယတ္တကာ၊ အကြင်မျှလောက်ကုန်သော။ နိမိတ္တာ၊ တို့ကို။ ကိတ္တိတာ၊ ကြားအပ်ကုန်ပြီ။ သံဃဿ၊ အား။ ပတ္တကလ္လံ၊ သည်။ ယဒိအတ္ထိ၊ အံ့။ သံဃော၊ သည်။ ဧတေဟိ-နိမိတ္တေဟိ၊ တို့ဖြင့်။ သမာနသံဂါသံ၊ ကံကြီးကံငယ်ဖြင့်တူသော တကွနေရာရှိသော။ (တူသောကံတည်း ဟူသော တကွနေရာရှိသော သော်လည်းပေး)။ ဧကုပေါသထံ၊ တကွနက် ဥပုသ်ရှိသော။ သီမံ၊ သိမ်ကို။ သမ္မန္နေယျ၊ သမုတ်ရာ၏။ ဧသာ၊ ကား။ ဉတ္တိ၊ ဉတ်တည်း။ ဘန္တေ၊ အရှင်ဘုရား။ပ။ သမာနသံဝါသံ၊ ရှိသော။ ဧကုပေါသထံ၊ သော။ သီမံ၊ ကို။ သမ္မန္နတိ၊ သမုတ်အပ်၏။ အာယသ္မတော၊ သော။ ဘိက္ခုနော၊ သည်။ ဧတေဟိ-နိမိတ္တေဟိ၊ တို့ဖြင့်။ သမာနသံဝါသာယ၊ ရှိသော။ ဧကုပေါသထာယ၊ ရှိသော။ သီမာယ၊ သိမ်ကို။ သမ္မုတိ၊ သမုတ်သည်ကို။ ခမတိ၊ နှစ်သက်အပ်၏။ သောဘိက္ခု၊ သည်။ တုဏှိ၊ မှိန်းမှိန်း။ အဿ-ဘဝေယျ၊ နေသည်ဖြစ်ရာ၏။ ယဿဘိက္ခုနော၊ သည်။ နက္ခမတိ၊ မနှစ်သက်အံ့။ သောဘိက္ခု၊ သည်။ ဘာသေယျ၊ ရာ၏။ သံဃေန၊ သည်။ ဧတေဟိနိမိတ္တေဟိ၊ တို့ဖြင့်။ သမာနသံဝါသာ၊ သော။ ဧကုပေါသထာ၊ သော။ သီမာ၊ သိမ်ကို။ သမ္မတာ၊ သမုတ်အပ်ပြီ။ သံဃဿ၊ အား။ ယသ္မာ၊ ကြောင့်။ ခမတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ မှိန်းမှိန်း။ ဟောတိ၊ ဖြစ်၏။ ဧဝံတုဏှီဘူတေန၊ ဤသို့ တုဏှီဘာဝနေသဖြင့်။ ဧတံခမန်၊ ထိုသို့ နှစ်သက်သည်ကို။ ဓာရယာမိ၊ မှတ်ရ၏။

**အမှာ** သမ္မုတိ၌ သံမှာ နိဂ္ဂဟိတန္တဖြစ်စေ ပဝဂ္ဂန္တ မအက္ခရာဖြစ်စေ ရှတ်အပ်၏။ တုဏှိ၌ ဏှိမှာ ဒီဃရဿ နှစ်ချက်သင့်။ "အတိခါနဠီကာ။ ရဿသုခုစ္ဆာရဏာ။ သမ္မန္နေယျ၌ သံမှာ နိဂ္ဂဟိတန္တဖြစ်စေ ပဝဂ္ဂန္တ မအက္ခရာနှင့်ဖြစ်စေ ရှတ်အပ်၏။ န္နေမှာလည်း ဒွေဘော်နှင့်ဖြစ်စေ ဒွေဘော်ကင်းလျက် ဖြစ်စေ ရှတ်အပ်၏။ သမ္မန္နတိ၌လည်း နည်းတူ။ သမ္မတာ၌ နအက္ခရာ ကျေခြင်းသာထူးသည်။ အနက်အဓိပ္ပါယ်တူ။

၁၄၀။ တေနခေါ ပန သမယေန၊ ၌ ။ပ။ အတိမဟာတိယော၊ အလွန်ကျယ်ကုန်သော။ သီမာယော၊ တို့ကို။ သမ္မန္နန္တိ၊ သမုတ်ကုန်၏။စတုယောဇနိကာပိ၊လေးယူဇနာရှိသော သိမ်တို့ကိုလည်း ကောင်း။ပ။ဆ ယောဇနိကာပိ၊ ခြောက်ယူဇနာ အတိုင်းအရှည် ရှိသောသိမ်တို့ကိုလည်းကောင်း။သမ္မန္နန္တိ၊ကုန်၏။ဘိက္ခူ၊တို့သည်။ ဥပေါသထံ၊သို့။ အာဂစ္ဆန္တာ၊လာလတ်ကုန်သော်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ ဥဒ္ဒိသမာနေပိ၊ ပြစဉ်ဆဲဆဲလည်း။ အာဂစ္ဆန္တိ၊ ရောက်လတ်ကုန်၏။ဥဒ္ဒိဋ္ဌမတ္တေပိ၊ပြ၍ ပြီးခါမျှ၌လည်း။အာဂစ္ဆန္တိ၊ ကုန်၏။ အန္တရာပိ၊ ဥပုသ်သို့ မရောက်မီ အကြား၌လည်း။ ပရိဝသန္တိ၊နေကုန်၏။ပ။ဘိက္ခဝေ၊တို့။ တိယောဇနပရမံ၊သုံးယူဇနာ အတိုင်းအရှည်ရှိသော။ သီမံ၊သိမ်ကို။ သမ္မန္နိတုံ၊၄ါ၊ အနုဇာနာမိ၊ ၏။ပ။နဒီပါရသီမံ၊ မြစ်တဘက်သို့ ကူးသော သိမ်ကို။ သမ္မန္နန္တိ၊ ကုန်၏။ ဥပေါသထံ၊ သို့။ အာဂစ္ဆန္တာ၊ လာလတ်ကုန်သော။ ဘိက္ခူပိ၊ တို့သည်လည်း။ ဝုယှန္တိ၊ မျောကုန်၏။ပ။ဘိက္ခဝေ၊ တို့။ ယတ္ထ၊ အကြင်မြစ်၌။ ဓုဝနာဝါ ဝါ၊ မပြတ်ထားသော လှေသည် လည်းကောင်း။ ဓုဝသေတု ဝါ၊ အမြဲခင်းသော တံတားသည် လည်းကောင်း။ အဿ၊ဖြစ်အံ့။ ဧဝရူပံ၊သော။ နဒီပါရသီမံ၊မြစ်ကို ကူးသောသိမ်ကို။ပ။အနုဇာနာမိ၊ ၏။

၁၄၁။ တေနခေါ ပန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ အနုပရိဝေဏိယံ၊ ပရိဝုဏ်တိုင်း။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသန္တိ၊ကုန်၏။ အသင်္ကေတေန၊ပြရာအရပ်ကို မချိန်းချက်သဖြင့်။ ဥဒ္ဒိသန္တိ၊ကုန်၏။

အာဂန္တုကာ၊ ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကတ္တဝါ၊
အဘယ်အရပ်၌လည်း။ အဇ္ဈုပေါသထော-အဇ္ဈုပေါသထံ၊ ယနေ့
ဥပုသ်ကို။ ကရိယိဿတိ၊ ပြုလတ္တံ့နည်း။ ဣတိ၊ ဤသို့။ နဇာနန္တိ၊
ကုန်။ပ။ဘိက္ခဝေ၊ တို့။ ယံဝိဟာရံဝါ၊ အကြင် နှစ်ဘက်စောင်း
မိုးသော ကျောင်းကို လည်းကောင်း။ပ။ယံဂုဟံဝါ၊ အကြင် ဥမင်
တောင်ခေါင်းကိုလည်းကောင်း။ သံဃော၊ သည်။ အာကင်္ခတိ၊
အလိုရှိ၏။ တံဝိဟာရံဝါ၊ ကိုလည်းကောင်း။ပ။တံဂုဟံဝါ၊ ကို
လည်းကောင်း။ ဥပေါသထာဂါရံ၊ ဥပုသ်အိမ်ကို။ သမ္မန္နိတွာ၊
သမုတ်၍။ ဥပေါသထံ၊ကို။ကာတုံ၊ငှါ။ အနုဇာနာမိ၊၏။ ဘိက္ခဝေ၊
တို့။ ဧဝဉ္စပန၊ ဤသို့လျှင်။ သမ္မန္နိတဗ္ဗံ၊၏။ ဗျတ္တေန၊ သော။ ပဋိ
ဗလေန၊ သော။ ဘိက္ခုနာ၊ သည်။ သံဃော၊ ကို။ ဉာပေတဗ္ဗော၊
၏။ ကိံ ဉာပေတဗ္ဗော၊ ဟူမူကား။ ဘန္တေ၊ တို့။ သံဃော၊ သည်။
မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ လော့။ သံဃဿ၊ အား။ ပတ္တ
ကလ္လံ၊ သည်။ ယဒိသိယာ၊ ဖြားအံ့။ ဧဝံသတိ၊ သော်။ သံဃော၊
သည်။ ဣတ္ထန္နာမံ၊ သော။ ဝိဟာရံ၊ ကို။ ဥပေါသထာဂါရံ၊ ကို။
သမ္မန္နေယျ၊ ရာ၏။ ဧသော၊ ကား။ ဉတ္တိ၊ တည်း။ပ။ဓာရယာမိ၊၏။
ဣတိ၊ ဤသို့။ ဉာပေတဗ္ဗော၊ ၏။ တေနခေါပနသမယေန၊၌။အည
တရသ္မိံ အာဝါသေ၊ ၌။ ဒွေ၊ ကုန်သော။ ဥပေါသထာဂါရာနိ၊
တို့ကို။ သမ္မန္နိတဗ္ဗာနိ၊ ကုန်၏။ပ။ဘိက္ခဝေ၊ တို့။ ဧကံ၊ တဆောင်
သော ဥပုသ်အိမ်ကို။ သမူဟနိတွာ၊ နုတ်၍။ ဧကတ္ထ၊ တဆောင်
သော ဥပုသ်အိမ်၌။ ဥပေါသထံ၊ ကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊
၏။ ဘိက္ခဝေ၊ တို့။ ဧဝဉ္စပန၊ ဤသို့လျှင်။ သမူဟန္တဗ္ဗံ၊နုတ်အပ်၏။
ဗျတ္တေန၊ သော။ ပဋိဗလေန၊ သော။ ဘိက္ခုနာ၊ သည်။ သံဃော၊
ကို။ ဉာပေတဗ္ဗော၊ ၏။ ကိံ ဉာပေတဗ္ဗော၊ ကား။ ဘန္တေ၊ တို့။
သံဃော၊ သည်။ မေ၊၏။ ဝစနံ၊ကို။ သုဏာတု၊လော့။ သံဃဿ၊
အား။ ပတ္တကလ္လံ၊ သည်။ ယဒိသိယာ၊ ဖြားအံ့။ ဧဝံသတိ၊ သော်။
သံဃော၊ သည်။ ဣတ္ထန္နာမံ၊ သော။ ဥပေါသထာဂါရံ၊ကို။ သမူဟ
နေယျ၊ နုတ်ရာ၏။ ဧသော၊ ကား။ ဉတ္တိ၊ တည်း။ ဘန္တေ၊ တို့။

သံဃော၊သည်။ မေး၏။ ဝစနံ၊ကို။ သုဏာတု၊လော့။ ဇတ္တုန္နာခံ၊ သော။ ဥပေါသထာဂါရံ၊ ကို။ သမ္မုဟနတိ၊ နုတ်၏။ အာယသ္မ တော၊ သော။ ယဿဘိက္ခုနော၊ သည်။ ဇတ္တုန္နာမဿ၊ သော။ ဥပေါသထာဂါရဿ၊ကို။ သမုဂ္ဃာတော၊နုတ်ခြင်းကို။ ခမတိ၊၏။ သောဘိက္ခု၊သည်။ တုဏှီ၊မှိန်းမှိန်း။ အဿ-ဘဝေယျ၊၏။ ယဿ ဘိက္ခုနော၊ သည်။ နက္ခမတိ၊ မနှစ်သက်အံ့။ သောဘိက္ခု၊ သည်။ ဘာသေယျ၊ ရာ၏။ သံဃေန၊ သည်။ ဇတ္တုန္နာခံ၊ သော။ ဥပေါ သထာဂါရံ၊ ကို။ သမ္မုဟတံ၊ နုတ်ပြီ။ သံဃဿ၊ သည်။ ယသ္မာ၊ ကြောင့်။ ခမတိ၊ ၏။ တသ္မာခမနတော၊ သောကြောင့်။ တုဏှီ၊ မှိန်းမှိန်း။ ဟောတိ၊ ၏။ ဧဝံဟုဏှီဘူတေန၊ဖြင့်။ တေံခမနံ၊ ကို။ ဓာရယာမိ၊ မှတ်ရ၏။

**အမှာ** သိမ်နုတ်ရာ၌ ညောင်စောင်းပမာဏ အကွက်သား သည့်အရာမှာ အယုတ်ဆုံးအလျားပကတိ ကိုးထွာ၊ ရှစ်ထွာ။ အနံမှာ အလျား ထက်ဝက်၊ ထို့ထက် အလွန်လည်း အလျားငါးတောင်၊ အနံငါးထွာဟု ဝိနယာလင်္ကာရ ဋီကာ၌ပြ၏။ စတုဝဂ္ဂစသော သဃ်ာသည် ပြုအပ်သော ကံဖြစ်၍ အသင့်ချည်း ပင်ဖြစ်သည်။

၁၄၂။ ။ပ။အတိခုဒ္ဒကံ၊ ကျဉ်းလွန်းစွာသော။ ဥပေါသထာ ဂါရံ၊ ကို။ သမ္မန္နိတံ၊ သမုတ်အပ်သည်။ ဟောတိ၊ ၏။ တဒဟု ပေါသထေ၊ ထို ဥပုသ်နေ့၌။ မဟာဘိက္ခုသံဃော၊ များသော ရဟန်းအပေါင်းသည်။ သန္နိပတိတော၊ သည်။ အဟောသိ၊ ၏။ ဘိက္ခူ၊တို့သည်။ အသမ္မတာယ၊ မသမုတ်အပ်သော။ ဘူမိယာ၊၌။ နိသိန္နာ၊ နေကုန်လျက်။ ပါတိမောက္ခံ၊ ကို။ အဿောသုံ၊ နာကုန် ၏။ပ။အမှာကံ-အမှေဟိ၊ တို့သည်။ ဥပေါသထော၊ ကို။ ကတော နုခေါ၊ ပြုအပ်သည်ဖြစ်သလော။ပ။ဣတိ၊ ဤသို့။ ဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ပ။ဘိက္ခဝေ၊ တို့။ သမ္မတာယ၊ သမုတ်အပ်သော။ ဘူမိယာဝါ၊၌လည်းကောင်း။ အသမ္မတာယ၊သော။ ဘူမိယာဝါ၊ ၌လည်းကောင်း။ နိသိန္နာ၊ နေသောရဟန်းတို့သည်။ ယတော-

ယသ္မာ၊ ကြောင့်။ ပါတိမောက္ခံ၊ မောက်ကို။ သုဏာတိ၊ ကြား၏။ တတော-တသ္မာ၊ ကြောင့်။ ဥပေါသထော၊ ဥပုသ်ကို။ ကတောဝ၊ ပြုသည်ပင်လျှင်။ အဿ၊ ဖြစ်၏ ။ပ။ ယာဝ၊ လောက်။ မဟန္တံ၊ ကျယ်သော။ ဥပေါသထမုခံ၊ ဥပုသ်အိမ် အမှူးကို။ အာကင်္ခတိ၊ အလိုရှိ၏။ တာဝ၊ လောက်။ပ။သမ္မန္နတု၊ သမုတ်လော့။ [ ဤဥပုသ်အိမ်အမှူး သမုတ်သောအခါ နိမိတ်တို့ကိုကား ပမာဏ လောက်သည်ဖြစ်စေ မလောက်သည်ဖြစ်စေ အမှတ်ရှိသော နိမိတ်ဖြင့် ပိုင်းခြား၍ ကြားစေပြီးမှ သမုတ်အပ်၏ ]။ဘိက္ခဝေ၊တို့။ ဝေဠုပန်၊ လျှင်။ သမ္မန္နိတဗ္ဗံ၊ ၏။ ပဌမံ၊ စွာ။ နိမိတ္တာ၊ တို့ကို။ ကိတ္တေတဗ္ဗာ၊ ကုန်၏။နိမိတ္တေ၊တို့ကို။ ကိတ္တေတွာ၊၍။ဗျတ္တေန၊သော။ ပဋိဗလေန၊ သော။ ဘိက္ခုနာ၊ သည်။ သံဃော၊ ကို။ ဉာပေတဗ္ဗော၊ ၏။ ဘန္တေ၊တို့။ သံဃော၊သည်။ မေ၊၏။ ဝစနံ၊ကို။ သုဏာတု၊လော့။ သမန္တာ၊ မှ။ ယာဝတာ၊ ကုန်သော။ နိမိတ္တာ၊ တို့ကို။ ကိတ္တိတာ၊ ကုန်၏။ သံဃဿ၊ အား။ ပတ္တကလ္လံ၊ သည်။ ယဒိသိယာ၊ငြားအံ့။ သံဃော၊ သည်။ ဧတေဟိ နိမိတ္တေဟိ၊ ဖြင့်။ ဥပေါသထမုခံ၊ ကို။ သမ္မန္နေယျ၊ ရာ၏။ သော့၊လျှင်။ ဉတ္တိ၊တည်း။ပ။နဝကာ၊ငယ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ ပဌမတရံ၊ စွာ။ သန္နိပတိတွာ၊ ၍။ ထေရာ၊ မထေရ်ကြီးတို့သည်။ တာဝ၊ စွာ။ နအာဂစ္ဆန္တိတိ၊ မလာကုန်သေးဟု။ ပက္ကမိံသု၊သွားလင့်ခဲ့ကုန်၏။ ဥပေါသထော၊ သည်။ ဝိကာလေ၊ညဉ့်မိုးသောက်သောအခါ၌။အဟောသိ၊၏။ပ။ သမ္ဗဟုလာ၊ များစွာကုန်သော။ အာဝါသာ၊ ကျောင်းတို့သည်။ သမာနသီမာ၊ တူသောသိမ်ရှိကုန်သည်။ ဟောန္တိ၊ကုန်၏။ တတ္ထ-တေသုအာဝါသေသု၊ တို့၌။ ဘိက္ခူ၊ တို့သည်။ အမှာကံ၊ တို့၏။ အာဝါသေ၊ ၌။ ဥပေါသထံ၊ကို။ ကရိယတု၊ ပြုစေသတည်း။ (ပြုလော့ ဟုလည်းပေး) ။ပ။ ဣတိ၊ ဤသို့။ ဝိဝဒန္တိ၊ ကုန်၏။ (အထက်လွှယ်သည်ချည်း)။ပ။

၁၄၃။ တေနခေါပနသမယေန၊ ၌။ အာယသ္မာ၊ ရှည်သော သက်တော်ရှိသော။ မဟာကဿပေါ၊ သည်။ အန္ဓကဝိန္ဒာ၊

၁၇၃။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနိယာ၊ သည်။ နိသိန္နပရိသာယ၊ နေသော ပရိသတ်၌။ (ဟတ္ထပါသ်၌ နေသည်ကိုသာယူ)။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊မပြအပ်။ ယောသံဃော၊သည်။ (ယော ဘိက္ခု၊ သည် ဟုလည်းပေး)။ပ။ တဿဘိက္ခုနော၊ အား။ ဒုက္ကဋဿဓမ္မဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိအာပဇ္ဇနံ၊သည်။ဟောတိ၊ ၏။ သိက္ခမာနာယ၊ သည်။ပ။သာမဏေရဿ၊ သာမဏေသည်။ (ဆဋ္ဌီကတ္တား)။ နိသိန္နပရိသာယ၊ ၌။ (အကြွင်းဖေါ်လေ)။ သာမဏေရာယ၊ သာမဏေမသည်။ပ။ သိက္ခံပစ္စက္ခာတကဿ၊ သိက္ခာချသောသူသည်။ပ။အန္တိမဝတ္ထုံ၊ ပါရာဇိကသို့။ အဇ္ဈာပန္နကဿ၊ ရောက်သောသူသည်။ နိသိန္နပရိသာယ၊၌။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊ အပ်။ ယောဘိက္ခု၊ သည်။ ဥဒ္ဒိသေယျ၊ အံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိအာပဇ္ဇနံ၊သည်။ ဟောတိ၊ ၏။ အာပတ္တိယာ၊ ကို။ အဒဿနေ၊ မရှုခြင်းကြောင့်။ ဥက္ခိတ္တကဿ၊ နှင်ထုတ်အပ်သော ရဟန်းသည်။ နိသိန္နပရိသာယ၊ ၌။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊ အပ်။ ယောဘိက္ခု၊ သည်။ ဥဒ္ဒိသေယျ၊ အံ့။ သော ဘိက္ခု၊ ကို။ ယထာဓမ္မော၊ ပါဠိအလျောက်။ အာပတ္တိယာ၊ ဒုက္ကဋ်အာပတ်ဖြင့်။ ကာရေတဗ္ဗော၊၏။ အာပတ္တိယာ၊ကို။ အပ္ပဋိကမ္မေ၊ မကုလိုခြင်းကြောင့်။ဥက္ခိတ္တကဿ၊သည်။ပ။ပါပိသိကာယဒိဋ္ဌိယာ၊ မကောင်းစွာသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို။ (မှားသော အယူကို သော်လည်းပေး)။ အပ္ပဋိနိဿဂ္ဂေ၊ မစွန့်လို ခြင်းကြောင့်။ပ။ ပဏ္ဍကဿ၊ပဏ္ဍုက်သည်။ ထေယျသံဝါသကဿ၊လိင်ကိုခိုးသော, သူ သံဝါသကိုခိုးသော သူသည်။ပ။တိတ္ထိယပက္ကန္တကဿ၊တိတ္ထိတို့သို့ ဝင်လေပြီးသောသူသည်။ နိသိန္နပရိသာယ၊ ၌။ ပါတိမောက္ခံ၊ကို။ နဥဒ္ဒိသိတဗ္ဗံ၊အပ်။ ယောဘိက္ခု၊သည်။ ဥဒ္ဒိသေယျ၊ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊၏။ ။ဘိက္ခဝေ၊ တို့။ ပါရိဝါသိကဿ၊ သိုးပြီးသော

ဈာနိသယ ၁၇၇-၃၄

ပါရိသုဒ္ဓိကိုပေးလိုက်သောရဟန်း၏။ ပါရိသုဒ္ဓိဒါနေန၊ပါရိသုဒ္ဓိကို ပေးခြင်းဖြင့်။ ပရိသာယ၊သည်။ အဝုဋ္ဌိတာယ၊မထမီကို။အညတြ- ဌပေတွာ၊ ၍။ ဥပေါသထော၊ ကို။ နကာတဗ္ဗော၊အပ်။

**အမှာ** အဓိပ္ပါယ်ကား ဆန္ဒထိုက်သောသူ ပေးလိုက်သော ဆန္ဒ, ပါရိသုဒ္ဓိထိုက်သောသူ ပေးလိုက်သော ပါရိသုဒ္ဓိသည်ကားတည့်လွှနခဲ့သော်လည်းကောင်း စည်းဝေးသော သဃ်ာတို့သည်ထလင့်ခဲ့သော်လည်းကောင်း ထိုဆန္ဒ,ထိုပါရိသုဒ္ဓိ ကားသိုး၏။ ထိုသို့ သိုးလေပြီးလျက် ဥပုသ်ပြုသော် ကံတပါး ဆောင်သော် အာပတ်သင့်၏ ဟူလိုသတတ်။

ဘိက္ခဝေ၊ တို့။ သံဃသာမဂ္ဂိယာ၊ ကွဲသော သဃ်ာ၏ ညီညွတ်ပြန်သောနေ့ကို။ အညတြ-ဌပေတွာ၊၍။ အနုပေါသထေ၊ ဥပုသ်နေ့ မဟုတ်သည်၌။ ဥပေါသထော၊ကို။ နကာတဗ္ဗော၊အပ်။

ဒုတိယော၊သော။ဥပေါသထက္ခန္ဓကော၊သည်။နိဋ္ဌိတော၊ပြီ။

တတိယဘာဏဝါရော၊သည်။ နိဋ္ဌိတော၊ ပြီ။

---

ဥဒါန်း

တဿဥပေါသထက္ခန္ဓကဿ၊ ၏။ ဥဒ္ဒါနံ၊ ဥဒါန်းကို။ ဧဝံ၊သို့။ ဒဋ္ဌဗ္ဗံ၊၏။ ။တိတ္ထိယာ၊တိတ္ထိတို့သည်။ ဓမ္မံ၊ကို။ဘာသန္တိ၊ကုန်၏။ ဗိမ္ဗိသာရော၊စ၊ မင်းသည်လည်း။ အဝေါစ၊ ကြားလျှောက်၏။ တုဏှိကာ၊ ဆိတ်ဆိတ်နေကုန်လျက်။ သန္နိပတန္တိ၊ ကုန်၏။ဓမ္မံ၊ကို။ ဘာသိတုံ၊ငှါ။ အနုဇာနာမိ၊၏။ ရဟော၊ ဆိတ်သောအရပ်၌။ ပရိဝိတက္ကော၊ အကြံတော်သည်။ ဥဒပါဒိ၊ ၏။ ပါတိမောက္ခံ၊ ကို။ အနုဇာနာမိ၊၏။ ။တဒါ၊၌။ ဒေဝသိကံ၊ နေ့တိုင်း။ ဥဒ္ဒိသန္တိ၊ ကုန်၏။ သကိံ၊ လခွဲတကြိမ်။ ဥဒ္ဒိသိတုံ၊ငှါ။ အနုဇာနာမိ၊၏။ ။ ယထာပရိသာ၊ မိမိပရိသတ်ရှိသမျှ။ ဥဒ္ဒိသန္တိ၊ ကုန်၏။ သမဂ္ဂ- သမဂ္ဂါနံ၊ သမဂ္ဂရဟန်းတို့အား။ဥပေါသထံ၊ကို။ အနုဇာနာမိ၊၏။ သာမဂ္ဂီ၊သည်။ ဟောတိ၊ နည်း။ မဒ္ဒကုစ္ဆိစ၊ မဒ္ဒကုစ္ဆိ မည်သော

သမင်တော၊ သီမာ၊ သိမ်။ မဟတီ၊ ကျယ်စွာသော မဟာသိမ်။ နဒိယာ၊ မြစ်နား၌။ သမ္ဗန္ဓန္တိ၊ သမုတ်ကုန်၏။ အနု၊ ပရိဝုဏ်တိုင်း။ ဥဒ္ဒိသန္တိ၊ ပါတိမောက်ပြကုန်၏။ ဒွေ၊ နှစ်ဆောင်သော ဥပုသ်အိမ်တို့ကို။ သမ္ဗန္ဓန္တိ၊ သမုတ်ကုန်၏။ ခုဒ္ဒကာနိစ၊ ငယ်သောသိမ်တို့ကို။ သမ္ဗန္ဓန္တိ၊ ကုန်၏။ နဝါ၊ သီတင်းငယ်သောရဟန်းတို့သည်။ ပက္ကမိံသု၊ ဖယ်ခဲ့ကုန်၏။ ရာဇဂဟေစေဝ၊ ၌။ သီမာ၊ သိမ်ရှိသော ကျောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ အဝိပ္ပဝါသာ၊ အဝိပ္ပဝါသသိမ်ကို။ သမ္မတာ၊ သမုတ်အပ်၏။ ပဌမံ၊ စွာ။ သီမံ၊ ကို။ သမ္မနေ-သမ္မနေယျ၊ သမုတ်ရာ၏။ ပစ္ဆာ၊ မှ။ သီမံ၊ ကို။ သမူဟနေ- သမူဟနေယျ၊ နုတ်ရာ၏။ ။အသမ္မတာ၊ ဉတ်ကမ္မဝါဖြင့် မသမုတ်အပ်သော သိမ်ကား။ ဂါမသီမာ၊ ဂါမသိမ်။ နဒီယာ၊ နဒီသိမ်။ သမုဒ္ဒေ၊ သမုဒ္ဒသိမ်။ သရေ၊ ဇာတဿရသိမ်။ ဥဒကုက္ခေပေါ၊ ဥဒကုက္ခေပသိမ်တည်း။ ဘိန္ဒန္တိ၊ မိမိတို့သိမ်နှင့်သူတပါးသိမ်ကို စပ်၍ဖွဲ့ကုန်၏။ တထေဝ၊ ထိုအတူလည်းကောင်း။ အဇ္ဈောတ္ထရန္တိစ၊ မိမိတို့သိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုး၍ ဖွဲ့ကုန်၏။ ကမ္မာနိ၊ ဥပုသ်ကံတို့ကား။ ကတိ၊ အဘယ်မျှတို့နည်း။ ဥဒ္ဒေသော၊ ပါတိမောက် ပြခြင်းကား။ ကတိ၊ တို့နည်း။ သဝရာ၊ အရိုင်းဘေးသည်။ အဟောသိ၊ ၏။ အသတိပိစ၊ အန္တရာယ်မရှိသော်လည်း။ ဥဒ္ဒိသန္တိ၊ အကျဉ်းသာ ပြကုန်၏။ ဓမ္မံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ ဝိနယံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ တဇ္ဇေန္တိ၊ ခြိမ်းချောက်ကုန်၏။ ပုန၊ တဖန်။ ဝိနယတဇ္ဇနာ၊ ဝိနည်းဖြင့် ခြိမ်းချောက်ခြင်းတို့ကို။ ကတာ၊ ပြုကုန်၏။ ။စောဒနာ၊ ခွင့်မတောင်းဘဲ စောဒနာခြင်း၊ ဩကာသေကတေ၊ ခွင့်ပြုစေပြီးသော်။ စောဒေတဗ္ဗော၊ စောဒနာအပ်၏။ အဓမ္မပဋိက္ကောသနာ၊ အဓမ္မကံကိုမြစ်ခြင်း။ စာတုပဉ္စ၊ လေးယောက် ငါးယောက်သော ရဟန်းတို့သည်။ ပဋိက္ကောသိတဗ္ဗာ၊ ကုန်၏။ သရာ၊ နှုတ်မြွက်၍ ဆိုခြင်း။ (နှစ်ယောက်သောရဟန်းကို ယူ)။ အာဝိ၊ နှလုံး၌သာ ဆောက်တည်ခြင်း။ (တယောက်တည်းကို ယူ)။ သဉ္စိစ္စ၊ မကြားစေလိုသော စိတ်ရှိ၍။ နသာဝေန္တိ၊ မကြားစေကုန်။ စေပိဝါယမေ၊

အကယ်၍ အသံကိုကြားစိမ့်သောငှါ လုံ့လပြုလျှင်မူလည်း။ အနာပတ္တိ၊ မသင့်။ ။သဂဟဋ္ဌာ-သဂဟဋ္ဌာယ၊ လူနှင့် တကွသော ပရိသတ်၌။ဥဋ္ဌိသန္တိ၊ ပါတိမှောက်ပြကုန်၏။အနဋ္ဌိုဋ္ဌိ၊မတိုက်တွန်းဘဲ။ ဥဋ္ဌိသန္တိ၊ကုန်၏။ စောဒနမှိ၊ စောဒနာဝတ္ထုမြည်သော ပြည်၌။ နဇာနာတိ၊ ဥပုသ်စသည်ကိုမသိ။ (သဃံ့ထေရ်ကို ယူ)။သမ္မဟုလာ၊ များသောရဟန်းတို့သည်။ နဇာနန္တိ၊ ကုန်။ သဇ္ဈုကံ၊ ယနေ့ပြန်စိမ့်သောငှါ။ ပါဟေတဗ္ဗော၊ တမန်လွှတ်အပ်၏။ နစဂစ္ဆရေ-နဂစ္ဆန္တိ၊ မသွားလိုကုန်။ ။ကတိမီ၊ လဆန်း လဆုတ်ဘယ်မျှရက်ရှိမည်နည်း။ ကိံ ဝတိကာ၊သခင်တို့ဘယ်မျှလောက်ရှိကုန်သနည်း။ ဒူရေ၊ ဝေးသော ရွာသို့။ စရန္တိ၊ ဆွမ်းခံ သွားကုန်၏။ အာရောစေတုံစ၊ ဥပုသ်နေ့ကို ကြားခြင်းငှါလည်း။ နသဃရိ၊ မေ့ခဲ့၏။ ဥဿာပံ၊ အမှိုက်ရှိသောဥပုသ်အိမ်ကို။ သမ္မဇ္ဇိတဗ္ဗံ၊၏။ အာသနံ၊ နေရာခင်းခြင်း။ပဒီပေါ၊ ဆီမီးညှိခြင်း။ ဒိသာ၊ ဥပဇ္ဈာယ်ဆရာကို မပန်ဘဲ။အရပ်မျက်နှာသို့သွားခြင်း။ဇဗ္ဗော၊သော။ဗဟုဿုတော၊ ဗဟုဿုတ ရဟန်းသည်။ အာဂစ္ဆတိ၊ ရောက်၏။ ။သဇ္ဈု၊ ယနေ့ ပြန်စိမ့်သော တမန်ကို။ ပါဟေတဗ္ဗော၊ လွှတ်အပ်၏။ ဝဿရေ၊ ဝါဆိုကုန်၏။ ဥပေါသထော၊ ကို။ ကာတဗ္ဗော၊ ၏။ (ဝဿူပေါသထောကို ဝဿရေ ဥပေါသထော ပုဒ်ဖြတ်)။ ။သုဒ္ဓိ၊ ပါရိသုဒ္ဓိ ပေးခြင်း ဆောင်ခြင်း။ ကမ္မဥ္စ၊ ကံဆောင်ခြင်း။ ဉာတကာ၊ တို့သည်။ ဂဏှန္တိ၊ ဘမ်းလေကုန်၏။ ဂဏှေ၊ဂဂ္ဂထေရ်။ စတု၊ လေးယောက်သော ရဟန်းတို့သည်။ ဝိဟရန္တိ၊ ကုန်၏။ တယော၊ သုံးယောက်သော ရဟန်းတို့သည်။ ဝိဟရန္တိ၊ ကုန်၏။ ဒွေ၊ တို့သည်။ ဝိဟရန္တိ၊ ကုန်၏။ ဧကော၊ သည်။ ဝိဟရတိ၊ ၏။ အာပတ္တိ၊ အာပတ်သင့်သော ရဟန်း၊ သဘာဂါ၊ တူသော အာပတ်။ သရိ၊ အာပတ်ကို အောက်မေ့၏။ ။သဗ္ဗောသံဃော၊ သည်။ ဝေမတိကော၊ ရှိ၏။ နဇာနန္တိ၊ ဥပုသ်စသည်ကိုမသိကုန်။ ဗဟုဿုတော၊ ဗဟုဿုတရဟန်းသည်။ အာဂစ္ဆတိ၊ ၏။ ဗဟူ၊ များသောရဟန်းတို့သည်။ အာဂစ္ဆန္တိ၊ ကုန်၏။ သမသမာ၊ တူမျှ

ဖသော ရဟန်းတို့သည်။ အာဂန္တုကာနံ၊ ကုန်၏။ ထောကာ၊ နည်းသော ရဟန်းတို့သည်။ အာဂန္တုကာနံ၊ ကုန်၏။ ပရိသာ၊ ပရိသတ်သည်။ အဝုဋ္ဌိတာယစ၊ မထမီ။ အာဂန္တုကာနံ၊ ကုန်၏။ ။ကေစ္စာ၊ အချို့သော ပရိသတ်သည်။ ဝုဋ္ဌိတာ–ဝုဋ္ဌိတာယ၊ ထလင့်ပြီးမှ။ အာဂန္တုကာနံ၊ ကုန်၏။ သဗ္ဗာ–သဗ္ဗာယ၊ ခပ်သိမ်းသော ပရိသတ်သည်။ ဝုဋ္ဌိတာယ၊ ထလေပြီးမှ။ အာဂန္တုကာနံ၊ ကုန်၏။ ဇာနန္တံ၊ ကုန်၏။ ဝေမတိကာ၊ ရှိကုန်လျက်။ ဥဒ္ဒိသန္တံ၊ ပြကုန်၏။ ကပ္ပတေဝါတိ၊ အပ်ကုန်သည် ချည်းဟု။ ကုက္ကုစ္စာ၊ ကုက္ကုစ္စသည် နှိပ်စက်အပ်သည်ဖြစ်၍။ ဥဒ္ဒိသန္တံ၊ ကုန်၏။ ဇာနံ၊ ဝင်လတ်သည်ကို သိလျက်။ ဥဒ္ဒိသန္တံ၊ ကုန်၏။ ပဿံ၊ မြင်လင့်လျက်။ ဥဒ္ဒိသန္တံ၊ ကုန်၏။ သုဏန္တံစ၊ ကြားလည်းကြားကုန် ၏။ ။အာဝါသိကေန၊ နှင့်။ အာဂန္တုံ၊ အာဂန္တုကပေယျာလ စသည်လည်းကောင်း။ စာတု၊ စာတုဒ္ဒသီဥပုသ်။ ပန္နရသော၊ ပန္နရသီဥပုသ်။ ပုန၊ တဘန်။ ပါဠိပဒေါ၊ အထွက်တရက်။ ပန္နရသော၊ ပန္နရသီဥပုသ်။ လိင်္ဂံ၊ ကျောင်းနေရှိသောအသွင်။ ဥဘော၊ နှစ်ပါး ကုန်သော။ သံဝါသကာ၊ နာနာသံဝါသက, သမာနသံဝါသက။ ပါရိဝါသာ၊ သိုးလေပြီးသော ပါရိသုဒ္ဓိပေးခြင်း။ အနုပေါသထေ၊ ဥပုသ်နေ့ မဟုတ်သည်၌။ သံဃသာမဂ္ဂိယာ၊ ကို။ အညတြ–ဌပေတွာ၊ ၍။ ဥပေါသထော၊ ကို။ နကာတဗ္ဗော၊ အပ်။ ဝိဘတ္တာ၊ ခွဲဝေအပ် ကုန်သော။ ဧတေဥဒ္ဒါနာ၊ တို့သည်ကား။ ဝတ္ထုဝိဘူတကာရဏာ၊ ဝတ္ထုထင်ရှားသော အကြောင်းချည်းတည်း။ ဣတိ၊ ဤသည်လျှင် အပြီးတည်း။

ဣမသ္မိံ ခန္ဓကေ၊ ဤဥပေါသထက္ခန္ဓက၌။ ဝတ္ထုနိ၊ တို့သည်။ ဆအသီတိ၊ ရှစ်ဆဲ့ခြောက်ပါးတို့တည်း။

ဥပေါသထက္ခန္ဓကော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

**အမှာ** ဤခန္ဓက၌ ပကိဏ္ဏက အဓိပ္ပါယ်ကို ပြဦးအံ့။ ။ ပါတိမောက်ပြခြင်း အပြားငါးပါးကို ပညတ်တော် မူလျှင် ရဟန်းတို့သည် အခါခပ်သိမ်း အကျဉ်းကိုသာ ပြကုန်သော

ကြောင့် နဘိက္ခဝေ သံဃိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ။ ယော ဥဒ္ဒိသေယျအာပတ္တိဒုက္ကဋဿ-ဟု ရှေးဦးစွာ ပညတ်တော်မူသည်။ ထိုနောက် ကောသလတိုင်း ဇနပုဒ်တွင် တခုသော 'ကျောင်းဝယ် အန္တရာယ်ရှိ၍ အကျယ်မပြနိုင်ကြောင်း လျှောက်ပြန်ရာတွင် အနုဇာနာမိ ဘိက္ခဝေ သတိ အန္တရာယေ သံဃိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုန္တိ-ဟူ၍ ပညတ်တော် မူပြန်သည်။ ။ထိုမှ နောက်၌ ဆဗ္ဗဂ္ဂိရဟန်းတို့သည် အန္တရာယ် မရှိဘဲ အကျဉ်း ပြခြင်းကြောင့် နဘိက္ခဝေ အသတိ အန္တရာယေ သံဃိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယောဥဒ္ဒိသေယျ အာပတ္တိ ဒုက္ကဋဿာတိ။ အနုဇာနာမိ ဘိက္ခဝေ သတိ အန္တရာယေ သံဃိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုံ-ဟု ပညတ်တော် မူပြန်သည်။ ။ထိုနောက် တခုသော ကျောင်း၌ များစွာသော ရဟန်းတို့သည် ပါတိမောက်ပြခြင်းငှါ မစွမ်းနိုင် ကြောင်းကို လျှောက်ရာတွင် တယောက်သော ဗျတ္တပဋိဗလရှိသော ရဟန်းကို နေ့ခြင်းပြန်နိုင်ကောင်းသောကျောင်းသို့သွား၍ အကျဉ်း ဖြစ်စေ အကျယ်ဖြစ်စေ ပါတိမောက်ကို သင်စေ၍ ပြရမည်ဟု ဟောတော်မူသည်။ ။ဤသို့ ပညတ်တော်မူသော နိဒါန်းအစဉ် ကို ထောက်၍ ပါတိမောက် ပြရာ၌ အန္တရာယ် ရှိလျှင်လည်း အကျဉ်းပြအပ်၏။ အကျယ် မပြနိုင်လျှင်လည်း အကျဉ်း ပြအပ်၏။ စည်းဝေးသော ပရိသတ်တွင် သီတင်းငယ် အကျယ် ပြခြင်းငှါ စွမ်းနိုင်သည်ပင်ဖြစ်စေ အယုတ်ဆုံး နှစ်ဥဒ္ဒေသကို စွမ်းနိုင်သော သီတင်းကြီး ရှိငြားအံ့၊ ထိုသီတင်းကြီးသည် အကျဉ်း ပြအပ်၏။ ဤကဲ့သို့ စွမ်းနိုင်သော သီတင်းကြီး မရှိမူ သီတင်းငယ်သည် စွမ်းနိုင်သည့် အားလျော်စွာ ပြအပ်၏ ဟူလို။ ။ပါတိမောက် မပြမီ ဓမ္မဇ္ဈေသက ပုဂ္ဂိုလ်သည် ပါတိမောက် ပြတတ်သော ပုဂ္ဂိုလ်သို့ ကပ်၍ သံဃော ဘန္တေ ထေရံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ ဥဒ္ဒိသတု ဘန္တေ ထေရော ပါတိမောက္ခံ-ဤပါဠိဖြင့် သုံးကြိမ်တောင်းပန်ရမည်။ ထိုသို့ တောင်းပန်သောအခါ ပါတိ မောက်ပြတတ်သော ပုဂ္ဂိုလ်က သမ္မဇ္ဇနီပဒီပေါ စ၊ ဥဒကံအာသနေ

နစ။ ဥပေါသထဿတောနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတီတိ အဋ္ဌကထာ
စရိယေဟိ ဝုတ္တာနိ စတ္တာရိ ပုဗ္ဗကရဏာနိ။ ကိံ တာနိ ကတာနိ-
ဤပါဠိကို ရွတ်ရမည်။ ထိုအခါ ဓမ္မဇ္ဈေသကပုဂ္ဂိုလ်က အာမဘန္တေ
ဟူ၍ဆို။ ထိုနောက် ပါတိမောက်ပြတတ်သော ပုဂ္ဂိုလ်က ဆန္ဒ
ပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာစ ဩဝါဒေါ။ ဥပေါသထဿ
တောနိ၊ ပုဗ္ဗကိစ္စန္တိဝုစ္စတီတိ အဋ္ဌကထာစရိယေဟိ ဝုတ္တာနိပဉ္စပုဗ္ဗ
ကိစ္စာနိ၊ ကိံတာနိကတာနိ-ဤ ပါဠိကို ရွတ်ရမည်။ ထိုအခါ
ဓမ္မဇ္ဈေသကပုဂ္ဂိုလ်က အာမဘန္တေဟုဆို။ထိုနောက် ပါတိမောက်
ပြတတ်သော ရဟန်းက ဥပေါသထောယာဝတိကာစ ဘိက္ခူ၊
ကမ္မပ္ပတ္တာသဘာဂါပတ္တိယောစနဝိဇ္ဇန္တိ၊ဝဇ္ဇနီယာစ ပုဂ္ဂလာတသ္မိံ
နဟောန္တိ ပတ္တကလ္လန္တိ ဝုစ္စတီတိ အဋ္ဌကထာ စရိယေဟိ ဝုတ္တာနိ
စတ္တာရိ ပတ္တကလ္လာနိ၊ ကိံတာနိသမာနိတာနိ-ဤပါဠိကိုရွတ်ရ
မည်။ထိုအခါ ဓမ္မဇ္ဈေသကပုဂ္ဂိုလ်က အာမဘန္တေဟုဆို။ထိုနောက်
ပါတိမောက်ပြသော ပုဂ္ဂိုလ်က ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒ
ပေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ သံဃဿ အနုမတိယာ
ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ-ဟူ၍ဆို။ ထိုအခါ
နာသောရဟန်းတို့က သာဓု သာဓုဟု ဝန်ခံ။ ပတ္တကလ္လအင်္ဂါ၌
ဟတ္ထပါသ်အရမှာ ဟတ္ထပါသော နာမ ဒိယဍ္ဎဟတ္ထပမာဏော-
ဟူ၍ ဝိနယတ္ထမဉ္ဇူသာ ဋီကာ၌ လာသောကြောင့် တတောင့်ထွာ
ဟတ္ထပါသ်အတွင်း၌ သံဃာတို့ကို နေစေ၍ သုဏာတုမေ ဘန္တေ
သံဃော-အစရှိသည်ကိုရွတ်အပ်၏။ ဤတွင် စကားတရပ်။ အဝိပ္ပ
ဝါသသိမ်ကမ္မဝါ၌ ဂါမဥ္စအရမှာ အန္တရဃရကိုယူ။ဝဇိရဗုဒ္ဓိ။ဂါမူ
ပစာရအရမှာ အရာမ်ရှိလျှင် အရာမ်၊ အရာမ်မရှိလျှင် ထိုက်ရာ,
အရပ်ကိုယူ။ အဋ္ဌကထာ။ အဗဒ္ဓသိမ်၌ ဂါမအရမှာ အရာမ်တွင်း
အရာမ်ပြင်, ဂါမခေတ်ကုန်အောင်ယူ။ဝိမတိဝိနောဒနီ။သတ္တဗ္ဘန္တရ
သိမ်မှာ မြို့ ရွာ နယ် အပိုင်းအခြားကင်းသော တောအုပ်အရပ်၊
ကျွန်းငယ်များမှာယူ။ဤတွင်ရွေ့ ဥပေါသထက္ခန္ဓက အလုံးစုံ ပြီးပြီ။

## ဝဿူပနာယိကက္ခန္ဓက

၁၈၄။ ယေန သမယေန၊ ဌ။ ဝဿူပနာယိက ကာရဏံ၊ ဝါကပ်အပ်သည်ကို ပညတ်ခြင်း၏ အကြောင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ (အနိယတ်ထည့်)။ တေနသမယေန၊ဌ။ဘဂဝါ၊ သော။ ဗုဒ္ဓေါ၊သည်။ ရာဇဂဟေ၊ဌ။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်တို့အား အစာပေးရာဖြစ်သော။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်းတော်၌။ ဝိဟရတိ၊၏။ပ။ ဘိက္ခူနံ၊ တို့အား။ ဝဿာဝါသော၊ ဝါကပ်ခြင်းကို။အပညတ္တော၊ပညတ်တော်မမူသေးသည်။ဟောတိ၊၏။ တေဘိက္ခူ၊တို့သည်။ (ဇူဝ အနက် မရှိ)။ဟေမန္တံပိ၊ ဆောင်းလေးလ၌ လည်းကောင်း။ ဂိမှံပိ၊ နွေလ၌ လည်းကောင်း။ဝဿံပိ၊ မိုးလ၌လည်းကောင်း။စာရိကံ၊ ဒေသစာရီသွားခြင်းကို။ စရန္တိ၊ သွားကုန်၏။ မနုဿာ၊ လူတို့သည်။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ကထံဟိနာမ၊ ကြောင့်။ သကျပုတ္တိယာ၊ ကုန်သော။ သမဏာ၊ တို့သည်။ ဟေမန္တံပိ၊ ဌလည်းကောင်း။ပ။စာရိကံ၊ကို။ စရိဿန္တိ၊ သွားကုန်ဘိသနည်း။ ဟရိတာနိ၊ စိမ်းကုန်သော။ တိဏာနိ၊ မြက်သစ်ပင်တို့ကို။ သမ္မဒ္ဒန္တာ၊နင်းနယ်ကုန်လျက်။ ဧကိန္ဒြိယံ၊တခုသော ဣန္ဒြေရှိသော။ (မြက်သစ်ပင်မှာဇီဝိတိန္ဒြေရှိ၏ဟု လူတို့အမှတ်ရှိသည် ဟူလို)။ ဇီဝံ၊ အသက်ကို။ ဝိဟေဌေန္တာ၊ညှဉ်းဆဲကုန်လျက်။ ဗဟူ၊ကုန်သော။ ခုဒ္ဒကေ၊ ငယ်ကုန်သော။ ပါဏေ၊ ပိုးငယ်တို့ကို။ သံဃာတံ၊ ပျက်စီးခြင်းသို့။ အာပါဒေန္တာ၊ ရောက်စေကုန်လျက်။ စာရိကံ၊ ဒေသစာရီသွားခြင်းကို။ စရိဿန္တိ၊သွားကုန်ဘိသနည်း။ ဒုရက္ခာတဓမ္မာ၊ ဟောနိုင်ခဲသောတရားရှိကုန်သော။ ဣမေဟိနာမ အညတိတ္ထိယာ၊ ဤသာသနာတော်မှ တပါးသော အယူရှိသော တိတ္ထိတို့သည်လည်း။ဝဿာဝါသံ၊မိုးလနေရာ၌။အလ္လီယိဿန္တိ၊ ကိန်းဝပ်ကုန်၏။ သံကာပယိဿန္တိ၊ နေကုန်၏။ ဣမေဟိနာမ သကုန္တကာ၊ ဤငှက်တို့သည်။ ရုက္ခဂ္ဂေသု၊ သစ်ပင်ဖျားတို့၌။ ကုလာဝကာနိ၊ အသိုက်တို့ကို။ ကရိတွာ၊၍။ ဝဿာဝါသံ၊ ဌ။ အလ္လီယိဿန္တိ၊ကုန်၏။ သံကာပယိဿန္တိ၊ကုန်၏။ သကျပုတ္တိယာ၊

သာကီဝင်မင်းသား ဖြစ်ကုန်သော။ ဣမေပနသမဏာ၊ တို့သည် ကား။ပ။စာရိကံ၊ကို၊စရန္တိ၊ကုန်၏။ဣတိ၊သို့။ဥဇ္ဈာယန္တိ၊ကုန်၏။ပ။ ဘိက္ခဝေ၊တို့။ ဝဿံ၊ဝါသို့။ ဝါ၊၊ မိုးလ်းတွင်းသုံးလနေခြင်းသို့။ ဥပ ဂန္တုံ၊ ကပ်စိမ့်သောငှါ။ အနုဇာနာမိ၊၏။

**အမှာ** ပဌမဗောဓိ၌ နှစ်ပေါင်းနှစ်ဆယ်ပတ်လုံး ဝါကပ်ခြင်းကို မပညတ်သေးသောကြောင့် မိုးဥတု၌ ရဟန်းတို့ ဒေသစာရီသွားသည်ဟု ဒုကအင်္ဂုတ္တိုရ် အဋ္ဌကထာ၌ လာသည်။ ဤအရာကို ထောက်၍ မြတ်စွာဘုရား တာဝတိံသာမှ သီတင်းကျွတ်လပြည့်နေ့ လူ့ပြည်သို့ သက်ဆင်းရာ၌ဝါကိုမပညတ် သေးသောကြောင့် ဝါကျွတ်ပြီလော မကျွတ်သေးလောဟု စောဒနာခွင့်မရှိသည်ကို သိလေ။ ထိုမှတပါး သိက္ခာပုဒ်ကို ပညတ်ရာ၌ သာဝကတို့ကိုရည်၍ ပညတ်သည်။ ကိုယ်တော်ကိုရည်၍ ပညတ် သည့်အရာမရှိဟု ဓမ္မပဒအဋ္ဌကထာ၌ ပြသောအရာများကိုလည်း နှလုံးမူ။

အထခေါ၊၌။ ဘိက္ခူနံ၊ တို့အား။ ဧတံပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ကဒါနုခေါ၊ အဘယ်အခါ၌။ ဝဿံ၊သို့။ ဥပဂန္တဗ္ဗံ၊ သနည်း။ ဣတိဧတံ–ပရိဝိတက္ကနံ၊ သည်။အဟောသိ၊၏။ ။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ ဝဿာနေ၊မိုးလ်း၌။ ဝဿံ၊ဝါသို့။ ဥပ ဂန္တုံ၊ကပ်စိမ့်သောငှါ။အနုဇာနာမိ၊၏။ ဣတိ၊ဤသို့။ အဝေါစ၊၏။ အထခေါ၊ ၌။ ဘိက္ခူနံ၊ တို့အား။ ဧတံ–ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ဝဿူပနာယိကာ၊ ဝါကပ်ခြင်းတို့သည်။ ကတိ နုခေါ၊အဘယ်မျှတို့နည်း။ ဣတိဧတံ–ပရိဝိတက္ကနံ၊ သည်။ အဟော သိ၊၏။ ဘဂဝတော၊အား။ ဧတမတ္ထံ၊ကို။ အာရောစေသုံ၊ကုန်၏။ ဘိက္ခဝေ၊ တို့။ ဝဿူပနာယိကာ၊ တို့သည်၊ ပုရိမိကာ၊ ပုရိမဝါ လည်းကောင်း။ပစ္ဆိမိကာ၊ပစ္ဆိမဝါလည်းကောင်း။ဣတိ–ဣမာဒွေ၊ တို့တည်း။ အာသဠှိယာ၊ နှယ်တာလပြည့်၏။ အပရဇ္ဇုဂတာယ၊ လွန်ပြီးသော အထွက်တရက်နေ့၌။ (နွေဥတုကိုလွန်သည်)။ ။ ပုရိမိကာ၊ ပုရိမဝါသို့။ ဥပဂန္တဗ္ဗာ၊ ကပ်အပ်၏။ အာသဠှိယာ၊

ဝါဆိုလပြည့်မှ။မာသဂတာယ၊တလလွန်ပြီးသော အထွက်တရက်နေ့၌။ (ဝါဆိုလကို လွန်သည်)။ ။ပစ္ဆိမိကာ၊ ပစ္ဆိမာ ဝါသို့။ ဥပဂန္တဗ္ဗာ၊ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝဿူပနာယိကာ၊တို့သည်။ ဣတိ–ဣမာဒွေ၊ တို့တည်း။ ။[ကျောင်း၌ ဝါကပ်သည် ဖြစ်အံ့၊ ဣမသ္မိံဝိဟာရေ ဣမံတေမာသံ ဝဿံ ဥပေမိ–ဟု ဝစီဘေဒပြု၍ ကပ်ရမည်။နွားကျောင်းသားတို့ တဲ,လှည်း,လှေတို့၌ ဝါကပ်သည်ဖြစ်အံ့။ ဣဓ ဝဿံ ဥပေမိ–ဟု နှလုံးသာသွင်းရမည်]။

၁၈၅။ တေနခေါ ပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ကပ်၍။ အန္တရာဝဿံ၊ ဝါတွင်း၌။ စာရိကံ၊ကို။ စရန္တိ၊ကုန်၏။ မနုဿာ၊တို့သည်။ပ။ဥဇ္ဈာယန္တိ၊ကုန်၏။ ကထံဟိနာမ၊ကြောင့်။ သကျပုတ္တိယာ၊ ကုန်သော။ သမဏာ၊တို့သည်။ပ။စရိဿန္တိ၊သွားကုန်သနည်း။ပ။ဘိက္ခဝေ၊တို့။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ ၍။ ပုရိမံဝါ တေမာသံ၊ ပုရိမဝါ သုံးလ ပတ်လုံးလည်းကောင်း။ ပစ္ဆိမံဝါ တေမာသံ၊ ပစ္ဆိမဝါ သုံးလ ပတ်လုံးလည်းကောင်း။ အဝသိတွာ၊ မနေမူ၍။ စာရိကာ၊ ဒေသစာရီကို။ နပက္ကမိတဗ္ဗာ၊ မသွားအပ်။ ယော ဘိက္ခု၊ သည်။ ပက္ကမေယျ၊ သွားငြားအံ့။ တဿဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။

၁၈၆။ တေနခေါ ပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊တို့သည်။ဝဿံ၊သို့။ ဥပဂန္တုံ၊ငှါ။နဣစ္ဆန္တိ၊အလိုမရှိကုန်။ပ။ ဘိက္ခဝေ၊တို့။ ဝဿံ၊သို့။ နဥပဂန္တဗ္ဗံ၊သည်။ န၊မဟုတ်။ ဥပဂန္တဗ္ဗံ ဧဝ၊ တည်း။ ယော ဘိက္ခု၊ သည်။ နဥပဂစ္ဆေယျ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊သည်။ ဟောတိ၊၏။ တေနခေါ ပန သမယေန၊၌။ ဆဗ္ဗဂ္ဂိယာ၊ကုန်သော။ဘိက္ခူ၊တို့သည်။ တဒဟု ဝဿူပနာယိကာယ၊ ထိုဝါဆိုသောနေ့၌။ ဝဿံ၊သို့။ အနုပဂန္တုကာမာ၊ ကပ်ခြင်းငှါ အလိုမရှိကုန်သည်ဖြစ်၍။ သဉ္စိစ္စ၊ ၍။ အာဝါသာ၊ မှ။ ပက္ကမန္တိ၊ဖဲကုန်၏။ပ။ဘိက္ခဝေ၊တို့။ တဒဟုဝဿူပနာယိကာယ၊၌။ ဝဿံ၊ဝါသို့။ အနုပဂန္တုကာမေန၊ကပ်ခြင်းငှါ

အလိုမရှိသဖြင့်။ သဉ္စိစ္စ၊ စေတနာရှိသည် ဖြစ်၍။ အာဝါသော၊
ကျောင်းကို။ နအတိက္ကမိတဗ္ဗော၊ မလွန်အပ်။ ယောဘိက္ခု၊ သည်။
အတိက္ကမေယျ၊ အံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။
ဟောတိ၊ ၏။ ။ [အချင်းခပ်သိမ်း ဝါကပ်ခြင်းငှါ အလိုမရှိသည်
ဖြစ်၍ သွားသည့်ကို ယူ]။ ။တေနခေါပနသမယေန၊ ၌။ပ။ဗိမ္ဗိ
သာရော၊ အမည်ရှိသော။ ရာဇာ၊ သည်။ ဝဿံ၊ ဝါကို။ ဥပကမို
တုကာမော၊ ထိန်းမှတ်လိုသည် ဖြစ်၍။ (ငင်လိုသည်ဖြစ်၍ သော်
လည်းပေး)။ပ။ပါဟေသိ၊၏။ ယဒိပန၊ အကယ်၍။ အယျာ၊သခင်
တို့သည်။ အာဂတေ၊ လာလတ္တံ့သော။ ဇုဏှေ၊ ၌။ ဝဿံ၊ဝါသို့။
ဥပဂစ္ဆေယျုံ၊ကပ်ကုန်မူကား။ သာဓု၊ကောင်းစွာ၏။ ဣတိ၊ဤသို့။
ပါဟေသိ၊ လွှတ်လိုက်၏။ပ၊ဘိက္ခဝေ၊ တို့။ ရာဇူနံ၊မင်းတို့သို့။ အနု
ဝတ္တိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ ဤသို့။အာမန္တေသိ၊ ၏။
၁၈၇။ ။ပ။ယေန၊၌။ သာဝတ္ထိ၊သည်။ အတ္ထိ၊၏။ တံသာဝတ္ထိ
နဂရံ၊ သို့။ အဝသရိ-သမ္ပတ္တော၊၏။ တတြ-တိဿံ သာဝတ္ထိယံ၊၌။
[သုဒ္ဒကား နိပါတ်]။ပ။ဥဒေနေန၊ ဥဒေန အမည်ရှိသော။ ဥပါ
သကေန၊ ရတနာသုံးပါးသို့ ဆည်းကပ်သော ဒါယကာသည်။ပ။
ဘဒ္ဒန္တာ၊သခင်တို့သည်။ အဂစ္ဆန္တု၊သတည်း။ပ။ဥဒေနော၊သော။
ဥပါသကော၊ သည်။ ယာဝ၊ လောက်။ ဘိက္ခူ၊ တို့သည်။ ဝဿံ
ဝသန္တိ၊ ဝါဆိုကုန်၏။ တာဝ၊ လောက်။ အာဂမေတု၊ ငံ့လင့်ဦး။
ဝဿံဝုဋ္ဌာ၊ ဝါကျွတ်ကုန်ပြီးသော်။ အာဂမိဿန္တိ၊ ကုန်လတ္တံ့
သတည်း။ သစေပန၊ ၍။ အဿ-ဥဒေနဿဥပါသကဿ၊ အား။
အစ္စာယိကကရဏီယံ၊ ရှောင်တခင် ပြုအပ်သော ကိစ္စရှိမူကား။
တတ္ထေဝ၊ထိုအရပ်၌လျှင်။အာဝါသိကာနံ၊နေကုန်သော။ ဘိက္ခူနံ၊
တို့၏။ သန္တိကေ၊ အထံ၌။ ဝိဟာရံ၊ကို။ ပတိဋ္ဌာပေတု၊ တည်လင့်
စေသတည်း။ ဣတိ၊ ဤသို့။ အာဟံသု၊ ကုန်၏။ပ။မယာ၊ သည်။
ပဟိတေ၊ ပင့်ဘိတ်အပ်လျက်။ နအာဂစ္ဆိဿန္တိ၊ ကုန်သနည်း။ ဟိ
ကသ္မာ၊ မူကား။ အဟံ၊ ကား။ ဒါယကော၊ ပစ္စည်းလေးပါး
ဒါယကာကည်း။ ကာရကော၊ သံဃာ့ အမှုကြီးငယ်ကို ပြုသော

သူတည်း။ သံယုပဋ္ဌာကော၊ သံဃာ့ အလုပ်အကျွေးတည်း။ ဣတိ၊ ဤသို့။ ဥဇ္ဈာယတိ၊ ၏။ပ။ဘိက္ခဝေ၊ တို့။ သတ္တန္နံ၊ ခုနစ်ယောက်သော သူတို့သည်။ ပဟိတေ၊ ပင့်ဘိတ်သည်ရှိသော်။ သတ္တာဟကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ ဂန္တုံ၊သွားစိမ့်သောငှါ။အနုဇာနာမိ၊ ၏။ အပ္ပဟိတေ၊ မပင့်ဘိတ်သည်ရှိသော်။ နတွေဝဂန္တဗ္ဗံ၊ မသွားအပ်သည်သာလျှင်တည်း။ သတ္တာဟံ၊ ခုနစ်ရက်အတွင်း၌။ သံနိဝတ္တော၊ နစ်ခြင်းကို။ ကာတဗ္ဗော၊၏။ ဘိက္ခုဿ၊သည်လည်းကောင်း။ပ။ ဥပါသိကာယ၊ သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ သတ္တန္နံ၊ တို့သည်။ပ။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊၏။ အပ္ပဟိတေ၊ သော်။ နတွေဝဂန္တဗ္ဗံ၊ အပ်။ သတ္တာဟံ၊ခုနစ်ရက်အတွင်း၌။ သန္နိဝတ္တော၊ နစ်ခြင်းကို။ ကာတဗ္ဗော၊၏။ [အကြောင်းရှိလျှင် ဝါဆိုသောနေ့၌ အရက်မတက်မီ သတ္တာဟကိစ္စဖြင့် သွားအပ်၏။ အဋ္ဌကထာ]။

၁၈၈။ ဘိက္ခဝေ၊ တို့။ ဣဓသာသနေ၊၌။ ဥပါသကေန၊သည်။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ၍။ ဝိဟာရော၊ နှစ်ဘက်စောင်း မိုးသော ကျောင်းကို။ပ။ အဍ္ဎယောဂေါ၊ တဘက်စောင်းမိုးသောကျောင်းကို။ပ။ ပါသာဒေါ၊ပြာသာဒ်ရှည်ကို။ပ။ ဟမ္မိယံ၊ပြာသာဒ်ဦးပြည်းကို။ပ။ဂုဟာ၊ ဥမင်တောင်ခေါင်းကို။ပ။ပရိဝေဏံ၊ ပရိဝုဏ်ကို။ပ။ ကောဋ္ဌကော၊တံခါးမုခ်ကို။ပ။ဥပဋ္ဌာနသာလာ၊ အညီစည်းဝေးရာ ဇရပ်ကို။ပ။အဂ္ဂိသာလာ၊ မီးတင်းကုပ်ကို။ ကပ္ပိယကုဋိ၊ အန္တောဝုတ္ထ-အန္တောပက္က ပြုသောကုဋိကို။ ဝစ္စကုဋိ၊ ဝစ္စကုဋိကို။ပ။ စင်္ကမော၊ကို။ပ။စင်္ကမနသာလာ၊စင်္ကြံသွားရာဇရပ်ကို။ဥဒပါနော၊ ရေတွင်းကို။ပ။ ဥဒပါနသာလာ၊ ရေတွင်းမိုးစရာဇရပ်ကို။ပ။ ဇန္တာဃရံ၊ ဇရုံးအိမ်ကို။ ဇန္တာဃရသာလာ၊ဇရုံးအိမ်မိုးစရာ ဇရပ်ကို။ပ။ မဏ္ဍပေါ၊ မဏ္ဍပ်ကို။ အာရာမော၊ အရာမ်ကို။ အာရာမဝတ္ထု၊ အရာမ်ရာကို။ ကာရာပိတံ၊ ပြုအပ်သည်။ ဟောတိ၊ အံ့ ။ပ။ ဘိက္ခဝေ၊ တို့။ ဣဓပနသာသနေ၊၌။ ဥပါသကေန၊သည်။ ဘိက္ခုနိ

သံဃံ၊ကို။ ဥဒ္ဒိဿ၊၍။ပ။ အာရာမ ဝတ္ထု၊ကို။ ကာရာပိတံ၊ သည်။ ဟောတိ၊၏။ပ။

၁၈၉။ ဘိက္ခဝေ၊ တို့။ ဣဓ ပန သာသနေ၊၌။ ဥပါသကေန၊ သည်။အတ္တနော၊၏။ အတ္ထာယ၊ငှါ။ နိဝေသနံ၊ကို။ပ။ သယနိဃရံ၊ အိပ်ရာတိုက်ကို။ပ။ ဥဒေါသိတော၊ ဥစ္စာထားရာ တိုက်ကို ။ပ။ အဋ္ဋော၊ စင်ကို။ပ။ မာဠော၊ တန်ဆောင်းကို။ပ။ အာပဏော၊ အိမ်ဈေးကို။ အာပဏသာလာ၊ အိမ်ဈေးမိုးစရာဇရပ်ကို။ပ။ ရသဝတီ၊ စဖိုအိမ်ကို။ပ။ ပုတ္တဿဝါ၊ သားအားမူလည်း။ ဝါရေယျံ၊ ထိမ်းမြားလိုသည်။ ဟောတိ၊ ဖြစ်အံ့။ ဓိတုယာဝါ၊ သော်လည်း။ ဝါရေယျံ၊ သည်။ ဟောတိ၊အံ့။ပ။အဘိညာတံ၊ ဘုရားဟောထင်သော။ သုတ္တန္တံ၊ကို။ ဘဏတိ၊ဟောတတ်အံ့။ပ။ အယံသုတ္တန္တော၊ သည်။ ပုရေပလုဇ္ဇတိ၊ မကွယ်မီ၊ ဣမံ သုတ္တန္တံ၊ကို။ ပရိယာပုဏိဿန္တိ၊တည်း။ ဣတိ၊ဤသို့။ ပဟိဏေယျ၊အံ့။ (အထက် ထင်သည် ချည်း)။ပ။

၁၉၇။ တေန ခေါ ပန သမယေန၊ ၌။ အညတရော-ကောသော။ ဘိက္ခု၊သည်။ ဂိလာနော၊သည်။ ဟောတိ၊၏။ပ။ဘိက္ခဝေ၊ တို့။ ပဥ္စန္နံ၊ သီတင်းသုံးဘော် ငါးယောက်တို့အား။ အပ္ပဟိတေပိ၊ မစေသော်လည်း။ သတ္တာဟကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊၏။ ပဟိတေ၊ စေသော်ကား။ ပဂေဝ-ပါဝေ၊ဆိုဘွယ်မရှိပြီ။ပ။ သတ္တာဟံ-သတ္တာဟဗ္ဘန္တရေ၊ခုနစ်ရက်တွင်း၌။ သန္နိဝတ္တော၊ နစ်ခြင်းကို။ ကာတဗ္ဗော၊၏။ပ။ဂိလာန ဘတ္တံဝါ၊ သူနာအား ဆွမ်းကိုမူလည်း။ ပရိယေသိဿာမိ၊ ရှာအံ့။ ဂိလာနုပဋ္ဌာကဘတ္တံဝါ၊သူနာကိုလုပ်ကျွေးသောသူအား်ဆွမ်းကိုမူလည်း။, ပရိယေသိဿာမိ၊အံ့။ဂိလာန ဘေသဇ္ဇံဝါ၊ သူနာဆေးကိုမူလည်း။ ပရိယေသိဿာမိ၊အံ့။ ပုစ္ဆိဿာမိဝါ၊ မေးအံ့ဟူ၍ လည်းကောင်း။ ဥပဋ္ဌဟိဿာမိဝါ၊ လုပ်ကျွေးအံ့ဟူ၍ လည်းကောင်း။ ဂန္တဗ္ဗံ၊ သွားအပ်၏။ သတ္တာဟံ၊၌။ သန္နိဝတ္တော၊ကို။ ကာတဗ္ဗော၊၏။ပ။ အနဘိရတိံ၊မမွေ့လျော်သော ရဟန်းကို။ ဝူပကာသေဿာမိတိဝါ၊

အရပ်တပါးသို့ ဆောင်အံ့ ဟူ၍ လည်းကောင်း။ပ။ အဿဘိက္ခု
နော၊အား။ ဓမ္မကထံ၊ကို။ ကရိဿာမိတိ ဝါ၊ ဟူ၍ လည်းကောင်း။
ဂန္တုမ္ပိ၊၏။ပ။ ကုက္ကုစ္စံ၊သည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊အံ့။ ဒိဋ္ဌိဂတံ၊
မှားသောအယူကို။ ဝိဝေစေဿာမိ ဝါ၊ ဖြေစေအံ့ ဟူ၍ လည်း
ကောင်း။ ဝိဝေစာပေဿာမိ ဝါ၊ သူတပါးကို ဖြေပါစေအံ့ဟူ၍
လည်းကောင်း။ ဂန္တုမ္ပိ၊၏။ (ဒိဋ္ဌိဂတံ၌ ဂတသဒ္ဒါ အနက်မရှိ၊
တဗ္ဗောတည်း)။ပ။ ဂရုဓမ္မံ၊ သံဃာဒိသိသ်အာပတ်သို့။ အဇ္ဈာ
ပန္နော၊ ရောက်သည်ဖြစ်၍။ ပရိဝါသာရဟော၊ ပရိဝါသ်နေထိုက်
သည်။ဟောတိ၊အံ့။ပ။ပရိဝါသဒါနံ၊ ပရိဝါသ်ပေးခြင်းကို။ဥဿုက္ကံ၊
လုံ့လကို။ (ကြောင့်ကြကို သော်လည်းပေး)။ကရိဿာမိ ဝါ။ပြုအံ့
ဟူ၍လည်းကောင်း။ အနုဿာဝေဿာမိ ဝါ၊ ဥတ်ကမ္မဝါရွတ်အံ့
ဟူ၍လည်းကောင်း။ ဂဏ ပူရကော၊ ဂိုဏ်းပြည့်သည်။ ဘဝိဿာ
မိ ဝါ၊အံ့ဟူ၍ လည်းကောင်း။ဂန္တုမ္ပိ၊ ၏။ပ။ မူလာယ၊အရင်းသို့။
ပဋိကဿနာရဟော၊ ငင်ထိုက်သည်။ ဟောတိ၊ အံ့။ပ။ မာနတ္တာ
ရဟော၊ မာနတ်ထိုက်သည်။ ဟောတိ၊အံ့။ပ။ အဗ္ဘာနာရဟော၊
အဗ္ဘာန်ထိုက်သည်။ ဟောတိ၊အံ့။ပ။ သံဃော၊သည်။ ကမ္မံ၊ ကံကို။
ကတ္တုကာမော၊သည်။ ဟောတိ၊အံ့။တဇ္ဇနီယံ ဝါ၊ တဇ္ဇနီယ ကံကို
လည်းကောင်း။ နိယဿံ ဝါ၊ နိယဿကံကို လည်းကောင်း။ပ။
ဥက္ခေပနီယံ ဝါ၊ ဥက္ခေပနီယကံကိုရင်း။ ကတ္တုကာမော၊ သည်။
ဟောတိ၊ ဖြစ်အံ့။ပ။ကိန္နုခေါ၊အဘယ်သို့မူ၍။ (အဘယ်သို့သော
အကြောင်းဖြင့် သော်လည်းပေး)။ သံဃော၊ သည်။ ကမ္မံ၊ ကို။
နကရေယျ၊မပြုပါအံ့နည်း။ လဟုကာယ ဝါ၊လဟုကကံကိုမူလည်း။
(ပေါ့သောကံသို့မူလည်း ပေး)။ ပရိဏာမေယျ၊ညွတ်ပါအံ့နည်း။
ဣတိ၊ ဤသို့။ ဂန္တဗ္ဗော၊ ၏။ပ။သံဃေန၊သည်။ အဿဘိက္ခုနော၊
အား။ တဇ္ဇနီယံ ဝါ၊ ကိုလည်းကောင်း။ပ။ဥက္ခေပနီယံ ဝါ၊ကိုလည်း
ကောင်း။ ကမ္မံ၊ကို။ ကတံ ဝါ ပန၊ပြုလေပြီးသည်မူလည်း။ ဟောတိ၊
အံ့။ပ။ကိန္နုခေါ၊ အဘယ်သို့မူ၍။ (အဘယ်သို့သော အကြောင်း
ဖြင့်မူလည်း ပေး)။ သမ္မာ၊ကောင်းစွာ။ ဝတ္တေယျ၊ကျင့်မပါအံ့နည်း။

လောမံ၊ အမွေးကို။ ပါတေယျ၊ ချပါအံ့နည်း။ နေတ္တာရံ၊ ဒက်မှ ထွက်မြောက်ကြောင်းကို။ ဝတ္တေယျ၊ ကျင့်ပါအံ့နည်း။ သံဃော၊ သည်။ တံကမ္မံ၊ ကို။ ပဋိပ္ပဿမ္ဘေယျ၊ ငြိမ်းပါစေအံ့နည်း။ ဣတိ၊ ဤသို့။ ဝဇ္ဇမ္ဘော၊ ၏။ [ဘိက္ခုနီမအရာ၌လည်း နည်းတူပင်။သိက္ခမာန်အရာ၌ကား]-

၁၉၅။ ။ပ။မေ၊ ၏။ သိက္ခာ၊ သိက္ခာသည်။ ကုပ္ပိတာ၊ ပျက်ခဲ့၏။ပ။အဟံ၊ သည်။ ဥပသမ္ပဇ္ဇိတုကာမာ၊ ပဉ္စင်းခံခြင်းငှါ အလိုရှိသည်။ ဟောမိ၊ ၏။ [ဤမျှသာ ထူးသည်။ သိက္ခမာန်တို့ကား ဝိကာလဘောဇနတိုင်ရုံ သီလ ခြောက်ပါးကို မကျိုး မပျက်ရအောင် နှစ်နှစ်ပတ်လုံး ကျင့်မှ ပဉ္စင်းခံရသတည်း။ သာမဏေအရာ၌လည်း သိသာ၏]။

၁၉၆။ ။ပ။သာမဏေရော၊သည်။ ဝဿံ၊ကို။ပုစ္ဆိတုကာမော၊ သည်။ ဟောတိ၊ ၏။ [ဤမျှသာ ထူးသည်။ သာမဏေ မိန်းမအရာ၌လည်း သိလွယ်သည်ချည်း။ သာမဏေ မိန်းမ ဖြစ်ပြီးမှ သိက္ခမာန် ဖြစ်သည်]။ပ။

၁၉၇။ တေနခေါပနသမယေန၊၌။ အညတရဿ၊တယောက်သော။ ဘိက္ခုနော၊ ၏။ မာတာ၊ အမိသည်။ ဂိလာနာ၊ နာသည်။ ဟောတိ၊၏။ပ။အယဉ္စမေမာတာ၊ဤငါ့အမိသည်လည်း။ ဂိလာနာ၊ နာခဲ့၏။ သာစ၊ ထိုနာသော ငါ့အမိသည်လည်း။ အနုပါသိကာ၊ ရတနာသုံးပါးသို့ ဆည်းကပ်သော သီတင်းသည်မ မဟုတ်ခဲ့။ မယာ၊ သည်။ ကထံနုခေါ၊ အဘယ်သို့လျှင်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ရာသနည်း။ ဣတိ၊ ဤသို့။ ပရိဝိတက္ကံနံ၊ သည်။ အဟောသိ၊ ၏။ပ။ ဘိက္ခုဿ၊ ၏။ ပိတာ၊ သည်။ ဂိလာနော၊သည်။ ဟောတိ၊၏။ပ။

၁၉၈။ ဘိက္ခုဿ၊ ၏။ ဘာတာ၊ ညီ အစ်ကိုသည်။ ဂိလာနော၊သည်။ ဟောတိ၊ ၏။ သော၊ ထို အစ်ကိုသည်။ ဘာတုနော၊ အစ်ကို၏။ ကဏိဋ္ဌဘာတုနော၊ ညီ၏။ သန္တိကေ၊ သို့။ ဒူတံ၊ ကို။ ပဟိနေယျ၊ အံ့။ပ။ဘိက္ခုဿ၊ ၏။ ဘဂိနီ၊ နှမသည်။ပ။ ဘိက္ခုဿ၊ ၏။ ဉာတကော၊ အမျိုးသည်။ပ။ဘိက္ခုဂတိကော၊ ရဟန်းတို့နှင့်

တကျောင်းတည်း အတူနေသော ယောကျ်ားသည်။ ဂိလာနော၊ သည်။ ဟောတိ၊ ၏။ (အကြွင်းနည်းတူ)။ တေနခေါပနသမယေန၊ ၌။ သံဃဿ၊ ၏။ ဝိဟာရော၊ သည်။ ဥန္ဒြိယတိ၊ ပြိုခဲ့၏။ (ပျက်ခဲ့၏ သော်လည်းပေး)။ အညတရေန ဥပါသကေန၊ဒါယကာတယောက်သည်။ အရညေ၊ ၌။ ဘဏ္ဍံ၊ ကျောင်းလျာသစ်ကို။ ဆေဒါပိတံ၊ ဖြတ်စေသည်။ ဟောတိ၊ ၏။ သောစဥပါသကော၊ သည်လည်း။ပ။ဘဒ္ဒန္တာ၊ သခင်တို့သည်။ ဘဏ္ဍံ၊ ကျောင်းလျာသစ်ကို။ သစေ၊ ၍။ အဝဟာရာပေယျုံ၊ ဆောင်စေကုန်မူကား။ အဟံ၊သည်။ တံဘဏ္ဍံ၊ထိုကျောင်းလျာသစ်ကို။ ဒဇ္ဇေ-ဒဇ္ဇေယျန္တိ၊ လှူအံ့ဟု။ ဒူတံ၊ ကို။ ပါဟေသိ၊ ၏။ပ။

ဝဿာဝါသဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီ။

---

၂၀၀။ ။ပ။ဝဿူပဂတာ၊ ဝါသို့ကပ်ကုန်သော။ [ဝါဆိုကုန်သော ဟုလည်းပေး]။ ဘိက္ခူ၊ တို့ကို။ ဝါဠေဟိ၊ သားရဲတို့သည်။ ဥဗ္ဗာဠ္ဗာ၊ နှိပ်စက်ကုန်သည်။ ဟောန္တိ၊ကုန်၏။ ဂဏှိံသုပိ၊ ယူလည်းယူကုန်၏။ ပရိပါတိံသုပိ၊ လိုက်လည်း လိုက်ကုန်၏။ပ။ ဧသောဝ အန္တရာယောတိ၊ ဤသည်လျှင် အန္တရာယ်ဟူ၍။ ပက္ကမိတဗ္ဗံ၊ ဖဲခွဲအပ်၏။ ဝဿစ္ဆေဒဿ၊ ဝါပြတ်သောရဟန်းအား။ အနာပတ္တိ၊ မသင့်။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဝဿူပဂတာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သရီသပေဟိ၊မြွေတို့သည်။ ဥဗ္ဗာဠ္ဗာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဍံသန္တိပိ၊ ခဲလည်းခဲကုန်အံ့။ ပရိပါတေန္တိပိ၊ လိုက်လည်းလိုက်ကုန်အံ့။ပ။စောရေဟိ၊ တို့သည်။ပ။ ဝိလုပ္ပန္တိပိ၊ လုယက်မူလည်း လုယက်ကုန်အံ့။ အာကောဋေန္တိပိ၊ ထိုးခုတ်မူလည်း ထိုးခုတ်ကုန်အံ့။ ပိသာစေဟိ၊ တို့သည်။ အာဝိသန္တိပိ၊ ဝင်မူလည်း ဝင်လတ်ကုန်အံ့။ ဟနန္တိပိ၊ သတ်မူလည်း သတ်လတ်ကုန်အံ့။ (ညှဥ်းဆဲမူလည်း ညှဥ်းဆဲလတ်ကုန်အံ့ ဟုလည်းပေး)။ပ။ဂါမော၊ဆွမ်းမှီသောရွာသည်။အဂ္ဂိနာ၊မီးဖြင့်။ဒဍ္ဍော၊

လောင်သည်။ ဟောဟိ၊ အံ့။ပ။သေနာသနံ၊ သည်။ပ။ဒဓုံ၊ လောင်
သည်။ ဟောတိ၊ အံ့။ပ။ဝုဋ္ဌော၊ မျောသည်။ ဟောတိ၊ အံ့။ပ။

၂၀၁။ ဂါမော၊ ဆွမ်းခံရွာသည်။ စောရေဟိ၊ တို့ကြောင့်။
ဝုဋ္ဌာတိ၊ ထခဲ့၏။ (ပြောင်းခဲ့၏ သော်လည်းပေး)။ပ။ယေန၊ ဉ်။
ဂါမော၊ ရွာသည်။ အဂ္ဂိ၊ ရှိ၏။ တေန၊ ထိုရွာသို့။ ဂန္တုံ၊ ၄ါ။
အနုဇာနာမိ၊၏။ ဂါမော၊သည်။ ဒွိဓာ၊နှစ်ဖြာ။ ဘိဇ္ဇတ္ထ၊ကွဲခဲ့၏။ပ။
ယေန-ယသ္မိံ ဂါမေ၊ ဉ်။ မနုဿာ၊ တို့သည်။ ဗဟုတရာ၊ ကုန်၏။
တေန၊ ထိုများသော ရွာသို့။ ဂန္တုံ၊ ၄ါ။ အနုဇာနာမိ၊ ၏။ ဗဟု
တရာ၊ များသော လူတို့သည်။ အသဒ္ဓါ၊ မသဒ္ဓါကုန်သည်။ အပ္ပ
သန္နာ၊မကြည်လင်ကုန်သည်။ဟောန္တိ၊ ကုန်၏။ပ။ယေန၊အကြင်ရွာ
ဉ်။သဒ္ဓါ၊ ကုန်၏။ ပသန္နာ၊ ကြည်လင်ကုန်၏။ တေန၊ ထိုရွာသို့။
ဂန္တုံ၊ ၄ါ။ အနုဇာနာမိ၊၏။ပ။ ဝဿူပဂတာ၊ ဝါဆိုကုန်သော။
ဘိက္ခူ၊ တို့သည်။ လူခဿငါဘောဇနဿ၊ ကြမ်းသောဆွမ်းကို
လည်းကောင်း။ ပဏီတဿဝါဘောဇနဿ၊ နုသောဆွမ်းကို
လည်းကောင်း။ ယာဝဒတ္ထံပါရိပူရိံ၊ အလိုပြည့်ရုံ။ နလဘိံသု၊
ကုန်။ပ။ ယာဝဒတ္ထံ ပါရိပူရိံ၊အလိုပြည့်ရုံ။ လဘန္တိ၊ကုန်၏။ သပ္ပါ
ယာနိ၊ကုန်သော။ဘောဇနာနိ၊ ဘောဇဉ်တို့ကို။နလဘန္တိ၊ကုန်အံ့။
။ပ။ လူခဿဝါဘောဇနဿ၊ ကြမ်းသော ဘောဇဉ်ကို လည်း
ကောင်း။ ပဏီတဿဝါဘောဇနဿ၊ နုသော ဘောဇဉ်ကို
လည်းကောင်း။ ယာဝဒတ္ထံ၊ အလိုရှိသရွေ့။ ပါရိပူရိံ၊ ပြည့်ရုံ။
လဘန္တိ၊ ကုန်အံ့။ သပ္ပါယာနိ၊ ကုန်သော။ ဘောဇနာနိ၊ဘောဇဉ်
တို့ကို။ လဘန္တိ၊ ကုန်အံ့။ သပ္ပါယာနိ၊ ကုန်သော။ ဘေသဇ္ဇာနိ၊
ဆေးတို့ကို။ နလဘန္တိ၊ ကုန်အံ့။ပ။ပက္ကမိတဗ္ဗံ ၏။ပ။ သပ္ပါယာနိ၊
ကုန်သော။ ဘေသဇ္ဇာနိ၊တို့ကို။ လဘန္တိ၊ကုန်အံ့။ ပတိရူပံ၊တင့်အပ်
လျောက်ပတ်သော။ ဥပဋ္ဌာကံ၊ အလုပ်အကျွေးကို။ နလဘန္တိ၊
မရကုန်အံ့။ ပက္ကမိတဗ္ဗံ၊၏။ ဘိက္ခဝေ၊တို့။ ဣဓ၊သာသနေ၌။ဝဿူပ
ဂတံ၊ ဝါသိုကပ်သော။ ဘိက္ခုံ၊ ကို။ ဣတ္ထီ၊ သည်။ နိမန္တေတိ၊
ဘိတ်အံ့။ အာယန္တော၊သခင်။ ဧဟိ၊လာလော့။ တေ၊အား။ ဟိရညံဝါ၊

ငွေကိုမူလည်း။ ဒေမိ၊ လှူအံ့။ပ။ မိတ္တရံဝါ၊ သမီးကိုမူလည်း။ ဘရိယတ္တာယ၊ မယားဖြစ်မှုသော၄ါ။ ဒေမိ၊အံ့။ အဟံဝါ၊ ငါသည် မူလည်း။ ဒေ၊၏။ ဘရိယာ၊ မယားသည်။ ဟောမိ၊ ဖြစ်အံ့။ အညံဝါဘရိယံ၊ တပါးသော မယားကို မူလည်း။ တေ၊ အား။ အာနေမိ၊ ဆောင်အံ့။ ဣတိ၊ဤသို့။ နိမန္တေတိ၊ ဘိတ်အံ့။ တစြ-တသ္မိံနိမန္တေ၊ ထိုသို့ ဘိတ်သည် ရှိသော်။ ဘိက္ခုနော၊ ၏။ ဧဝံစိတ္တံ၊ ဤသို့သောစိတ်သည်။ စေဟောတိ၊အံ့။ စိတ္တံ၊ စိတ်မည်သည်ကား။ ခေါ၊အဟုတ်လျှင်။ လဟုပရိဝတ္တံ၊ လျင်သော အပြန်ရှိ၏ဟု။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊၏။ မေ-မမ၊ အား။ ဖြဟ္မစရိယဿ၊ သာသနာတော်၏။ အန္တရာယောပိ၊သော်လည်း။ သိယာတိ၊ဖြစ်ရာ၏ဟု။ ပက္ကမိတဗ္ဗံ၊၏။ပ။ ဝေသီ၊ပြည့်တန်းဆာမသည်။ပ။ ထုလ္လကုမာရီ၊ လင်သားမရသောမိန်းမဟိုင်းသည်။ (မိန်းမကြီးသည်လည်း ဟူ)။ နိမန္တေတိ၊ အံ့။ ပဏ္ဍကော၊ သည်။နိမန္တေတိ၊ အံ့။ပ။ ဉာတကာ၊ တို့သည်။ နိမန္တေန္တိ၊ ကုန်အံ့ ။ပ။ ရာဇာနော၊ တို့သည်။ နိမန္တေန္တိ။ ကုန်အံ့။ပ။ စောရာ၊ တို့သည်။ နိမန္တေန္တိ၊ ကုန်အံ့။ ဓုတ္တာ၊ သေသောက်ကြူးတို့သည်။ နိမန္တေန္တိ၊ ကုန်အံ့။ ဘန္တေ၊ အရှင်ဘုရား။ တေ၊ အရှင်ဘုရားအား။ ဟိရညံဝါ၊ငွေကိုမူလည်း။ ဒေမ၊ လှူပါကုန်အံ့။ တေ၊အား။ သုဝဏ္ဏံဝါ၊ ကိုလည်း။ ဒေမ၊ကုန်အံ့။ပ။ ဝဿန္တေဒဿ၊အား။ အနာပတ္တိ၊အာပတ်မသင့်။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ အဿာမိကံ၊ အရှင်မရှိသော။ နိဓိံ၊ ဥစ္စာကို။ ပဿတိ၊ မြင်အံ့။ တစြ၊ ထိုသို့မြင်သည် ရှိသော်။ဘိက္ခုနော၊အား။ ဧဝံစိတ္တံ၊ သည်။ စေဟောတိ၊အကယ်၍ ဖြစ်အံ့။ စိတ္တံ၊သည်။ လဟုပရိဝတ္တံ၊ လျင်သောအပြန်ရှိ၏ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊၏။ မေ၊အား။ ဖြဟ္မစရိယဿ၊ သာသနာတော်၏။ အန္တရာယောပိ၊ သည်လည်း။ သိယာတိ၊ ဖြစ်ရာ၏ဟု။ ပက္ကမိတဗ္ဗံ၊ ဖဲအပ်၏။ ဝဿန္တေဒဿ၊ ဝါပြတ်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။

၂၀၂။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဝဿူပဂတော၊ ဝါဆိုကပ်သော။ ဘိက္ခု၊သည်။ သံဃဘေဒါယ၊ သံဃာကွဲပြားခြင်းငှါ။ ပရက္ကမန္တေ၊ လုံ့လပြုကုန်သော။ သမ္ဗဟုလေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ပဿတိ၊မြင်အံ့။ တတြ၊ထိုသို့မြင်သည်ရှိသော်။ ဘိက္ခုနော၊ အား။ ဧဝံစိတ္တံ၊သည်။ စေဟောတိ၊အံ့။ သံဃဘေဒေါ၊သည်။ ဂရုကော၊ဝန်လေး၏ဟု။ ဘာဂဝတာ၊သည်။ ဝုတ္တံ၊ ၏။ မယိ၊ ငါသည်။ သမ္မုခီဘူတေ၊ မျက်မှောက်ရှိလျက်။ သံဃော၊ သည်။ မာဘိဇ္ဇိ၊ မကွဲစေလင့်။ ဣတိ၊ဤသို့ နှလုံးသွင်း၍။ ပက္ကမိတဗ္ဗံ၊ အပ်၏။ ဝဿစ္ဆေဒဿ၊အား။ အနာပတ္တိ၊ အာပတ်မသင့်။ ဘိက္ခဝေ၊တို့။ ဣဓ၊၌။ ဝဿူပဂတော၊သော။ဘိက္ခု၊သည်။ အသုကသ္မိံ အာဝါသေ၊ ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သံဃဘေဒါယ၊ ငှါ။ ပရက္ကမန္တီတိ၊ လုံ့လပြုကုန်၏ဟူ၍။ သုဏာတိ၊အံ့။ပ။ ဝဿစ္ဆေဒဿ၊အား။ အနာပတ္တိ၊အာပတ်မသင့်။ဘိက္ခဝေ၊တို့။ ဣဓ၊ ၌။ ဝဿူပဂတော၊သော။ ဘိက္ခု၊သည်။ အသုကသ္မိံ အာဝါသေ၊၌။သမ္ဗဟုလာ၊ကုန်သော။ဘိက္ခူ၊တို့သည်။ သံဃဘေဒါယ၊ ငှါ။ပရက္ကမန္တီတိ၊၍။ သုဏာတိ၊၏။ တတြ၊သော်။ တေဘိက္ခူ၊ တို့သည်။ မေ၊ ၏။ မိတ္တာ၊ အဆွေခင်ပွန်းတို့တည်း၊ တေဘိက္ခူ၊ တို့ကို။ အဟံ၊ သည်။ ဝက္ခာမိ၊ ဆိုအံ့။ အာဝုသော၊ တို့။ သံဃဘေဒေါ၊ သည်။ ဂရုကော၊ ဝန်လေး၏ဟု။ ဘာဂဝတာ၊ သည်။ ဝုတ္တော၊၏။ အာယသ္မန္တာနံ၊ တို့အား။ သံဃဘေဒေါ၊ ကို။ မာရုစ္စိတ္ထ၊ မနှစ်သက်လင့်ကုန်။ ဣတိ၊ဤသို့။ ဝက္ခာမိ၊ဆိုအံ့။ မေ၊၏။ ဝစနံ၊ကို။ ကရိဿန္တိ၊ လိုက်ကုန်လတ္တံ့။ သုဿူသိဿန္တိ၊ နာကုန်လတ္တံ့။ သောတံဩဒဟိဿန္တိ၊ နားထောင်ကုန်လတ္တံ့။ ဣတိ၊ သို့။ ဘိက္ခုနော၊အား။ဧဝံစိတ္တံ၊သည်။ ဟောတိ၊အံ့။ပက္ကမိတဗ္ဗံ၊သွားအပ်၏။ပ။သုဏာတိ၊ကြားအံ့။ တတြ၊ ထိုသို့ကြားသည်ရှိသော်။ ဘိက္ခုနော၊၏။ဧဝံစိတ္တံ၊ သည်။စေဟောတိ၊ အကယ်၍ဖြစ်အံ့။တေဘိက္ခူ၊ ထိုသင်းခွဲအံ့ဟု လုံ့လပြုသော ရဟန်းတို့သည်။ မေ၊ ၏။ နမိတ္တာ၊ အဆွေခင်ပွန်းမဟုတ်ကုန်။ အပိစ၊ထိုသို့ မဟုတ်သော်သည်း။ ယေ

ဘိက္ခူ၊ တို့သည်။ တေသံဘိက္ခူနံ၊ ထိုလုံ့လပြုသော ရဟန်းတို့၏။ မိတ္တာ၊ အဆွေခင်ပွန်းဖြစ်ကုန်၏။ တေဘိက္ခူ၊ တို့ကား။ မေ၊ ၏။ မိတ္တာ၊ အဆွေခင်ပွန်းတို့တည်း။ တေဘိက္ခူ၊ တို့ကို။ အဟံ၊ သည်။ ဝက္ခာမိ၊ ဆိုအံ့။ ဝုတ္တာ၊ ငါဆိုအပ်ကုန်သော။ တေဘိက္ခူ၊ ထိုငါ့ အဆွေရဟန်းတို့သည်။ တေဘိက္ခူ၊ ထိုလုံ့လပြုသောရဟန်းတို့ကို။ ဝက္ခန္တိ၊ဆိုကုန်လတ္တံ့။ အာဝုသော၊တို့။ သံဃဘေဒေါ၊ သံဃာ၏ ကွဲပြားခြင်းသည်။ ဂရုကော၊ဝန်လေး၏ဟု။ ဘာဝတာ၊သည်။ ဝုတ္တော၊ ၏။ အာယသ္မန္တာနံ၊ တို့အား။ သံဃဘေဒေါ၊ ကို။ မာရုစ္စိတ္ထ၊ မနှစ်သက်ကုန်လင့်ဟု။ ဝက္ခန္တိ၊ဆိုလေကုန်အံ့သတည်း။ မေ၊ ၏။ ဝစနံ၊ ကို။ ကရိဿန္တိ၊လိုက်ကုန်လတ္တံ့။ သုဿူသိဿန္တိ၊ နာကုန်လတ္တံ့။ သောတံဩဒဟိဿန္တိ၊ နားထောင်ကုန်လတ္တံ့။ ဇ္ဇတိ-ဧဝံစိတ္တံ၊ သည်။ ဟောတိ၊ အံ့။ ပက္ကမိတဗ္ဗံ၊ ၏။ [အထက် နှစ်ဝါရလည်း နည်းတူ။ သံဃော၊ ဘိန္နောမျှသာ ထူးသည်]။ သံဃော၊ ကို။ ဘိန္နောတိ၊ ခွဲ၏ဟု။ သုဏာတိ၊ ကြားအံ့။

**အမှာ** ဤကားအနက်။ယခင်ပါဠိ၌ အဓိပ္ပါယ်ကား-ဝါဆို ပြီးသော ရဟန်းသည် ဤမည်သော ကျောင်း၌ နေသော အရှင်တို့သည် သင်းခွဲအံ့သောငှါ လုံ့လပြုကြကုန်၏ဟု ကြားလတ်သည်ရှိသော် ထိုသင်းခွဲအံ့ဟု လုံ့လပြုကြသော အရှင် တို့ကား ငါ၏ အဆွေခင်ပွန်းကား မဟုတ်ကုန်၏ရှင့်။ ထိုရဟန်း တို့သည် ငါ၏အဆွေ ငါနှင့်မေတ္တာရှိသော ရဟန်းတို့နှင့် အဆွေ ခင်ပွန်းဖြစ်ကုန်၏။ ထိုငါ၏ အဆွေရဟန်းတို့ကို ငါဆိုက ထိုငါ၏ အဆွေရဟန်းတို့သည် မြစ်တား၍ ဆိုကုန်လတ္တံ့။ ထိုသို့ဆိုလေက ငါ၏စကားကို လိုက်နာ၍ နားထောင်ကုန်လတ္တံ့ သတည်းဟု စိတ်ရှိ၍ သွားသော်လည်း သွားအပ်၏။ ဝဿစ္ဆေဒကြောင့် အာပတ်မသင့်ဟူလိုသည်။

* ဘိက္ခုဝေ၊ရဟန်းတို့။ ဇ္ဇဓပနသာသနေ၊၌။ ဝဿူပဂတော၊ ဝါသို့ကပ်သော။ ဘိက္ခု၊သည်။ သုဏာတိ၊ကြားအံ့။ ဣသုကသ္မိံ

အာဝါသေ၊ ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခုနိယော၊တို့သည်။
သံဃဘေဒါယ၊ ငှါ။ ပရက္ကမန္တိကိရ၊ လုံ့လပြုကုန်သတတ်။ ဇူတိ၊
ဤသို့။ သုဏာတိ၊ ကြားအံ့။ တတြ-တသ္မိံသုတေသတိ၊ ထိုသို့
ကြားသည်ရှိသော်။ ဘိက္ခုနော၊၏။ စေ်စိတ္တုံ၊သည်။ စေဟောတိ၊
အံ့၊ တာဘိက္ခုနိယော၊ တို့ကား။ မေ၊ ၏။ မိတ္တာ၊ အဆွေခင်ပွန်း
တို့ချည်းတည်း။ တာဘိက္ခုနိယော၊တို့ကို။ အဟံ၊သည်။ ဝက္ခာမိ၊
ဆိုအံ့။ ဘဂိနိယော၊ နှမတို့။ သံဃဘေဒေါ၊ သည်။ ဂရုကော၊တိ၊
ဝန်လေး၏ဟု။ ဘဂဝတာ၊သည်။ ဝုတ္တော၊၏။ ဘဂိနီနံ၊တို့အား။
သံဃဘေဒေါ၊ ကို။ မာရုစ္စိတ္ထာတိ၊ မနှစ်သက်ကုန်လင့်ဟု။ အဟံ၊
သည်။ ဝက္ခာမိ၊ ဆိုအံ့။ မေ၊၏။ ဝစနံ၊ကို။ ကရိဿန္တိ၊ လိုက်ကုန်
လတ္တံ့။ သုဿူသိဿန္တိ၊နာကုန်လတ္တံ့။ သောတံဩဒဟိဿန္တိတိ၊
နားထောင်ကုန်လတ္တံ့သတည်းဟု။ စေ်စိတ္တံ၊ သည်။ ဟောတိ၊အံ့။
ပက္ကမိတဗ္ဗံ၊ ၏ ။ပ။ အနာပတ္တိ၊ အာပတ်မသင့် ။ပ။ သုဏာတိ၊
ကြားအံ့။ တာဘိက္ခုနိယော၊ တို့သည်။ မေ၊ ၏။ နမိတ္တာ၊ နှလုံး
ဝင်သော အဆွေခင်ပွန်း မဟုတ်ကုန်။ အပိစ၊ ထိုသို့ မဟုတ်သော်
လည်း။ တာသံ၊ ထိုလုံ့လပြုသော ဘိက္ခုနီမတို့၏။ မိတ္တာ၊ အဆွေ
ခင်ပွန်းဖြစ်ကုန်သော။ ယာဘိက္ခုနိယော၊တို့သည်။ သန္တိ၊ကုန်၏။
တာဘိက္ခုနိယော၊တို့သည်။ မေ၊၏။မိတ္တာ၊နှလုံးအကျွမ်းဝင်သော
အဆွေခင်ပွန်းတို့ချည်းတည်း။ တာဘိက္ခုနိယော၊ တို့ကို။ အဟံ၊
သည်။ ဝက္ခာမိ၊ ဆိုအံ့။ ၎တ္တာ၊ ငါဆိုအပ်ကုန်သည် ရှိသော်။ တာ
ဘိက္ခုနိယော၊ထို ငါ၏အဆွေခင်ပွန်းဖြစ်သော ဘိက္ခုနီမတို့သည်။
တာဘိက္ခုနိယော၊ ထိုလုံ့လပြုလေသော ဘိက္ခုနီမတို့ကို။ ဝက္ခန္တိ၊
ဆိုလေကုန်အံ့သတည်း။ပ။ဝဿစ္ဆေဒဿ၊ အား။ အနာပတ္တိ၊
အာပတ်မသင့်။ ဘိက္ခဝေ၊တို့။ ဇူဓသာသနေ၌။ ဝဿူပဂတော၊
သော။ ဘိက္ခု၊ သည်။ အမုကသ္မိံအာဝါသေ၊ ၌။ သမ္ဗဟုလာဟိ၊
ကုန်သော။ ဘိက္ခုနီဟိ၊ တို့သည်။ သံဃော၊ကို။ ဘိန္နောတိ၊ဟူ၍။
သုဏာတိကိရ၊ကြားသတတ်။ပ။ဝဿစ္ဆေဒဿ၊အား။ အနာပတ္တိ၊
အာပတ်မသင့်။ပ။

၂၀၃။ တေနခေါပနသမယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊သည်။ ဝဇော၊နွားကျောင်းတို့၏နေရာ၌။ဝဿံ၊သို့။ ဥပဂန္တု၊ ကာမော၊ ကပ်လိုသည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားသခင်အား။ တေမတ္ထံ၊ဤသို့သော အကြောင်းကို။ အာရောစေသိ၊၏။ ဘိက္ခဝေ၊တို့။ ဝဇေ၊နွားကျောင်းတို့၏နေရာ၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တုံ၊ ကပ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ ဝဇော၊ နွားကျောင်းတို့၏နေရာသည်။ ဝုဋ္ဌာသိ၊ ပြောင်းခဲ့၏။ပ။ယေန၊ ၌။ ဝဇော၊ နွားကျောင်းတို့၏ နေရာသည်။ အတ္တိ၊ ၏။ တေန၊ သို့။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊၏။ပ။ဝဿူပနာယိကာယ၊ဝါဆိုခါသည်။ ဥပကဋ္ဌာယ-အာသန္နာယ၊ နီးလတ်သော်။ သတ္ထေန၊ လှည်းကုန်သည်ဖြင့်။ ဂန္တုကာမော၊ သည်။ ဟောတိ၊ ၏။ပ။သတ္ထေ၊ လှည်း၌။ ဝဿံ၊ဝါသို့။ ဥပဂန္တုံ၊ငှါ။ အနုဇာနာမိ၊၏။ပ။နာဝါယ၊ လှေဖြင့်။ နာဝါယ၊လှေ၌ ။ပ။ဝဿံ၊ဝါသို့။ ဥပဂန္တုံ၊ငှါ။ အနုဇာနာမိ၊၏။

**အမှာ** နွားခြံ, လှည်း, လှေတို့၌ ဝါပြတ် ခြင်းကြောင့် အာပတ်မသင့်၊ ပဝါရဏာပြုခြင်းငှါလည်း အပ်၏ဟု အဋ္ဌကထာ၌ပြသည်။ ထိုသို့ပြရာ၌ ဝါပြတ်သည် ဆိုသောအရာမှာ ဝါဆိုရာအရပ်၌မနေမူ၍ တပါးအရပ်သို့ ပြောင်းခြင်းမျှကို ရည်၍ဆိုသည်ဟု အမိပ္ပါယ်ယူ။ ခုဒ္ဒသိက္ခာဋီကာသစ်။

* ၂၀၄။ ။ပ။ ရုက္ခသုသိရေ၊ သစ်ခေါင်း၌ ။ပ။ ပိသာစိလ္လိကာယထာ၊ ဘီလူးငယ်တို့ကဲ့သို့တကား။ ဧတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ရုက္ခဝိဋပိဘိယာ၊ သစ်ခွ၌။ ဝဿံ၊ သို့။ ဥပဂစ္ဆန္တိ၊ ကပ်ကုန်၏။ပ။ မိဂလုဒ္ဒကာယထာ၊ မုဆိုးတို့ကဲ့သို့တကား။ ဧတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ ဝဿံ၊ သို့။ ဥပဂစ္ဆန္တိ၊ ကုန်၏။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာလတ်သော်။ ရုက္ခမူလမ္ပိ၊ သို့လည်းကောင်း။ နိမ္ဗကောသမ္ပိ၊ စမ်းစက်တွင်းသို့ လည်းကောင်း။ ဥပဓာဝန္တိ၊ ပြေးလတ်ကုန်၏။ပ။ အသေနာသနိကာ၊ ကျောင်းအိပ်ရာနေရာ မရှိကုန်ဘဲ။ ဝဿံ၊သို့။

ဥပဂန္တုန္တိ၊ ကုန်၏။ပ။ဆဝကုဋ္ဌိကာယ၊ သူကောင်ဖုတ်ရာ၌ ထား
သောအိမ်၌ ။ပ။ ဥပဂန္တုန္တိ၊ ကုန်၏။ပ။ ဆဝဍှာဟကာယထာ၊
သူကောင်ဖုတ်သောသူတို့ကဲ့သို့။ ဇာတိ၊ သို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။
ဆတ္တေ၊ ထီး၌။ ဝဿံဥပဂန္တုန္တိ၊ ကုန်၏။ပ။ ဂေါပါလကာယထာ၊
နွားကျောင်းသားတို့ ကဲ့သို့ ။ပ။ စာဋိယာ၊ အိုးစရည်းကြီး၌။ပ။
တိတ္ထိယာယထာ၊ တိတ္ထိတို့ကဲ့သို့။ဇာတိ၊ သို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။

၂၀၅။ အန္တရာဝဿံ၊ဝါတွင်း၌။နပဗ္ဗာဇေတဗ္ဗံ၊အခံ။ဇာတိ၊သို့။
ကတိကာ၊ ကတိကဝတ်ကို။ ကတာ၊ ပြုအပ်သည်၊ ဟောတိ၊၏။ပ။
မိဂါရမာတုယာ၊ မိဂါရသူဌေး၏ အမိမည်သော။ ဝိသာခါယ၊
ဝိသာခါဒါယိကာမ၏။ နတ္တာ၊ မြေးသည်။ပ။ ယာစိ၊ တောင်း
ပန်၏။ပ။

၂၀၆။ အာယသ္မတာ၊သော။ သကျပုတ္တေန၊သော။ဥပနန္ဒေန၊
ဥပနန်သည်။ ပုရိမိကာယ၊ ပုရိမဝါ၌။ ပသေနဒိကောသလဿ၊
ပသေနဒိကောသလအမည်ရှိသော။ ရညော၊ မင်း၏။ ဝဿာ
ဝါသော၊ ဝါဆိုကျောင်းကို။ ပဋိဿုတော၊ ဝန်ခံအပ်သည်။
ဟောတိ၊၏။ သောဥပနန္ဒော၊သည်။ တံအာဝါသံ၊ ထိုပသေနဒိ
ကောသလမင်း၏ကျောင်းသို့။ဂစ္ဆန္တော၊သွားလေသော်။ အန္တရာ
မဂ္ဂေ၊၌။ ဗဟုစီဝရကေ၊ များသောသင်္ကန်းရှိကုန်သော။ ဒွေအာ
ဝါသေ၊ နှစ်ကျောင်းတို့ကို။အဒ္ဒသ၊ မြင်လေ၏။ ယံနူန-ယဒိပနၢ၍။
။ပ။ဝဿံဝသေယျ၊ ဝါဆိုငြားအံ့၊ ဧဝံ၊ ဤသို့ဝါဆိုသည်ရှိသော်။
မေ၊ အား။ဗဟုစီဝရံ၊ သည်။ဥပ္ပဇ္ဇိဿတိ၊ဖြစ်လတ္တံ့သတည်း။ဇာတိ-
တေံပရိဝိတက္ကနံ၊ သည်။ အဟောသိ၊၏။ သောဥပနန္ဒော၊သည်။
ဒွိသုအာဝါသေသု၊ တို့၌။ ဝဿံဝသိ၊ ဝါဆို၏။ ပသေနဒိကော
သလော၊အမည်ရှိသော။ ရာဇာ၊သည်။ဥဇ္ဈာယတိ၊၏။ပ။အမှာကံ၊
တို့၏။ ဝဿာဝါသံ၊ ဝါဆိုကျောင်းကို။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။
ဝိသံဝါဒေဿတိ၊ ချွတ်ယွင်းစေဘိသနည်း။ ဘဂဝတာ၊ သည်။
အနေက ပရိယာယေန၊ များသောအကြောင်းဖြင့်။ မုသာဝါဒေါ၊
မုသားဆိုခြင်းကို။ ဂရဟိတောနနု၊ ကဲ့ရဲ့တော်မူအပ်သည် မဟုတ်

လော။မုသာဝါဒါ၊ မှ။ဝေရမဏီ၊ကြဉ်ခြင်းကို။ပသတ္ထာနနု၊ ချီးမွမ်း
တော်မူအပ်သည့် မဟုတ်တုံလော။ ဣတိ၊ သို့။ ဥဇ္ဈာယတိ၊ ၏။
ဘိက္ခူ၊ တို့သည်။ ဥဇ္ဈာယန္တာ၊ ကဲ့ရဲ့သော။ ခိယျန္တာ၊ ရှုတ်ချ
သော။ ဝိပါစေန္တာ၊ ဖရိုဖရဲဆိုသော။ ပသေနဒိကောသလဿ၊
အမည်ရှိသော။ ရညော၊၏။ ဝစနံ၊ကို။ အဿောသုံ၊ ကုန်၏။
ယေတေဘိက္ခူ၊ တို့သည်။ အပ္ပိစ္ဆာ၊ နည်းသောအလို ရှိကုန်၏။
တေဘိက္ခူ၊ တို့သည်။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ဘိက္ခဝေ၊တို့။ တဿ
ဘိက္ခုနော၊ အား။ ပုရိမိကာစ၊ ပုရိမဝါသည်လည်း။နပညာယတိ၊
မထင်။ ပဋိဿဝေစ၊ ဝန်ခံခြင်းကြောင့်လည်း။ ဒုက္ကဋဿ၊ ဒုက္ကဋ်
အာပတ်သို့။အာပတ္တိ-အာပဇ္ဇနံ၊သည်။ဟောတိ၊၏။ [ဤမှအထက်
ခုနစ်ဝါရတို့ကား အပမှာ ဥပုသ်ပြုသောအားဖြင့် လာ၏]။

၂၀၇။ ဘိက္ခဝေ၊ တို့။ ဣဓဝနသာသနေ၌။ ဘိက္ခုနာ၊ သည်။
ပုရိမိကာယ၊ ပုရိမဝါ၌။ဝဿာဝါသော၊ဝါဆိုကျောင်းကို။ပဋိဿု
တော၊ဝန်ခံအပ်သည်။ဟောတိ၊၏။ပ။ဗဟိဒ္ဓါ၊ အပ၌။ ဥပေါသထံ၊
ကို။ ကရောတိ၊ ၏။ ပါဋိပဒေန၊ အတွက်တရက်နေ့၌။ ဝိဟာရံ၊ သို့။
ဥပေတိ၊ ကပ်အံ့။ သေနာသနံ၊ အိပ်ရာနေရာ ညောင်စောင်း
အင်းပျဉ်ကို။ ပညပေတိ၊ ခင်းအံ့။ (ပညပေတိ၌ ညမှာ ဒီဃ,ရဿ
နှစ်ချက်သင့်။ သဒ္ဒနီတိ)။ ပါနီယံ၊ကိုလည်းကောင်း။ ပရိဘော
ဇနီယံ၊ကိုလည်းကောင်း။ ဥပဋ္ဌာပေတိ၊ တည်အံ့။ ပရိဝေဏံ၊ကို။
သမ္မဇ္ဇတိ၊အံ့။ သောဘိက္ခု၊ သည်။ တဒဟေဝ၊ ထိုနေ့၌ပင်လျှင်။
အကရဏီယော၊သတ္တာဟမပြုဘဲ။ ပက္ကမတိ၊ သွားအံ့။ပ။ဒုက္ကဋဿ၊
သို့။အာပတ္တိ-အာပဇ္ဇနံ၊သည်။ဟောတိ၊၏။ပ။ သောဘိက္ခု၊သည်။
တဒဟေဝ၊ ထိုနေ့ပင်လျှင်။ သကရဏီယော၊ သတ္တာဟပြုလျက်။
(ပြုသည်နှင့်တကွ ဟုလည်း ပေး)။ပက္ကမတိ၊သွားအံ့။ပ။ အာပတ္တိ
ဒုက္ကဋဿ၊၏။ [အတူပေး။ ဤနှစ်ဝါရတို့တွင် ပုရိမဝါရကား
ဝါလည်းမဆို၊ သတ္တာဟလည်းမပြု။ နိရပေက္ခသွားသည်ကို ရည်၍
ဟောတော်မူသည်။ ဒုတိယဝါရကား ဝါလည်းမဆို သတ္တာဟ
သာ ပြု၍ နိရပေက္ခ သွားသည်ကို ရည်၍ ဟောတော်မူသည်]။

။ပ။သောဘိက္ခု၊ ထို ရဟန်းသည်။ ဒွိဟတီဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ နေ၍။ အကရဏီယော၊ သတ္တာဟမပြုဘဲ။ ပက္ကမတိ၊ ဖဲခွဲအံ့။ပ။ အာပတ္တိဒုက္ကဋဿ၊ ၏။ [အတူ။ ဤ တတိယဝါရကား ဝါဆို၏။ သတ္တာဟမပြုဘဲ နိရပေက္ခ သွားသည်ကို ရည်၍ မိန့်သည်]။ပ။ ဒွိဟတီဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ နေ၍။ သကရဏီယော၊ သတ္တာဟ ပြုလျက်။ ပက္ကမတိ၊ အံ့။ပ။အာပတ္တိ ဒုက္ကဋဿ၊ ၏။ [အတူ။ စတုတ္ထဝါရကား ဝါလည်းဆို၏။သတ္တာဟပြုလျက် နိရပေက္ခ သွားသည်ကို ရည်၍ မိန့်တော် မူသည်]။ပ။ ဒွိဟတီဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ နေ၍။ သတ္တာဟ ကရဏီယေန၊ သတ္တာဟပြုသဖြင့်။ ပက္ကမတိ၊ အံ့။ သောဘိက္ခု၊ သည်။ တံ သတ္တာဟံ၊ ကို။ ဗဟိဒ္ဓါ၊ မှ။ ဝီတိနာမေတိ၊ လွန်စေအံ့။ပ။အာပတ္တိ ဒုက္ကဋဿ၊ ၏။ [အတူ။ဤပဉ္စမဝါရကား ဝါလည်းဆို၏။ သတ္တာ ဟကရဏီယပြု၍ သာပေက္ခအားဖြင့် သွားလျက် ခုနစ်ရက်တွင်း၌ မပြန်နိုင်သောကြောင့် ဝဿစ္ဆေဒ ဖြစ်သည်ကို ရည်၍ မိန့်တော် မူသည်]။ သောဘိက္ခု၊ သည်။ ဒွိဟတီဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊၍။ သတ္တာဟကရဏီယေန၊ဖြင့်။ ပက္ကမိ၊အံ့။ သောဘိက္ခု၊ သည်။ တံသတ္တာဟံ–တဿသတ္တာဟဿ၊ ၏။ အန္တော၊ ၌။ သန္နိ ဝတ္တံ၊ နစ်ခြင်းကို။ ကရောတိ၊အံ့။ ဘိက္ခဝေ၊တို့။ တဿဘိက္ခုနော၊ အား။ ပုရိမိကာစ၊သည်လည်း။ ပညာယတိ၊ထင်၏။ ပဋိဿဝေစ၊ ဝန်ခံခြင်းကြောင့်လည်း။ အနာပတ္တိ၊အာပတ်မသင့်။ သောဘိက္ခု၊ သည်။ သတ္တာဟံ၊ ခုနစ်ရက်ဖြင့်။ အနာဂတာယ၊ မရောက်သေး သော။ ပဝါရဏာယ၊ မဟာပဝါရဏာနေ့၌။ [သီတင်းကျွတ် လဆန်း ကိုးရက်နေ့ကိုယူ။ ထိုနေ့ကစ၍ ခုနစ်ရက်ရေတွက်]။သက ရဏီယော၊ ပြုဘွယ်ကိစ္စ ရှိသည်ဖြစ်၍။ ပက္ကမတိ၊အံ့။ ဘိက္ခဝေ၊တို့။ သောဘိက္ခု၊သည်။ တံအာဝါသံ၊သို့။အာဂစ္ဆေယျဝါ၊လာမူလည်း လာရာ၏။ နအာဂစ္ဆေယျဝါ၊မလာဘဲမူလည်းနေရာ၏။ဘိက္ခဝေ၊ တို့။ တဿဘိက္ခုနော၊ အား။ ပုရိမိကာစ၊ သည်လည်း။ ပညာ ယတိ၊၏။ ပဋိဿဝေစ၊ကြောင့်လည်း။ အနာပတ္တိ၊အာပတ်မသင့်။

[သီတင်းကျွတ်လဆန်းကိုးရက်နေ့က ဝါပန်၍သွားလျှင် ပန်သည့်ရက်နှင့် ဥပစာရ သိမ်ပ ခြောက်ရက်ကို ရောက်လျှင် သီတင်းကျွတ်လပြည့်သည် သတ္တာဟ စေ့၏]။

၂၀၇။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခုနာ၊ သည်။ ပစ္ဆိမိကာယ၊ ၌။ ဝဿာဝါသော၊ ကို။ ဥပဂ္ဂတော၊ သည်။ ဟောတိ၊ ၏။ သော ဘိက္ခု၊ သည်။ တံအာဝါသံ၊ သို့။ ဂစ္ဆန္တော၊ သော်။ ဗဟိဒ္ဓါ၊ ၌။ ဥပေါသထံ၊ ကို။ ကရောတိ၊ ၏။ ပါဋိပဒေန၊ ၌။ ဝိဟာရံ၊ သို့။ ဥပေတိ၊ ၏။ပ။ပဋိဿဝေစ၊ ကြောင့်လည်း။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ (နောက်ကို လွယ်ပြီ)။ သော ဘိက္ခု၊ သည်။ သတ္တာဟံ၊ ခုနစ်ရက်ဖြင့်။ အနာဂတာယ၊ သော။ ကောမုဒိယာ၊ ကုမုဒြာကြာ ပွင့်တုန်းဖြစ်သော။ စာတုမာသိနိယာ၊ မိုဃ်းလေးလအဆုံး တန်ဆောင်မုန်း လပြည့်နေ့၌။ [တန်ဆောင်မုန်း လဆန်း ကိုးရက်နေ့ကို ယူ။ထိုနေ့ကစ၍ ခုနစ်ရက်ရေတွက်]။ သကရဏီယော၊ ၍။ ပက္ကမတိ၊အံ့။ ဘိက္ခဝေ၊ တို့။ သော ဘိက္ခု၊ သည်။ တံအာဝါသံ၊ သို့။ အာဂစ္ဆေယျဝါ၊လာမူလည်း လာရာ၏။ နအာဂစ္ဆေယျဝါ၊ မလာဘဲမူလည်းနေရာ၏။ ဘိက္ခဝေ၊တို့။ တဿဘိက္ခုနော၊ အား။ ပစ္ဆိမိကာစ၊သည်လည်း။ ပညာယတိ၊၏။ ပဋိဿဝေစ၊ကြောင့်လည်း။ အနာပတ္တိ၊အာပတ် မသင့်။ ဣတိ၊ ဤသည်လျှင် ဝဿူပနာယိကက္ခန္ဓက အပြီးတည်း။

တတိယော၊ သော။ ဝဿူပနာယိကက္ခန္ဓကော၊
သည်။နိဋ္ဌိတော၊ ပြီ။

---

## ဥဒ္ဒါန်း

တဿ၊ ထိုဝဿူပနာယိကက္ခန္ဓက၏။ ဥဒ္ဒါနံ၊ ကို။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဥပဂန္တုံ၊ဝါကပ်စိမ့်သောငှါ။ အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။ ကဒါစေဝ၊ ၌သာလျှင်။ ဝဿံ၊ သို့။ ဥပဂန္တဗ္ဗံ၊ ကပ်အပ်သနည်း။ ကတိ၊ ဝါဆိုခြင်း အဘယ်မျှတို့နည်း။ အန္တရာဝဿစ၊

ဝါတွင်း၌ သွားခြင်း၊ နဇ္ဇုဣန္တိ၊ ဝါမဆိုလိုကုန်။ သဥ္စိစ္စ၊ ဝါဆိုနေ့ဟု သိလျက်။ ပဋိက္ကမန္တိ၊ သွားခဲ့ကုန်၏။ ဥက္ကမိုတုကာမော၊ ထိန်းမှတ်ခြင်းကို အလိုရှိ၏။ (ကာမော၊ ထည့်ပါ)။ ဥပါသကော၊ ဥဒေနမည်သော ဒါယကာ။ ဂိလာနာ၊ နာသော။ မာတာ၊ အမိ။ ပိတာ၊ အဘ။ ဘာတာစ၊ 'ညီအစ်ကို။ အထ၊ ထိုမှတပါး။ ဉာတကော၊ အမျိုး။ ဘိက္ခုဂတိကော၊ ရဟန်းနှင့် တကျောင်းတည်း နေသော ယောက်ျား။ ဝိဟာရော၊ ကျောင်းပြို။ ဝါဠာစာပိ၊ သားရဲတို့သည်လည်းကောင်း။ သရိံသပါ၊ မြွေတို့သည်လည်းကောင်း။ စောရာစေဝ၊ တို့သည်လည်းကောင်း။ ပိသာစာစ၊ ဘီလူးတို့သည်လည်းကောင်း။ ဥဗ္ဗဠှာ၊ နှိပ်စက်ကုန်၏။ တဒုဘယေနစ၊ ထိုရွာ၏ လောင်ခြင်း ကျောင်း၏လောင်ခြင်းနှစ်ပါးတို့ဖြင့်။ဒဍ္ဎာ၊မီးလောင်ကုန်၏။ ဥဒကေန၊ ရေဖြင့်။ ဝုဠှော၊ မျောခဲ၏။ ဝုဋ္ဌာသိ၊ ပြောင်းခဲ့၏။ ဗဟုတရာစ၊ လူများရာသို့။ ဒါယကာ၊သဒ္ဓါသော ဒါယကာ ရှိရာသို့။ ဂန္တဗ္ဗာ၊ ၏။ ။လူခ၊ ကြမ်းသောဘောဇဉ်။ ပဏီတ၊ မြတ်သောဘောဇဉ်။ သပ္ပါယ၊ သင့်သောဘောဇဉ်။ ဘေသဇ္ဇ၊ ဆေး။ ဥပဋ္ဌကေနစ၊ အလုပ်အကျွေး။ ဣတ္ထီ၊ မိန်းမ။ ဝေသီ၊ ပြည့်တန်းဆာ။ကုမာရိစ၊လင်မရသောမိန်းမ။ပဏ္ဍကော၊ပဏ္ဍုက်။ ဉာတကေနစ၊ အမျိုး။ ။ရာဇာ၊ မင်း။ စောရာစ၊ ခိုးသူ။ ဓုတ္တာစ၊ သေသောက်ကြူး။ နိမိ၊ ဥစ္စာထားရာအိုး။ ဘေဒ၊ သင်းခွဲခြင်း။ အဋ္ဌဝိဓေနစ၊ ရှစ်ပါးအပြားရှိသော ကြားခြင်း။ ဝဇ၊ နွားကျောင်းတို့နေရာ။ သတ္ထာစ၊ လှည်း။ နာဝါစ၊လှေ။ သုသိရေ၊သစ်ခေါင်း။ ဝိဋ္ဋဘိယာစ၊ သစ်ခွ။ ။အဗ္ဘောကာသေစ၊ လွင်တီးခေါင်၌။ ဝဿာဝါသော၊နေခြင်း။ (ဝါဆိုခြင်း သော်လည်းပေး)။အသေနာသနိကေနစ၊ ကျောင်း မရှိဘဲ ဝါဆိုခြင်း။ ဆဝကုဋိကာ၊ သူသေကောင်ဖုတ်သောကုဋိ။ဆတ္တေစ၊ထီး၌လည်းကောင်း။စာဋိယာစ၊ အိုးစရည်း၌လည်းကောင်း။ တေဘိက္ခူ၊ တို့သည်။ ဥပေန္တိ၊ ကပ်ကုန်၏။ ။ကတိကာ၊ အဓမ္မကတိကဝတ်။ ပတိဿုဏိတွာ၊ ဝန်ခံ၍။ ပိသံဝါဒေန္တိ၊ ချွတ်ယွင်းစေကုန်၏။ ဗဟိဒ္ဓါ၊အပ၌ ဥပုသ်

ပြုခြင်း။ ဥပေါသထာ၊ အတွင်း၌ ဥပုသ်ပြုခြင်း။ ပုရိမိကာ၊ ပုရိမဝါကိုလည်းကောင်း။ ပစ္ဆိမိကာ၊ ပစ္ဆိမဝါကို လည်းကောင်း။ တထာဉာယေန၊ ယုဉ်သင့်သော နည်းအားဖြင့်။ ယောဇယေ၊ ယှဉ်ရာ၏။ ။အကရဏီ၊ သတ္တာဟမပြုအပ်။ ပက္ကမတိ၊ ဖဲခွဲ၏။ သကရဏီ၊ သတ္တာဟပြု၍။ ပက္ကမတိ၊ ၏။ တထေဝ၊ လည်းကောင်း။ ဒွိဟတီဟာ စ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ ၍။ ပက္ကမတိ၊ ၏။ ပုန၊ ဘန်။သတ္တာဟကရဏီယေန စ၊သတ္တာဟပြုသဖြင့်လည်း။ ပက္ကမတိ၊ ၏။ ။သတ္တာဟနာဂတာ၊ပဝါရဏာနေ့မရောက်မီ ခုနစ်ရက်၌။ ပက္ကမတိ၊ဖဲ၏။ အာဂစ္ဆေယျဝါ၊လာသည်လည်းဖြစ်စေ၊နဧယျဝါ၊ မလာသည်လည်းဖြစ်စေ။ ဝတ္ထုဒွါရေန၊ ဝတ္ထုအရင်းရှိသဖြင့်။ အန္တရိကာ၊ ခြားအပ်သော။ တန္တိမဂ္ဂံ၊ ပါဠိအစဉ်ကို။ နိသာမယေ၊ ဆင်ခြင် ရာ၏။ ဣတိ၊ ဤသည်လျှင် ဝဿူပနာယိကက္ခန္ဓက အပြီးတည်း။

ဣမမှိခန္ဓကေ၊ ၌။ ဝတ္ထူနိ၊ ဝတ္ထုတို့ကား။ ဒွေပဏ္ဏာသ၊ ငါးဆဲ့ နှစ်ပါးတို့တည်း။

ဝဿူပနာယိကက္ခန္ဓကော၊သည်။ နိဋ္ဌိတော၊ပြီးပြီ။

---

**အမှာ** ဤခန္ဓက၌ ပကိဏ္ဏက အဓိပ္ပါယ်ကိုချပ်၍ ရေးဦးအံ့၊ ဝါဆိုသောနေ့၌ ဝါကပ်ပြီးလျှင် အရဏ်မတက်မီ အကြောင်းရှိသော် သတ္တာဟကိစ္စဖြင့် သွားအပ်၏။ ။မဟာဝါ အဋ္ဌကထာ။ ။ခုနစ်ရက်တကြိမ် ခုနစ်ရက်တကြိမ် သတ္တာဟကိစ္စဖြင့် သွားသော ရဟန်းဖြစ်အံ့၊ဥပစာရသိမ်ပ၌ ခြောက်ရက်ကို လွန်စေ၍ ခုနစ်ရက်မြောက်၌ လာ၍ အရုဏ်မတက်မီ ဥပစာရသိမ်တွင်းသို့ ဝင်၍ အရုဏ်ကို တက်စေရမည်။ တဘန် သတ္တာဟကိစ္စဖြင့် သွားပြန်လိုသော်လည်း ဥပစာရသိမ်တွင်း၌ အရုဏ်ခံပြီးမှ သွားအပ်သည်။ ။ဤအဓိပ္ပါယ်သည် ဝိမတိဝိနောဒနီ။ ဤတွင် စကားတရပ်။ သတ္တာဟကိစ္စဖြင့် သွားလိုသော ရဟန်းသည်။ ဥပစာရသိမ်တွင်း၌ တည်လျက် ခုနစ်ရက်အတွင်း၌ ပြန်အံ့ဟု

နှလုံးသွင်း၍ သွားအပ်၏။ ဤကဲ့သို့ နှလုံးမသွင်းဘဲ သွားသည် ဖြစ်အံ့ ဥပစာရသိမ်ကိုလွန်လျှင် ဝဿစ္ဆေဒဖြစ်သည်ဟူ၍ ဆရာတို့ အယူရှိကြောင်းကို သာရတ္ထဒီပနီ၌ ပြသည်။ ထိုအယူကို ဋီကာ ဆရာ မပယ်။ ။ဤလည်း စကားတရပ်။ ဝိမတိဝိနောဒနီ၌ကား ခုနစ်ရက်အတွင်း ပြန်အံ့ဟု မသွားမီ နှလုံးသွင်းပြီးလျှင် သွားဆဲ အခါ မေ့လျော့၍ နှလုံးမသွင်းမိဘဲ သွားသော်လည်း အပြစ်မရှိ။ အခြင်းခပ်သိမ်း နှလုံးသွင်းခြင်းကိုမပြုမူ၍ သွားမှသာ ဝဿစ္ဆေဒ ဖြစ်သည်ဟူ၍ ဆရာတို့ အယူရှိသော ဝါဒကိုလည်း ပြ၏။ အကြင် ရဟန်းသည် သွားဆဲအခါ နှလုံးမသွင်းမိသော်လည်း ရှေးခဏ၌ နှလုံးသွင်းသည်အတိုင်း ပြန်အံ့၊ အာပတ်သင့်၏။ ဝဿစ္ဆေဒမဖြစ် ဟူ၍ ဆရာတို့အယူရှိသော ဝါဒကိုလည်း ပြ၏။ ထိုသို့ ပြပြီးလျှင် ထိုအယူကို စုံစမ်းဆင်ခြင်အပ်သည်ဟု ဆိုပြန်သောကြောင့် မနှစ် သက်ရိပ်ရှိ၏။ ဤကဲ့သို့သော အရာမှာ ဂရုဖြစ်ရာ ယူ။ ဤတွင် စကားတရပ်။ ဥပစာရသိမ်ဖြင့် ဆုံးဖြတ်အပ်သော ဝိနည်းကံကား ဘိက္ခုနီမတို့ အရာမ်သို့ဝင်သည်ကိုပန်ခြင်း၊အိပ်ရာနေရာကိုပန်ခြင်း၊ ပရိဝါသ် ကြားခြင်း၊ မာနတ် ကြားခြင်း၊ ဝါပြတ်ခြင်း၊နိဿယည်း ယူခြင်း၊ ကျောင်းခံခြင်း၊ နိဿယည်းငြိမ်းခြင်း၊ အာဂန္တုကဝတ်ကို ဖြည့်၍ အရာမ်သို့ဝင်ခြင်း စသည်တည်း။ဤအရာများမှာ ဥပစာရ သိမ်ဖြင့် ဆုံးဖြတ်ရမည်ဟု ကင်္ခါဝိတရဏီစသည်တို့၌လာ၏။အရာမ် ရှိသော ကျောင်းတိုက်မှာ အရာမ်တွင်းသာ ဥပစာရသိမ် ယူ။ အရာမ် မရှိသော ကျောင်းတိုက်မှာ အဆုံးစွန် တည်သော ကျောင်းမှ ခဲနှစ်ကျတိုင်အောင် ဥပစာရသိမ် ယူ။ ။ဘိက္ခုနီ အာရာမဝဂ် ပဌမသိက္ခာပုဒ်ပါဠိတော်၌ ရဟန်းယောကျ်ားရှိသော ကျောင်းတိုက်သို့ မပန်ဘဲ ရဟန်းမိန်းမ ဝင်ရာ၌ အရာမ် ရှိသည် ဖြစ်အံ့၊ အရာမ်ကိုလွန်လျှင် ပါစိတ်။အရာမ်မရှိသည်ဖြစ်အံ့၊ဥပစာရ သို့သက်လျှင် ပါစိတ်ဟုပညတ်တော်မူသည်ကိုနှလုံးမူ။ ။ဤတွင် စကားတရပ်။ သတ္တာဟကိစ္စဖြင့် ယနေ့ပြန်အံ့ဟု အနီးကျောင်းသို့ သွားသော ရဟန်းသည် တဘန်ပြန်၍ လာရာ ခရီး အကြား၌

အရုဏ်တက်သည်ဖြစ်အံ့၊ ဝဿစ္ဆေဒလည်း မဖြစ်။ ရတ္တိစ္ဆေဒ ဒုက္ကဋ်လည်း မရှိဟူ၍ ဆရာတို့ ယူသော အရာကို သာရတ္ထဒီပနီ၌ ပြသည်။ ထို ဝါဒသည် အရုဏ် အတွင်း၌ ပြန်အံ့ သွားအံ့ဟု ဥဿာဟဂမနရှိသောကြောင့် အသင့်ပင် ယူသင့်သည်။ နိဿယည်း၌ အရုဏ် အတွင်း ပြန်အံ့ သွားအံ့ဟု ဥဿာဟဂမန ရှိခဲ့မူ နိဿယည်းမငြိမ်းဟု ပြသောအရာကို ယူတ္တိယူ။ ခုဒ္ဒသိက္ခာ ဋီကာဟောင်း ဋီကာသစ် တို့၌ ကား သာရတ္ထဒီပနီ ကဲ့သို့ မပြ။ ဝဿစ္ဆေဒကြောင့် အာပတ်မသင့်သည့် အရာကိုသာ ပြသည်။ ကျမ်းလာမညီလျှင် ဂရုဖြစ်ရာအလေးမူမှ ကုက္ကုစ္စသံသယ ကင်းရာသည်။ ဤတွင် စကားတရပ်, သတ္တာဟကိစ္စဖြင့်သွား၍ ဥပစာရသိမ်ပ၌ အရုဏ်ကိုတက်စေသောအရာတွင် မဟာဝါအဋ္ဌကထာ၌ အဋ္ဌမေ အရုဏော တဋ္ဌေဝ န ဥဋ္ဌာပေတဗ္ဗောတိအဋ္ဌော-ဟူ၍ လာသည်။ ဤဝါကျမှာ ဥပစာရသိမ်ပ၌ ရှစ်ခုမြောက် အရုဏ်ကို မစောင့်စေအပ်ဆိုသဖြင့် ခုနစ်ခုမြောက်အရုဏ်ကို တက်စေအပ်၏ ဟူသောအဓိပ္ပါယ်ကိုယူ။ ခုနစ်ခုမြောက် ဟူသည်ကား ဝါပန်သောနေ့ အရုဏ်နှင့် ဥပစာရသိမ်ပမြောက် အရုဏ်ကို ရော၍ ရေတွက်ရမည်။ ဥပစာရသိမ်ပမှာချည်း ခုနစ်ခုမြောက်မယူ ဟူလို။ သတ္တာဟဝါရေနအရုဏော ဥဋ္ဌာပေတဗ္ဗောတိဋ္ဌေ ဆ ဒိဝသာ နိဗဟိဒ္ဓါဝီတိနာမေတွာသတ္တမေ ဒိဝသေပုရာဏာဝေ အန္တော ဥပစာရသီမာယ ပဝိသေတွာ အရုဏံ ဥဋ္ဌပေတွာ ပုနဒိဝသေ သဇ္ဈာဟံ အဓိဋ္ဌာယဂန္တဗ္ဗန္တိ အဓိပ္ပါယော။ ကေစိပနသတ္တမေဒိဝသေအာဂန္တွာအရုဏံအနုဋ္ဌာပေတွာ တဒဟောဝဒိဝသဘာဂေပိ ဂန္တုံဝဋ္ဋတီတိဝဒန္တိ။ တံနဂဟေတဗ္ဗံ။ ဝိမတိဝိနောဒနီ။ အနက်အဓိပ္ပါယ်လွယ်ပြီ။ ဤတွင် စကားတရပ်။

ဤတွင် ဆ္ဌေ ဝဿူပနာယိကက္ခန္ဓက အလုံးစုံပြီးပြီ။
မဟာဝါပါဠိတော်နိဿျသစ် ပဌမအုပ် ပြီး၏။

---